ဂု ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၁၀)၊ အမှတ်(၃၉) | ၂၀၀၂ မတ် ဂု တွင် စတင်ထုတ်ဝေသည် | ၁၃၇၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက် ၊ ကြာသပတေး၊ (ဒီဇင်ဘာ ၁၅ ၊ ၂၀၁၁)



လျှပ်စစ်မီးဖိုအသုံးပြု၍ ချက်ပြုတ်နေစဉ်။ ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)
အိမ်သုံးမီတာနှင့်လုပ်ငန်းသုံးမီတာခများ နှစ်ဆတက်သွားမည်ဖြစ်သည်။

# လျှပ်စစ်မီတာခ

## ၂၀၁၂ဇန်နဝါရီတွင်ပြင်ဆင်သတ်မှတ်မည်

အစိုးရက အရှုံးသက်သာစေရန်
၂၀၁၂ ဇန်နဝါရီလမှစ၍
အိမ်သုံးမီတာ တစ်ယူနစ်လျှင် ၅၀ ကျပ်၊
လုပ်ငန်းသုံးမီတာ တစ်ယူနစ် ၁၀၀ ကျပ်သို့ ပြင်ဆင်

**ထူးသန့်**

**နေပြည်တော်၊ ဒီဇင်ဘာ- ၁၂**

လျှပ်စစ်ဓာတ်အားများ ဝယ်ယူထုတ်လုပ်၍ ပြည်သူလူထုထံ ဖြန့်ဖြူးရောင်းချလျက်ရှိသောအမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက ၂၀၁၂ခုနှစ် ဇန်နဝါရီလမှစတင်၍ဓာတ်အားသုံးစွဲခ နှုန်းထားများကို အရှုံးကာမိစေရန် အိမ်သုံးမီတာတစ်ယူနစ်လျှင် ၅၀ ကျပ်၊လုပ်ငန်းသုံးမီတာတစ်ယူနစ်လျှင် ၁၀၀ကျပ်သို့ ပြင်ဆင်သတ်မှတ်သွားမည်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာန၏ ဒုတိယဝန်ကြီး ဦးအောင်သန်းဦးကပြောသည်။

"ဓာတ်အားသုံးစွဲခအသစ်ကိုလာမယ့် ၂၀၁၂ဇန်နဝါရီ၁ရက်နေ့ကစပြီး သတ်မှတ်ပါမယ်။ အဲဒီနှုန်းထားသစ်ကိုဖေဖော်ဝါရီလမှာစတင်ပြီး ပေးဆောင်ရမှာပါ"ဟု ဒုတိယဝန်ကြီးကဒီဇင်ဘာ၁၂ရက်တွင် ပြောကြားသည်။

ယခင်က အဆိုပါဌာနအနေဖြင့် တစ်နှစ်လျှင် ကျပ်ငွေ ၂၅၀ဘီလီယံခန့် အရှုံးပေါ်ခဲ့နေသောကြောင့် နိုင်ငံတော်အစိုးရသစ်၏ ရည်မှန်းချက်အရ အရှုံးမပေါ်စေရန်ဆောင်ရွက်ရမည်ဖြစ်ရာ ရငွေ၊သုံးငွေကာမိစေမည့်နှုန်းသို့ ပြင်ဆင်ခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

စာ(၁၂)သို့

## ကချင်ပြည်နယ်မှ ထိုးစစ်များ ရပ်တန့်ရန် ကာကွယ်ရေးဦးစီးချုပ်ထံ သမ္မတ စာပို့

**အေးမြကျော်**

ရန်ကုန်၊ ဒီဇင်ဘာ- ၁၂

ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသော မြန်မာ့တပ်မတော်နှင့် ကချင်လွတ်လပ်ရေးတပ်မတော်(KIA)တို့အကြား တိုက်ပွဲများ အဆုံးသတ်သွားစေရန် ထိုးစစ်များကို ရပ်တန့်ရန် နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဒီဇင်ဘာ၁၀ရက် ရက်စွဲဖြင့် စာတစ်စောင်ထုတ်ပြန်၍ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ထံ ပေးပို့ခဲ့ကြောင်း နိုင်ငံတော်သမ္မတရုံးမှ သိရသည်။

**အချုပ်ပို(D)သို့**

## ခရီးသည်တင်ယာဉ်မောင်းနှင်ရန် အမျိုးသမီး ယာဉ်မောင်းများခေါ်ယူ

**မေဝင်းမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ-၉**

မြို့တွင်းခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်း၏ ယာဉ်များတွင် ယာဉ်မောင်းနှင့်လက်မှတ်ရောင်းအဖြစ်လုပ်ကိုင်လိုသူ အမျိုးသမီးဝန်ထမ်းများသည် ရန်ကုန်တိုင်းဒေသကြီးမော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီတွင် အလုပ်လျှောက်ထားနိုင်ကြောင်း မထသမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမျိုးသမီးယာဉ်မောင်းနှင့်လက်မှတ်ရောင်းအဖြစ်လုပ်ကိုင်လိုသူရှိပါက စမ်းသပ်တာဝန်ပေးသွားမည်ဟု ၎င်းကဆိုသည်။

"အခြားနိုင်ငံတွေမှာတော့ အမျိုးသမီး ယာဉ်မောင်းတွေ၊ လက်မှတ်စစ်တွေ ရှိနေပြီးသားပါ။

**စာ(၁၂)သို့**





ရန်ကုန်မြို့ကို Google Earth မှမြင်တွေ့ရစဉ်

## တရုတ်က ကန့်သတ်ထားသော လယ်ယာထွက်ကုန်များ တင်သွင်းခွင့်ပြုရန် မြန်မာတောင်းဆို

**အောင်သူရ**

**ရန်ကုန်၊ ဒီဇင်ဘာ-၈**

တရုတ်နိုင်ငံဘက်မှ တင်သွင်းခွင့် ကန့်သတ်ထားသော မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ပြောင်းနှင့် သကြားအပါအဝင် အခြားကုန်စည်များကို ပယ်ဖျက်ပေးရန် ဆွေးနွေးခဲ့ကြောင်း နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးဦးရန်နိုင်ထွန်းကပြောသည်။ **စာ(၁၂)သို့**




CNC
JACKET
men's wear
ENVIRONMENT FRIENDLY
www.cncmenwear.com
photo : Naing Naing (R-2) : design : nyein thu


D2
100% COTTON
trendy clothes
Contact to : Ph:204044,203269,202657,200747 Ext:7166,7167.....
D-TWO
TAZ
BASKETBALL
Merry Christmas!

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အရန်ဆန်တန်ချိန်ငါးသိန်းဝယ်ယူမည်ဟုဆို

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၁**

နိုင်ငံတော်အရန်ဆန်အဖြစ် ဆန်တန်ချိန်ငါးသိန်းဝယ်ယူရန် နိုင်ငံတော်သမ္မတက ခွင့်ပြုထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ကုန်သည်/စက်မှု အသင်းချုပ်တွင် လုပ်ငန်းရှင်များနှင့် ဆွေးနွေးဆုံပွဲ၌ ပြောကြားခဲ့သည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ထိုသို့ဝယ်ယူရာတွင် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းနှင့် တွဲဖက်၍ ဝယ်ယူမည်ဖြစ်ပြီး ၅၀ ရာခိုင်နှုန်းစီဝယ်ယူမည်ဖြစ်သည်။

အရန်ဆန်တစ်ဝက်ဖြစ်သော တန်နှစ်သိန်းခွဲကို နိုင်ငံတော်မှ ဝယ်ယူမည်ဖြစ်ပြီး ကျန်တစ်ဝက်ကို အသင်းက ဝယ်ယူရမည်ဟု ဆိုသည်။ ထိုသို့ ဝယ်ယူရာတွင် တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ကြောင်းလည်း ပြည်ထောင်စုဝန်ကြီးကဆိုသည်။

"ဒီနှစ် လယ်သမားတွေက အရမ်းကို အော်နေကြတယ်။ ဒါကြောင့် အခုလို အာမခံရအောင် ဝယ်ပေးတာ။ ဈေးနှုန်းက မနစ်နာတဲ့ဈေးနှုန်းနဲ့ဝယ်မှာပါ"ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

ထို့အပြင် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းကလည်း အသင်းပိုင် ရန်ပုံငွေဖြင့် အရန်ဆန်အဖြစ် ဆန်အိတ် တစ်သိန်းကို ဒီဇင်ဘာ ၁၅ ရက်တွင် စတင်ဝယ်ယူရန် မူလကစီစဉ်ခဲ့သည်။

"ဝန်ကြီး WTO (ကမ္ဘာ့ကုန်သွယ်ရေးအစည်းအဝေး)က ပြန်လာပြီးရင် အသင်းနဲ့ အရန်ဆန်ကိစ္စညှိနှိုင်းပါမယ်"ဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း ဥက္ကဋ္ဌ ဦးချစ်ခိုင်ကပြောသည်။

ယခုနှစ် ပြည်ပမှ ဆန်ဝယ်ယူမှုကို ရပ်နားထားသဖြင့် တင်ပို့မှုကိုလည်းနှစ်လကြာ ရပ်နားထားရသည်။

လက်ရှိ ပြည်ပဈေးကွက်တွင် မြန်မာ့ဆန်သည် တစ်တန်လျှင် ကန်ဒေါ်လာ ၃၅၀ ဝန်းကျင်သာရှိသည်။

ယင်းသို့ပြည်ပသို့တင်ပို့မှုမရှိသည့်အတွက် မိုးစပါးအသစ်ပေါ်ချိန်တွင် ပြည်တွင်း စပါးဈေးသည် တင်း ၁၀၀ လျှင် ကျပ် ၃၂၀,၀၀၀ မှ ၃၅၀,၀၀၀ အထိ ဈေးရှိပြီး ယင်းမှာ တစ်တင်းလျှင် ၅၀ ပေါင် ဈေးနှုန်းဖြစ်ကာ ၄၆ ပေါင် ဈေးနှုန်းမှာ တင်း ၁၀၀ လျှင် ကျပ် ၂၉၀,၀၀၀ ဝန်းကျင်သာရှိသည်။

## တန်ဖိုးနည်း ဂျီအက်စ်အမ်ဖုန်း ဖေဖော်ဝါရီလကုန်တွင် ချပေးမည်ဟုဆို

**ဆင်းကတ်တန်ဖိုး ကျပ်သုံးသိန်းထက်မပိုဘဲ အထွက်ခေါ်ဆိုခ တစ်မိနစ်ကျပ် ၅၀ သာ ကျသင့်မည်ဟု တာဝန်ရှိသူပြောကြား**

**ယုဇနကိုကို**

**နေပြည်တော်၊ ဒီဇင်ဘာ- ၉**

အစိုးရကလာမည့် ၂၀၁၂ ဖေဖော်ဝါရီလကုန်တွင်ချထားပေးတော့မည့်တန်ဖိုးနည်းဖုန်းများသည် ကျပ်သုံးသိန်းထက်မကျော်ဘဲ ဖုန်းအထွက်ခေါ် ဆိုခများမှာ တစ်မိနစ်လျှင် ငါးဆယ်ကျပ်သာကျသင့်မည်ဖြစ်ပြီး အဝင်ခေါ် ဆိုခများကို လုံးဝပေးဆောင်ရမည်မဟုတ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မိုဘိုင်းဌာနမှ အင်ဂျင်နီယာချုပ်ဦးသိန်းဝင်းက အတည်ပြုပြောကြားလိုက်သည်။

ယခုလက်ရှိပြင်ပတွင်ထွက်ပေါ်နေသည့် တန်ဖိုးနည်းဂျီအက်စ်အမ်ဖုန်းများမှာ ကျပ်နှစ်သိန်းခွဲနှင့် အထွက်ခေါ် ဆိုခ တစ်မိနစ်ကျပ်ရှစ်ဆယ်နှင့် အဝင်ခေါ် ဆိုခများကိုပါ ပေးဆောင်ရမည်ဆိုသောသတင်းများမှာ မှန်ကန်မှုမရှိကြောင်းနှင့် ကောလာဟလသတင်းများသာဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူက 7Day News သို့ ဆက်လက်ပြောဆိုသည်။

"အခုအပြင်မှာရောင်းနေတဲ့ငါးသိန်းတန်ဖုန်းတွေကိုကောက်ခံနေတဲ့ နှုန်းထားတွေအတိုင်းပဲ ကောက်သွားမှာပါ။ သတင်းအမှားတွေ ထွက်နေတာပါ။ သုံးသိန်းထက်မပိုနိုင်တဲ့အပြင် သုံးသိန်းအောက်တောင် ကျရင်ကျမှာပါ" ဟု မိုဘိုင်းအင်ဂျင်နီယာချုပ်က ပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက ပြီးခဲ့သည့် ဂျီအက်စ်အမ်ကျပ်ငါးသိန်းဖုန်းများ မချပေးမီ အချိန်ကလည်း ပြင်ပတွင် အဆိုပါဖုန်းများ ရောင်းချပေးတော့မည်ဟု သတင်းများထွက်ပေါ်ခဲ့ရာ ထိုသတင်းများမှာ မမှန်ဟုပြောဆိုခဲ့ဖူးသည်။

အချပ်ပို (C) သို့






7DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011

CRIME CORNER

## အမျိုးသမီးတစ်ဦး စုကြေးငွေ သိန်းသောင်းချီလိမ်လည် တိမ်းရှောင်

**ညီညီဇော်**

**မန္တလေး၊ ဒီဇင်ဘာ- ၁၀**

မန္တလေးမြို့တွင် လူပေါင်း ၃၀ကျော်အား စုကြေးငွေသိန်းပေါင်း သောင်းချီပေးရန် ကျန်ရှိနေသော အမျိုးသမီးတစ်ဦး ထွက်ပြေးတိမ်းရှောင်သွားကြောင်းသတင်းရရှိသည်။

အဆိုပါ အမျိုးသမီးကို တရားစွဲဆိုထားသူ အမျိုးသမီးတစ်ဦးက "ကျွန်မသူ့ဆီကနေ ၁၄၃သိန်းရရမှာပါ။ ဒါတောင် အခြားစုကြေးထဲမှာထည့်ထားတာ မပါသေးပါဘူး။ သူက စုကြေးအများကြီးကိုင်တာလေ။ ခုတရားစွဲတာ စုကြေးတစ်စုတည်းကို စွဲတာပါ။ တခြားစုကြေးတွေပါပါမယ်ဆိုရင် သိန်း ၅၀၀ ကျော်တယ်။ ကျွန်မရရမှာ"ဟုပြောသည်။

"အဲဒီလုပ်သွားတဲ့အမျိုးသမီးကလည်း ပညာတတ်တစ်ယောက်ပါ။ တက္ကသိုလ်မှာတောင် ကျူတာလုပ်ဖူးပါတယ်။ ကျွန်မတို့စုတဲ့လူတွေထဲမှာ တစ်ဦးကိုသူ့ဆီကရရမှာ အနည်းဆုံးရာဂဏန်းရှိတယ်။ ကျွန်မတို့မိတ်ဆွေ သုံးယောက်ပေါင်းတာကိုက သိန်းတစ်ထောင်လောက်ရှိတယ်။ အစတုန်းတော့ သူကလုပ်ငန်းကိုမှန်မှန်ကန်ကန်လုပ်တယ်။ နောက်ပိုင်းတဖြည်းဖြည်းနဲ့ မူမမှန်တော့ဘူး။ ဥပမာ အစ်မ စုကြေးအလှည့်ဆိုရင် "အစ်မရေ အစ်မပိုက်ဆံကို အတိုးပေးမယ်၊ တစ်လလောက်စောင့်ပါဦး"ဆိုပြီး လုပ်လုပ်လာတာ။ ဒီကငွေဟိုပို့ ဟိုကငွေဒီပို့လုပ်တယ်။ ပြေးသွားတာက ဒီညီမက တရားစစွဲတော့ပြေးသွားတာပဲ။ သကြန်ပြီးချိန်ကပေါ့။ ခု ကျွန်မတို့က သူ့ဓာတ်ပုံနဲ့ တကွ အမြန်လာရောက်ဖြေရှင်းဖို့သတင်းစာတွေ၊ ဂျာနယ်တွေထဲမှာကြော်ငြာထည့်တော့မလို့ပါ"ဟု မန္တလေးမြို့ ကျွဲဆည်ကန်ကားကြီးကွင်းအနီးမှ လုပ်ငန်းရှင် အမျိုးသမီးတစ်ဦးက ပြောသည်။

စုကြေးငွေများ လိမ်လည်ခံရသူများက ဒိုင်တစ်ဦးတည်းမှ စုကြေးအများကြီး ကိုင်နေလျှင် သတိထားသင့်ကြောင်း၊ မိမိတို့အနေဖြင့် ငွေလေလံစုကြောင်း၊ နောက်ဘယ်တော့မှ စုဖြစ်တော့မည်မဟုတ်ကြောင်း ပြောသည်။ ထွက်ပြေးတိမ်းရှောင်သွားသူ အမျိုးသမီးကို ချမ်းမြသာစည် မြို့နယ်တရားရုံးမှ ဖမ်းဝရမ်းထုတ်ထားကြောင်း သတင်းရရှိသည်။

7DAY NEWS JOURNAL Hot Line
09 7322 4541

# စစ်တမ်းများအရ တီဘီရောဂါဖြစ်ပွားနှုန်းလူတစ်ထောင်လျှင် လေးဦးခန့်ရှိ

**ဝတ်ရည်**

**ရန်ကုန်၊ ဒီဇင်ဘာ-၇**



ရန်ကုန်မြို့တစ်နေရာမှ လူစည်ကားရာနေရာတစ်ခု

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မြန်မာနိုင်ငံတွင် တီဘီရောဂါဖြစ်ပွားမှုသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ လူ ၁၀၀၀ လျှင် တစ်ဦးဟု ခန့်မှန်းထားသော်လည်း ပြုလုပ်ထားသည့် စစ်တမ်းများအရ လူ ၁,၀၀၀ လျှင် ၄ ဦးခန့်အထိ ရှိနေကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကပြောသည်။

"အခုဆိုရင် တီဘီရောဂါသည် အသစ်က လူတစ်သိန်းမှာ ၄၀၄ ဦးအထိရှိနေတယ်။ WHOရဲ့ ခန့်မှန်းချက်ထက် သုံးဆ၊ လေးဆလောက်များနေတယ်"ဟုအမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးမှလက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစည်သူအောင်ကပြောသည်။

ထို့အပြင်လူထုအတွင်းတီဘီရောဂါသံသယရှိလူနာ ၁၀၀ တွင် ၁၀ ဦးနှုန်းရှိနေကြောင်း သိရသည်။

ထို ၁၀ ရာခိုင်နှုန်းမျှရှိသော သံသယရှိလူနာများတွင်ထက်ဝက်ခန့်သာ ဆေးကုသမှုခံယူသည့်အတွက် ကျန်ရှိသည့် လူနာများမှ ကူးစက်မှုများ များပြားနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာလှမြင့်က ပြောကြားသည်။

"သံသယရှိ လူနာတွေထဲမှာ အကြောင်းအမျိုးမျိုးကြောင့် ကျန်းမာရေးဌာနကို ဆေးကုသဖို့ မရောက်လာတဲ့အခါ ရောဂါကူးဖို့ အလားအလာတွေ အရမ်းများသွားတယ်။ တစ်ယောက်ကို ဆေးကုသနိုင်ပေမယ့် သူကနေ ဆယ်ယောက်လောက်ကို ရောဂါဖြန့်ထားရင် ဘာမှ မထူးတော့ဘူး"ဟု ဒေါက်တာလှမြင့်က ပြောသည်။

နှစ်စဉ် တီဘီရောဂါဝေဒနာရှင် သုံးသိန်းခွဲခန့်ရှိရာမှ ကျန်းမာရေးဌာနသို့ ဆေးကုသရန် ရောက်ရှိသူ တစ်သိန်းလေးသောင်းသာရှိသဖြင့် မလိုအပ်သော ရောဂါကူးစက်မှုများ၊ အသက်သေဆုံးမှုများ ရှိနေခြင်းဖြစ်ကြောင်း သိရသည်။

တီဘီရောဂါသည် ကူးစက်မှုများပြားပြီး တတိယဦးစားပေး တိုက်ဖျက်ရန် ရောဂါအဖြစ် သတ်မှတ်ထားပြီး မြန်မာနိုင်ငံသည် ကမ္ဘာ့တီဘီရောဂါအဖြစ် အများဆုံး ၂၂ နိုင်ငံ၊ ဆေးယဉ်ပါးတီဘီအဖြစ် အများဆုံး ၂၇ နိုင်ငံ၊ တီဘီ၊ အိတ်ချ်အိုင်ဗီအဖြစ် အများဆုံး ၄၁ နိုင်ငံတွင် ပါဝင်ကြောင်း သိရသည်။

တီဘီရောဂါသည် ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ ကျယ်လောင်စွာ စကားပြောခြင်း၊ သီချင်းဆိုခြင်း၊ တံတွေးထွေးခြင်း၊ စသည့်နည်းလမ်းများဖြင့် လေထဲမှ တစ်ဆင့်ကူးစက်သည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်သည့်အတွက် ကူးစက်မှုများပြားခြင်းဖြစ်သည်။

# ထိုင်းကုန်စည်အချို့ဈေးကျ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၀**

ထိုင်းနိုင်ငံမှ ဝင်ရောက်လာသော ကုန်ပစ္စည်းအချို့ ယခုရက်ပိုင်းအတွင်း ဈေးနှုန်းများ ကျဆင်းလာခဲ့ကြောင်း သတင်းရရှိသည်။

"ဈေးနှုန်းတွေက ဒီရက်ပိုင်းမှာ ဆက်တိုက်ကျနေတာ။ အဝင်များလာရင် ဆက်ကျနိုင်သေးတယ်" ဟု ညောင်ပင်လေးဈေးမှ အချိုရည်မျိုးစုံရောင်းချသော ဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။

အချိုရည်ဈေးကွက်တွင် ထိုင်းနိုင်ငံမှတင်သွင်းပြီးလူသောက်များသော ကျွဲရိုင်းတံဆိပ် အချိုရည်မှာ ယခင်က ပါကင် ၂၄ လုံးပါသော ချပ်ဘူးတစ်ဖာလျှင် ယခင်က ၁၀,၅၀၀ ကျပ်ရှိခဲ့ရာမှ ယခုရက်ပိုင်းတွင် ၇၇၀၀ ကျပ် ထိကျဆင်းလာခဲ့သည်။

ထိုပြင်ဘီယာချမ်းပါကင်ချပ်ဘူးများမှာလည်း ၂၄လုံးဘူးတစ်ဖာပေါ်တွင်၁၁,၀၀၀ ကျပ်မှ ၁၀,၀၀၀ ကျပ်အောက်သို့ ကျဆင်းစပြုလာပြီဖြစ်ကြောင်း သိရသည်။

"ပစ္စည်းဈေးတွေ ကျတော့ ဒီပစ္စည်းတွေကအစကတည်းက ရောင်းအားကောင်းတဲ့ ကုန်စည်တွေဖြစ်တော့ရောင်းအားပါထက်ဝက်လောက် တက်လာတယ်" ဟု ဆိုင်တာဝန်ခံတစ်ဦးက ပြောသည်။

ယခုကဲ့သို့ ထိုင်းနိုင်ငံမှ ဝင်ရောက်လာသော ကုန်ပစ္စည်းဈေးနှုန်းများ ကျဆင်းလာခြင်းသည် ထိုင်း-မြန်မာနယ်စပ်၌ တစ်နှစ်ခွဲကျော်ကြာ ပိတ်ထားသည့် မြဝတီတံတားပြန်ဖွင့်ခြင်းနှင့် နှစ်သစ်ကူးကာလ၌ ထိုင်းနိုင်ငံဘက်မှ ကုန်ပစ္စည်းဈေးနှုန်းချသည့်အချိန် တိုက်ဆိုင်မှုကြောင့်ဖြစ်နိုင်သည်ဟု စားသောက်ကုန်ပစ္စည်းရောင်းချသော ဆိုင်ရှင်တစ်ဦးကပြောသည်။

ထို့ပြင် ထိုင်းနိုင်ငံတွင် ရေကြီးမှုဖြစ်ပြီးနောက်ပိုင်း ထိုင်းကုန်ပစ္စည်းအများစုကို လျှော့ဈေးဖြင့် ရောင်းချလာခြင်းကြောင့်လည်း ပြည်တွင်းဈေးကွက် ရောက်ရှိလာသော ကုန်ပစ္စည်းဈေးနှုန်းများ ကျဆင်းလာခဲ့ခြင်းဖြစ်သည်ဟု စားသောက်ကုန်လက်ကားရောင်းချသော လုပ်ငန်းရှင်များက ခန့်မှန်းပြောကြားသည်။ ထိုသို့ထိုင်းကုန်ပစ္စည်းများဈေးကျလာ၍ ပြည်တွင်းထုတ် အချိုရည်နှင့်ဘီယာဈေးနှုန်းများ ကျဆင်းလာသည့်အပြင် ဝယ်လိုအားပါ ကျဆင်းလာကြောင်း သိရသည်။

ဗိတိုရိယ ဆေးရုံကြီး
Quality Care
SERVICE WITH SMILE
" မိခင်လောင်းများအတွက် ယုံကြည်စိတ်ချရသော ရွေးချယ်မှု ဗိတိုရိယအထွေထွေရောဂါကုဆေးရုံကြီး "
မိခင်လောင်းများအတွက် နိုင်ငံတကာအဆင့်မီ အထူးကုဆရာဝန်ကြီးများ နိုင်ငံတကာအဆင့်မီ သန့်ရှင်းသပ်ရပ်သော မွေးဖွားခန်းများ အတွင်းလူနာခန်းများ မိခင်နှင့် လူနာစောင့်များအတွက် အဆင်ပြေချောမွေ့စေရန် ဆေးဝါးနှင့် အစားအသောက်များကို ဆေးရုံအတွင်း လွယ်ကူအဆင်ပြေစွာ ရရှိနိုင်ရန် စီစဉ်ထားခြင်း လေကောင်းလေသန့် ရရှိနိုင်သော ပန်းခြံ ဖန်တီးပေးထားခြင်း ကျယ်ဝန်းသော ကားရပ်နားနေရာများပါရှိခြင်းနှင့်အတူ ဝန်ထမ်းများ၏ နွေးထွေးပျူငှာသောဝန်ဆောင်မှုများပေးနေသည့်
ဗိတိုရိယ အထွေထွေ ရောဂါကုဆေးရုံကြီး . . .



No.(68), Tawwin Street, 9 Mile, Mayangone Township, Yangon, Myanmar.
Tel : 01- 666 141
Fax : 01- 666 141

7 DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011



# မြန်မာ – တရုတ် ကုန်သည်များ အာဆီယံစံနှုန်းဖြင့် ကုန်တင်ရန်သတ်မှတ်မှု ဖြေလျှော့ပေးစေလို

**အောင်သူရ**

**ရွှေလီ၊ ဒီဇင်ဘာ- ၁၀**

မူဆယ်၊ နန့်ခမ်းကုန်သည်များနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ ကုန်သည်များက အာဆီယံစံချိန်စံနှုန်းဖြင့် ကုန်ကားများအား ကုန်တင်ဆောင်ရန် သတ်မှတ်ခြင်းအား ပြန်လည်ဖြေလျှော့ပေးရန် တညီတညွတ်တည်း တောင်းဆိုထားကြောင်း သတင်းရရှိသည်။

မူဆယ်မြို့တွင် ပြုလုပ်သော သတ္တမအကြိမ်မြောက် လက်ကားကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်လာသော ကုန်သည်များက အာဆီယံစံချိန်စံညွှန်းကြောင့် တန်ဆာခများ မြင့်တက်လာခြင်း၊ ယာဉ်အစီးရေ ပိုမိုသုံးစွဲရခြင်း၊ လမ်းတံတားကြေးကောက်ခံသောဂိတ်များတွင် အချိန်ပိုမိုကြန့်ကြာမှု ဖြစ်ပေါ်နေခြင်းတို့ကို သက်ဆိုင်ရာသို့ တင်ပြရန် ဆုံးဖြတ်ခဲ့ကြသည်။

ထို့အတူ တရုတ်နိုင်ငံဘက်မှ တက်ရောက်လာသော တယ်ဟုန်ပြည်နယ်ကုန်သည်ကြီးများအသင်း ဒုဥက္ကဋ္ဌကလည်း ကုန်တင်ယာဉ်ကြီးများအား ကုန်တင်မှုသတ်မှတ်လိုက်ခြင်းအားဖြင့် ကုန်ကျစရိတ်မြင့်မားလာပြီး နယ်စပ်ကုန်သွယ်မှုအတွက်မကောင်းသောလက္ခဏာဖြစ်လာသဖြင့်သက်ဆိုင်ရာလူကြီးများအား တင်ပြပေးရန် တောင်းဆိုခဲ့သည်။



ဓာတ်ပုံ - အောင်သူရ

ယခင်က မန္တလေးမှ မူဆယ်သို့ ကားခမှာ တစ်ပိဿာလျှင် ၃၅ ကျပ်သာပေးသော်လည်း အာဆီယံစံနှုန်းသတ်မှတ်ပြီးနောက် တစ်ပိဿာ၉၀ကျပ်အထိရှိလာခဲ့သည်။

"တောင်ကြီးကနေ မန္တလေးကို ပြောင်းတစ်ပိဿာ ၄၅ ကျပ်၊ မန္တလေးကနေ မူဆယ်ကို၉၅ကျပ်၊ စုစုပေါင်း သယ်ယူစရိတ်ချည်းပဲ တစ်ပိဿာကို ၁၄၀ ကျပ်ကျနေပြီ။ အလုပ်သမားခမပါသေးဘူး။ ရောင်းရတာက မူဆယ် ၁၀၅ မိုင်အရောက်မှ ပြောင်းတစ်ပိဿာကို ၃၅၀ ကျပ်ပဲရတယ်"ဟု တောင်ကြီးမြို့မှ ကုန်သည်တစ်ဦးက တွက်ချက်ပြသည်။

ဖရဲသီးရာသီရောက်ပါက ကုန်ကားများမလောက်သဖြင့် ကုန်တင်ခများ ယခုထက် ပိုမိုဈေးတက်လာနိုင်ကြောင်း အဆိုပါ ကုန်သည်က ပြောသည်။

တစ်နှစ်လျှင် ပြောင်းတန်ချိန် မက်ထရစ်တန်လေးသိန်းမှ ငါးသိန်းထိထွက်ရှိ၍ ၃၅ တန်တင်နိုင်သော ယာဉ်အစီးရေ ၁၄,၀၀၀ ခန့်သာလိုသော်လည်း ယခုအခါ ယခင် ၃၅ တန်တင်သောကားအား ၁၀ တန်သတ်မှတ်လိုက်သဖြင့် ကားအစီးရေ၄၃,၀၀၀ ခန့် လိုအပ်လာမည်ဖြစ်သည်။

"အဓိကစစ်တာက အေးရှားဝေါလ်ဂိတ်တွေမှာစစ်တာ။ တန်ပိုတင်ရင် ဒဏ်ရိုက်တယ်။ တချို့ကြယ်ကားတွေကျတော့ တန်ပိုတင်လို့ရတယ်" ဟု ဖရဲသီး တင်ဆောင်လာသော ယာဉ်မောင်းတစ်ဦးက ပြောသည်။

ကုန်တင်ကားများအား အာဆီယံစံနှုန်းသတ်မှတ်ပြီးနောက် မူဆယ်မြို့တွင် ယာဉ်ကြောကျပ်လာကြောင်း မူဆယ်ဒေသခံများက ပြောသည်။

ထို့ကြောင့် ကားများလမ်းများ အဆင်သင့်ဖြစ်ချိန်မှသာ ကုန်တင်နှုန်းထားများအား အာဆီယံစံနှုန်းအတိုင်းသတ်မှတ်စေလိုပြီး ယင်းအခြေအနေမရောက်မီ အာဆီယံစံနှုန်းထက် ၂၀ ရာခိုင်နှုန်း ပိုမိုတင်ဆောင်ခွင့်ပြုစေလိုကြောင်းကုန်သည်များက ပြောသည်။ အာဆီယံစံနှုန်းအတိုင်းတင်ရန် ယခုနှစ်ဩဂုတ်လဆန်းတွင် စတင်ကျင့်သုံးခဲ့ပြီး အချို့သော ပြည်နယ်နှင့် တိုင်းရှိဂိတ်များတွင် စစ်ဆေးသော်လည်း အချို့ဒေသများရှိ ဂိတ်များတွင်မူ ဖြေလျှော့မှုပေးထားကြောင်း သတင်းရရှိသည်။ သို့သော် နယ်စပ်ကုန်သွယ်မှုတွင် ၇၀ ရာခိုင်နှုန်းထိရှိသော ရေပူဂိတ်နှင့် ၁၀၅ မိုင်ဂိတ်တို့တွင် သေချာစွာ စစ်ဆေးနေကြောင်း ကုန်သည်များက ပြောသည်။

## ပညာရေးရန်ပုံငွေ ဂီတဖျော်ဖြေပွဲ ရက်ပြောင်းလဲ

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၂**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဦးစီးကျင်းပမည်ဖြစ်သော ပြည်ထောင်စုတိုင်းရင်းသားများ ပညာရေးရန်ပုံငွေ ဂီတဖျော်ဖြေရေးနှင့် ဈေးရောင်းပွဲတော်အား ပွဲခွင့်ပြုမိန့်အခက်အခဲကြောင့် ဒီဇင်ဘာလ နောက်ဆုံးပတ်တွင်ကျင်းပနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ပညာရေးကွန်ရက် ခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုဖြိုးမင်းသိန်းက ပြောသည်။

ဂီတဖျော်ဖြေရေးနှင့် ဈေးရောင်းပွဲတော်ကို ယခုလ ၁၅ ရက်တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ ၁(သုဝဏ္ဏ)၌ ညနေ ၃ နာရီမှ ည ၁၀ နာရီထိ ကျင်းပပြုလုပ်သွားရန် စီစဉ်ထားခြင်းဖြစ်ပြီး ပွဲခွင့်ပြုမိန့်အတွက် စောင့်ဆိုင်းနေရသလို ပြပွဲရုံနေရာအတွက်လည်း အခက်အခဲဖြစ်ပေါ်နေကြောင်း သိရသည်။

"၁၅ ရက်ကနေ ရွှေ့ဆိုင်းဖို့ရှိတယ်။ ဒီဇင်ဘာလအတွင်းမှာတော့လုပ်နိုင်မှာပါ။ နောက်ဆုံးအပတ်ထဲမှာပေါ့။ ပါမစ်လျှောက်ထားတာ ဝန်ကြီးချုပ်ရုံးရောက်နေပြီ။ ကွင်းက သဘောတူထားပြီးမှ အဲ့ဒီနေ့မရဘူးလို့လာပြောတယ်။ အခုထိကတော့ ပါမစ်အတွက် စောင့်နေရသလို ကွင်းကလည်း အခက်အခဲဖြစ်နေတာပေါ့"ဟု ကိုဖြိုးမင်းသိန်းက ပြောသည်။ ၎င်းပွဲတော်ကို ဒေါ်အောင်ဆန်းစုကြည်တက်ရောက်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ပြည်တွင်းမှ ဂီတသမား အများစုပါဝင်သီဆို ဖျော်ဖြေရေးအစီအစဉ်တွင် ပါဝင်ကြမည်ဖြစ်ကာ ပွဲတော်မှရရှိမည့် ငွေကြေးများကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေးရန်ပုံငွေအဖြစ် အသုံးပြုသွားရန် ရည်ရွယ်ထားကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.10, No.39 • DECEMBER 15, 2011

# အစိုးရနည်းပညာတက္ကသိုလ်များ ကျောင်းအပ်နှံရာတွင် ကုန်ကျစရိတ် ပိုများလာ

**ညီညီဇော်၊ ဝတ်ရည်**

**မန္တလေး၊ ဒီဇင်ဘာ- ၁၀**

အစိုးရနည်းပညာတက္ကသိုလ်များတွင်ကျောင်းအပ်နှံရာတွင်ကုန်ကျမှုစရိတ်မှာ ယခင်နှစ်များထက် ပိုမိုများလာကြောင်း သတင်းရရှိသည်။

ယခုနှစ်အစိုးရ နည်းပညာတက္ကသိုလ် ကျောင်းအပ်နှံရာတွင် ယမန်နှစ်များထက် ကျောင်းလခ ပိုလာခြင်း၊ ကျောင်းသုံးစာအုပ်များ ကျောင်းအပ်နှံရာတွင် မဝယ်မနေရအဖြစ် ဝယ်ယူရခြင်းတို့ကြောင့် ယမန်နှစ်များထက် ကျောင်းအပ်နှံရာတွင် ငွေကြေးကုန်ကျမှု ပိုမိုများလာကြောင်း နည်းပညာတက္ကသိုလ် ကျောင်းသားများကပြောသည်။

"B.Tech ကျောင်းသား တစ်ယောက်ကို စုစုပေါင်း ၄၅,၀၀၀ လောက်ကျတယ်။ အရင်နှစ်တွေက အဲလောက်မှမကျတာ။ ကျွန်တော့်မိတ်ဆွေဆို သူ့မှာသားနှစ်ယောက်ရှိတယ်။ တစ်ယောက်က B.Tech တစ်ယောက်က B.E တက်ရမယ်။ ကျောင်းအပ်ခက ပိုကုန်လာတော့ သူဆိုခေါင်းတော်တော်ခြောက်နေတယ်တဲ့။ အရင်က ပုံနှိပ်စာအုပ်ဆို အကြီးသုံးပြီးသွားတဲ့စာအုပ်ကို အငယ်ကလက်ဆင့်ကမ်းပြီးသုံးရုံပဲ။ ခုမဝယ်မနေရဆိုတော့စာအုပ်ရှိရဲ့သားနဲ့ ထပ်ဝယ်ရတော့အပိုဖြစ်တာပေ့ါ။နောက်ပြီး ကျောင်းလခ၊ အရင်နှစ်တွေကခုလို တစ်ကြိမ်တည်း တစ်နှစ်စာတစ်ခါတည်းမသွင်းရဘူး။ ခုဒီနှစ်တစ်နှစ်စာ တစ်ခါတည်းသွင်းရတော့ကျောင်းအပ်နှံတဲ့အခါ ကုန်ကျစရိတ်က အရင်နှစ်တွေထက်တော်တော်ကို တက်သွားတယ်" ဟု မြစ်သားမြို့မှ ဒေသခံအမျိုးသားတစ်ဦးကပြောသည်။

ကျောက်ဆည်နည်းပညာတက္ကသိုလ်သို့ဆက်သွယ်မေးမြန်းကြည့်ရာတွင် တာဝန်ရှိသူတစ်ဦးက "ပုံနှိပ်စာအုပ်ရောင်းတယ်ဆိုတာက နှစ်ကျကျောင်းသားဆိုရင်တော့ ဝယ်စရာမလိုပါဘူး။ နှစ်တက် ကျောင်းသားဆိုရင်တော့ စာအုပ်ဝယ်ရပါတယ်။ ပုံနှိပ်စာအုပ်ကိုကျောင်းပြီးသွားရင်လည်း reference အနေနဲ့သုံးနိုင်အောင်လို့ပါ။ စာအုပ်ဖိုးမတတ်နိုင်လို့ကျောင်းမတက်နိုင်ဘူးဆိုတာမျိုးတော့ မဖြစ်စေရပါဘူး။ မော်ကွန်းထိန်းတို့ ကျောင်းအုပ်ကြီးတို့နဲ့ဝင်တွေ့ပါ"ဟု ပြန်လည်ဖြေကြားသည်။

စစ်ကိုင်းနည်းပညာတက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးက "စာအုပ်ပြည့်စုံနေတယ်ဆို မဝယ်လည်းရပါတယ်"ဟုပြန်လည်ဖြေကြားသည်။ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်တွင် နေထိုင်သောနည်းပညာ တက္ကသိုလ်ကျောင်းသားမိခင်တစ်ဦးက"နယ်ကလာတဲ့ကျွန်တော်သားသူငယ်ချင်းကကျောင်းအပ်ဖို့အတွက် ငွေနှစ်သောင်းပဲပါလာတာတဲ့။ ကျောင်းအပ်ဖို့ ငွေမလောက်တော့မတက်တော့ဘူးပြောနေလို့လိုတာလေးစိုက်ပေးလိုက်ရတယ်" ဟုပြောသည်။ မြိတ်နည်းပညာတက္ကသိုလ်မှ ကျောင်းသားတစ်ဦးကလည်း မိမိတို့ကျောင်းတွင်လည်း ချို့တဲ့ကျောင်းသားအချို့ကျောင်းအပ်ရာတွင်ငွေကြေးအခက်အခဲ ဖြစ်ပေါ်နေပြီး၊ ကျောင်းလခများကိုတစ်ဝက်စီ ခွဲသွင်းလိုပါကြောင်းပြောသည်။

ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော နည်းပညာကောလိပ်များတွင်လည်း B.Tech သင်တန်းအတွက် ယခင်ကျောင်းဝင်ကြေးနှင့် စာအုပ်စာတမ်းကြေး ကျပ်သုံးသောင်း ခန့်ရှိရာမှ ယခုနှစ်တွင် ခြောက်သောင်းခန့် ကုန်ကျပြီး၊ ကျောင်း သင်ရိုးစာအုပ်များကိုလည်း ကျောင်းသားတိုင်း ဝယ်ရကြောင်း ကောလိပ်ကျောင်းသူ၊ ကျောင်းသားအချို့ကပြောသည်။

AGTI ပထမနှစ်အတွက် ကျောင်းအပ်နှံစရိတ်၊ ကျောင်းသုံးစာအုပ်၊ သင်ထောက်ကူပစ္စည်းများ၊ ကြိုပို့ဖယ်ရီခအပါအဝင် စုစုပေါင်းတစ်ဦးလျှင် ကျပ်ရှစ်သောင်းခန့်ကုန်ကျကြောင်းသတင်းရရှိသည်။

# Global Fund ရန်ပုံငွေလျှောက်လွှာလက်ခံခြင်း ခေတ္တရပ်ဆိုင်းထား

**မြတ်စုမွန်**

**ရန်ကုန်၊ နိုဝင်ဘာ - ၁၆**

နိုင်ငံတကာရှိငွေကြေးချမ်းသာသည့် အလှူရှင်များထံမှ အလှူငွေရရှိမှုလျော့နည်းခဲ့သည့်အတွက် ရောဂါသုံးမျိုး ရန်ပုံငွေလျှောက်ထားသည့် Global Fund Round 11 ရန်ပုံငွေအစီအစဉ်အား ခေတ္တရပ်ဆိုင်းလိုက်ကြောင်းပြည်တွင်းလူမှုရေးအဖွဲ့အစည်းများမှ သတင်းရရှိ သည်။

"ယာယီလို့ပြောတာပါပဲ။ ဒီနှစ် လျှောက်ထားတဲ့လျှောက်လွှာတွေကိုလည်း ဆိုင်းငံ့ထားမယ် လို့အကြောင်းကြားပါတယ်။ Global Fund က ရပ်လိုက်တယ်ဆိုပေမယ့် အေအာရ်ဗီဆေးသောက်နေရတာတွေကို ရပ်ထားလို့မှမရတာ။ နဂိုကတည်းကမှ အေအာရ်ဗီဆေးသောက်ဖို့ လိုနေတဲ့လူတွေရဲ့ ၂၅ ရာခိုင်နှုန်းလောက်ပဲသောက်ရသေးတာဆိုတော့ ဒါကိုတာဝန်ရှိတဲ့လူတွေအားလုံး အလေးအနက်ထား စဉ်းစားပေးဖို့လိုနေပါတယ်"ဟု အိတ်ချ်အိုင်ဗီပိုးဖြင့် အသက်ရှင်နေပြီး အေအာရ်ဗီဆေးသောက်ရန် လိုအပ်နေသူ ၄၂၀ဦးကို ဆေးဝါးပံ့ပိုး ပေးလျက်ရှိသည့် ရတနာ့မေတ္တာအဖွဲ့မှ ဥက္ကဋ္ဌဦးမြင့်ဆွေကပြော သည်။

Global Fund ၏ Round 11 ရန်ပုံငွေချထားပေးခြင်းအစီအစဉ်ကို လာမည့် ၂၀၁၄ နှင့် ၂၀၁၆ နှစ်များတွင် အဖွဲ့အစည်းများ၏ အဆိုပြုလွှာများကို ပြန်လည်လက်ခံသွားမည်ဖြစ်ကြောင်း အကြောင်းကြားခဲ့သည်ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

"ဒီပုံစံအတိုင်းဆိုရင် ပြည်ပက အလှူငွေတွေစောင့်မျှော်နေရရင် ပြဿနာရှိနိုင်တယ်။ မြန်မာနိုင်ငံမှာ သူဌေးတွေအများကြီးရှိတယ်။ သူတို့တွေ အိတ်ချ်အိုင်ဗီ/ အေအိုင်ဒီအက်စ်တားဆီးလျှော့ချရေးအစီအစဉ်တွေကို စိတ်ဝင်စားလာဖို့ အရေးကြီးတယ်"ဟု Myanmar Positive Group (MGP)မှ အကြံပေးတာဝန်ခံ ကိုသီဟကြိုင်ကပြောသည်။

ယခုနှစ်တွင် Global Fund Round 11 ရန်ပုံငွေအစီအစဉ်အတွက် မြန်မာနိုင်ငံရှိ ပြည်တွင်းပြည်ပလူမှုရေးအဖွဲ့အစည်းပေါင်း ၅၇ဖွဲ့ လျှောက်ထားခဲ့ရာ စုစုပေါင်း ၂၉ ဖွဲ့ ရရှိထားကြောင်း၊ အဆိုပါအဖွဲ့အစည်းများမှာ အိတ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါများ ကာကွယ်လျှော့ချရေးလုပ်ငန်းများလုပ်ကိုင်ရန် အဆိုပြုလျှောက်လွှာများ တင်ခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းမှသိရသည်။

Global Fund ထောက်ပံ့မှုရရှိသောအဖွဲ့များမှာ အိတ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ်စီမံချက်များအတွက် ၁၇ဖွဲ့၊ တီဘီစီမံချက်အတွက်ခြောက်ဖွဲ့နှင့်ငှက်ဖျားစီမံချက်များအတွက်ခြောက်ဖွဲ့ ရရှိခဲ့ကြောင်းလည်း အထက်ပါအသင်းမှသိရသည်။

# ၂၀၁၃ ဆီးဂိမ်းမတိုင်ခင် အင်တာနက် မြန်နှုန်းမြင့်ပေးမည်ဟုဆို

**ယုဇနကိုကို**

**ရန်ကုန်၊**

**ဒီဇင်ဘာ- ၇**



ရန်ကုန်မြို့ရှိ အင်တာနက်ဆိုင်တစ်ဆိုင်တွင် အင်တာနက်အသုံးပြုနေသူများကို တွေ့ရစဉ် ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ပြည်တွင်းအင်တာနက် ဆက်သွယ်မှုစနစ်အား မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်း(အရှေ့တောင်အာရှအားကစားပြိုင်ပွဲ) မတိုင်မီအတွင်း လက်ရှိအနေအထားထက် အသုံးပြုရာတွင် ပိုမိုမြန်ဆန်လာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ သတင်းအချက်အလက်နှင့် အွန်လိုင်းဌာနမှ အင်ဂျင်နီယာချုပ်က 7Day News သို့ပြောသည်။

ထိုကဲ့သို့ အင်တာနက် ဆက်သွယ်မှုအမြန်နှုန်းများအား လက်ရှိအနေအထားထက် ပိုမိုမြန်ဆန်လာအောင် ဆောင်ရွက်ရာတွင် အင်တာနက်ဂိတ်ဝေး (Internet Gateway) တစ်ခုနှင့် ပုဂ္ဂလိကအင်တာနက် ဝန်ဆောင်မှုကုမ္ပဏီ (ISP-Internet Service Provider) များကို ၂၀၁၃ ဆီးဂိမ်းမတိုင်မီကာလအတွင်း ထပ်မံတည်ဆောက်တိုးချဲ့ရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူကဆိုသည်။

အစိုးရအနေဖြင့် ၂၀၁၃ ဆီးဂိမ်းကာလမတိုင်မီ အချိန်အတွင်း ပြည်တွင်း အင်တာနက်စနစ်များ ပိုမိုကောင်းမွန်လာစေရန် ဆောင်ရွက်ရခြင်းမှာ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းသည် အာဆီယံအဆင့် အားကစားပြိုင်ပွဲဖြစ်ခြင်းနှင့် ယခုအစိုးရလက်ထက်အတွင်း အာဆီယံအဆင့်နှင့် နိုင်ငံတကာ အဆင့် အစည်းအဝေးများ၊ ပြိုင်ပွဲများကို ဆက်တိုက်လက်ခံကျင်းပလာခြင်းတို့ကြောင့်ဖြစ်ကြောင်းသိရသည်။

"အာဆီယံ အဆင့် အစည်းအဝေးတွေကို အိမ်ရှင်အဖြစ် လက်ခံကျင်းပလာရတာတွေအပြင် လက်ရှိအင်တာနက်မြန်နှုန်းကိုလည်း ပိုမြန်လာအောင် ပိုကောင်းလာအောင် လုပ်ပေးသွားပါမယ်။ ၂၀၁၃ ဆီးဂိမ်းမတိုင်ခင်အတွင်း အင်တာနက်ဆက်သွယ်မှုမြန်နှုန်းတွေ ပိုပြီးကောင်းလာအောင် လုပ်ပေးပါမယ်။ အာဆီယံနိုင်ငံများနဲ့လည်း ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု အထက်ပါတာဝန်ရှိသူက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်း ထိုင်းနိုင်ငံတွင် အင်တာနက် ဂိတ်ဝေးငါးခုခန့်နှင့် ISP စုစုပေါင်း ၁၅ခုခန့်ရှိကြောင်း နိုင်ငံတကာအတွေ့အကြုံရှိ ကွန်ပျူတာလုပ်ငန်းရှင်နှင့် ပညာရှင်များထံမှ သိရသည်။

ပြည်တွင်း၏ အင်တာနက်ဆက်သွယ်မှုအခြေအနေမှာ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းနယ်ပယ်တွင် နှေးကွေးကျဆင်းခြင်းအများဆုံးဖြစ်ပေါ်နေခြင်းဖြစ်သည်။

# ကုမ္ပဏီမှတ်ပုံတင်သက်တမ်းကာလ တစ်နှစ်ထပ်တိုးပေး

**ပြည်သိမ်း**

**ရန်ကုန်၊**

**ဒီဇင်ဘာ-၇**

ကုမ္ပဏီမှတ်ပုံတင်သက်တမ်းတိုးခြင်းကို ယခင် ၂နှစ်ခွင့်ပြုရာမှ နိုဝင်ဘာလ ၂၅ရက်စတင်၍ တစ်နှစ်ထပ်တိုးကာ ၃နှစ်ထိစတင်ခွင့်ပြုပေးနေပြီဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

"နိုဝင်ဘာ ၂၄ရက် နောက်ပိုင်းကုမ္ပဏီအားလုံးအကျုံးဝင်တယ်။ အဲဒီ့ရှေ့က ကုမ္ပဏီတွေတော့မပါဘူး"ဟု အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ယင်းသို့ ကုမ္ပဏီမှတ်ပုံတင်သက်တမ်းကို တစ်နှစ်ပိုမိုတိုးမြှင့်ပေးသည်ကို လုပ်ငန်းရှင်များကလည်း ကြိုဆိုကြသည်။ ယခင်က ၂ နှစ် သက်တမ်းတွင်လည်း ကုမ္ပဏီသက်တမ်းတိုးရာ၌ ၆ လမှ ၈ လထိ ကြာမြင့်လေ့ရှိသည်ဟုဆိုသည်။

"ဖိုင်ရမ်း (စာရွက်စာတမ်းပြင်ဆင်လျှောက်ထားခြင်း)ရတာနဲ့ အခွန်စနစ်လုပ်ရတာနဲ့ လိုအပ်တာလုပ်နေရတာ ၇လ၊ ၈လကြာတယ်။ ဒီကာလတွေကို ယာယီကတ်နဲ့ပဲ လုပ်နေရတယ်။ သုံးနှစ်ဆိုတော့မဆိုးဘူး"ဟု ဆောက်လုပ်ရေးကုမ္ပဏီမှ အထွေထွေမန်နေဂျာတစ်ဦးက ပြောသည်။

ထို့အပြင် ကုမ္ပဏီမှတ်ပုံတင်ရာတွင် ဦးစွာOne Stop Service ဖြင့် တစ်နေရာတည်းအပြီးဆောင်ရွက်ပေးမည်ဟု ဆိုပြီး သက်တမ်းခြောက်လရှိယာယီကတ်များဦးစွာ ထုတ်ပေးသွားမည်ဟု သိရသည်။

စာ(၁၂)သို့

7DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011

# ကြေးနန်းနှင့်ဖက်စ်ဝန်ဆောင်ခနှုန်းများလည်းပြောင်းလဲ

**ယုဇနကိုကို**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၀**

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ကြေးနန်းဌာနအနေဖြင့် ယခုလ၁၄ရက်မှ စတင်ကာ ပြည်တွင်းကြေးနန်းဝန်ဆောင်ခများနှင့် ဖက်စ်ဝန်ဆောင်ခနှုန်းထားများကို စတင်ပြောင်းလဲတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

မကြာမီအချိန်အတွင်းစတင်ပြောင်းလဲတော့မည့် ပြည်တွင်းကြေးနန်းနှင့် ဖက်စ်ဝန်ဆောင်ခနှုန်းထားများမှာ မူလကျသင့်နေသည့် နှုန်းထားများမှ နှုန်းထားအသစ်အမျိုးမျိုးသို့ ပြောင်းလဲသွားမည်ဖြစ်သည်။

ယခုကဲ့သို့ပြည်တွင်း၏ ကြေးနန်းဝန်ဆောင်ခများကို လက်ရှိကောက်ခံနေသည့် နှုန်းထားများမှ ပြောင်းလဲကောက်ခံရခြင်းသည် ခေတ်နှင့်အညီပြောင်းလဲလာသော နည်းပညာများအရ အများပြည်သူသို့ ခေတ်မီနည်းစနစ်များဖြင့် တိုးမြှင့်ဝန်ဆောင်မှုပေးရန်ရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း အထက်ပါဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။



**ဖက်စ်ပို့ခမှာ A4တစ်မျက်နှာလျှင် ယခင် ၄၀ကျပ်မှ ၂၀၀ကျပ်သို့ ပြောင်းလဲမည်ဖြစ်သည်**

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ပြည်တွင်းစာပို့တိုက်လုပ်ငန်းအနေဖြင့် ၁၉၈၀၊ ဧပြီ ၁ ရက်မှစတင်ကာ ကြေးနန်းတစ်စောင်၏ဝန်ဆောင်ခအား အနည်းဆုံးစာလုံးရေ ၁၆ လုံးကို ၂ ကျပ်နှုန်းဖြင့် ကြေးနန်းစာလုံးတစ်လုံးလျှင် ၁၅ ပြားသာကျသင့်ခဲ့သည်။

ဖက်စ်ကြေးနန်းလုပ်ငန်းကို ၁၉၉၂ စက်တင်ဘာ ၁ရက်တွင် စတင်ဝန်ဆောင်မှုပေးခဲ့ပြီး A4 ဆိုဒ်စာမျက်နှာ တစ်မျက်နှာလျှင် ကျပ် ၄၀ နှုန်းကျသင့်ခဲ့သည်။

ကာလကြာရှည်စွာ နှုန်းထားများပြောင်းလဲခြင်း မရှိခဲ့သည့် အဆိုပါစာပို့တိုက်လုပ်ငန်း၏ စတင်ပြောင်းလဲတော့မည့်နှုန်းထားများမှာ မြန်မာကြေးနန်းစာလုံးရေ ၁၀၀ လျှင် ကျသင့်ငွေမှာ ၂၀၀ ကျပ်ဖြစ်သည်။ စာလုံးရေ ၁၀၀ ကျော်လွန်ပါက နောက်ထပ် ၂၀၀ ကျပ်စီထပ်မံပေးဆောင်ရမည်ဖြစ်သည်။ အင်္ဂလိပ်စာလုံးကြေးနန်းစာများမှာမူစာလုံးရေ၅၀လျှင်၂၀၀ ကျပ်ကျသင့်မည်ဖြစ်ပြီး ယင်းစာလုံးအရေအတွက်ထက် ကျော်လွန်ပါက နောက်ထပ် ၂၀၀ကျပ်စီ အပိုထပ်ဆောင်းပေးဆောင်ရမည်ဖြစ်သည်။

ပြည်တွင်းကြေးနန်းပို့ခများ၏ယခင်နှုန်းထားများမှာကျပ် ၂၀၊ ၃၀၊၄၀၊၅၀ အသီးသီးဖြစ်ကြသည်။

ဖက်စ်ဝန်ဆောင်ခများမှာမူ A4 စာရွက်ဆိုဒ်တစ်ရွက်လျှင် ယခင် ၄၀ ကျပ်မှ ၂၀၀ ကျပ်သို့ ပြောင်းလဲလိုက်ပြီး အပိုစာရွက်တစ်ရွက်တိုင်းအတွက် ၂၀၀ ကျပ်စီ ထပ်မံပေးဆောင်ရမည်ဖြစ်သည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ယခုကဲ့သို့ ပြည်တွင်း ကြေးနန်းစာပို့ခများကို မပြောင်းလဲမီ ပြီးခဲ့သည့်ရက်သတ္တပတ်ကပင် ပြည်ပစာပို့ခနှုန်းထားများကို မူလနှုန်းထားများထက် ၁၅ကျော်အထိ တိုးမြှင့်ပြောင်းလဲကောက်ခံခဲ့သည်။

# ၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့ ရွေးကောက်ပွဲမဝင်

**အိဖြူလွင်**

**ရန်ကုန်၊ ဒီဇင်ဘာ-၈**

၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှ မည်သူတစ်ဦးတစ်ယောက်ကိုမှ လာမည့်ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီတစ်ခုခုသို့ကိုယ်စားလှယ်ပေးခြင်း၊ ဝင်ရောက်ယှဉ်ပြိုင်စေခြင်းပြုမည်မဟုတ်ဟု ယခုလ ၅ရက်တွင် ၈၈မျိုးဆက်ကျောင်းသားများက ထုတ်ပြန်ကြေညာခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ပါတီ ပါတီမှတ်ပုံတင်ပြီး လာမည့်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဆုံးဖြတ်ချက်မှာ ထိုပါတီအနေဖြင့် အမျိုးသားပြန် လည်သင့်မြတ်ရေးနှင့် အထွေထွေ သဟဇာတဖြစ်ရေးအတွက်အများ ဆန္ဒအရရွေးချယ်ဆုံးဖြတ်ချက်ချခြင်းဖြစ်သည်ဟုနားလည်ကြောင်းလည်း ကြေညာချက်တွင်ဖော်ပြသည်။

၈၈မျိုးဆက်ကျောင်းသားများအနေဖြင့် မဟုတ်ဘဲ တစ်ဦးတစ်ယောက်တည်းအနေဖြင့် ရွေးကောက်ပွဲဝင်ခြင်းကိုမူသဘောထားပေးရန်မရှိကြောင်း ထုတ်ပြန် ချက်တွင်ပါရှိသဖြင့် ၈၈မျိုးဆက်ကျောင်းသားများထဲမှ ယခုကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်အတူတူ ရွေးကောက်ပွဲဝင်မည့်သူများ အဆင်ပြေသွားနိုင်သည်ဟု ထိုအဖွဲ့ထဲမှ လှုပ်ရှားသူတစ်ဦးက ပြောကြားသည်။

၈၈ မျိုးဆက်ကျောင်းသားများ၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုမင်းကိုနိုင်နှင့် အခြားခေါင်းဆောင်များ မလွတ်မြောက်သေးခြင်းသည် ယခုကြေညာချက်၏ အဓိကအကြောင်းရင်းဖြစ်ကြောင်း ၈၈ မျိုးဆက်ကျောင်းသားများတွင် ပါဝင်သူများကပြောသည်။



7 DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011

## ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၄ မှ ၂၀ ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာနဲ့ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်မှာ တိမ်အနည်းငယ်သာဖြစ်ထွန်းနိုင်ပါတယ်။ လက်ရှိအချိန်အထိ ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်း(၂)ကြိမ်သာဖြစ်သေးသည့်အတွက် ၂၀၁၁ ခုနှစ်သည် ဘင်္ဂလားပင်လယ်အော်တွင် တစ်နှစ်အတွင်း မုန်တိုင်းဖြစ်ပေါ်မှု အနည်းဆုံးနှစ်ဖြစ်လျက်ရှိနေပါသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မွန်တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ တစ်ခါတစ်ရံ အရှေ့လေပြင်းများကျရောက်နိုင်ပြီး လှိုင်းအသင့်အတင့် ရှိနိုင်ပါတယ်။ ရေပြင်မြေပြင်လေဟာ တစ်နာရီ ၂၅ မိုင်မှ ၃၀ မိုင်ခန့်အထိ တိုက်ခတ်နိုင်ပါတယ်။ ကျန်မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်သာ ရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

ပြီးခဲ့တဲ့ ဒီဇင်ဘာ (၃)ရက်မှ (၉)ရက်အထိ ရက်သတ္တတစ်ပတ်အတွင်းနှင်းမိုးရွာသွန်းခဲ့သောမိုးရေချိန်၀. ၂လက်မမှ၀. ၈လက်မအထိ ရွာသွန်းခဲ့သော ဒေသများမှာ ချင်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးမြောက်ပိုင်းစသည်တို့ဖြစ်ပြီး၊ မိုးရေချိန်၀. ၂လက်မမှ ၀. ၈ လက်မအထိ မိုးအနည်းငယ်ရွာသွန်းခဲ့သော ဒေသများမှာ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအချို့၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းတောင်ပိုင်းစတဲ့ဒေသများမှာ ဖြစ်ကြပါတယ်။ ကျန်ဒေသတွေမှာတော့သာယာနေခဲ့ပါတယ်။ လာမယ့်ရက်သတ္တတစ်ပတ်အတွင်းမြန်မာနိုင်ငံမြောက်ပိုင်းစွန်း၊ အရှေ့ဖျားပိုင်းဒေသများနဲ့တောင်ပိုင်းစွန်းဒေသများမှာ မိုးအနည်းငယ် ရွာသွန်းနိုင်တာကလွဲရင် တစ်ပြည်လုံးမှာ သာယာပါ့မယ်။

**ညအပူချိန်များ**

ညအပူချိန်များအနေနဲ့ကတော့ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးမြောက်ပိုင်းတို့မှာ ဖြစ်မြဲအောက်လျော့ပြီး အအေးပိုနိုင်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းဒေသကြီးတောင်ပိုင်းတို့မှာ ညအပူချိန်များဟာဖြစ်မြဲခန့်သာ ရှိနိုင်ပါတယ်။ ကျန်ဒေသများမှာတော့ ဖြစ်မြဲထက်ပိုပြီးအအေးပေါ့နိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံတစ်ဝန်းရှိမြစ်တို့တွင်လက်ရှိရေအမှတ်များဟာဆက်လက်ကျဆင်း နေပြီး စိုးရိမ်ရေအမှတ်ကို ရောက်နိုင်ဖွယ်ရာမရှိပါ။ ရေများ ကျဆင်းမှုဆက်လက်ဖြစ်ပေါ် နေပါက နောက်ပိုင်းရက်များမှာရေကြောင်းသွားလာရေးအတွက် ရေနည်းမှုအန္တရာယ်ကို သတိထားဖို့လိုလာပါလိမ့်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်တွင် မုန်တိုင်းဖြစ်ရန်အခြေအနေမရှိသဖြင့် အရှေ့လေပွေလှိုင်းကြောင့် မိုးရွာသွန်းမှုရှိမည်မဟုတ်ပါ။

ဒေါက်တာထွန်းလွင်

# မြန်မာ – တရုတ်နယ်စပ်ကုန်စည်ပြပွဲတွင် နှစ်နိုင်ငံကုန်သည်များ ဒေါ်လာသန်း ၁၃၅ သန်းကျော် အရောင်းအဝယ်စာချုပ်များ ချုပ်ဆို



ဓာတ်ပုံ – အောင်သူရ

**အောင်သူရ**

**ရွှေလီ၊ ဒီဇင်ဘာ-၉**

မြန်မာ-တရုတ်နယ်စပ်ကြဲခေါင်မြို့တွင်ပြုလုပ်သောကုန်စည်ပြပွဲတွင် နှစ်နိုင်ငံကုန်သည်များ အမေရိကန်ဒေါ်လာ ၁၃၅ ဒသမ၇၃ သန်းဖိုးကုန်သွယ်မှုစာချုပ်များ ချုပ်ဆိုခဲ့ကြောင်းသတင်းရရှိသည်။

ထိုပမာဏအတွက် နှစ်ဖက်နိုင်ငံမှ ကုမ္ပဏီ ၂၁ ခုက စာချုပ်ပေါင်း ၃၀ ချုပ်ဆိုခဲ့ပြီး၊ သွင်းကုန်အတွက် စာချုပ် ၁၀ ခုနှင့် ပို့ကုန်အတွက် စာချုပ် ၂၀ ချုပ်ဆိုခဲ့ကြသည်။ သွင်းကုန်အတွက် ချုပ်ဆိုသောစာချုပ်၁၀ ခုအတွက် ငွေပမာဏမှ အမေရိကန်ဒေါ်လာ ၇၇ ဒသမ ၉ သန်းနှင့် ပို့ကုန်အတွက် ချုပ်ဆိုသော စာချုပ် ၂၀ ခုအတွက်ငွေပမာဏမှာကန်ဒေါ်လာ ၅၇ ဒသမ၈ သန်းဖိုးဖြစ်သည်။

“လယ်ယာထွက်ကုန်ပစ္စည်းနဲ့ ရေထွက်ကုန်တွေအဓိကပို့ဖို့ရှိတယ်။ သွင်းကုန်ထဲမှာတော့ ဆေးဝါး စက်မှုကုန်ကြမ်းချည်ထည်နဲ့ သွင်းတို့ပါတယ်”ဟု မူဆယ် နန်ခမ်းကုန်သည်အသင်းမှ ကုန်သည်တစ်ဦးကပြောသည်။

တရုတ်နိုင်ငံသည် အရက်ပျံချက်လုပ်ရန်အတွက် တစ်ရက်လျှင် ပြောင်းတန်ချိန် တစ်သိန်းကျော်လိုအပ်ချက်ရှိကြောင်း ပဲပြောင်းနှမ်းကုန်စည်ဒိုင်ဥက္ကဋ္ဌက ပြောသည်။ သို့သော် ယခုနှစ်တွင် တရုတ်နိုင်ငံမှ ပဲတီစိမ်းအထွက်ကောင်းပြီး အာဖရိကမှနှမ်းများအဝင်များနေသဖြင့် ပဲတီစိမ်းနှင့်နှမ်းဈေးမကောင်းနိုင်ကြောင်း ကုန်စည်ဒိုင် ဥက္ကဋ္ဌက သုံးသပ်သည်။ အဆိုပါကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ဆိုင်ခန်းပေါင်း ၄၈ ခန်းသွားရောက်ပြသခဲ့သည်။

ယခုနှစ်တွင် ကုန်သွယ်မှုပမာဏမှာ လက်ရှိအချိန်ထိအမေရိကန်ဒေါ်လာ ၁ ဒသမ၆ ဘီလီယံကျော်အထိရှိနေပြီး ယခုနှစ်တွင် ၂ ဘီလီယံကျော်ထိ ကုန်သွယ်မှုရရှိနိုင်ကြောင်း နယ်စပ်ကုန်သွယ်ရေးညွှန်ကြားရေးမှူးကပြောသည်။

## ကန့်သတ်ထားသော စားသောက်ကုန် ငါးမျိုး တရားဝင်တင်သွင်းခွင့်ပြု

**ပြည့်သိမ်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၀**

ပြည်ပမှ တင်သွင်းခြင်း မပြုရန်ကန့်သတ်ထားသော ကုန်ပစ္စည်းများအနက် စားသောက်ကုန်ငါးမျိုးကို အကန့်အသက်ဖြင့် သာတင်သွင်း ခွင့်ပြုရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာနက ဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

ပြည်ပနိုင်ငံမှ အချိုမှုန့်၊ အချိုရည်၊ ဘီစကစ်မျိုးစုံ၊ စည်သွတ်ဘူးများ(အသားနှင့် အသီးစုံ) နှင့် ခေါက်ဆွဲခြောက်အမျိုးမျိုး စသည့်တို့ကိုပင်လယ်ရေကြောင်းနှင့်နယ်စပ်ကုန်သွယ်ရေးတို့မှ အကန့်အသတ်ဖြင့် တင်သွင်းရန် စီစဉ်နေကြောင်း ဒီဇင်ဘာ ၁၀ ရက်ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။ ထိုသို့ ခွင့်ပြုရခြင်းမှာ စားသောက်ကုန်များ၏ အရည်အသွေးကို စိစစ်စမ်းသပ်နိုင်ရန်နှင့် နိုင်ငံတော်မှသွင်းကုန်များမှတရားဝင် အခွန်များ ရရှိရန်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

“တရားဝင်ခွင့်ပြုရင်တော့ ပိုကောင်းတာပေါ့။ အခုလည်း နေ့စဉ်ဆိုသလိုနယ်စပ်က ကုန်ပစ္စည်းတွေကဝင်နေတာပဲ”ဟုသွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံသို့ပြည်ပမှ တင်သွင်းသော စားသောက်ကုန်များတွင် တရုတ်နိုင်ငံမှ အများဆုံးဖြစ်ပြီး၊ ထိုင်းနိုင်ငံမှာ ဒုတိယအများဆုံး ဖြစ်သည်။ အဆိုပါ နှစ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် နယ်စပ်ထိစပ်မှုရှည်လျားသည့်အတွက် ကုန်စည်ဝင်ရောက်မှု အများဆုံးနိုင်ငံများ ဖြစ်နေကြောင်း သိရသည်။

“ဆိုင်တွေမှာက ပြည်တွင်းထုတ်ထက် ပြည်ပက ဝင်တာတွေများတယ်။ အစားအသောက်တွေက ကျန်းမာရေးနဲ့ ညီညွတ်သလား၊ မညီညွတ်ဘူးလားတော့ မသိဘူး” ဟု ပြည်တွင်းမုန့်ထုတ်သည့် လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

“အခွန်ကြောက်တော့တရားဝင်မသွားဘဲ အောက်လမ်းကပဲသွားနေတယ်။ ဈေးကမကျဘူး” ဟု လှည်းတန်းဈေးမှ ကုန်စုံဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။

ပြည်တွင်း၌ စားသောက်ကုန်ထုတ်လုပ်သူများသည်ပြည်ပမှ ဝင်ရောက်လာသည့် အစားအသောက် ကုန်ပစ္စည်းများကို မယှဉ်နိုင်သဖြင့် လက်ရှိအချိန်တွင် လုပ်ငန်းလည်ပတ်ရန် အခက်အခဲများစွာနှင့် ကြုံတွေ့နေရသည်။ လိုင်စင်ကြေး၊ စက်မှုဇုန်မှ အခွန်အခများ၊ အခြားကုန်ကျစရိတ်များရှိ သဖြင့် ပြည်ပမှ တရားမဝင်ရောက်လာသည့်ကုန်ပစ္စည်းများကို ဈေးကွက်တွင်ယှဉ်ပြိုင်နိုင်ခြင်းမရှိကြောင်းလည်း သိရသည်။

## ချယ်ရီဝက်ဂွန်ကားကို ဒေါ်လာ ၅,၈၀၀ ဖြင့် ပြည်သူများကို ရောင်းချပေးမည်ဟုဆို

### အကောက်ခွန် ကုန်သွယ်ခွန်စသော အခွန်အရပ်ရပ်ကို ထပ်မံပေးဆောင်ရမည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ-၈**

တရုတ်နိုင်ငံမှ တင်သွင်းလာသော ချယ်ရီဝက်ဂွန်ကားများကို ပါမစ်ရှိသူများအပြင် ပြင်ပလူများကိုပါ ဈေးနှုန်းတစ်မျိုးတည်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန(ရောင်းချရေးဌာန)မှ တာဝန်ရှိသူသူတစ်ဦးက ပြောသည်။

“ဈေးနှုန်းကတော့ ဒီဈေးပဲမပြောင်းဘူး။ ပါမစ်ရှိတဲ့သူကို ဦးစားပေးရောင်းတာပဲရှိတယ်။ အပြင်လူကိုလည်း ဒီဈေးပါပဲ” ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။ စက်မှုဝန်ကြီးဌာနအနေဖြင့် အဆိုပါ ချယ်ရီဝက်ဂွန်(ခေါ်)Chery Q Q3 ကားများကို အမေရိကန်ဒေါ်လာ ၅,၈၀၀ ဖြင့် ရောင်းချမည်ဖြစ်သည်။ ၎င်းဈေးနှုန်းအတွင်း၌ အကောက်ခွန်၊ ဆိပ်ကမ်းခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များပါဝင်ခြင်းမရှိသေးကြောင်း သိရသည်။ အဆိုပါ Chery Q Q3 ကားများအတွက် ကုန်သွယ်လုပ်ငန်းခွန်နှင့် အကောက်ခွန်နှစ်ခု အတွက်အခွန်မှာကျပ် ၂၈ သိန်းကျော် ကျသင့်သည်။ ထပ်မံရရှိသော သတင်းအရ ဒီဇင်ဘာ၁၀ ရက်ထိ စလစ်မရှိဘဲပြင်ပမှ လာရောက်ဝယ်ယူသူများကို အစီးရေ ၁၀၀ ကျော် ရောင်းချပြီးဖြစ်ကြောင်း တာဝန်ရှိသူက ပြောသည်။

စက်မှုဝန်ကြီးဌာနမှ ရောင်းချသော ဈေးနှုန်းအပါအဝင် ကျသင့်သော အခွန်များနှင့် လိုင်စင်ကြေးအပါအဝင်ဆိုလျှင် ကျပ်သိန်း ၉၀ ကျော် ၁၀၀နီးပါး ရှိနိုင်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

“လောလောဆယ် ပါမစ်ရှိတဲ့သူကိုရောင်းတယ်ဆိုပေမယ့် ဒီရက်ပိုင်းပဲ အပြင်လူတွေကိုဒီ၁,၀၀၀ထဲကစရောင်းပေးမှာပါ”ဟုယင်းကဆက်လက်ပြောသည်။ အဆိုပါကားများကို တရုတ်နိုင်ငံရှိ Chery auto mobile ကုမ္ပဏီနှင့် စက်မှုဝန်ကြီးဌာနတို့ တိုက်ရိုက်ချိတ်ဆက်ထားခြင်းဖြစ်၍ ယခု ပထမအရစ်အစီး ၁,၀၀၀ ကျော်ရောင်းပြီးပါက ဆက်လက်တင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

## မထသအား ဝန်ဆောင်မှုအသင်းအဖြစ် ပြောင်းလဲရန်စီစဉ်နေ

**မေဝင်းမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ – ၉**

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီအား အမြတ်အစွန်းအတွက်မဟုတ်သည့် ရန်ကုန် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုအသင်းအဖြစ် ပြောင်းလဲပြင်ဆင်သွားရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံ ကုမ္ပဏီများအက် ဥပဒေပုဒ်မ ၂၆ နောက်ဆက်တွဲ(က) အရအမြတ်အစွန်းရရှိရေးအတွက်မဟုတ်သော အသင်းအဖွဲ့များပါအချက်အလက်များနှင့်အညီ ပြောင်းလဲဆောင်ရွက်ရန် သက်ဆိုင်ရာသို့ ခွင့်ပြုချက်တင်ထားကြောင်း မထသမှ သိရသည်။

လာမည့် ၂၀၁၅ခုနှစ်ကို အာဆီယံနိုင်ငံများပေါင်းစပ်ခြင်းနှစ် (ASEAN Integration Year)ဟု ရည်မှန်းကာ ပုဂ္ဂလိကလုပ်ငန်းများမှ လုပ်ငန်းဝန်ဆောင်မှုများကိုမြှင့်တင်ဆောင်ရွက်ကြမည်ဖြစ်ရာ မထသအနေဖြင့်လည်း ခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် အရည်အသွေးနှင့် ဝန်ဆောင်မှုများမြှင့်တင်နိုင်ရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်း ဖြစ်ကြောင်းသိရသည်။

ထိုသို့ ဖွဲ့စည်းဆောင်ရွက်ခွင့်ရမည်ဆိုပါက လက်ရှိဆောင်ရွက်နေသည့်မထသ၏အုပ်ချုပ်စီမံမှုအနေအထားမှပြောင်းလဲသွားမည်ဖြစ်ပြီး ဝန်ဆောင်မှုအသင်းအဖြစ်ရပ်တည်သွားမည်ဟု သိရှိရသည်။

Life
7 DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011

# မြိတ်ကျွန်းစု ကဏန်းပျော့စားခြင်း

မောင်သာချို

**(တစ်)**

ကဏန်းပျော့ဆိုတာကလေး ကိုများ စားဖူးကြလေရော့သလား မသိ။ သည်နေ့ခေတ်လို စားလို့ ရတာ အကုန်စားကြသောခေတ် ကာလကြီးထဲ၌ ရန်ကုန်လို၊ မန္တလေးလို မြို့ကြီးပြကြီးများရှိ စားသောက်ဆိုင်ကြီးကြီးငယ်ငယ်များ၌ ကဏန်းပျော့ရပြီဆိုသည့် ကြော်ငြာစာတန်းများဖြင့် ဆွဲဆောင်ဖိတ်ခေါ်လာကြပြီဖြစ်လေရာ တစ်ကြိမ်မဟုတ် တစ်ကြိမ်မှာတော့ ဖြင့် ကဏန်းပျော့နှင့် ပက်ပင်းတိုးဖူးကြလိမ့်မည်ဟုပဲ ယူဆရပါသည်။

ဟိုး. . လွန်ခဲ့သည့် ဆယ်နှစ် သို့မဟုတ် ဆယ့်ငါးနှစ်၏ ဟိုဘက်ပိုင်းနှစ်ကာလများဆီတုန်းကဖြင့် ကဏန်းပျော့စားခွင့်နှင့် ကြုံကြိုက်ရခြင်းဆိုသည်မှာ တကယ့်ကိုမှ ဒုလ္လဘတရားတစ်ခု၊ ရတောင့်ရခဲအခွင့်အလမ်းတစ်ခုပဲဖြစ်ပါလေသည်။

ကဏန်းပျော့တို့ အခုလိုခေတ်မစားသေးခင်ကာလတွေတုန်းကဖြင့် ကျွန်တော်လည်း တစ်ကြိမ်လား နှစ်ကြိမ်လားမသိ ကဏန်းပျော့စားခွင့် ရခဲ့ဖူးပါသည်။ကဏန်းရှာဖွေသူတစ်ယောက်ယောက်က မြစ်ထဲ ချောင်းထဲက သို့မဟုတ် လယ်ကွင်းပြင်တစ်နေနေရာရာဆီက မတော်တဆရလာခဲ့သော ကဏန်းပျော့ကို စားခွင့်ကြုံကြိုက်ခဲ့ရခြင်းပင်ဖြစ်ပါသည်။ ဤနေရာ၌ 'မတော်တဆ' ဟူသောစကားလုံးက အလွန်အရေးကြီးပါသည်။ ကဏန်းအထီးတို့သည် ၄၅ရက်ကို တစ်ခါ အရေခွံလဲလေ့ရှိရာ ထိုအရေခွံလဲသည့်ရက်နှင့် ကြုံကြိုက်ပါမှ ကဏန်းပျော့နှင့် တွေ့ခွင့်ရနိုင်ခြင်းဖြစ်သဖြင့် မတော်တဆဟု ကျွန်တော်က ဆိုခြင်းဖြစ်ပါသည်။ ထို့ပြင် ကဏန်းတစ်ကောင်သည် အရေခွံလဲပြီးနောက် အရေပျော့ဖြင့် သုံးနာရီဝန်းကျင်လောက်သာခံပြီး အရေခွံက ပြန်လည်၍ မာကျောသွားတတ်ပေရာ ထိုသို့ ပြန်လည်မာကျော၍ မသွားမီ၌ အချိန်မီတွေ့ရှိဖို့ရာလည်း လိုအပ်လှပါသည်။ ထို့ကြောင့် ဟိုးအရင်က ကဏန်းပျော့စားခွင့်ရဖို့ဆိုသည်မှာတကယ့်ကိုဒုလ္လဘတရားတစ်ခု မတော်တဆမှုတစ်ခုဟု ကျွန်တော်က ဆိုခဲ့ရခြင်းဖြစ်ပါလေသည်။


ဟော. . အခုတော့ဖြင့် ကဏန်းပျော့တို့ခေတ်စားလာကြကုန်လေပြီဆိုပဲ့လား။

**(နှစ်)**

ကဏန်းပျော့ကို ပေါပေါလိုင်လိုင်နှင့်မြိုင်မြိုင်ဆိုင်ဆိုင်ကြီးစားခွင့်ရလိုက်သောမြို့မှာ မြန်မာပြည်တောင်ဘက်အဖျားဆီက ကျွန်းစုဒေသမြို့ဖြစ်သော မြိတ်မြို့မှာပဲဖြစ်ပါလေသည်။

တိုင်းတစ်ပါးသားတို့က 'မာဂင်'ဟု အသံထွက်ခဲ့လေသောမြို့၊ အင်္ဂလိပ်တို့က 'မားဂွီး'ဟု နှုတ်ကျိုးခဲ့လေသောမြို့၊ မြန်မာတို့က 'မြိတ်'ဟု ခေါ်တွင်ခဲ့လေသောမြို့၊ 'မြင်းချည်တိုင်'ဟု အဓိပ္ပာယ်သက်ရောက်သည့် ထိုင်းဘာသာစကား 'မာရိတ်'ဟု မြိတ်ဟူသောအသံထွက်သို့ပြောင်းလဲခေါ်ဝေါ်လာပုံရသည်ဟုဆိုသောမြို့၊ ၁၂ရာစုပုဂံခေတ်တွင် မြန်မာပိုင်ဖြစ်ခဲ့သည့်တိုင် နောက်ပိုင်းတွင် ထိုင်းပိုင်နက်ထဲသို့ သက်ဆင်းခဲ့ရဖူးလေသည့်မြို့။ ဟိုးတောင်ဘက်အစွန်းအဖျား ထိုင်းနိုင်ငံ နယ်နိမိတ်အစပ်သို့ရောက်သည်အထိ ကမ်းခြေအရှည် မိုင်ပေါင်း ၂၈၀ ရှိသည်ဆိုသောမြို့၊ ဆရာမြသန်းတင့်က 'ငွေသောင်ယံ၊ ဟွန်ဒါယဉ်ကျေးမှု၊ မေရီပိုဗေးနှင့် အီကွေတာညများ'စာအုပ်တွင် အီတလီရှေးဟောင်း မြို့ပြနိုင်ငံငယ်များခေတ်က ကုန်သည်မြို့ကလေးနှင့် တူလှပေသည်ဟု ညွှန်းဆိုခဲ့လေသောမြို့၊ ကမ်းခြေကနေ မည်သည့်နေရာကို လှမ်းကြည့်လိုက်ကြည့်လိုက် ငါးဖမ်းတန်ကေးများကို လှမ်းလှမ်းမြင်နေရသောမြို့၊ လမ်းပေါ်မှာ ထိုင်းနိုင်ငံလုပ် ဆိုင်ကယ်တွေ ခြေချင်းလိမ်နေသောမြို့၊ စတိုးဆိုင်ကြီးတွေပေါ်မှာ ထိုင်းနိုင်ငံလုပ် လူသုံးကုန်ပစ္စည်းများက နေရာယူထားသောမြို့၊ ကတ်ကြေးကိုက်ကို မြိန်ရေရှက်ရေစားကြသောမြို့၊ ပင်လယ်နံ့က နေရာမလပ်အောင် ကြီးစိုးထားသောမြို့၊ စကားတစ်ခွန်းကို သုံးခါလောက်ပြန်မေးရအောင်စကားဝဲသောမြို့သို့ ရောက်သွားရသည်မှာ စာပေဟောပြောပွဲကိစ္စပဲဖြစ်ပါသည်။

စာ(၁၁)သို့

မြိတ်မြို့ရှိ ကဏန်းမွေးမြူရေးကန်နှင့် အခွံလဲနေသော ကဏန်း


ဓာတ်ပုံ-မောင်သာချို

## ဒီလိုလေး ချက်ကြရအောင်

ဝိုက်ဇီ



### ပန်းငရုတ်ပွ အစာသွတ်



ပန်းငရုတ်ပွကို ဘုံလုံသီးအစာသွတ်လိုပဲ အစာသွတ်ပြီးချက်တာမျိုးပါ။ ဒါပေမဲ့ ပန်းငရုတ်ပွအစာသွတ်မှာ ထူးခြားစေတာက ခရမ်းချဉ်သီးဆော့ဖ်ပဲဖြစ်ပါတယ်။ ပန်းငရုတ်ပွအစာသွတ်ဖို့ကိုတော့ ဝက်သားဒါမှမဟုတ် ကြက်သားကို သုံးနိုင်ပါတယ်။

လိုအပ်တာတွေကတော့ ပန်းငရုတ်ပွလေးတောင့်၊ ဝက်သား အသား ၁၀ကျပ်သား၊ ကော်မှုန့်အနည်းငယ်၊ ခရမ်းချဉ်သီးနှစ်လုံး၊ ကြက်သွန်ဖြူနီ၊ ချင်းနဲ့ ခရုဆီတို့ပဲဖြစ်ပါတယ်။

အရင်ဆုံး ပန်းငရုတ်ပွတွေကို ရေစင်အောင်ဆေးပြီး အညှာနားကနေ ထိပ်လေးတွေကို ဓားနဲ့ညီညီညာညာလှီးပြီးဖွင့်ပါ။အထဲကငရုတ်စေ့တွေကိုလည်း ဖယ်ထုတ်ပစ်လိုက်ပါ။ ဝက်သားအသားကိုတော့ နုပ်နုပ်စင်းပြီး ကြက်သွန်ဖြူနီ၊ ချင်းရောထောင်းထားတာနဲ့၊ ဆား၊ ကော်မှုန့်အနည်းငယ်တို့နဲ့ ရောမွှေပြီး ခုနထိပ်ဖွင့်ထားတဲ့ ငရုတ်ပွထဲကို သွတ်ပါမယ်။ အစာသွတ်ပြီးသွားရင် ခုနလှီးထုတ်ထားတဲ့ အညှာပိုင်းလေးကိုနေရာမပျက်ပြန်အုပ်ပေးပြီး ပွင့်ကျမသွားအောင် သွားကြားထိုးတံလေးနဲ့ ထိုးထားပါမယ်။

စာ(၁၁)သို့

ဈေးဝယ်ထွက်မယ်

## စာပေချစ်သူတိုင်း အကြိုက်တွေ့မယ့်နေရာ



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**အိဖြူလွင်**

ယခုတစ်ပတ်ဈေးဝယ်ထွက်မယ်ကဏ္ဍလေးကိုတော့ ယခင်နဲ့ မတူအောင် ဆန်းသစ်တာမဟုတ်ပေမယ့် ဘယ်တော့မှ မရိုးသွားနိုင်တဲ့ နေရာလေးတစ်ခုကို လမ်းညွှန်ထားပါတယ်။

ဒီနေရာက စာပေချစ်သူတွေအတွက် အရမ်းကို စိတ်တိုင်းကျမယ့် နေရာတစ်ခုဖြစ်ပြီး ကျောင်းသားလူငယ်တွေ စာပေနှစ်သက်သူမည်သူမဆို လူကြီးလူငယ် ပျိုပျိုအိုအိုမရွေး အကြိုက်တွေ့ကြမယ့်နေရာပါ။ အသက်အရွယ်စုံနဲ့ နယ်ပယ်စုံက သူတွေအတွက် ဘာသာရပ်ဆိုင်ရာစာအုပ်တွေ၊ သုတ၊ ရသစာအုပ်တွေကို အင်္ဂလိပ်ဘာသာ၊မြန်မာဘာသာနဲ့ ထုတ်ဝေတဲ့စာအုပ်အမျိုးအစားစုံကိုရနိုင်တဲ့နေရာပါ

ဂန္ထဝင်စာရေးဆရာကြီးများ၏ ရှားပါးစာအုပ်များ၊ ပညာရေးဆိုင်ရာစာအုပ်များကိုလည်း ရနိုင်ပြီး ဆိုင်မှာမရှိတဲ့ စာအုပ်တွေကိုလည်း ပြည်တွင်း၊ ပြည်ပကနေ မှာယူပေးတယ်လိုသိရပါတယ်။

စာအုပ်အမျိုးအမည်ကတော့ နယ်ပယ်အသီးသီးမှာသက်ဆိုင်သူတွေ၊ စာပေအမျိုးအစားရွေးချယ်ဖတ်ချင်သူတွေအားလုံးအတွက် စိတ်လိုင်းကျမှာသေချာပါတယ်။

ဒီဆိုင်မှာက စာပေအနုပညာနဲ့ပတ်သက်သူတွေအားလုံးအတွက် အသုံးတည့်မယ့်နှစ်သက်မယ့် ပစ္စည်းတွေအားလုံးကို တစ်နေရာတည်းမှာ ရနိုင်ပါတယ်။

ကလေးငယ်တွေအတွက် ပုံ ဆွဲစာအုပ်၊ ပုံပြင်စာအုပ်လို စာအုပ်တွေရော ပန်းချီပညာရှင်တွေအတွက် လိုအပ်တဲ့ဆေးနဲ့ ကိရိယာတွေ၊ ရုံးသုံး၊ ကျောင်းသုံး စာရေးကိရိယာနဲ့ ပစ္စည်းအားလုံးကို ဒီဆိုင်မှာ ရနိုင်တာပါ။

ဒါကြောင့် ဒီတစ်ပတ်ရဲ့ ဈေးဝယ်ထွက်မယ့်ကဏ္ဍကို လူကြီးအကြိုက်တွေ့နိုင်မယ်လို့ မျှော်လင့်ရင်း စာအုပ်ဆိုင်ရဲ့ တည်နေရာက ပြည်လမ်းတော်ဝင်စင်တာတတိယထပ်က TAB Book Centre ပါလို့ လမ်းညွှန်ပေးလိုက်ပါတယ်။

7DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011







# အယ်ဒီတာထံ ပေးစာ

## တာဝန်ရှိသူများဖတ်ရန်



ရန်ကုန်မြို့အား စင်ကာပူနိုင်ငံကဲ့သို့ဖြစ်အောင် လုပ်ဆောင်ရန် နိုင်ငံတော်သမ္မတ လမ်းညွှန်ထားကြောင်း သိရှိရသည့်အတွက် ယခုကဲ့သို့ရေးသားရခြင်းဖြစ်ပါသည်။


ကျွန်မကတော့ မြောက်ဥက္ကလာပတွင်နေထိုင်ပြီးမြို့တော်ခန်းမအနီး ကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်နေသူတစ်ဦးဖြစ်သောကြောင့် နေ့စဉ်လိုင်းကားစီး၍ ရုံးတက်နေရသူဖြစ်ပါသည်။ နေ့စဉ်နေ့တိုင်း မျက်မြင်ကိုယ်တွေ့ကြုံတွေ့နေရတာတွေ၊ ကြားနေရတာတွေကို ဘယ်လိုမှသည်းခံ၍မရတော့သည့်အတွက် ယခုလိုရင်ဖွင့်အသိပေးတိုင်ကြားရခြင်းဖြစ်ပါသည်။

ရန်ကုန်မြို့တွင် သွားလာနေကြသော ယာဉ်များ၏ ၁၅ရာခိုင်ခန့်နှုန်းသာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအတိုင်း မောင်းနှင်နေကြပြီး ကျန်ယာဉ် ၈၅ရာခိုင်နှုန်းခန့်သည် မဆင်မခြင်စည်းကမ်းမဲ့ရမ်းကားစွာမောင်းနှင်နေကြသည်ဟုထင်ပါသည်။ လူဦးရေ၁၀မှ၁၀၀၀၀န်းကျင်အထိတင်ပြီးမောင်းနှင်နေသော လိုင်းကားများသည် အဆိုးဆုံးဖြစ်ပါသည်။ ကားပေါ်တွင်ပါ လာသော ခရီးသည်များကိုသက်မဲ့အသွင် သဘောထား၍ မိမိတို့၏ကိုယ်ကျိုးစီးပွား တစ်ခုတည်းအတွက် ရမ်းကားစွာမောင်းနှင်နေကြပါသည်။ အတင်းမောင်း၊ အတင်းကျော်တက်၊ ကွေ့လမ်းမှအတည့်သွား၊ လမ်းလယ်ပိတ်ရပ်ပြီး လူတင်၊လူချလုပ်၊ လမ်းပြောင်းပြန်အရှိန်ဖြင့် ကျော်တက်မောင်းနှင်ခြင်းများစသဖြင့် စည်းကမ်းမဲ့ရမ်းကားစွာ ပြုလုပ်နေကြသည့်အတွက် တန်ဖိုးရှိသောလူများ၏အသက်မှာ ၎င်းတို့၏ လူမဆန်စွာပြုမူမှုကြောင့် မကြာခဏ ဒဏ်ရာရ၊ သေဆုံးခြင်းများဖြစ်ပေါ်နေရပါသည်။

အခြားကုန်တင်ကားများ၊ Taxi ကားများ၊ ကိုယ်ပိုင်ကားအချို့လည်း အထက်ပါအတိုင်းမဆင်မခြင်စည်းကမ်းမဲ့မောင်းနေကြပါသည်။

**တစ်ဖက်သို့**



7 DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011

## တစ်ဖက်စာမျက်နှာ- တာဝန်ရှိသူများဖတ်ရန် မှ

ထိုသို့ မောင်းနှင်မှုများကြောင့်တန်ဖိုးရှိသော လူအသက်များဆုံးရှုံးရသည့်အပြင် အချို့မှာ ဒုက္ခိတဘဝဖြင့် တစ်သက်လုံးလူဖြစ်ရှုံးခဲ့ရသည့်အတွက် အလွန်ရင်နာစရာ ကောင်းလှပါသည်။

တိုက်မိသည့်အခါတွင်လည်း တာဝန်မယူထွက်ပြေးကြသည့်အတွက် ၎င်းတို့၏ဘဝနှင့် မိသားစုမှာ တစ်သက်လုံးပတ်ဝန်းကျင်တွင် မျက်နှာငယ်စွာ နေထိုင်ကြရပါသည်။ ပြစ်မှုကျူးလွန်သည့်ယာဉ်မောင်းအား ပတ်ဝန်းကျင်ရှိတာဝန်သိပြည်သူများအနေဖြင့် ၎င်းအားအန္တရာယ် မပြုဘဲ ဝိုင်းဝန်းထိန်းသိမ်း၍ သက်ဆိုင်ရာသို့ အကြောင်းကြား အပ်နှံပေးသင့်ပါသည်။ အကယ်၍ယာဉ်များအားလုံး စည်းကမ်းတကျ သက်မှတ်ထားသော ယာဉ်လမ်းကြောအတိုင်းမောင်းနှင်ကြမည်ဆိုပါက ယာဉ်အန္တရာယ်ကင်းဝေးပြီး အချိန်ကုန်သက်သာကာ ကားလမ်းများလည်း မကြပ်တော့ပါ။ သက်ဆိုင်ရာတာဝန်ရှိသူတွေအနေဖြင့်လည်း ယခုလို ယာဉ်တိုက်မှုတွေ ကားလမ်းကြပ်တာတွေ မဖြစ်ရလေအောင် အောက်ပါ အချက်များ ထည့်သွင်းဆောင်ရွက်ပေးစေလိုပါသည်။

၁။ ကားလမ်းများကိုရေရှည်ခိုင်ခံ့အောင် ဆောင်ရွက်ထားပေးခြင်း။
၂။ လမ်းတိုင်း၏ လမ်းဘေးဝဲ၊ ယာတွင် ရေမြောင်းနှင့် ပလက်ဖောင်းများ ထားရှိပေးခြင်း။
၃။ ကားမှတ်တိုင်များကိုလမ်းမပေါ်တွင်မဟုတ်ဘဲ အတွင်းသို့ဝိုက်ပြီးမှတ်တိုင်နေရာပြုလုပ်ထားပေးခြင်း။
၄။ လူကူးမျဉ်းကျားကို မှတ်တိုင်နှင့် မနီးမဝေးတွင် ထားရှိပေးခြင်း။
၅။ ယာဉ်၊ စက်ဘီး၊ဆိုင်ကယ်၊လူများနှင့် ပတ်သက်သော လိုက်နာရမည့် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းချက်များကို အများမြင်သာသော လမ်းဆုံ၊ လမ်းခွ၊ မှတ်တိုင်များတွင် ဆိုင်းဘုတ်များဖြင့် ရေးသားထားခြင်း။
၆။ ရေဒီယို၊ FM နှင့်ရုပ်သံလိုင်းများတွင် ထုတ်လွှင့်ပြသပေးခြင်း။
၇။ မှတ်တိုင်များတွင် လမ်းဘေးဈေးသည်များ မထားရှိခြင်း။
၈။ လူထူထပ်သောနေရာများတွင် ခုံးကျော်တံတားများထားရှိခြင်း။
၉။ စည်းကမ်းမဲ့သော ယာဉ်၊ စက်ဘီး၊ဆိုင်ကယ်နှင့် လူများကို ထိရောက်သော အရေးယူမှုတို့ကိုဆောင်ရွက်ပေးခြင်းဖြင့် ယာဉ်အန္တရာယ်ကင်းဝေးစေမည်ဖြစ်ပါသည်။

ခေတ်မီ၍ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတစ်နိုင်ငံဖြစ်လာစေရန်မှာ စည်းကမ်းသည်အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ယခင် စင်ကာပူကပင် စံထားခဲ့ရသော ရန်ကုန်မြို့မှာ ယခုမြို့တော်အင်္ဂါရပ်နှင့်မညီသော အင်္ဂါရပ်များ၊ စည်းကမ်းမဲ့မှုများကို အားလုံး တာဝန်သိသိဖြင့် ပြန်လည်သန့်ရှင်းလှပလာရန် ကြိုးပမ်းကြရန် နှိုးဆော်ပါသည်။

စည်းကမ်းလိုက်နာ ဘေးကင်းကွာဆိုသည့်အတိုင်း၊ လူတိုင်း၊ လူတိုင်း စည်းကမ်းလိုက်နာရန် အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် အများပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပါသည်။

**လေးစားစွာဖြင့်**
**ဥက္ကလာသူ**



**ဓမ္မ**

**အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏**

## တရားအားထုတ်ခြင်းဟာ မိမိစိတ်ကို ပစပြန်တည့်တည့်မှာ ပြန်ထားတာပဲဖြစ်တယ်

သမထဝိပဿနာဆိုတဲ့ တရားအားထုတ်ခြင်းအလုပ်ဟာ သတင်းအဓမ္မလုပ်ရတဲ့အလုပ်မဟုတ်ပါဘူး။ တရားအားထုတ်ခြင်းကြောင့် စိတ်ချမ်းသာမှုနဲ့ စိတ်အားထက်သန်မှုကိုရစေနိုင်ပါတယ်။ မိမိတို့ကိုယ်ကိုအတင်းတွန်းထိုးပြီး ဇွတ်ခိုင်းနေတယ်ဆိုရင် အဲဒါတရားအားထုတ်ဖို့ အဆင်သင့်မဖြစ်သေးဘူးဆိုတာကိုပြတယ်။ တရားအားထုတ်ခြင်းဆိုတာ စိတ်သက်သာ၊ ကိုယ်သက်သာနဲ့ အပန်းပြေအလိုက်သင့်လုပ်ရမှာမို့ ကိုယ့်အတ္တကို အတင်းဆုပ်ကိုင်ပြီး ကိုယ့်စိတ်ကို ကိုယ်အတင်းချုပ်ပြီး အဓမ္မ လုပ်တာမျိုးမလုပ်သင့်ပါဘူး။ အဲဒီလိုလုပ်ရင် တရားအားထုတ်တာဟာ ဘဝရည်မှန်းချက်နဲ့လုပ်တဲ့ ပြိုင်ပွဲတစ်ခုလို ပုဂ္ဂိုလ်ရေးအောင်မြင်မှုရအောင်၊ ကိုယ့်ကိုယ်ကိုယ် ကြီးကျယ်အောင်လုပ်တာမျိုးဖြစ်သွားမယ်။

ဗုဒ္ဓဘာသာရဲ့ သမထဝိပဿနာတရားအားထုတ်တာဟာ မိမိစိတ်ကိုပစ္စုပ္ပန်တည့်အောင်၊ ပစ္စုပ္ပန်တည့်တည့်မှာ ပြန်ထားတာပဲဖြစ်တယ်။ အမြဲသတိကပ်ပြီး သိပြီးရင်းသိနေအောင်လုပ်တာဟာ ဝိပဿနာအားထုတ်နေတာပဲဖြစ်တယ်။ ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟာ အထွတ်အထိပ်ဖြစ်တဲ့ သဗ္ဗညုတဉာဏ်ကိုရတာဟာလည်း သူ့စိတ်ကိုသူဖွံ့ဖြိုးတိုးတက်အောင်လုပ်နိုင်ခဲ့လို့ဖြစ်တယ်။ မြတ်ဗုဒ္ဓ ကိုယ်တိုင်တရားအားထုတ်ခြင်းကြောင့် သဗ္ဗညုတဉာဏ်တော်ကို ရတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

**ရည်ညွှန်း . 'ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက ဆန်းလွှင်(ရှင် အာဒိစ္စရံသီ) (၁၉၃၈-၂၀၀၂)**

## ထီကိုအကြောင်းပြကာ ငွေလိမ်သူများရှိနေကြောင်း ဘဏ်အချို့သတိပေး

**မြတ်စုမွန်** **ရန်ကုန်၊ နိုဝင်ဘာ- ၂၄**

တယ်လီဖုန်းမှတစ်ဆင့်ထီပေါက်သည်၊ကံစမ်းမဲပေါက်သည်ဟု အကြောင်းပြကာ ငွေလွှဲပေးရန်လိမ်လည်အကြောင်းကြားမှုများရှိနေခြင်းကြောင့် ဘဏ်များမှတစ်ဆင့် ငွေလွှဲသူများသည် ဘဏ်တာဝန် ခံအရာရှိများနှင့် တိုက်ရိုက်ဆွေး နွေးညှိနှိုင်းပြီးမှ ငွေလွှဲကြပါရန် မြန်မာနိုင်ငံမွေးမြူရေးနှင့် ရေလုပ်ငန်းဘဏ်ငွေလွှဲဌာနမှ အကြံပြုထားသည်။

မြန်မာနိုင်ငံမွေးမြူရေးနှင့်ရေလုပ်ငန်းဘဏ်တွင် ဘဏ်၏ဝန်ဆောင်မှုများရယူလျက်ရှိသည့် အများပြည်သူသိရှိနိုင်ရန်အတွက် "ထီပေါက်ခြင်း၊ ကံစမ်းမဲပေါက်ခြင်းစသည့်အကြောင်းအမျိုးမျိုးဖြင့် ငွေလွှဲရန်၊ ငွေလွှဲပေးရန် အကြောင်းကြားခြင်းခံရပါက လိမ် လည်မှုများသာဖြစ်နေသဖြင့် ဘဏ်တာဝန်ခံအရာရှိနှင့် တိုက်ရိုက်ဆွေးနွေးညှိနှိုင်းပြီးမှ ငွေလွှဲကြပါရန် အကြံပြုအသိပေးအပ်ပါသည်"ဟု နိုဝင်ဘာလမှ စတင်ပြီး အသိပေးစာတန်းများကပ်ကာ အကြံပြုထားသည်ကိုတွေ့ရသည်။

ထိုသို့လိမ်လည်သူများသည် တယ်လီဖုန်းဖြင့် ဆက်သွယ်ကာ အဖိုးတန်ပစ္စည်းတစ်ခုခုကံစမ်းမဲပေါက်နေသဖြင့် အိမ်တိုင်ရာ ရောက်လာရောက်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ ပေါက်ရန်သေချာသည့်ထီလက်မှတ် ၂စောင် ကျန်နေသေးသဖြင့် အဆိုပါထီလက်မှတ်ကို သိန်းဂဏန်းတန်ဖိုးရှိငွေနှင့်ဝယ်ယူရန်လိုအပ်ကြောင်း၊ ထီလက်မှတ်ဖိုးငွေကို ဘဏ်များမှတစ်ဆင့် မည်သူ့ကိုမျှအသိမပေးဘဲ လွှဲပေးရမည့်အကြောင်း စသဖြင့် လိမ်လည်ပြောကြားသည့်နည်းများကို အသုံးပြုတတ်ကြောင်း ယခုလပထမပတ်အတွင်းထိုသို့ လိမ်လည်ခံခဲ့ရသည့် ကာယကံရှင်အမျိုးသမီးတစ်ဦးကပြောသည်။

ထိုသို့လိမ်လည်မှုကိုကြုံခဲ့ရသော မွန်ပြည်နယ်၊ တောင်စွန်၊ မြို့နယ်မှ ကာယကံရှင် အမျိုးသမီးတစ်ဦးက "ကျွန်မတို့ဆီ ဖုန်းဝင်လာပြီး ကျွန်မအစ်မရဲ့နာမည်ကိုမေးတယ်။ ဟုတ်ပါတယ်ပြောတော့ ထီကံစမ်းမဲတစ်ခုပေါက်ထားတယ်ဆိုပြီး မှတ်ပုံတင်နံပါတ် တောင်းတယ်။ ကင်မရာတစ်လုံးပေါက်ထားလို့ပို့ပေးဖို့အတွက် လိပ်စာတောင်းတယ်။ ပြီးတော့ခြောက်သိန်းတန်ထီပေါက်မဲ နှစ်ခုကျန်သေးတယ်။ တစ်ခုထဲယူရင်သုံးသိန်းလို့ပြောတယ်။ ကျွန်မတို့လည်း ၁ မဲယူမယ်ဆိုတော့ သူ့မှတ်ပုံတင်နံပါတ်ပေးပြီး ဘဏ်ကနေငွေလွှဲပေးခိုင်းတယ်။ ဒီအကြောင်းကို ဘယ်သူ့ကိုမှ ပြန်မပြောရဘူးလို့လည်းပြောတယ်။ သူလိမ်မှန်းသိလို့ ကျွန်မတို့ မလွှဲပေးလိုက်ဘူး" ဟု 7Day News သို့ပြောသည်။

အဆိုပါတယ်လီဖုန်းမှတစ်ဆင့်လိမ်လည်သူသည် အသက်ကြီးသည့်အသံမျိုးဖြစ်ကြောင်း၊ ငွေကို ယူဇနဘဏ်ခွဲမှတစ်ဆင့် လွှဲပေးရန် ပြောဆိုခဲ့ကြောင်း၊ ကံစမ်းမဲပေါက်ကြောင်း ကင်မရာကို ပို့ပေးနိုင်ရန် ရန်ကုန်ရှိ ဆွေမျိုး အိမ်လိပ်စာကိုပေးရာ ၎င်းက တောင်စွန်းမြို့ရှိ နေအိမ်သို့ တိုက်ရိုက်လာပို့ပေးမည်ဟု ပြောဆိုခဲ့ကြောင်း ယင်းအမျိုးသမီးကဆက်လက်ပြောသည်။

## စာ - ၉၊ မြိတ်ကျွန်းစု၌ ကဏန်းပျော့စားခြင်း မှ

ကျွန်တော်နှင့် ကာတွန်း အော်ပီကျယ်။ မုတ္တမပင်လယ်ကွေ့ပေါ်တွင်ဖြတ်ပြီး ပျံသန်းနေသည့်လေယာဉ်ပေါ်ကနေ ငုံ့ကြည့်လိုက်တော့ ကျွန်းအစုစု ဝန်းရံထားသည့် မြိတ်မြို့က လှလိုက်တာ။ အီကွေတာမျဉ်းဖြတ်သွားရာအနီးကမြို့ကလေးမို့ထင်ပါရဲ့။ ဆောင်းညများမှာတောင် အနွေးအင်္ကျီကို ချွတ်ထားခဲ့ရပါရဲ့။

**(သုံး)**

ဒေသခံ စာပေမိတ်ဆွေတို့၏ ကောင်းမှုဖြင့် ကဏန်းပျော့မွေးမြူရေးစခန်းတစ်ခုရှိရာဆီသို့ ကျွန်တော်တို့ ရောက်သွားခဲ့ရပါသည်။ ပင်လယ်ရေငန်ကို စုပ်တင်ထားသည့် ကွင်းပြင်အကျယ်ကြီးတွေထဲမှာ ကဏန်းတွေ ကဏန်းတွေမွေးထားလိုက်တာ အကောင်ရေ ၁၀ သိန်းတဲ့။ ကဏန်းတစ်ကောင် လှည့်သာပတ်သာရှိသော ကော်ခွက်အမာတွေထဲမှာကဏန်းကို တစ်ကောင်ချင်းထည့် ကာရေကန်ထဲထည့်၍ မွေးထားခြင်းဖြစ်ပါသည်။

ကဏန်းကုန်ကြမ်းက ပင်လယ်ကနေ ရပါသည်။ မြန်မာရက် ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃ ဝန်းကျင်ဆိုလျှင် လဆုတ်ချင်ဆုတ် ဆန်းချင်ဆန်း ကဏန်းလှိုင်လှိုင်တက်ပြီ။ သည်ကဏန်းတွေကို ဝန်ထမ်းများက အထီး၊ အမ ခွဲရသည်။ အမက အရေခွံမလဲ။ ထို့ကြောင့် ကဏန်းပျော့စားလို့ မရ။ ကဏန်းအမမှန်ပါက မျိုးပွားရုံသက်သက်မျှသာ။ ကဏန်းဂန်ဒူးကတော့ နောင်တွင် အထီးဖြစ်သွားကာ ကဏန်းအထီးများနှယ် အရေခွံ လဲသည်။ သည်တော့ ကဏန်းပျော့ဆိုသည်က ကဏန်းအထီးများကနေသာ ထုတ်လုပ်၍ရသည့် စားသောက်ကုန်။

ကဏန်းတစ်ကောင်ချင်းကို ကော်ခွက်တစ်ခွက်ချင်းစီ၌ ထည့်၊ အဖုံးပြန်ဖုံးပြီးနောက် ရေထဲသို့ ချပေး၍ရပါပြီ။ ကဏန်းအစာအဖြစ် Sardine ငါးကလေးများကို ခပ်သေးသေးလေးတုံးကာ တစ်နေ့ တစ်ကြိမ်လောက် ခွက်ထဲသို့ ထည့်ပေးရသည်။ ကဏန်းခွက်က ကော်ခွက်အမာကို ကွက်ကျား လုပ်ထားခြင်းဖြစ်ရာ အထဲသို့ အစာလည်း ပစ်ထည့်လို့ရ၊ အထဲရှိ ကဏန်းအရေခွံလဲ မလဲ ကိုလည်း ကြည့်ခွင့်ရသည်။

ကဏန်းက ၄၅ ရက်အကြာတွင် အရေခွံတစ်ခါလဲပါသည်။ အခွံမာကြီးတစ်ခုလုံးလက်မ၊ခြေမပါမကျန်လဲပြီးနောက် အရေပျော့နေသော ကဏန်းအသစ်က တဖြည်းဖြည်း ထွက်လာခြင်းဖြစ်ရာ ကြည့်ရသည်မှာ အသည်းယားစရာ ကောင်းလှပါသည်။ သည်အရေပျော့ကဏန်းက ရေငန်ထဲ၌ ချမွေးထားခြင်းဖြစ်ရာ သုံးနာရီလောက်ကြာလျှင် ကဏန်းအမာပြန်ဖြစ်သွားပါပြီ။ သည်တော့ ဝန်ထမ်းတွေကမိနစ်၊နာရီမလပ်ရအောင် ရေပြင်ထဲ၌တန်းစီကာ ချမွေးထားသော ကဏန်းခွက်တွေကိုကြိုးဖြင့် ဆွဲယူကာ ဘယ်ခွက်ထဲက ကဏန်း အရေခွံလဲပြီးပြီလဲ ဆိုသည်ကို စောင့်ကြည့်နေကြရသည်။ အရေခွံလဲပြီးလျှင်ထိုကဏန်းအပျော့ကိုယူကာ ရေချိုဇလုံကြီးတွေထဲသို့ ထည့်၊ ကဏန်းအသစ်တစ်ကောင်ကို ကဏန်းခွက်ထဲ ပြန်ထည့်ရုံမျှသာ။ ရေချိုနှင့် ထိသွားပြီးသော ကဏန်းပျော့ကမူ ဘယ်သောအခါမှ ပြန်မမာလာပါလေတော့။

"ကဏန်းအရေခွံ လဲ မလဲ စောင့်ကြည့်ဖို့က ဝန်ထမ်းကို သုံးဆိုင်းခန့်ထားရတယ်။ တစ်ဆိုင်းကို ရှစ်နာရီပေါ့"

ဟုတ်ပါသည်။ မွေးမြူရေးကန်ကြီး၏ အလယ်မှနေ၍ ဟိုဘက်ထိပ် သည်ဘက်ထိပ် ဖြတ်ထိုးထားသော သစ်သားလျှောက်လမ်းရှည်ကြီးက မိုးလုံနေလုံဖြစ်ရာ ဝန်ထမ်းကလေးတွေက အရိပ်ထဲမှာ အေးအေးဆေးဆေးထိုင်ရင်း ကြိုးဖြင့်ဆွဲယူကာ ရေပြင်တစ်လျှောက် မျောပါလာသည့် ညီညာစီတန်းနေသော ကဏန်းခွက်ကလေးများကို ငုံ့ကာ ငုံ့ကာ ကြည့်နေကြရခြင်းဖြစ်ပါသည်။

"ကဏန်းမွေးတဲ့ခွက်ကလေးတွေကလည်း မကြာမကြာ ဆယ်ပြီး ပိုးသတ်ပေးရတယ်ဗျ။ မသတ်လို့မရဘူးလေ"

"ကဏန်းပျော့ကတော့ပြည်တွင်းမှာလည်းစား၊ ပြည်ပလည်းပို့ပေါ့။ အအေးခန်းမှာ Store လုပ်တာ"

လွန်ခဲ့သည့် ဆယ်နှစ်ကျော် ဆယ့်ငါးနှစ်ဝန်းကျင်လောက်က ကဏန်းပျော့ဆိုသည်မှာ မတော်တဆ ဖမ်းမိမှသာ စားသောက်ခွင့်ရခဲ့သည့် အစားအစာဖြစ်သော်လည်း အခုတော့ ထိုင်းနိုင်ငံမှတစ်ဆင့် ဝင်ရောက်လာသည့် နည်းပညာဖြင့် ကဏန်းထီးတို့ ၄၅ ရက်တွင် တစ်ခါ အရေခွံလဲသည့် အချိန်ကိုစောင့်ပြီး အရေပျော့ကဏန်းကို အမြောက်အမြား ထုတ်လုပ်ခြင်းဖြင့် စားသောက်ကုန်အသစ်တစ်မျိုးက ကျွန်တော်တို့၏ ထမင်းစား စားပွဲပေါ်သို့ ရောက်လာခြင်းပဲမဟုတ်ပါလား။

**(လေး)**

၁၆၀၁ ခု ဇန်နဝါရီလ ၂၄ ရက်တွင် အင်္ဂလိပ်သင်္ဘောကပ္ပတိန် တန်လန်ကက်စတာ ပဲ့ကိုင်သည့် ရွက်သင်္ဘော အရှေ့တိုင်းသို့ရောက်လာကာ အရှေ့အိန္ဒိယကုမ္ပဏီတည်ထောင်ခဲ့ပြီးနောက် ထိုကုမ္ပဏီ၏ ဝန်ထမ်းတစ်ယောက်ဖြစ်သော ဆင်မြူရယ်ဝှိုက် အိန္ဒိယသို့အလာ သင်္ဘောပေါ်၌ မေရီပိုဗေးဟူသည့် အမျိုးသမီးနှင့်တွေ့ရာ ထို မေရီပိုဗေးသည် စေ့စပ်ထားသူရှိရာ အိန္ဒိယသို့ လာမှန်းသိပါလျက် ဆင်မြူရယ်ဝှိုက်က အတင်းချစ်ရေးဆို၊ ထိုင်းသို့အတင်းခိုးပြေး၊ ထို့နောက် ထိုင်းဘုရင်၏အမိန့်ဖြင့် ဆင်မြူရယ်ဝှိုက် မြိတ်အကောက်ဝန်ဖြစ်လာ စသည်စသည်ဖြင့် မြိတ်နောက်ခံ 'ယိုးဒယားဝှိုက်'ဝတ္ထုကို မောရစ်ကောလစ်က ရေးခဲ့သဖြင့် နာမည်ကျော်ခဲ့ရသော မြိတ်မြို့၏ ကမ်းရိုးတစ်လျှောက်၌ ကဏန်းပျော့ စားခွင့်ရအောင် စီစဉ်ပေးသည့် မြိတ်သူ၊ မြိတ်သား စာပေချစ်သူများကို ကျေးဇူးတင်မဆုံးပါလေတော့။

## စာ - ၉၊ ပန်းငရုတ်ပွ အစာသွတ်မှ

ရေခံထားတဲ့ထမင်းပေါင်းအိုးဆန်ခါထဲကို အစာသွတ်ထားတဲ့ငရုတ်ပွလေးတွေကိုထည့်ပြီး ဆယ့်ငါးမိနစ်လောက်ပေါင်းပါမယ်။ အဲလိုပေါင်းနေတဲ့အချိန်မှာ ခရမ်းချဉ်သီးဆော့ဖ်အတွက် ကြက်သွန်ဖြူနီကို အရင်ဆီသတ်ပြီး ခရမ်းချဉ်သီးပါးပါးလှီးထားတာတွေထည့်ပါမယ်။ ဆား၊အရသာမှုန့်နဲ့ ခရုဆီအနည်းငယ်လည်းထည့်မွှေပြီး ခရမ်းချဉ်သီးတွေ လိပ်သွားတဲ့အခါ ချထားလိုက်ပါ။ ဆယ့်ငါးမိနစ်လောက်ပေါင်းပြီးသွားတဲ့ ငရုတ်ပွတွေကို အိုးထဲက ထုတ်လိုက်ပြီး အနေတော်လေးတွေလှီးပြီး အတောင့်ပုံမပျက်အောင်ထားပါ။ ပြီးတော့မှအပေါ်ကနေ ခုနခရမ်းချဉ်သီးဆော့ဖ်ကိုလောင်းပေးလိုက်ရင် အရသာ ထူးကဲတဲ့ ငရုတ်ပွအစာသွတ်ကို သုံးဆောင်လို့ရပြီပေါ့။

7 DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011

# နှစ် ၃၀ စီမံကိန်းအရ ရန်ကုန်မြို့တော်ကို ထပ်မံတိုးချဲ့ရန် စီစဉ်နေ

ကျော်သီဟ

ရန်ကုန်၊ ဒီဇင်ဘာ- ၁၀

ရန်ကုန်မြို့တော်အား တိုးချဲ့တည်ဆောက်ပါက ဒလ၊ သန်လျင်၊ ကျောက်တန်းနှင့် လိုအပ်လျှင် ကွမ်းခြံကုန်းမြို့နယ်အထိ တိုးချဲ့သွားနိုင်ကြောင်း ဒီဇင်ဘာ၁၃ရက်တွင် ကျင်းပမည်ဖြစ်သော ရန်ကုန် Structure Plan 2040 နှစ် ၃၀ စီမံကိန်း အလုပ်ရုံဆွေးနွေးပွဲတွင် စာတမ်းဖတ်ကြားမည့် စာတမ်းရှင်တစ်ဦးကပြောသည်။

"နှစ် ၃၀စီမံကိန်းမှာ နောင်တစ်ချိန် ရန်ကုန်မှာ အသိပညာနဲ့ပြည့်စုံတဲ့ စီးပွားရေးမြို့တော်၊ လူသားအရင်းအမြစ်ကို အဓိကတန်ဖိုးထားတဲ့မြို့တော်အဖြစ် တည်ဆောက်ထားဖို့ ရည်မှန်းထားတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကအစ ကျန်းမာရေးအထိ အသေးစိတ်ပါဝင်ပါတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။

ရန်ကုန်မြို့တော် Structure Plan 2040 အလုပ်ရုံဆွေးနွေးပွဲအား ဒီဇင်ဘာလ ၁၃ရက်တွင် ကျင်းပရန်ရှိပြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများမှတက်ရောက်ကြမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ရန်ကုန်မြို့တော်အား လာမည့် နှစ် ၃၀ အတွင်းတိုးတက်လာမည့် လူဦးရေစသည့်အချက်များနှင့် ရန်ကုန်မြို့ လူနေထိုင်မှုအပေါ် မြို့ပြတိုးချဲ့မှုအား ပထဝီအနေအထားအရ ဒလ၊ သန်လျင်၊ ကျောက်တန်းနှင့် ကွမ်းခြံကုန်းစသည်တို့အား တိုးချဲ့ရန်ကိုလည်း ဆွေးနွေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံ ဗိသုကာပညာရှင်အသင်း အကြံပေးပုဂ္ဂိုလ် ဦးဝင်းမြင့်ကမူ ရန်ကုန်မြို့ကို ထပ်မံတိုးချဲ့မည်ဆိုပါက အရပ်လေးမျက်နှာလုံးတွင် ထပ်မံတိုးချဲ့၍ ရနိုင်သေးကြောင်းပြောသည်။ ထို့အပြင် ရန်ကုန်မြို့အတွင်း၌ပင် ထပ်မံတိုးချဲ့ရန် နေရာများစွာ ရှိနေသေးပြီး၊ မြို့သစ်နေရာများတွင် ထပ်မံတိုးချဲ့မည်ဆိုပါက ဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ သောက်သုံးရေ ရရှိရေး စသောအခြေခံအဆောက်အအုံများ ပြည့်စုံရန်လိုအပ်ကြောင်း ၎င်းကပြောသည်။

"လက်ရှိမြို့ထဲမှာပဲ ဆက်သွယ်ရေးကောင်းတဲ့နေရာလေးတွေ ချဲ့လို့ရသေးတယ်။ ရန်ကုန်မြို့ကို တိုးချဲ့ဖို့ထက် လက်ရှိ ရှိရင်းစွဲ ဒဂုံမြို့သစ်၊ လှိုင်သာယာ၊ မရမ်းကုန်းမြို့နယ်တွေမှာ လိုအပ်ချက်တွေ ထပ်ဖြည့်ပေးရင်ပဲ လုံလောက်ပြီ။ အရင် ၁၀နှစ်လောက်က လုပ်ခဲ့တဲ့ စနစ်လိုတဲပေါ်ကတိုက်ပေါ် တင်ခဲ့တဲ့စနစ်က သဃ်န်းကျွန်း၊ သာကေတမြို့နယ်တွေမှာ မြို့ပြနဲ့ပိုတူသွားတယ်။ ပြီးတော့ ဒီစနစ်က ပိုသင့်တော်တယ်။ ဒါ့ကြောင့် ရေမီး၊ ဆက်သွယ်ရေးကောင်းပြီးသားဖြစ်လို့ ပျံ့ကျဲရပ်ကွက်တွေမှာ အစိုးရရဲ့ ကြီးကြပ်မှုနဲ့ စီးပွားရေးသမားတွေ ပူးတွဲလုပ်ရင် အကျိုးအမြတ်ပိုရှိနိုင်တယ်"ဟု မြို့ပြရေးရာ ပညာရှင်တစ်ဦးဖြစ်သော ဦးဝင်းမြင့်ကပြောသည်။

JOB OPPORTUNITY
(FOR LOCAL SERVICES ONLY)

1. Vacancies: Accountant (Female-1 post)
Education: University Graduate, LCCI Level 3
Language Proficiency: Japanese
2. Vacancies : Translator (Female -1 post)
Education: University Graduate
Language Proficiency: Japanese
All vacancies are must be experience with Garment.
Salary of all vacancies is Negotiable.
Application letters are to be sent to the following address before 26 December 2011 together attached with copies of NRC card, graduation certificate, Photo, Labor registration card and recommendation from concerning police station.
Personal interview will be held on 28 December, 2011.
Address : GFT Enterprise Co., Ltd.
Room No.(17) Micasa Hotel Apartments,
Kaba Aye Pagoda Rd, Yankin T/S, Yangon, Myanmar.
Phone : 650959, 650933 (ext-126)

## မျက်နှာဖုံး-ခရီးသည်တင်ယာဉ် မောင်းနှင်ရန် အမျိုးသမီး ယာဉ်မောင်းများခေါ်ယူ မှ

ဒီမှာက ကိုယ်ပိုင်ယာဉ်၊ တက္ကစီယာဉ်မောင်းတဲ့ အမျိုးသမီးယာဉ်မောင်းအရေအတွက်တောင်နည်းနေသေးတဲ့အတွက် ယာဉ်ကြီးတွေမောင်းဖို့ဆိုတာ နည်းနည်းခက်ပါတယ်။ အမျိုးသမီးယာဉ်မောင်းတွေကတော့ အန္တရာယ်ကိုသတိပြုတာတို့၊ စည်းကမ်းလိုက်နာတာတို့ကျတော့ပိုပြီးသာတဲ့ အချက်တွေရှိပါတယ်"ဟုမထသမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရွှေညီ့သည်၊ဗန္ဓုလသယ်ယူပို့ဆောင်ရေး၊ သန်မြန်သူစသည့် ကုမ္ပဏီယာဉ်လိုင်းများမှအပ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များကို ယာဉ်ပိုင်ရှင်ကိုယ်တိုင်ခန့်အပ်သည့် ကျန်ယာဉ်လိုင်းများတွင် အမျိုးသမီးဝန်ထမ်းဖြင့် စမ်းသပ်လုပ်ဆောင်စေမည်ဖြစ်ကြောင်း သိရသည်။

"အမျိုးသမီးယာဉ်မောင်းကရမ်းကားမှုမရှိဘူး။ ဖြည်းဖြည်းနဲ့ မှန်မှန်မောင်းတယ်။ အမျိုးသမီးတက္ကစီယာဉ်မောင်းဆိုရင် ၃၊ ၄ ယောက်လောက်ရှိတယ်။ကိုယ့်ကားကိုယ်မောင်းကြတဲ့သူတွေချည်းပဲ။ အမျိုးသမီးယာဉ်မောင်းတွေပြောစကားအရတော့ အမျိုးသမီးယာဉ်မောင်းဖြစ်တဲ့အတွက် အနှောင့်အယှက်ပြုတာမျိုးမရှိဘူးလို့ပြောပါတယ်။ ညဉ့်နက်တဲ့အထိကားမမောင်းဘဲ ၇ နာရီလောက်ဆိုကားသိမ်းကြတယ်လို့ဆိုပါတယ်။ စီးမယ့်လူအတွက်က အမျိုးသမီးယာဉ်မောင်းကပိုပြီးကောင်းတယ်လို့ထင်ပါတယ်"ဟုတက္ကစီယာဉ်မောင်းအမျိုးသားတစ်ဦးကပြောသည်။

တက္ကစီယာဉ်မောင်းအချို့ကလည်းလက်ရှိသွားလာနေသည့် လမ်းစနစ်အနေအထားနှင့်အမျိုးသမီးယာဉ်မောင်းများမှာ မသင့်လျော်၊မကောင်းဟုယူဆကြောင်း ပြောကြားသည်။

"လွန်ခဲ့တဲ့ ၁၉၆၉၊ ၁၉၇၀ ဝန်းကျင်လောက်ကအမျိုးသမီးလက်မှတ်ရောင်းတွေနဲ့ကြုံဖူးတယ်။ ဟီးနိုးအမှတ် ၈ တို့၊ အမှတ် ၂ ယာဉ်လိုင်းတွေမှာပေါ့။ ခါးမှာခါးပတ်အိတ်ပတ်ပြီးတော့လက်မှတ်ခမျိုးစုံရောင်းတာ။ အခုလိုပုံသေကားခနဲ့မဟုတ်ဘူး။ ငါးပြားခရီး၊ ဆယ်ပြားခရီး၊ တစ်မတ်ခရီးစသဖြင့် အရောင်ခွဲထားတဲ့ လက်မှတ်မျိုးစုံကိုရောင်းတာ။ အဲဒီခေတ်တုန်းကကားစီးတဲ့ခရီးသည်အနေအထားနဲ့အမျိုးသမီးဝန်ထမ်းက အဆင်ပြေတယ်" ဟု အမျိုးသမီးလက်မှတ်ရောင်းရှိစဉ်က ကိုယ်တိုင်လိုင်းကားစီးသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့တွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကိုယာဉ်လိုင်းအဖွဲ့အစည်းပေါင်း (၁၈)ခုက ဆောင်ရွက်လျက်ရှိသည်။

ခရီးသည်တင်ယာဉ်လိုင်းအသီးသီးမှ အမျိုးသမီး သီးသန့်ယာဉ်များ ပြေးဆွဲပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ မေတ္တာရပ်ခံစာ ပေးပို့မှုများရှိကြောင်းကို ပြည်တွင်းသတင်းမီဒီယာအချို့တွင် သတင်းဖော်ပြထားသည်။

## မျက်နှာဖုံး-လျှပ်စစ်မီတာခ ၂၀၁၂ ဇန်နဝါရီတွင် ပြင်ဆင်သတ်မှတ်မည် မှ

ဒုတိယဝန်ကြီးက ပြည်တွင်းသတင်းမီဒီယာအချို့နှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

"စိုးရိမ်ထိတ်လန့်စရာ မလိုဘူးလို့ယူဆပါတယ်။ မီတာခတက်သွားတယ်ဆိုပေမယ့်မလိုအပ်တာတွေ လျှော့သုံးလိုက်ရင်၊ ဓာတ်အားစားသက်သာတဲ့ မီးလုံး၊ မီးချောင်းတွေအစားထိုးသုံးလိုက်ရင် အများကြီးသက်သာသွားမှာပါ။ နိုင်ငံတော်အနေနဲ့လည်း မစိုက်ထုတ်ရတော့တဲ့အတွက် တစ်ဖက်မှာ လျှပ်စစ်မီးမရသေးတဲ့ ဒေသတွေကို ပိုပြီး ဖြန့်ဖြူးပေးသွားနိုင်ပါမယ်"ဟု ပြောကြားသွားခဲ့သည်။

လက်ရှိလျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်မှု အခြေအနေရ တစ်နိုင်ငံလုံးတွင်ရှိသော အိမ်ထောင်စုအားလုံး၏ ၂၆ ရာခိုင်နှုန်းခန့်သာ လျှပ်စစ်မီးသုံးစွဲနိုင်သေးကြောင်း သုံးစွဲနေရသည့် ပြည်သူများ အဆင်ပြေသော်လည်း ငွေကြေးများစွာဖြည့်ပေးနေရသည့် အတွက် နေရာဒေသအသစ်များသို့ ဖြန့်ဖြူးမပေးနိုင်သေးကြောင်း နောင်တွင် ဓာတ်အားမရသေးသည့်နေရာများသို့လိုင်းများသွယ်ခြင်း၊ ထရန်စဖော်မာတပ်ခြင်းများ တိုးချဲ့ဆောင်ရွက်မည်ဖြစ်ကြောင်း ဒုတိယဝန်ကြီး၏ ပြောကြားချက်အရသိရသည်။

"အမျိုးသားရေး စိတ်ဓာတ်နဲ့တွေးရင်တော့ ကိုယ့်လို မီးမရသေးတဲ့အခြားသူတွေအတွက် မျှဝေပေးရတယ်လို့ပဲ ယူဆစေချင်တယ်။ ဒီနှုန်းအတိုင်းသာ ဆက်သွားရင် ရပြီးသားသူတွေပဲသုံးပြီး မရသေးတဲ့သူတွေဒီအတိုင်းပဲ နေရမှာပေါ့"ဟူ၍ ဒုတိယဝန်ကြီးက ပြောကြားခဲ့သည်။ အထက်ပါဝန်ကြီးဌာနအနေဖြင့် ဌာနပိုင်သဘာဝဓာတ်ငွေ့ဓာတ်အားပေးစက်ရုံ ၁၀ ရုံမှ ဓာတ်အား တစ်ယူနစ်ထုတ်လုပ်မှုစရိတ် ၁၂၇ ကျပ်နှုန်းဖြင့် နေ့စဉ် မဂ္ဂါဝပ် ၃၀၀ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိကြောင်း ၎င်းအပြင် အမှတ်(၁) စက်မှုစွမ်းအင်ဝန်ကြီးဌာနထံမှလည်း တစ်ယူနစ်လျှင် ၂၀ ကျပ်နှုန်းဖြင့် ဝယ်ယူဖြန့်ဖြူးကြောင်း၊ အလားတူပင် ရွှေလီရေအားလျှပ်စစ်စက်ရုံမှလည်း တစ်ယူနစ်လျှင် ၃၀ နီးပါးနှုန်းဖြင့် ဝယ်ယူရကြောင်း သိရသည်။

နေပြည်တော်ဒေသခံစီးပွားရေးလုပ်ငန်းရှင်တစ်ဦးကလည်း "ဒါကတော့ တစ်နေ့ဖြစ်လာမယ်ဆိုတာ သိထားပါတယ်။ အစိုးရအနေနဲ့ စီးပွားရေးကဏ္ဍမှာ သူ့ရဲ့အခန်းကဏ္ဍကို လျှော့ချတော့မှာဖြစ်သလိုပဲ၊သူ့အပေါ်တင်နေတဲ့ဝန်ထုပ်ဝန်ပိုးကိုလည်း တစ်ချိန်ချိန်မှာတော့ လျှော့ချမှာပါပဲ။ ဒါပေမဲ့ ထစ်ခနဲဆို ကုန်ဈေးနှုန်းကို ဆွဲတင်ပြီး ကိုယ်ကျိုးရှာမယ့်သူတွေ ရှိနေမှာကိုတော့ စိုးရိမ်တယ်"ဟု ပြောဆိုသည်။

အာရှဒေသတွင်း နိုင်ငံအချို့၏ လျှပ်စစ်ဓာတ်အားခများ နှိုင်းယှဉ်မှုအရ မြန်မာနိုင်ငံအနေဖြင့် နှုန်းထားအဟောင်းနှင့် တွက်လျှင် အဆင့် ၁၅ နေရာ၌ရှိပြီး နှုန်းထားအသစ်ဖြင့်တွက်ပါက အဆင့် ၁၃ သို့ ရောက်ရှိမည်ဖြစ်သည်။

ထို့အပြင် မီတာခကို အချိန်မီပေးသွင်းရန် အခက်အခဲရှိသူများ အဆင်ပြေစေရန် ကြိုတင်ငွေသွင်းစနစ်ဖြင့် လက်ခံပေးသွားတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

## မျက်နှာဖုံး-တ ုတ်က ကန့်သတ်ထားသော လယ်ယာထွက်ကုန်များ တင်သွင်းခွင့်ပြုရန် မြန်မာတောင်းဆို မှ

တရုတ်နိုင်ငံ ရွှေလီမြို့တွင် ကျင်းပခဲ့သည့် နှစ်နိုင်ငံ ကုန်သည်များနှင့် တာဝန်ရှိသူများ တက်ရောက်သော စီးပွားကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေးတွင်ပြောကြားခဲ့ခြင်းဖြစ်သည်။

"ပြောင်းတို့၊ ဆန်တို့ကို တရုတ်ဘက်ကတရားဝင်မဝင်တော့မှောင်ခိုရောင်းရတယ်။ မှောင်ခိုရောင်းရတော့ ဈေးနှိမ်တာပေါ့။ နောက်တခြားစရိတ်တွေ ပိုကုန်တာပေါ့"ဟု မူဆယ်အခြေစိုက်ကုန်သည်ကြီးတစ်ဦးကဆိုသည်။

တစ်နှစ်လျှင် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန်လေးသိန်းမှ ငါးသိန်းထိ တင်ပို့နေပြီး ပြောင်းသီးနှံမှာ ဘိန်းအစားထိုးသီးနှံလည်းဖြစ်သည်။

တရုတ်နိုင်ငံ တယ်ဟုန်တိုင်းကုန်သည်စက်မှုအသင်း ဒု-ဥက္ကဌကလည်း မြန်မာနိုင်ငံမှကောက်ခံနေသော အခွန်များအား တစ်ပြေးညီသတ်မှတ် ကောက်ခံစေလိုကြောင်းဆွေးနွေးခဲ့သည်။

"စက်ပစ္စည်းများ တင်သွင်းရာတွင် နယ်စပ်မှ ကောက်ခံသော အခွန်နှုန်းထားမှာ ပင်လယ်ရေကြောင်းမှ ကောက်ခံသော အခွန်ထက် ၄ ရာခိုင်နှုန်းများကြောင်း ပြောကြားခဲ့သည်။ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အား ၂၀၀၆ ခုနှစ် ဧပြီလတွင် စတင်ဖွင့်လှစ်ခဲ့သည်။ ၂၀၁၁ခုနှစ်အတွက်ကုန်သွယ်မှုပမာဏမှာကန်ဒေါ်လာ ဒသမ၆ ဘီလီယံထိရရှိထားပြီဖြစ်ကြောင်း သတင်းရရှိသည်။

## စာ-၆၊ ကုမဏီမှတ်ပုံတင်သက်တမ်းကာလ တစ်နှစ်တိုးပေး မှ

ကျန်ရှိသည့်လုပ်ငန်းများကိုခြောက်လအတွင်း ဆောင်ရွက်မည်ဟုဆိုသည်။

"အရေးကြီးဆုံးက ပိုင်ရှင်လိပ်စာမှန်ဖို့လိုတယ်။ ပြည်ထဲရေးကစစ်ဆေးဖို့ရှိတဲ့အတွက် တစ်လ၊ နှစ်လနေထိုင်မယ့် လိပ်စာကိုပဲ ပေးဖို့လိုတယ်"ဟုဌာနမှ တာဝန်ရှိသူကရှင်းပြသည်။

ထို့အပြင် လုပ်ငန်းရှင်များ အခွင့်အလမ်းပိုမိုရရှိစေရန် အတွက် ကုမ္ပဏီမှတ်ပုံတင်ဖွဲ့စည်းတည်ထောင်ရာတွင် လုပ်ငန်းရွေးချယ်ရသည့်ကန့်သတ်ချက်များကိုလည်း နိုင်ငံတော်ကဖြေလျှော့ပေးလိုက်သည်။ ယခင်က ရောင်းဝယ်ရေးလုပ်ငန်းတွင် လုပ်ငန်းရည်ရွယ်ချက်(၁၈)ချက်အနက် မိမိနှစ်သက်ရာငါးခု၊ ဝန်ဆောင်မှုလုပ်ငန်းတွင် လုပ်ငန်းရည်ရွယ်ချက် (၁၁)ခုအနက် နှစ်သက်ရာ ၄ခု၊ စက်မှု/ထုတ်ကုန်လုပ်ငန်းတွင် လုပ်ငန်းရည်ရွယ်ချက် (၁၄)ခုအနက် နှစ်သက်ရာ ၄ခုကို ရွေးချယ်ဆောင်ရွက်ရသည်။ ယခုအခါတွင် လုပ်ငန်းရှင်များအနေဖြင့် မိမိနှစ်သက်ရာကို ရွေးချယ်ဆောင်ရွက်နိုင်သည်။

လက်ရှိမြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ကုမ္ပဏီ ၂၄,၀၀၀ ကျော်ရှိပြီး ယခုနှစ်ဘဏ္ဍာနှစ်ဖြစ်သည့် ဧပြီလမှ ဒီဇင်ဘာလဆန်းထိ မှတ်ပုံတင်သက်တမ်းတိုးထားသော ကုမ္ပဏီ ၂၀၀၀ ကျော်ရှိကြောင်း အဆိုပါဌာနမှ တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

အမေရိကန်သံရုံး၊ ရန်ကုန်
စွန့်ပစ်ပစ္စည်းများရောင်းချရေးကြော်ငြာစာ

အမေရိကန်သံရုံး၊ ရန်ကုန်မှ စွန့်ပစ်ပစ္စည်းများကို ဒီဇင်ဘာ ၂၂ ရက် ၂၀၁၁ (ကြာသပတေး) နံနက် ၈း၃၀ နာရီမှ ၁၀း၃၀ နာရီအထိ ရောင်းချမည်ဖြစ်သည်။

လေလံစာရွက်နှင့် အသေးစိတ်အချက်အလက်များကို ရောင်းချမည့်နေရာတွင် ထုတ်ပေးမည်ဖြစ်ပါသည်။

ပစ္စည်းများကို အတွဲလိုက်ရောင်းချမည်ဖြစ်ပြီး ဈေးအမြင့်ဆုံးပေးသူအား ရောင်းချမည်ဖြစ်ပါသည် (လေလံဈေးကို FEC ဖြင့်သာ လက်ခံပါမည်)။

လေလံအောင်သူများကို ဒီဇင်ဘာ ၂၂ ရက် ၂၀၁၁ (၁၁း၀၀)နာရီတွင် ကြော်ငြာမည်ဖြစ်ပြီး ပစ္စည်းများကို နေ့လယ် ၁း၀၀ နာရီမှ ၄း၀၀ နာရီထိ ထုတ်ပေးဖြစ်ပါသည်။

Health
7 DAY NEWS JOURNAL
Vol.10, No.39 • DECEMBER 15, 2011

# Global Fund ရန်ပုံငွေချထားပေးမှုယာယီရပ်နားသော်လည်း တီဘီရောဂါအတွက် ၂၀၁၃ ခုနှစ်အထိ ဆေးဝါးများရမည်

**ဝတ်ရည်**

**ရန်ကုန်၊ ဒီဇင်ဘာ-၇**

ရောဂါကြီး သုံးမျိုး တိုက်ဖျက်ရန် အတွက် လျှောက်ထားသည့် Global Fund လျှောက်ထားမှု ရပ်နားလိုက်သော်လည်း တီဘီ ရောဂါအတွက် ၂၀၁၃ ခုနှစ်အထိ ဆေးဝါးများရရှိမည်ဖြစ်ကြောင်း တီဘီရောဂါတိုက်ဖျက်ရေး စီမံချက်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစည်သူအောင်က ပြောသည်။

"Global Fund round 9 က ရရှိထားတဲ့ ငွေကြေးနဲ့ ၂၀၁၃ အထိ ဆေးဝါးကုသပေးလို့ရမယ်။ ပြီးတော့ အဲဒီ ၂နှစ်ကရတဲ့ ရလဒ်ကိုကြည့်ပြီး ၂၀၁၄၊ ၁၅ အတွက် ဆေးဝါးတွေ ထောက်ပံ့မှုရမှာ ဖြစ်တဲ့အတွက် တီဘီရောဂါက ၂၀၁၅ အထိ ပြဿနာမရှိနိုင်ပါဘူး"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစည်သူအောင်က ပြောကြားသည်။

Global Fund သည် ခုခံအား ကျဆင်းမှုရောဂါ၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါများတိုက်ဖျက်ရန်အတွက် ငွေကြေးချမ်းသာသည့်နိုင်ငံများမှစုပေါင်း၍ ငွေကြေးထောက်ပံ့ပေးပြီး ယခုအချိန်တွင် ရရှိသည့်ရန်ပုံငွေနည်းပါးနေခြင်းကြောင့် တစ်ကမ္ဘာလုံးတွင် လျှောက်ထားမှု ရပ်ဆိုင်းလိုက်ခြင်းဖြစ်သည်။

တီဘီရောဂါအတွက်လိုအပ်သည့် ဆေးဝါးများအား ၂၀၁၀ ခုနှစ်တွင်3DFမှတစ်နှစ်စာထောက်ပံ့ခဲ့ပြီး ၂၀၁၁ခုနှစ်အတွက်ဂျပန်နိုင်ငံ JICA အဖွဲ့အစည်းမှ ထောက်ပံ့ခဲ့ရာ ၂၀၁၂ခုနှစ်မှ စတင်၍ Global Fundမှ ထောက်ပံ့မှုဖြင့် ဆေးဝါးများ ကုသမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် တီဘီရောဂါဖြစ်ပွားသူဦးရေ ၁၄၀,၀၀၀ခန့်ရှိကြောင်း ကျန်းမာရေးဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

တီဘီရောဂါ ကုသရန်အတွက် ဆေးဝါးများအား အခမဲ့ပေးနေခြင်းဖြစ်ပြီး ရန်ကုန်အထွေထွေဆေးရုံသစ်ကြီး၊ သဃ်န်းကျွန်း စံပြဆေးရုံကြီး၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်းဆေးရုံ၊ အင်းစိန်ဆေးရုံကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီး၊ နေပြည်တော် ခုတင်တစ်ထောင်ဆံ့ဆေးရုံ၊ ပုသိမ်ဆေးရုံကြီး၊ မန္တလေးခုတင် ၃၀၀ဆံ့ ဆေးရုံကြီးတို့တွင် အခမဲ့ရယူနိုင်ပြီး မြို့နယ်များအတွင်းရှိDOTS ကုထုံးရယူနိုင်သည့် ဆိုင်းဘုတ် ချိတ်ထားသည့် အထွေထွေရောဂါကုဆေးခန်းများတွင်လည်း ဆေးဝါးများ အခမဲ့ရယူနိုင်ပြီး ဆေးကုသနိုင်ကြောင်း သိရသည်။



# လူကောင်းသေးရခြင်းအကြောင်းရင်းများ

**ဝတ်ရည်**

**နေ့စဉ်စားသောက်သော အစားအစာများသည် ခန္ဓာကိုယ်အာဟာရအတွက်သော်လည်းကောင်း၊ ကိုယ်ကာယကြံ့ခိုင်မှု၊ ဉာဏ်ရည်ဖွံ့ဖြိုးမှုများအတွက် သော်လည်းကောင်း လွန်စွာအရေးပါသည်။**

ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာတို့အတွက် ဗီတာမင်ဓာတ်များ၊ သတ္တုဓာတ်ပေါင်းများစွာ နေ့စဉ်လိုအပ်ပြီး ထိုလိုအပ်သော အာဟာရဓာတ်များ ပြည့်စုံမှသာ ကျန်းမာသန်စွမ်းထက်မြက်သော လူသားများ ဖြစ်လာမည်ဖြစ်သည်။ လွန်ခဲ့သော နှစ်များက မြန်မာလူမျိုးများသည် ကျန်းမာသန်စွမ်းသော ခန္ဓာကိုယ်များအား ပိုင်ဆိုင်ခဲ့ကြသော်လည်း တဖြည်းဖြည်း အချိန်ကြာလာသည်နှင့် အမျှစားသုံးသည့်အစားအသောက်ပေါ် မူတည်ပြီး အာဟာရဓာတ်များ ပြည့်စုံမှုမရှိခြင်းများကြောင့် မြင့်သာသည့် ခန္ဓာကိုယ်အချိုးအဆများမှာ သေးကွေးသွားသည်ကို သတိပြုမိကြမည်ဖြစ်ပါသည်။

ငွေကြေး မလုံလောက်ခြင်း၊ အာဟာရဓာတ်များ ပါဝင်သည့် အစားအစာများအား စုံလင်စွာ စားသုံးရမည်ကို သိရှိသည့် ကျန်းမာရေးဗဟုသုတ နည်းပါးခြင်း စသည်တို့ကြောင့် ထိုကဲ့သို့ ဖြစ်လာခြင်းဖြစ်ပြီး မျိုးဆက်တစ်ခုမှ တစ်ခုသို့ မျိုးရိုးလိုက်ခြင်းလည်း ရှိသဖြင့် သတိမပြုပါက နောက်ပိုင်းတွင် ပိုမိုဆိုးရွားလာနိုင်ကြောင်း အာဟာရပိုင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ပြောကြားကြသည်။

"အရင်တုန်းကဆိုရင် ဂျပန်တွေကိုတောင် ဂျပန်ငပုတွေလို့ ခေါ်ခဲ့ကြတဲ့ မြန်မာတွေက အခုတော့ တော်တော်လေးကို ကွာကျန်ခဲ့ပြီ။

စာ(၁၄)သို့

# သုညသုံးလုံး အိပ်မက်

**သီဟ**

"ကျွန်တော်တို့ဟာ အခုအချိန်မှာ မတ်တတ်ရပ်ပြီးယုံကြည်စွာနဲ့ AIDS ရောဂါရဲ့နိဂုံးကိုမြင်နိုင်ပါပြီလို့ပြောနိုင်မှာပါ"ဟုပြောလာသူမှာ UNAI DS ၏မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်ဒေါက်တာဆွန်ဂင်းပင်ဖြစ်သည်။

HIV/AIDS ရောဂါကမ္ဘာပေါ်တွင်စတင်တွေ့ရှိသည့်၁၉၈၁ ခုနှစ်မှစ၍ နှစ်ပေါင်းသုံးဆယ် ကျော်အတွင်း အဆိုပါရောဂါအား ကမ္ဘာပေါ်မှ ပျောက်ကွယ်သွားစေရန် အဖွဲ့အစည်းအမျိုးမျိုးမှ နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

နှစ်စဉ်ကမ္ဘာ့AIDSနေ့World AIDS Dayများနှစ်စဉ်ကျင်းပကာ ဆောင်ပုဒ်အမျိုးမျိုးနှင့် ရည်မှန်းချက်ပန်းတိုင်အမျိုးမျိုးချမှတ်ကာ HIV/AIDS ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ဆောင်ရွက်ခဲ့ကြသဖြင့် ရောဂါတွေ့ရှိစ ကနဦးကာလတွင် ကုညီသူမဲ့သည့် အခြေအနေမှ ၂၀၀၅ ခုနှစ်တွင် ဆေးဝါးလိုအပ်သူသုံးသန်းအား ဆေးကျွေးကုသနိုင်ရေး၊ ထိုမှတစ်ဆင့် ပြီးပြည့်စုံသည့် ကူညီထောက်ပံ့မှု၊ ပြုစုစောင့်ရှောက်မှု၊ ဆေးကျွေးကုသမှုနှင့် တားဆီးကာကွယ်မှုအစီအစဉ်များအထိ တိုးမြှင့်ဆောင်ရွက်လာနိုင်ပြီဖြစ်သည်။

မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့နိုင်ငံများမှပြုလုပ်သည့် တားဆီးကာကွယ်ခြင်း၊ ပြုစုစောင့်ရှောက်ခြင်း၊ ကူညီထောက်ပံ့ခြင်းလုပ်ငန်းများအား ကျန်းမာရေးဝန်ကြီးဌာနအပါအဝင် မိတ်ဖက် NGO/INGO အဖွဲ့အစည်းများ၊ ရောဂါပိုးရှိသူများ စုပေါင်းဖွဲ့စည်းထားသည့် အဖွဲ့အစည်းများက ပြုလုပ်လျက်ရှိသည်။

နှစ်သုံးဆယ်အတွင်း ရည်မှန်းချက်ပန်းတိုင်များအား အဆင့်ဆင့်ချမှတ်ကာ အဆိုပါရောဂါအား ကာကွယ်တားဆီးရန်ကြိုးပမ်းခဲ့ကြရာ ယခုနှစ်မှစ၍ သုညသုံး လုံးရည်မှန်းချက် အား စတင်အကောင်အထည်ဖော်နိုင်ပြီဖြစ်သည်။

အဆိုပါ သုညသုံးလုံးရည်မှန်းချက်မှာ HIV ပိုးကူးစက်ခံရသူအသစ် လုံးဝမရှိစေရေး (Zero New HIV Infectins) ခွဲခြားဆက်ဆံမှု လုံးဝမရှိစေရေး (Zero Discrimination) AIDS ဆက်စပ်ရောဂါများကြောင့် သေဆုံးသူလုံးဝမရှိစေရေး (Zero AIDS Related Deaths)တို့ ဖြစ်သည်။

မြန်မာနိုင်ငံသည်လည်း အဆိုပါရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် မဟာဗျူဟာများချမှတ်ကာ အကောင် အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ချမှတ်ထားသည့် သုညသုံးလုံးရည်မှန်းချက်ကို အောင်မြင်စေရန်အတွက်အကောင်အထည်ဖော်ဆောင်ရာတွင်အဓိကထား လိုက်နာရမည့် အချက်မှာ ခွဲခြားဆက်ဆံမှု လုံးဝမရှိရေးပင်ဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာန၊ ရောဂါထိန်းချုပ်ရေးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစောလွင်ကပြောသည်။

စာ(၁၀)သို့




သင့်ကျန်းမာရေးဆေးစစ်ဆေးခြင်း အထူးနှုန်း အစီအစဉ်

The Gift of Health

အထူးနှုန်းများကို တပ်မတော်ခန်းမတွင် Dec 15-18 ကျင်းပမည့် ထိုင်းကုန်စည်ပြပွဲရှိ ဘန်ကောက်ဆေးရုံကြီးပြခန်းနှင့် မြန်မာပြည်ရုံးတို့တွင် Dec 18, 2011 အထိ ဝယ်ယူနိုင်ပါသည်။

| | 14-30 နှစ် | | 30-45 နှစ် | | 45 နှစ်အထက် | |
|---|---|---|---|---|---|---|
| | အမျိုးသား | အမျိုးသမီး | အမျိုးသား | အမျိုးသမီး | အမျိုးသား | အမျိုးသမီး |
| ပုံမှန်နှုန်း (ဘတ်) | 4,980 | 8,470 | 13,960 | 13,760 | 29,230 | 37,157 |
| အတွဲလိုက်နှုန်း (ဘတ်) | 2,500 | 2,500 | 7,800 | 7,800 | 12,700 | 17,700 |
| အထူးနှုန်း (ဘတ်) | 2,100 | 3,900 | 6,700 | 6,700 | 10,900 | 16,500 |

December 21, 2011 မှ February 29, 2012 အတွင်း ကျန်းမာရေးဆေးစစ်ဆေးရန်ဖြစ်သည်။

မြန်မာပြည်ရုံး ၁၈၁၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
Tel: (01)20 21 20, 29 97 97 24/7 hotline: (09) 510 6666

ဘန်ကောက်ဆေးရုံကြီး BANGKOK HOSPITAL

Regional
7 DAY NEWS JOURNAL
Vol.10, No.38 · DECEMBER 8, 2011

# နေပြည်တော်ရှိ ဆည်ရေသောက် ကောက်နှစ်သောင်းကို ၃ နှစ်အတွင်း စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းမည်ဟုဆို

**ထူးသန့်**

**နေပြည်တော်၊ ဒီဇင်ဘာ-၇**


ဓာတ်ပုံ - ထူးသန့်

နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဆည်ရေသောက် မြေဧရိယာ ဧကနှစ်သောင်းကို ၃ နှစ်အတွင်း စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေး ရည်မှန်းဖော်ဆောင်လျက်ရှိကြောင်း နေပြည်တော် ကောင်စီဝင် (စိုက်ပျိုးရေးတာဝန်ခံ)ဦးမြင့်ရွှေက ပြောသည်။

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ တောင်သူပညာပေး စက်မှုလယ်ယာအထူးဇုန်ဧက ၅၀၀ စိုက်ကွင်းတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး အပါအဝင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းရေးနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲတွင် ဦးမြင့်ရွှေက အထက်ပါအတိုင်းဆွေးနွေးပြောကြားခဲ့ခြင်းဖြစ်သည်။

ဆည်ကြီး၊ ဆည်ငယ်ပေါင်း ၂၈ ခုရှိပြီး ရေအလုံအလောက် သိုလှောင်ထားနိုင်သော နေပြည်တော်တွင် ဆည်ရေသောက်စနစ်ဖြစ်သည့် လက်တံမြောင်းများ၊ လယ်ကြားမြောင်းများကိုလည်း ပြန်လည်ပြုပြင်လျက်ရှိသည်ဟုဆိုသည်။ ယခုနှစ်တွင် နွေစပါးဧက ၂၈၄၁၅ ဧကစိုက်ပျိုးရန်လျာထားပြီး ဧက ၁၂၀၀၀ ကို သိပ္ပံနည်းကျစိုက်နည်းစနစ်သို့ ကူးပြောင်းဆောင်ရွက်မည်ဖြစ်ကြောင်းလည်း ၎င်းကပြောသည်။

နေပြည်တော် ပျဉ်းမနားမြို့နယ်မှ လယ်သမားတစ်ဦးဖြစ်သူ ဦးမျိုးဝင်းကလည်း "ကျွန်တော်ကတော့ လောလောဆယ် မတ်ပဲစိုက်ထားတယ်။ တချို့လည်း နွေစပါးစိုက်မယ်ဆိုပြီး လယ်ကို လုပ်ထားတယ်။ ကျွန်တော်တို့နားက လယ်ကြားမြောင်းလည်း ပြန်ပြင်နေတာတွေ့တယ်။ ဘာပဲပြောပြော မတ်ပဲလေး။ သိမ်းပြီးရင်တော့ နွေစပါးစိုက်ကြဦးမှာပေါ့" ဟု လယ်သမားတစ်ဦးက ဒေသခံလယ်သမားများ၏ အခြေအနေကိုပြောသည်။

၂၀၀၈-၀၉ ခုနှစ် စာရင်းများအရနေပြည်တော်ခရိုင်တွင် စပါးစိုက်ဧက တစ်သိန်းခွဲကျော်ရှိကြောင်း ယခုအချိန်တွင် စက်မှုလယ်ယာစနစ်သို့ စံပြအဖြစ် ကူးပြောင်းနိုင်ရေးအတွက် ဗီယက်နမ်စိုက်ပျိုးရေး ပညာရှင်များနှင့် သုတေသနလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ဟုဆိုသည်။ ထို့အပြင် ပြည်တွင်းလုပ်ငန်းရှင်တစ်ဦးကလည်း အမေရိကန်ဒေါ်လာ သန်း ၂၀ ရင်းနှီးမြှုပ်နှံ၍ ဆည်ရေသောက်စနစ်နှင့် ဟက်တာကွက်ဖော်ထုတ်ခြင်းများဆောင်ရွက်မည်ဖြစ်ကြောင်းလည်း သတင်းရရှိသည်။

# သာစည်မြို့နယ်တွင် တောဆင်ရိုင်းများ စားကျက်နေရာကျဉ်းလာ၍ သောင်းကျန်း

**မောင်ထီလာ**

**မိတ္ထီလာ၊ ဒီဇင်ဘာ-၁**

မိတ္ထီလာခရိုင်၊ သာစည်မြို့နယ် လှိုင်းတက်၊ ဘုရားငါးဆူ၊ ပြည်ညောင်၊ ရေပေါင်းစုံကျေးရွာများသို့တောဆင်ရိုင်းများ မကြာခဏဝင်ရောက်လာကြောင်း ဒေသခံများက ပြောသည်။

တောဆင်ရိုင်းများမှာ ယခင်ကစားကျက်များကျယ်ပြောပြီး တောထဲတွင်သာ အစာရှာဖွေစားသောက်နေခဲ့သော်လည်း ယခုအခါ ၎င်းတို့၏ စားကျက်နေရာများတွင် စက်ရုံ၊ အလုပ်ရုံ၊ လူနေတိုက်တာအဆောက်အအုံများ ဆောက်လုပ်လာကြသဖြင့် ကျဉ်းမြောင်းလာသည့်အတွက် ယခုကဲ့သို့ ရွာများအနီးသို့ ချဉ်းကပ်ဝင်ရောက်လာခြင်းဖြစ်ကြောင်း ဒေသခံများက ပြောကြားသည်။

နိုဝင်ဘာလ ၁၆ ရက်က လှိုင်းတက်ကျေးရွာအုပ်စု၊ ကျောက်ပြားရွာတောင်ခြေဘုန်းကြီးကျောင်းအနောက်ဘက်သို့ တောဆင်ရိုင်းငါးကောင်ဝင်ရောက်လာပြီး ဒေါ်ပုဆိုသူ ပိုင်ဆိုင်သော စပါးခင်း ၀ ဒသမ ၅ ဧကခန့်နှင့် ၀ ဒသမ ၂၅ ဧကတွင် စိုက်ပျိုးထားသော ပြောင်းစိုက်ခင်းအား ဝင်ရောက်စားသောက် ဖျက်ဆီးသွားရာ တန်ဖိုးကျပ် ၅၀,၀၀၀ ကျော်ဖိုး ဆုံးရှုံးပျက်စီးခဲ့သည်ဟု သိရသည်။

နိုဝင်ဘာလ ၁၇ ရက်နေ့ကလည်း လှိုင်းတက်ကျေးရွာအုပ်စု ကျောက်အိုးရွာအရှေ့တောင်ဘက်သို့ တောဆင်ရိုင်းသုံးကောင် ဝင်ရောက်လာပြီး ဦးမောင်ကလေး၏ ယာတဲတစ်လုံးနှင့် ဦးမဲလုံး၏ ယာတဲတစ်လုံးတို့ကိုဖျက်ဆီးသွားရာ ကျပ်နှစ်သိန်းကျော်ဖိုး ဆုံးရှုံးခဲ့ရသည်။

သာစည်မြို့နယ် လှိုင်းတက်ကျေးရွာအုပ်စုကျောက်ပြားတောင်ရွာ အရှေ့ဘက်သို့ နိုဝင်ဘာလ ၂၃ ရက်ညက တောဆင်ရိုင်း သုံးကောင်ဝင်ရောက်လာပြီး ရွာအရှေ့ဘက်တောင်ခြမ်းရှိ ဦးမောင်ငယ်၏ လေးပင်သုံးပင်သွပ်မိုးထရံကာပျဉ်ခင်းမြေစိုက်အိမ်အား ဝင်ရောက်ဖျက်ဆီးရာ တန်ဖိုးကျပ်လေးသိန်းကျော်ဖိုး ပျက်စီးဆုံးရှုံးသွားသည်ဟု သတင်းရရှိသည်။

တောဆင်ရိုင်း သုံးကောင်အား ရွာသူရွာသားများက အော်ဟစ်ညာသံပေး သံပုံးတီးခြောက်လှန့်လိုက်ရာ အရှေ့ဘက်တောထဲသို့ဝင်ရောက်သွားသည်ဟု သိရှိရသည်။

# ပုသိမ်မြို့ ငွေဆောင်သဘော်ဆိပ်တွင် မီးလောင်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ-၇**

ပုသိမ်မြို့ရှိ ငွေဆောင်သဘော်ဆိပ်တွင် ဒီဇင်ဘာ ၆ ရက်က ဂက်စ်အိုးဖလှယ်ရာမှ မီးလောင်မှုဖြစ်ပွား၍ ငွေကျပ် ၁၂ သိန်းဖိုးဆုံးရှုံးမှုရှိခဲ့ကြောင်း မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ မီးလောင်မှုမှာ ဒီဇင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ အချိန်တွင် သံထည်နှင့်စတီးလ်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် အဆိုပါဆိုင်ခန်းအပါအဝင်အနီးရှိ ဆိုင်ခန်းသုံးခန်း မီးလောင်ဆုံးရှုံးခဲ့သည်။

၎င်းမီးလောင်ရာသို့မီးသတ်ယာဉ် ၅ စီး၊ အုပ်ချုပ်မှု ၁ စီး၊ ရေသယ်ယာဉ် ၂ စီးနှင့်အတူမီးသတ်တပ်ဖွဲ့ဝင် ၂၈ ဦးနှင့် အရန်မီးသတ် ၄၀ ဦးတို့သွားရောက်ငြိမ်းသတ်ခဲ့ရာ နေ့လယ် ၃ နာရီမိနစ် ၃၀ အချိန်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ ယင်းမီးလောင်မှုကိုပုသိမ်ရဲစခန်းတွင်ပုဒ်မ ၂၈၅ဖြင့်အမှုဖွင့်ကာဆိုင်အလုပ်သမားအားအရေးယူရန်စီစဉ်ထားကြောင်း မီးသတ်ဌာနမှသိရသည်။

# မြို့ရှောင်လမ်းမြေကွက်များ ခေါ်ဈေးမြင့်လာ

**ထူးသန့်**

**နေပြည်တော်၊ ဒီဇင်ဘာ- ၈**


ဓာတ်ပုံ - နေလင်းအောင်

နေပြည်တော် ကောင်စီနယ်မြေအတွင်း ပျဉ်းမနားမြို့နှင့် လယ်ဝေးမြို့များကို ရှောင်ကွင်းဖောက်လုပ်ထားသည့် ၁၅ မိုင်ခန့်ရှည်လျားသော မြို့ရှောင်လမ်း ဘေးဝဲယာရှိမြေကွက်များ၏ ဆိုဈေးများ မြင့်တက်လာကြောင်း ဒေသခံများနှင့် ကိုယ်တိုင်ဈေးစုံစမ်းခဲ့သူအချို့ကပြောသည်။

ရန်ကုန်နှင့်မန္တလေးမြို့တော်များအကြား ကုန်စည်တင်ယာဉ်ကြီးများနေ့စဉ် စီးရေ ရာဂဏန်းဖြတ်သန်းမောင်းနှင်လျက်ရှိသော အဆိုပါလမ်းဘေးတွင် စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်း ဖြစ်ထွန်းအောင်မြင်ခြင်းနှင့် ထမင်းဆိုင်နှင့် စားသောက်ဆိုင်လုပ်ငန်းအချို့ အောင်မြင်နေသည့်အတွက် ရင်းနှီးမြှုပ်နှံသူများက ထိုလမ်းတစ်လျှောက် မြေကွက်များကို စိတ်ဝင်စားလျက်ရှိကြောင်းလည်း သတင်းရရှိသည်။

"အခြားအလုပ်တွေ မသေချာတော့လို့ စက်သုံးဆီဆိုင်ဖွင့်မယ်ဆိုပြီး အဲဒီဘက်သွားစုံစမ်းတာ။

စာ(၁၈) သို့



7DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011

# အလောင်းတော်ကဿပခရီးစဉ်လမ်းပိုင်းများ ၂၀၁၂ ဇန်နဝါရီလဆန်းတွင်ဖွင့်လှစ်ရန်စီစဉ်

**မျိုးမင်းဦး**

**မုံရွာ၊ ဒီဇင်ဘာ-၇**

မုံရွာခရိုင်၊ကနီမြို့နယ်အတွင်း အလောင်းတော်ကဿပမထေရ်မြတ်ကိန်းဝပ်စံမြန်းရာအလောင်းတော်ကဿပအမျိုးသားဥယျာဉ်အတွင်း လမ်းများအား ပြန်လည်ပြုပြင်ဖောက်လုပ်လျက်ရှိရာ ပုံမှန်နှစ်များထက် တစ်လခန့်နောက်ကျ၍လာမည့်နှစ်ဇန်နဝါရီလဆန်းပိုင်းတွင်ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း အလောင်းတော်ကဿပ ဝန်ဆောင်ဆရာတော်ဦးသုမနက မိန့်ကြားသည်။

"ကပိုင်အထက်ပိုင်းတောင်ပေါ်လမ်းတွေကပြီးသလောက်ရှိပါတယ်။ ဒီနှစ်မိုးတွင်းမှာသည်းထန်တဲ့မိုးကြောင့်တောင်တွေ ပြိုတာများပြီး အချို့လမ်းတွေဆိုချောင်းတွေဖြစ်အောင်ပျက်စီးသွားတယ်။ တောင်ပေါ်လမ်းကမြေထိမ်းနံရံတွေလည်း ပြုပြင်ပြီးစီးပါပြီ။ ပုံမှန်နှစ်တွေမှာ နတ်တော်လဆန်းဆိုလမ်းတွေဖွင့်နိုင်ပေမယ့် ဒီနှစ်မိုးကောင်းပြီးလမ်းပျက်စီးမှုတွေများတဲ့အတွက်တစ်လနီးပါးနောက်ကျပြီး နတ်တော်လကုန်ပြာသိုလဆန်းလောက်မှာလမ်းဖွင့်နိုင်မှာဖြစ်ပါတယ်" ဟု ဆရာတော်ကဆက်လက်မိန့်ကြားသည်။


**အလောင်းတော်ကဿပဆင်စခန်းကို တွေ့ရစဉ်**

မုံရွာမြို့မှ အလောင်းတော်ကဿပအထိသွားလာသည့်လမ်းများသည်လမ်းဆုံစခန်းဖြစ်သည့်ကပိုင်ကျေးရွာအထိ လမ်းသွယ်လေးခုဖြင့်ချိတ်ဆက်ဖောက်လုပ်ထားသည်။ အလောင်းတော်ပဿပအမျိုးသားဥယျာဉ် သွားလာနိုင်သည့်လမ်းအဖြစ် မုံရွာ- ယင်းမာပင်-လည်ငေါက်-ရွာသစ်-ကပိုင်-အလောင်းတော်ကဿပလမ်းပိုင်းအားစတင်ဖောက်လုပ်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် မုံရွာ-ယင်းမာပင်-ဇီးတော-ကပိုင်-အလောင်းတော်ကဿပလမ်း၊မုံရွာ-(ယာကြီး-က လေးဝလမ်းပိုင်း ၂၁ မိုင်)ချောင်းမ-ကပိုင်-အလောင်းတော်ကဿပလမ်း၊မုံရွာ-(မုံရွာ-ယာကြီးလမ်းပိုင်း) တရော်ကျင်းလမ်းခွဲ-ကပိုင်-အလောင်းတော်ကဿပလမ်းများ တိုးချဲ့ဖောက်လုပ်ခဲ့ကြောင်း သိရှိရသည်။

အလောင်းတော်ပဿပမူလလမ်းပိုင်းဖြစ်သော မုံရွာ-ယင်းမာပင်-လည်ငေါက်-ရွာသစ်-ကပိုင်-အလောင်းတော်ကဿပလမ်းပိုင်းအတွင်းလည်ငေါက်-ရွာသစ်-ချင်ပြစ် လမ်းပိုင်းအား ရွှေဆံပင်လမ်းတံတားပရဟိတဆရာတော်များ အဖွဲ့မှတာဝန်ယူပြုပြင်တည်ဆောက်လျက်ရှိပြီး ကျန်လမ်းပိုင်းများဖြစ်သောမုံရွာ-ယင်းမာပင်-ဇီးတော-ကပိုင်-အလောင်းတော်ကဿ ပလမ်း၊မုံရွာ-(ယာကြီး-က လေးဝလမ်းပိုင်း ၂၁ မိုင်)ချောင်းမ-ကပိုင်-အလောင်းတော်ကဿပလမ်း၊မုံရွာ-(မုံရွာ-ယာကြီးလမ်းပိုင်း)တရော်ကျင်းလမ်းခွဲ-ကပိုင်-အလောင်းတော်ကဿပလမ်းများအား အလောင်းတော်ကဿပဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအကျိုးတော်ဆောင်အဖွဲ့မှ တာဝန်ယူဖောက်လုပ်လျက်ရှိသည်။

# ငါးနီတူခြောက် ဈေးကျ

**မာန်ယုကျော်**

**စစ်တွေ၊ ဒီဇင်ဘာ-၆**


ရခိုင်ပြည်နယ်၊ စစ်တွေမြို့၏ ငါးခြောက်ဈေးကွက်အတွင်း ငါးနီတူခြောက်များဈေးကျနေကြောင်း စုံစမ်းသိရသည်။ ယခုနှစ် နွေရာသီက ငါးနီတူခြောက်တစ်ပိဿာလျှင် ကျပ် ၂,၇၀၀၊ ၂,၈၀၀ ဝန်းကျင်သာ ရှိခဲ့သော်လည်း ယခုနှစ် မိုးတွင်းကာလ၌ ငွေကျပ် ၃,၀၀၀ အထိ ဈေးတက်ခဲ့သည်။

ထိုသို့ ဈေးမြင့်ခဲ့ရခြင်းမှာ မိုးတွင်းကာလအတွင်း ပင်လယ်ပြင်၌ လှိုင်းလေကြီး၍ မိုးကြီးခြင်းတို့ကြောင့် ငါးဖမ်းလှေများ ပင်လယ်ပြင်သို့ထွက်၍ ငါးရှာနည်းပါးမှုကြောင့်ဖြစ်ကြောင်း သတင်းရရှိသည်။

မိုးတွင်းကာလက ဈေးကောင်းခဲ့သည့် အဆိုပါငါးနီတူခြောက်မှာ ယခုလတ်တလော အခြေအနေတွင် စစ်တွေဈေးကွက်အတွင်း တစ်ပိဿာလျှင် ၂,၀၀၀ ကျပ်ဝန်းကျင်တွင်သာရှိ၍ မိုးတွင်းကာလနှင့် နှိုင်းစာလျှင် သိသိသာသာ ဈေးကျဆင်းသွားသည်။ ငါးနီတူခြောက်များ သိသိသာသာဈေးကျသွားခဲ့ရခြင်းမှာ ပွင့်လင်းရာသီဖြစ်၍ နေလှန်းခြောက်များအဖြစ် ပိုမိုလုပ်ကိုင်လာကြပြီး စစ်တွေငါးခြောက်ဈေးကွက်အတွင်းသို့ တင်သွင်းရောင်းချမှုများပြုလုပ်လာခြင်းကြောင့်ဖြစ်ကြောင်း ဈေးကွက်မှ သတင်းရရှိသည်။

"မိုးတွင်းကတော့ ဈေးတအားကောင်းခဲ့တာ။ တစ်ပိဿာကို ၃,၀၀၀၊ ၃,၀၀၀ ကျော်အထိကို ဈေးတက်ခဲ့တာ။ ခုတော့ ပွင့်လင်းရာသီဖြစ်လာတာနဲ့အညီ နေလှန်းခြောက်တွေလည်း ပိုမိုလုပ်ကိုင်လာကြတဲ့အတွက် တစ်ပိဿာကို ၂,၀၀၀ လောက်ပဲရှိတော့တယ်။ နွေရာသီတုန်းကတောင် ဈေးကောင်းခဲ့သေးရဲ့" ဟု စစ်တွေမြို့ မြို့မဈေးကြီးအတွင်းရှိ ငါးနီတူခြောက်ရောင်းချသူ အမျိုးသမီးတစ်ဦးက ဆိုသည်။

အဆိုပါငါးနီတူခြောက်များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သည့် စစ်တွေနှင့် မောင်တောဆိပ်ကမ်းများမှ FOB စနစ်ဖြင့် လစဉ်တင်ပို့ရောင်းချရသည့် ရေထွက်ပစ္စည်းဖြစ်ကြောင်းလည်း သိရသည်။





7DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011

# နယ်စပ်ကုန်သွယ်ရေးမှ ဝါးတင်ပို့မှု ၃ ရာခိုင်နှုန်း အခွန်လျှော့

**မောင်ကံ**

**မောင်တော၊ ဒီဇင်ဘာ- ၆**

မောင်တောနယ်စပ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့နေရသည့် သစ်တောထွက်ပစ္စည်းဝါးများကိုယခင်က စုစုပေါင်းအခွန် ၁၀ ရာခိုင်နှုန်း ကောက်ခံခဲ့ရာမှ ယခုအခါ ၇ ရာခိုင်နှုန်းသာ ကောက်ခံနေကြောင်း မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ အရာရှိတစ်ဦးကပြောသည်။

ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုထားသည့် သစ်တောထွက်ပစ္စည်းများတွင် သစ်ဝါး၊ ကြိမ်တို့ဖြင့် ပြုလုပ်သည့် တန်ဖိုးမြင့်ပစ္စည်း(Volue added)သာ ဖြစ်သော်လည်း ဝါးကို ကုန်ကြမ်းအဖြစ် တင်ပို့ပါကလည်း အခွန် ၇ ရာခိုင်နှုန်းသာဆောင်ရကြောင်း သိရသည်။



*ဝါးများကို ဈေးကွက်သို့တင်ပို့ရောင်းချရန် ရေကြောင်းမှ သယ်ယူလာစဉ်*
ဓာတ်ပုံ-မောင်ကံ

လက်ရှိတွင်မောင်တောနယ်စပ်ဈေးကွက်သို့ဒေသအသီးသီးမှ ဝါးများတစ်ရက်လျှင် ခြောက်ဘီးကား(၁၁)စီးခန့်ဝင်ရောက်နေပြီး လက်တွန်းလှည်းများဖြင့်လည်း တင်ပို့နေရကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်က ဝါးရှားပါးမှုကြောင့် မောင်တောနယ်စပ်ဈေးကွက်တွင် ဝါးတစ်ရာလျှင်ကျပ် ၅၀,၀၀၀ ကျော်ထိ ဈေးတက်ခဲ့သော်လည်း ယခုအခါ ဝါးတစ်ရာလျှင် ၃၅,၀၀၀ ကျပ်သို့ဈေးကျသွားပြီဖြစ်ကြောင်း သိရသည်။

## ဘင်္ဂလားဒေ့ရှ် ကြက်သွန်နီများ ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်

**မောင်ကံ**

**မောင်တော၊ ဒီဇင်ဘာ- ၆**

လွန်ခဲ့သည့် အောက်တိုဘာလအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ဒေသများဖြစ်သည့်ပခုက္ကူ၊ ဆိတ်ဖြူဒေသများမှ ကြက်သွန်အဝင်နည်းနေမှုကြောင့် မောင်တောနယ်စပ်ဈေးကွက်သို့ဘင်္ဂလားဒေ့ရှ်ကြက်သွန်နီများ အများဆုံးဝင်ရောက်လာကြောင်း သိရသည်။

"ဒီမှာရောင်းနေတဲ့ ကြက်သွန်နီတွေအားလုံးက ဘင်္ဂလားဒေ့ရှ်ကဝင်လာတဲ့ကြက်သွန်တွေဖြစ်ပါတယ်။ စစ်တွေဘက်ကဝင်တဲ့ကြက်သွန်က မရှိသလောက်ပါပဲ"ဟု စားကုန်ဆိုင်အရောင်းဆိုင်ရှင်က ပြောသည်။

ရိုးမအရှေ့မှကြက်သွန်များ အဝင်မရှိသလောက်နည်းနေသည့်အတွက် ဘင်္ဂလားဒေ့ရှ်ကြက်သွန်နီတစ်ပိဿာလျှင် ၁၀၀၀ ကျပ်ထိ ဈေးကောင်းနေကြောင်းသိရသည်။

ယခင်ဘင်္ဂလားဒေ့ရှ်မှ ဝင်ရောက်လာသည့်ကြက်သွန်နီများမှာ အလုံးကြီးသော်လည်း ယခုဈေးကွက်၌ ဝင်ရောက်နေသည့်ကြက်သွန်များမှာ မြန်မာနိုင်ငံထွက်ကြက်သွန်များနှင့်အရွယ်တူကြောင်း သိရသည်။

## သပိတ်ကျင်းမြို့ရေပေးဝေရေး အဆင့်မြှင့်ရန် စီစဉ်

**ဦးလွင်**

**မန္တလေး၊ ဒီဇင်ဘာ- ၈**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့တွင် ပြီးခဲ့သည့် အောက်တိုဘာ ၁၂ ရက်မှစတင်ပြီး လျှပ်စစ်မီးရရှိသွားပြီဖြစ်သည့်အတွက် အဓိကကျသည့်မြို့ရေပေးဝေရေးစနစ်ကို အဆင့်မြှင့်တင်ပြီး ရေလုံလောက်အောင်ဖြန့်ဝေသွားဖို့လက်ရှိစီစဉ်ဆောင်ရွက်နေကြောင်း ယင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးဟန်ကပြောသည်။

"သပိတ်ကျင်းမြို့မှာ အဓိကကျတဲ့ ရေလုံလောက်မှုမရှိသေးပါဘူး။ အခုမြို့ရေပေးဝေမှုက ရောဝတီမြစ်ရေကနေ အင်ဂျင်စက်နှစ်လုံးနဲ့ စုပ်ပြီး ရေတင်ပေးရတာ ရေဖြန့်ဝေမှုအခက်အခဲကြုံတွေ့ရပါတယ်။ ယခုလျှပ်စစ်မီးရရှိပြီဆိုတော့ ရေပေးဝေရေးစနစ်ကို လျှပ်စစ်နဲ့ မောင်းနှင်ပြီး ဆောင်ရွက်သွားမှာပါ။ စည်ပင်ကနေ ဘတ်ဂျက်ချက်ချင်းမကျနိုင်တဲ့အတွက် တိုင်းဒေသကြီး လွှတ်တော်ရဲ့ စည်းရုံးမှုနဲ့ ဂိုလ်ဒင်းပွိုင့်ကုမ္ပဏီကနေ သိန်း ၃၀ လှူဒါန်းထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့က တာဝန်ရှိသူတွေနဲ့ ပေါင်းစပ်ပြီး ဒီမြို့ကိုရေလုံလောက်အောင်ဖြန့်ဝေသွားမှာဖြစ်ပါတယ်"ဟု ဦးမျိုးဟန်က ပြောသည်။

သပိတ်ကျင်းမြို့ရေပေးဝေမှုစနစ် အဆင့်မြှင့်တင်မှုကို လျှပ်စစ်မီးရရှိပြီဖြစ်သည့်အတွက် မြင်းကောင်ရေ ၂၀ အား မော်တာနှင့် သုံးလက်မ ပန့်တစ်စုံ တပ်ဆင်မည်ဖြစ်ကြောင်း သပိတ်ကျင်းမြို့နယ်စည်ပင်သာယာမှ တာဝန်ရှိသူ ဦးအောင်ကျော်ဟိန်းက ပြောသည်။ "ယခင်အင်ဂျင်စက်နဲ့တုန်းက မြို့လူထုအတွက် ရေဂါလန်နှစ်သောင်းခြောက်ထောင့်ငါးရာ ဂါလန်ကို တစ်လှည့်စီ ပေးရတာ။ ရေပေးဝေရေးစနစ်အဆင့်မြှင့်ပြီး သွားရင် ရေဂါလန်ငါးသောင်းကျော်နေ့စဉ်ဖြန့်ဝေသွားမှာပါ"ဟု ၎င်းကပြောသည်။

သပိတ်ကျင်းမြို့တွင် ပုဂ္ဂလိက ရေသုံးစွဲမှုအနေဖြင့် လက်ယက်တူးတွင်း ၃၀ ရှိပြီးလက်နှိပ်တုံကင် ၂၂ တွင်းရှိသည်။

## ရွှေဘိုမြို့ လူမှုရေးအသင်းသို့ လှူဒါန်းနိုင်

**စိုင်းသာအောင်**

**မန္တလေး၊ ဒီဇင်ဘာ- ၉**

ရွှေဘိုမြို့ လူမှုကူညီစောင့်ရှောက်ရေးလုပ်ငန်းတွင် လှူဒါန်းနိုင်ရေးအတွက် အလှူရှင်တစ်ဦးလျှင် အလှူငွေကျပ် ၅၀၀ တန် အလှူငွေကတ်ပြားများကို နိုဝင်ဘာ ၁၁ ရက်မှစတင်၍ဖြန့်ဝေထားကြောင်း အသင်းဒုဥက္ကဋ္ဌဦးတင်ဝင်း(TWS)က ပြောသည်။

"လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် ရွှေဘိုသား ၇၃ ဦးထံတစ်ဦးကို ကတ်ပြား ၁၀၀ စီဖြန့်ဝေထားပါတယ်။ ကတ်ပြား ၁၀၀ အတွက် အလှူငွေကျပ်ငါးသောင်းပါ။ အလှူငွေကတ်ပြားတွေ မကုန်လျှင်ဖြစ်စေ၊ မအားလပ်၍ဖြစ်စေ၊ မကောက်ခံနိုင်သည်ဖြစ်စေ ပြန်လည်ပေးပို့နိုင်ပါတယ်" ဟု ရှင်းလင်းပြောသည်။ ရွှေဘိုသားတစ်ဦးက"ယခု စတင်ဆောင်ရွက်သူတွေထဲမှာ အလွှာစုံက ရွှေဘိုသားတွေပါပါတယ်။ ပညာရေးလောကအလွှာက မူလတန်းပြဆရာမကစပြီး တက္ကသုလ်ပါမောက္ခချုပ်ထိ၊ ဝန်ထမ်းအလွှာကသာမန်ဝန်ထမ်းက ညွှန်ကြားရေးမှူးချုပ်အထိ၊ ဆရာဝန်တွေ၊ သတင်းစာဆရာတွေ ကုန်သည်ပွဲစားအလွှာအားလုံး ပူးပေါင်းပါဝင်ပြီး ဆောင်ရွက်တာပါ။ ရွှေဘိုလူမှုကူညီစောင့်ရှောက်ရေးလုပ်ငန်းစုဟာ ရွှေဘိုသူရွှေဘိုသားတွေအတွက် စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ တိုင်ပင်စုစည်း ဆောင်ရွက်ကြတာပါ"ဟု ဦးတင်ဝင်းက ပြောကြားသည်။

## မင်းပြားမြို့မဈေး မီးသင့်ဆိုင်ခန်းပိုင်ရှင်များအား ရက် ၂၀ အတွင်း ငွေထုတ်ချေးမည်ဟု စည်ပင်ဝန်ကြီးပြောကြား

**မြတ်စုမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ-၂**

မီးလောင်ကျွမ်းမှုကြောင့် ကျပ်သန်းပေါင်းခြောက်ထောင်ဆုံးရှုံးခဲ့သည့် ရခိုင်ပြည်နယ် မင်းပြားမြို့မဈေးရှိဆိုင်ခန်းဆုံးရှုံးသွားသူများအား စည်ပင်သာယာဘဏ်မှ ချေးငွေများကို လာမည့်ရက် ၂၀ အတွင်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ စည်ပင်သာယာဝန်ကြီးဦးလှဟန်က 7 Day News သို့ ယနေ့ ပြောကြားလိုက်သည်။

"ချေးငွေထုတ်ချေးတဲ့အခါမှာ လက်ရှိပိုင်ဆိုင်ထားတဲ့ မရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းတန်ဖိုးရဲ့ လေးပုံ တစ်ပုံလောက်ထိ ထုတ်ချေးပေးသွားမယ်။ အခုစာရင်းဇယားတွေ ကောက်နေပါတယ်။ မြေစာရင်းနဲ့ စည်ပင်ပူးပေါင်းပြီး တင်ပြလာတဲ့စာရင်းကို အစိုးရအဖွဲ့ကို တင်မယ်။ ပြီးတော့ ပြည်ထောင်စုအစိုးရကိုတင်မယ်။ အများဆုံး ရက် ၂၀ လောက်ပဲ ကြာနိုင်ပါတယ်'ဟု ရခိုင်ပြည်နယ်စည်ပင်ဝန်ကြီးဦးလှဟန်က ပြောသည်။

စည်ပင်သာယာဘဏ်မှ ချေးငွေရယူလိုသူများသည် အိမ်ခြံမြေကဲ့သို့ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများပိုင်ဆိုင်မှုအနေအထားအလိုက် ချေးငွေရရှိနိုင်ပြီး မြို့နယ်စည်ပင်သာယာ အမှုဆောင်ဖြစ်သူက တာဝန်ယူပေးရမည်ဖြစ်ကြောင်း အထက်ပါ ပုဂ္ဂိုလ်ထံမှ သိရသည်။

မင်းပြားမြို့မဈေးကို ပြန်လည်တည်ဆောက်ပါက မီးသတ်ကားအဝင်လမ်းများ၊ အိမ်သာများနှင့် ရေပိုက်လိုင်းများပါ ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပြီး စုစုပေါင်း ကုန်ကျငွေ ကျပ်သိန်းပေါင်း ၁၀,၆၀၀ ခန့် ကုန်ကျနိုင်မည်ဟု ခန့်မှန်းထားကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

အဆိုပါ မြို့မဈေးပြန်လည်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ အထက်ပါပုဂ္ဂိုလ်က "ဈေးကိုကိုယ့်ဘာသာကိုယ်ပြန်ဆောက်မလား၊ ကန်ထရိုက်ပေးပြီးဆောက်ခိုင်းမလားဆိုတာ ဈေးသူ ဈေးသားတွေရဲ့သဘောပါ။ သူတို့ငွေနဲ့ သူတို့ဆောက်မယ်ဆိုရင်လည်း လက်ခံတယ်။ ကန်ထရိုက်ပေးပြီးဆောက်မယ်ဆိုရင်လည်း လက်ခံတယ်။ ကန်ထရိုက်နဲ့ဆောက်ရင်တော့ အရစ်ကျပေးရမှာဆိုတော့ သက်သာနိုင်တယ်"ဟု ဆက်လက်ပြောကြားသည်။

ကန်ထရိုက်ပေး၍ ပြန်လည်တည်ဆောက်မည်ဆိုပါက စည်ပင်သာယာအနေဖြင့် အရည်အသွေးစီမံခန့်ခွဲမှုကိုပြုလုပ်သွားမည်ဖြစ်ပြီး မရိုးသားမှုနှင့် လျှို့ဝှက်ချက်များရှိပါက ရခိုင်ပြည်နယ်ဝန်ကြီးအဖွဲ့ကို အချိန်မရွေးတိုင်နိုင်ကြောင်း ၎င်းကဆက်လက်ပြောသည်။

"ဝန်ကြီးချုပ်လှူခဲ့တဲ့ သိန်း ၂၀ နဲ့စည်ပင်က အခု ယာယီအမိုးအကာနဲ့ဆိုင်ခန်းကွက်လေးတွေ ရိုက်ပေးထားတယ်။ ဝန်ကြီးချုပ်ကတော့ ဈေးပုံစံဆွဲပြီး လေးလအတွင်း ဆောက်ပေးရမယ်လို့ ညွှန်ကြားသွားတယ်။ စည်ပင်ဘဏ်က တစ်ဆိုင်ကို နှစ်ကျပ်တိုးနဲ့ ဆိုင်တစ်ဆိုင်ကို သိန်း ၂၀ ထုတ်ချေးပေးမယ်လို့ပြောသွားတယ်။ ဘယ်အချိန်ပေးမယ်ဆိုတာတော့ ပြောမသွားဘူး"ဟု မင်းပြားမြို့မှဒေသခံတစ်ဦးကပြောသည်။

ရခိုင်ပြည်နယ်၊ မင်းပြားမြို့တွင် နိုဝင်ဘာ ၁၂ ရက်၌ မြို့မဈေးမီးလောင်ကျွမ်းခဲ့ရာ ဆိုင်ခန်းပေါင်း ၅၇၇ ဆိုင် ဆုံးရှုံးခဲ့ပြီး ကာလတန်ဖိုးကျပ်သန်းခြောက်ထောင်ခန့် ဆုံးရှုံးခဲ့သည်။

## မန်းပဲနှမ်းဈေးကွက် စိမ်း၊ငုံ၊ ဖြူ အရောင်းအဝယ်သွက်

**ညီညီဇော်**

**မန္တလေး၊ ဒီဇင်ဘာ-၁၀**

ယခုတစ်ပတ် မန်းပဲနှမ်းဈေးကွက်တွင် နှမ်းဖြူ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတို့ အရောင်းအဝယ်သွက်လာသည်။

ပဲစင်းငုံနီ(ဟောင်း)အဝယ်လိုက်လာပြီးပိဿာ၆၀ပါတစ်အိတ်လျှင် ၃၉,၅၀၀ မှ ၄၀,၀၀၀ ထိဈေးပေါက်နေသည်။ ပဲတီစိမ်းသစ်များ အရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိပြီး ပဲတီစိမ်းရွှေဝါသစ် ၅၅,၀၀၀၊ အလတ်စ ၅၁,၀၀၀ ပေါက်နေကာ အရောင်း



*မန္တလေးကုန်စည်ဒိုင်တွင် ပဲ၊ နှမ်းအရောင်းအဝယ်ပြုလုပ်နေကြစဉ်*
ဓာတ်ပုံ-စိုင်းသာအောင်

အဝယ်သွက်နေသည်။ တရုတ်ဝယ်လက်စုံ အဝယ်လိုက်လာသည့်နှမ်းဖြူသည် ထိပ်စ ၆၆,၀၀၀၊ အလတ်စ ၆၃,၀၀၀ ပေါက်နေကာ အရောင်းအဝယ် သွက်နေသည်။

စက်သမား ပုံမှန်ဝယ်နေသော ကုလားပဲမှာ ပုံမှန်အရောင်းအဝယ်ဖြစ်နေပြီး ဗိုလ်တူး ၅၂,၅၀၀ မှ ၅၃,၅၀၀၊ ထိုင်ဝမ် ကုလားပဲ ၄၈,၅၀၀ နှုန်း ပေါက်နေသည်။ စက်သမား အဝယ်နှေးနေသော မြေပဲဆန်မှာ ဈေးအေးနေပြီး ရေနံချောင်း၊ ချောက်(ပင်ပြန့်) တစ်ပိဿာ ၁,၅၀၀ မှ ၁,၅၅၀၊ ပျော်ဘွယ်(S1)သစ် ၁,၄၅၀ မှ ၁,၅၅၀ အတွင်း ပေါက်နေသည်။ မန်းပဲနှမ်းဈေးကွက်တွင် ခပ်လေးလေး မှန်မှန်သာ အရောင်းအဝယ်ဖြစ်ကြောင်း မန်းကုန်စည်ဒိုင်(မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

7 DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011

## အခမဲ့အင်္ဂလိပ်စာသင်တန်းဖွင့်မည်

ညီညီဇော်

**မန္တလေး၊ ဒီဇင်ဘာ-၁၀**

ချမ်းမြသုခ ပရဟိတလူမှုကူညီရေးအသင်း ပညာသင်ထောက်ပံ့ရေးကော်မတီကကြီးမှူး၍ အင်္ဂလိပ်စကားပြော အခမဲ့သင်တန်းဖွင့်လှစ်မည်ဖြစ်ကြောင်းသတင်းရရှိသည်။ အဆိုပါသင်တန်းကိုအသက်အရွယ်မရွေး၊ ပညာအဆင့်အတန်းမရွေး လာရောက်သင်ယူနိုင်ပြီး မြန်မာနိုင်ငံသုံ့လမ်းညွှန်များအသင်းမှ လိုင်စင်ရသုံ့လမ်းညွှန်များက အခြေခံနှင့်အသံထွက်ကို အဓိကထားသင်ကြားပေးမည်ဖြစ်သည်။ သင်တန်းကိုဒီဇင်ဘာ၁၇ရက်တွင်မူလတန်းမှအလယ်တန်း၊ဒီဇင်ဘာ၁၈ရက်တွင်အထက်တန်းမှ ဘွဲ့ရစသဖြင့် တန်းခွဲနှစ်ခုဖွင့်လှစ်မည်ဖြစ်ပြီး တက်ရောက်လိုသူများ မန္တလေးတမ္ပဝတီမြို့ဟောင်း ဈေးတောင်ဘက်ရှိ ချမ်းမြသုခပရဟိတ လူမှုကူညီရေးအသင်းရုံးသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသတင်းရရှိသည်။

## စိန်အတတ်ပညာ မိတ်ဆက်သင်တန်း ဖွင့်မည်

ညီညီဇော်

**မန္တလေး၊ ဒီဇင်ဘာ-၁**

Myanmar Gemmological Institute မှ ကြီးမှူး၍ "စိန်ပညာမိတ်ဆက်သင်တန်း"ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရတနာစိန်တိုက်ဖွင့်လှစ်လိုသူများ စိန်ကုန်သည်ပွဲစားလုပ်လိုသူများနှင့်စိန်ပညာအကြောင်း နားလည်လိုသူ ဘူမိဗေဒကျောင်းသား၊ ကျောင်းသူများအတွက် ရည်ရွယ်သည်ဟုဆိုသော အဆိုပါသင်တန်းတွင် စိန်၏သဘာဝဂုဏ်အင်္ဂါရပ်များ၊ စိန်၏ အလင်းဆိုင်ရာဂုဏ်သတ္တိများ၊ စိန်နှင့်မှားနိုင်သော တွင်းထွက်များနှင့် စိန်တုများ၊ စိန်စစ်၊ မစစ် လက်တွေ့စမ်းသပ်ခြင်းများ၊ စိန်ပွင့်ပုံစံများ၊ စိန်ကွက်သွေးခြင်း၊ အရောင်၊ သန့်စင်မှု၊ သွေးပုံနှင့် အလေးချိန်များကိုကြည့်၍ စိန်ကဲဖြတ်ခြင်း၊ စိန်ပွင့်များ ပြန်လည်ပြုပြင်ခြင်း၊ စိန်ရှာဖွေတွေ့ရှိနိုင်ပုံနှင့် တူးဖော်ထုတ်လုပ်ပုံများ၊ စိန်ထွက်ရှိသော နိုင်ငံများနှင့်နာမည်ကျော်စိန်များအကြောင်းကို နိုင်ငံတကာအသိအမှတ်ပြုဘွဲ့ရ ကျောက်ပညာရှင်ကိုယ်တိုင် ပို့ချဆွေးနွေးမည်ဖြစ်သည်။

သင်တန်းကို ရန်ကုန်မြို့တွင် ဒီဇင်ဘာ ၁၇ ရက်မှ ၂၃ ရက်ထိ သင်ကြားမည်ဖြစ်ပြီး မန္တလေးမြို့တွင် ၂၀၁၂ ဇန်နဝါရီ ၁ ရက်မှ ၁၄ ရက်ထိ ပိတ်ရက်မရှိ သင်ကြားပို့ချပေးမည်ဖြစ်သည်။ တန်းခွဲတစ်ခုလျှင် လူဦးရေ ၃၀ လက်ခံမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုသူများနှင့် စာရင်းပေးသွင်းလိုသူများ Myanmar Gemmological Institute (MGI) ရန်ကုန်နှင့် မန္တလေးရုံးတို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်းသတင်းရရှိသည်။

## စပါးအထွက်တိုးရန် ဓာတ်မြေဩဇာ ပိုမိုသုံးစွဲရန် လိုနေသေးဟုဆို

ထူးသန့်

**နေပြည်တော်၊ နိုဝင်ဘာ-၂၉**

ဆန်စပါးအထွက်တိုးရေးအတွက် မြန်မာနိုင်ငံတွင် ဓာတ်မြေဩဇာ ပိုမိုသုံးစွဲရန်လိုအပ်နေသေးကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။



*မြန်မာ့လယ်ယာလုပ်ငန်းခွင် မြင်ကွင်း*

ဓာတ်ပုံ - ထူးသန့်

လက်ရှိမြန်မာနိုင်ငံ၏ ဓာတ်မြေဩဇာသုံးစွဲမှုနှုန်းမှာ တစ်ဧကလျှင် ၀ ဒသမ ၂၈ အိတ်(၄ ဧကတစ်အိတ်နှုန်းခန့်)သာရှိသည်။ ဒေသတွင်းပြိုင်ဘက်နိုင်ငံများဖြစ်သော ထိုင်းနိုင်ငံက ၅ ဆခန့်၊ ဗီယက်နမ်နိုင်ငံက ၃ ဆကျော် မြန်မာနိုင်ငံထက် ပိုမိုသုံးစွဲလျက်ရှိသည်။ စပါးစိုက်ဧက သန်း ၂၀ အတွက် ယူရီးယား၊ တီဆူးဝါ၊ ပိုတက်ရှ် ဓာတ်မြေဩဇာစုစုပေါင်း တန်ချိန် ၃ သန်းခန့် ပိုမိုသုံးစွဲရန် လိုအပ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြောသည်။

"မြန်မာနိုင်ငံရဲ့ လက်ရှိ မြေကြီးထဲရှိ မူလအာဟာရက တစ်ဧကစပါးတင်း ၄၅ တင်းနဲ့ ညီမျှပါတယ်။ နောက်ထပ် ၅၅ တင်း ပိုထွက်လာဖို့ဆိုရင်ဓာတ်မြေဩဇာကိုလည်း ပိုပြီးထည့်ဖို့လိုပါတယ်" ဟုရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ယနေ့ပြုလုပ်ခဲ့သော အခမ်းအနားတစ်ရပ်၌ ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ ဖြည့်တင်းရန်အတွက် ပြည်တွင်းပိုမိုထုတ်လုပ်သည့် အပြင် ပြည်ပမှလည်း ပိုမိုတင်သွင်းရန် လိုအပ်ကြောင်း၎င်းကဆက်လက်ပြောသည်။

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ (၂၀၀၈ ခုနှစ်) ထုတ်ပြန်ချက်အရ ဓာတ်မြေဩဇာသုံးစွဲမှုတွင် ထိုင်းက တန်ချိန် ၁ ဒသမ ၉၉ သန်း၊ ဗီယက်နမ်က ၁ ဒသမ ၈၁ သန်းရှိပြီး မြန်မာနိုင်ငံက ၀ ဒသ၅၇ သန်းသာ သုံးစွဲသည်ဟုဆိုသည်။ ယခု ၂၀၁၀-၂၀၁၁ ခုနှစ်တွင်မူ စုစုပေါင်း ဓာတ်မြေဩဇာတန်ချိန် ၈ ဒသမ ၃၅ သိန်း သုံးစွဲခဲ့ကြောင်းလည်း ၎င်းက ပြောသည်။

မြန်မာနိုင်ငံမှ စပါးစိုက်တောင်သူလယ်သမားများအခက်ကြုံတွေ့နေရခြင်းမှာ သွင်းအားစုအနည်းငယ်သာ တတ်နိုင်ပြီး ထိုသွင်းအားစုထည့်၍ စိုက်ပျိုးထားသော စပါးမှာ ဈေးမကောင်း၍ နှစ်အများစု၌ ရှုံးနေကြခြင်းဖြစ်သည်။

ဓာတ်မြေဩဇာအသုံးနည်းခြင်းနှင့်ပတ်သက်၍နေပြည်တော် ဒေသခံလယ်သမားကြီးတစ်ဦးက "မတတ်နိုင်တာရယ်၊ မယုံရဲတာရယ်ကြောင့် သိပ်မသုံးဖြစ်တာပါ။ အတုတွေက အမျိုးမျိုးလာတော့ ဘယ်ဟာအစစ်မှန်းကိုမသိတော့ဘူး"ဟု ပြောသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်ကလည်း ဓာတ်မြေဩဇာအတုကိစ္စနှင့် ပတ်သက်၍ "ဓာတ်မြေဩဇာအတု၊ ပိုးသတ်ဆေးအတု၊ အရက်အတုတွေ တင်သွင်းတာရှိပါတယ်။ သမ္မတကြီးထံတင်ပြပြီး ဘယ်လိုအရေးယူမယ်ဆိုတာစဉ်းစားနေပါတယ်"ဟု ယခင်အပတ်က ပြုလုပ်ခဲ့သော ညှိနှိုင်းအစည်းအဝေးတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။

## အပေါက်ဝကျေးရွာမြစ်ကမ်းပြိုမှု တားဆီးကာကွယ်မှုလုပ်ငန်းများ ပြန်လည်စတင်

မာန်ယုကျော်

**ကျောက်တော်၊ ဒီဇင်ဘာ-၇**

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အပေါက်ဝကျေးရွာ၏ မြစ်ကမ်းပါးပြိုကျမှုများအားရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တားဆီးကာကွယ်မှုများစတင်ပြုလုပ်နေကြောင်း သိရသည်။

အပေါက်ဝကျေးရွာသည် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၏ တောင်ဘက်၊ ကုလားတန်မြစ်ကမ်းနံဘေးတွင် တည်ရှိနေသည့်အတွက် ပလက်ဝနှင့် ကျောက်တော်ဘက်မှစီးဆင်းလာသည့် ကုလားတန်မြစ်ရေစီးနှင့် လှိုင်းဂယက်များကြောင့်အဆိုပါကျေးရွာ၏ ရွာကမ်းပါးအောက်ခြေမှာ ရေတိုက်စားမှုကိုခံနေရကြောင်း သိရသည်။ ထိုသို့ ရေတိုက်စားခံရမှုကြောင့် ၎င်းကျေးရွာ၏ ကမ်းပါးအောက်ခြေမှာ ကလိုင်များဖြစ်ပေါ်ပြီး ကမ်းပါးများဆက်တိုက်ပြိုကျနေကြကြောင်း ဒေသခံတစ်ဦးက ဆိုသည်။ ဤသို့ ကမ်းပါးများဆက်တိုက်ပြိုကျနေကြသည့်အတွက်ရွာကမ်းပါးတွင်တည်ရှိသော ရွာဈေးရှိ ဈေးဆိုင်ခန်းများမှာ အမြဲပြောင်းရွှေ့တည်ဆောက်ရောင်းချနေရကြောင်းနှင့် ကမ်းပါးနှင့်အနီးတွင်ရှိသော သောက်သုံးရေကန်ကြီးမှာလည်း ကမ်းပါးပြိုကျမှုများကြောင့် သောက်သုံး၍မရတော့သည့်အပြင် ချောင်းဝရပ်ကွက်သူ၊ ရပ်ကွက်သားများကိုးကွယ်ဆည်းကပ်နေကြသည့် ချောင်းဝဘုန်းတော်ကြီးကျောင်းမှာလည်း ကမ်းပါးပြိုကျမှုများကြောင့် ကျောင်းအတွင်းရှိသိမ်တော်မှာပြိုကျလုနီးပါးဖြစ်နေကြောင်း သိရသည်။

"ဒီလိုမြစ်ကမ်းပါးတွေပြိုကျနေတဲ့အတွက် ရွာနာတာတော့ အမှန်ပါပဲဗျာ။ တစ်နှစ်ထက်တစ်နှစ် ရွာရဲ့မြေဧရိယာတွေလည်း ဆုံးရှုံးသွားတာမနည်းတော့ဘူး။ သက်ဆိုင်ရာတာဝန်ရှိသူတွေလည်း တားဆီးကာကွယ်မှုတွေလုပ်ကြတာပါပဲ။ ၂၀၀၅ ခုနှစ်ကနေ ခုချိန်ထိ လုပ်လာကြတာ။ ဒါပေမဲ့ အရာမထင်ဘူးဖြစ်နေတယ်။ လုပ်လေပြိုလေပဲ"ဟု အဆိုပါကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

အပေါက်ဝရွာ၏ ရေစီးကမ်းပြိုမှုအန္တရာယ်ကို တားဆီးကာကွယ်ရန်အတွက်ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများ၊ တာဝန်ရှိပုဂ္ဂိုလ်များသည် ၂၀၀၅ ခုနှစ်မှစတင်ပြီး ကျောက်ဖြည့်သံဆန်ကာကာခြင်း၊ မြေထိန်းနံရံများ တည်ဆောက်ခြင်းတို့ကို ပြုပြင်ဆောင်ရွက်ခဲ့ကြသော်လည်း မြစ်ကမ်းပါးများမှာ ဆက်လက်ပြိုကျမြဲ ပြိုကျနေကြသည်။

## *စာ(၁၅) မြို့ရှောင်လမ်း မြေကွက်များ ခေါ်ဈေးမြင့်လာ မှ*

ပထမတစ်ခေါက်သွားမေးတုန်းက သိန်း ၃၅၀၊ ၄၀၀ နောက်တစ်ပတ်သွားမေးတော့ ၆၀၀၊ ၆၅၀ တွေအော်ကြတယ်။ နောက်ထပ်သွားမေးရမှာတောင် ကြောက်နေပြီ"ဟုပြီးခဲ့သည့် ရက်ပိုင်းအတွင်း သွားရောက်စုံစမ်းလေ့လာခဲ့သော လူငယ်စီးပွားရေးသမားတစ်ဦးက ၎င်း၏ အတွေ့အကြုံကိုပြောခဲ့သည်။ အဆိုပါ လမ်းဘေးတွင် လမ်းနှင့်ကပ်လျက်ကျေးရွာများရှိသော်လည်း လေယာဉ်ကွင်းစီမံကိန်းနှင့် မလွတ်၍ ရွှေ့လာသော ရေလည်ကွေ့နှင့်ဇေယျသိမ်ကျေးရွာများသာလျှင် မြေနေရာ အထောက်အထားများရှိကြောင်း၊ ယင်းကဲ့သို့ ခိုင်မာမှုကြောင့် ငွေကြေးရှိသူများ ရင်းနှီးဝယ်ယူမြှုပ်နှံလာကြရာ ဈေးနှုန်းများကိုလည်း ဈေးမြင့်၍ ခေါ်လာခြင်းဖြစ်ကြောင်းဒေသခံတချို့ကပြောသည်။"ဘာတွေဖြစ်မလဲတော့မသိဘူး။ ရွာမြေကို ဝယ်တဲ့လူရှိသလို လယ်ယာမြေကို ဈေးကောင်းပေးဝယ်ထားတဲ့သူတွေလည်းရှိတယ်။ အချို့လည်း ယာမြေပေါ်မှာ ခပ်တည်တည်ပဲ အိမ်ဆောက်နေကြတယ်။ များသောအားဖြင့် မြို့ပေါ်ကနေ အုပ်စုလိုက် ဆင်းဝယ်ကြတယ်" ဟုဒေသခံတစ်ဦးက ပြောသည်။ ထပ်မံရရှိသော သတင်းအရမြို့ရှောင်လမ်းဘေးတွင် စက်သုံးဆီဆိုင်ဖွင့်လှစ်ရန် နေပြည်တော် ကောင်စီသို့ တရားဝင်လျှောက်ထားသော ကုမ္ပဏီလည်း ရှိနေကြောင်း သိရသည်။



7DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011



# ငွေစာရင်းဒေါ်လာတစ်သောင်းအထက်ရှိသော သင်္ဘောသားများကို ကားသွင်းခွင့်ပြု

မြတ်စုမွန်

ရန်ကုန်၊ ဒီဇင်ဘာ-၄

နိုင်ငံခြား ဝင်ငွေရှိသည့် သင်္ဘောသားများ၏ ငွေစုဘဏ်စာရင်းတွင် ဒေါ်လာ တစ်သောင်းမှ ငါးသောင်းကြားရှိသူများ မော်တော်ယာဉ်အမျိုးအစား သုံးမျိုးထဲမှတစ်မျိုးဝယ်ယူတင်သွင်းခွင့်ပါမစ်များကို လူကိုယ်တိုင်လျှောက်ထားနိုင်ပြီဟု နိုဝင်ဘာနောက်ဆုံးပတ်မှစတင်၍ တရားဝင်စာထုတ်ပြန်လိုက်ကြောင်း ဒေါ်ပုံသင်္ဘောကျင်းနှင့် သင်္ဘောသားများထံမှ သိရသည်။

"သင်္ဘောသားက နောက်ဆုံးအခေါက်ရောက်လာတုန်းက ၁၀ ရာခိုင်နှုန်းအခွန်ဆောင်ထားတဲ့ အခွန်ကြေကြောင်းအထောက်အထားပြရမယ်။ ဘဏ်ထဲမှာ ဒေါ်လာ တစ်သောင်းကနေ ငါးသောင်းကြား ရှိရမယ်။ လူစီးကား၊ ဘတ်စ်နဲ့ကုန်တင်ကား အဲဒီ သုံးမျိုးကို လူကိုယ်တိုင် လျှောက်နိုင်တယ်" ဟု ဒေါ်ပုံသင်္ဘောကျင်းမှ ဝန်ထမ်းတစ်ဦးက ရှင်းပြသည်။

နိုဝင်ဘာ ၂၈ ရက်တွင် ထုတ်ပြန်ခဲ့သည့် အဆိုပါ ကြော်ငြာချက်ကြောင့် မော်တော်ကား ဝယ်ယူတင်သွင်းခွင့် ပါမစ်လျှောက်ထားရန် စိတ်ဝင်စားသော်လည်း အများစုက ဘဏ်စာအုပ်တွင် ထည့်သွင်းထားခြင်းထက် ပြင်ပပေါက်ဈေးဖြင့် ရောင်းချလေ့ရှိရာ



အေးရှားဝေါ ဆိပ်ကမ်းသို့ရောက်ရှိလာသော ဂျပန်ကားများ

ဓာတ်ပုံ-အားမာန်

သတ်မှတ်ငွေပမာဏရှိသူနည်းပါးကြောင်းလုပ်သက် ၁၀ နှစ်ကျော်ရှိသည့် သင်္ဘောသားတစ်ဦးက ပြောသည်။

"ဘဏ်စာအုပ်ထဲမှာ ဘယ်သူမှ မထည့်ကြဘူး။ ကျွန်တော်တို့က ထည့်တုန်းက အစိမ်းထည့်ရပေမယ့် ပြန်ထုတ်တဲ့အခါကျတော့ အက်ဖ်အီးစီနဲ့ ပြန်ရတာဆိုတော့ ဘဏ်စာအုပ်ထဲ မထည့်ကြဘူး။ ပြန်ရောက်တာ လနဲ့ချီကြာနေတဲ့လူတွေက ရောင်းပြီးသုံးလိုက်ကြတာများတယ်။ အခုမှ ပြန်ရောက်တဲ့ လူတွေ အတွက်တော့ အိုကေတာပေါ့" ဟု သင်္ဘောအရာရှိကိုအောင်ဟိန်းက ပြောသည်။ သတ်မှတ်ငွေ ကြေးပြည့်မီပြီး သင်္ဘောပြန်ထွက်ရမည့်သူများအနေဖြင့် မော်တော်ကားတင်သွင်းခွင့်ပါမစ်လျှောက်မည်ဆိုပါက မိသားစုဝင်များအား ဂျင်နရယ်ပါဝါ လွှဲထားခဲ့နိုင်ကြောင်း အသေးစိတ် သိလိုသူများသည် သင်္ဘောရုံးများမှ တာဝန်ရှိသူများထံသို့လည်းကောင်း၊ ငွေစာရင်းဌာနသို့လည်းကောင်း၊ နိုင်ငံခြားဘဏ်တွင်လည်းကောင်း သွားရောက် စုံစမ်းနိုင်ကြောင်း ဒေါ်ပုံသင်္ဘောကျင်းမှ ဝန်ထမ်းက ဆက်လက်ရှင်းပြသည်။

မြန်မာနိုင်ငံတွင် သင်္ဘောသားဦးရေ ခုနစ်သောင်းခန့်ရှိကြောင်း သင်္ဘောအရာရှိကိုအောင်ဟိန်းက ပြောသည်။

"အခုအပြင်ကငွေဝယ်ပြီးပြန်ထည့်ထားတာနဲ့လျှောက်တာတွေလည်း လက်ခံနေတယ်။ တော်တော်များများကတော့ ပြန်ဝယ်ထည့်ပြီးလျှောက်နေကြတယ်။ လျှောက်လွှာတင်ကြေးမပေးရဘူး။ တော်တော်များများတော့ လက်ခံနေတယ်။ ရမယ်၊ မရဘူးတော့ မသိသေးဘူး" ဟု ကိုအောင်ဟိန်းက ဒီဇင်ဘာ ၁၁ ရက်တွင် ပြောသည်။

## အမေရိကန်တွင် ၂၅ ရက် နေထိုင်လေ့လာခွင့်ရမည့် အစီအစဉ် မြန်မာလူငယ်များ လျှောက်ထားနိုင်

နေလင်းထွန်း

ရန်ကုန်၊ ဒီဇင်ဘာ-၈

အသက် ၁၅ နှစ်မှ ၁၇ နှစ်အရွယ် လူငယ်များနှင့် အလုပ်လုပ်ကိုင်နေသော လူမှုအဖွဲ့ခေါင်းဆောင်(သို့မဟုတ်) စာသင်ကြားနေသော ဆရာများအနေဖြင့် အရှေ့တောင်အာရှ လူငယ်ခေါင်းဆောင်မှုအစီအစဉ် South East Asia Youth Leadership Program (SEAYLP) အတွက် လျှောက်ထားနိုင်ကြောင်း အမေရိကန်သံရုံး ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

၄င်းအစီအစဉ်သည် ၂၀၁၂ ခုနှစ် ဧပြီလ ၁၀ ရက်မှ မေ ၄ ရက်ထိ အမေရိကန်နိုင်ငံတွင် ၂၅ ရက်ကြာနေထိုင်ရမည်ဖြစ်ပြီး ခေါင်းဆောင်မှုစွမ်းရည်များ မြှင့်တင်ခြင်းအစီအစဉ်ဖြစ်သည်။

ကျောင်းသားများအနေဖြင့် အသက် ၁၅ နှစ်မှ ၁၇ နှစ်အရွယ်အထက်တန်း(သို့မဟုတ်)တက္ကသိုလ်ပထမနှစ်တက်ရောက်ရန် လျှောက်ထားသူများဖြစ်ရမည်ဖြစ်ပြီး ကျောင်းစာသင်ခန်းနှင့် လူမှုပတ်ဝန်းကျင်တွင် ဦးဆောင်မှုစွမ်းရည်ရှိသူဖြစ်ရမည်ဖြစ်သည်။ ထို့ပြင် ပညာရေးမှတ်တမ်းကောင်းရှိရမည်ဖြစ်ပြီး ရင့်ကျက်မှု၊ ပွင့်လင်းမှုနှင့်လူမှုဆက်ဆံရေးကောင်းမွန်ရမည်ဖြစ်သည်။ အရွယ်ရောက်ပြီးသူများအနေဖြင့် စာသင်ကြားသော ဆရာ(သို့မဟုတ်)လူငယ်များနှင့် အလုပ်လုပ်ကိုင်နေသော လူမှုအဖွဲ့ခေါင်းဆောင်ဖြစ်၍ ခေါင်းဆောင်မှုစွမ်းရည်ပြသနိုင်ရမည်ဖြစ်သည်။ ထို့ပြင် လူငယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီအားပေးရန် စိတ်ဝင်စားရမည်ဖြစ်သည်။

အဆိုပါအစီအစဉ်အတွက် လျှောက်ထားလိုသူများအနေဖြင့် ၂၀၁၂ ဇန်နဝါရီလ ၂ ရက် နောက်ဆုံးထား၍ အမေရိကန်စင်တာတွင် အခမဲ့လျှောက်ထားနိုင်ကြောင်း သိရသည်။

## Free Classified ဝန်ထမ်းအလိုရှိသည် အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**

စက်ချုပ်ကျွမ်းကျင် - မ ၁၀ ဦး
ပိတ်စ/ညှပ်ကျွမ်းကျင် - မ ၃ ဦး

**ဖုန်း-၀၉-၇၃၀၁၇၅၀၇**

---

**ဝန်ထမ်းအလိုရှိသည်**

အမျိုးသမီးစက်ချုပ်ကျွမ်းကျင်နှင့် လက်ချုပ်ကျွမ်းကျင်။

**Made Moiselle Fashion**

**ဖုန်း-၂၁၁၃၈၉**

---

**အမြန်အလိုရှိသည်**

ကြီးကြပ်ရေး(တရုတ်ဘာသာ)-မ ၃ ဦး၊ စားပွဲထိုး-မ ၁၀ ဦး၊ Cashier - မ ၂ ဦး၊ လုံခြုံရေး - ကျား ၂ ဦး

**ဖုန်း-၅၄၂၉၅၄**

---

**ဝန်ထမ်းအလိုရှိသည်**

1. Accountant - F 1 Post
2. Translator - F 1 Post

GFT Enterprise Co., Ltd

**Room No.17, Micasa Hotel Apartments, Kaba Aye Pagoda Rd, Yankin T/S.**

---

**ဝန်ထမ်းအလိုရှိသည်**

(1) Database Administrator - 3 Posts
(2) Programmer - 5 Posts
(3) Project Manager - 1 Post
(4) Marketing Executive - 3 Posts

nwc@myanmar.com.mm

**Ph: 555918, 546340**

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

၁။ အမျိုးသမီးဆံပင်ညှပ်/ကောက် (ကျွမ်းကျင်) - မ ၅ ဦး၊ ၂။ ခေါင်းနှိပ်၊ လျှော်၊ မျက်နှာသစ် (ကျွမ်းကျင်) - မ ၅ ဦး၊ ၃။ ခြေသည်း/လက်သည်းပန်းချီ(ကျွမ်းကျင်) - မ ၃ ဦး။

**YOU & ME အလှပြင်ခန်းမ**

**ဖုန်း-၀၉-၇၃၀၉၆၅၇၂**

---

**ဝန်ထမ်းအလိုရှိသည်**

၁။ Japanese Language Instructor - ကျား/မ ၂ ဦး၊ ၂။ Office Staff - မ ၁ ဦး၊ ၃။ စားသောက်ကုန်လုပ်ငန်းအတွက် - ကျား ၂ ဦး၊ ၄။ ဆောက်လုပ်ရေးလုပ်ငန်းအတွက် - ကျား ၃ ဦး၊ ၅။ အလှကုန်လုပ်ငန်းအတွက် - ကျား ၁ ဦး။

Better Life Education & Career Supporting Centre

**ဖုန်း-၃၈၂၅၂၉**

---

**ဝန်ထမ်းအလိုရှိသည်**

စာရေးမ(ဘွဲ့ရ၊ ကွန်ပျူတာကျွမ်းကျင်၊ အသက် ၂၂မှ ၃၀နှစ်)

**ဖုန်း-၀၅၆-၂၁၈၆၇၊ ၀၁- ၂၁၈၆၈**

---

**ဝန်ထမ်းအလိုရှိသည်**

Account Executive - 1

F.H.C Co., Ltd

**ဖုန်း-၆၆၂၉၆၅**

---

**ဝန်ထမ်းအလိုရှိသည်**

(1) Graphic Designer - 2 Posts, (2) Web Designer - 5 Posts, (3) Marketing - 5 Posts

Design Printing Services

Email:dpsmap@gmail.com

**Ph: 204020, 245230**

---

**ဝန်ထမ်းအလိုရှိသည်**

အချိန်ပိုင်းစာရင်းကိုင် (LCCI Level III, Peachtree Accounting Software ကျွမ်းကျင်၊ စာရင်းကိုင်အတွေ့အကြုံရှိသူ)

**ဖုန်း-၀၉-၇၃၀၇၇၂၃၃**

---

**ဝန်ထမ်းအလိုရှိသည်**

Waiter - ကျား ၅ ဦး

Zawgyi House Cafe'

**ဖုန်း-၃၈၀၃၉၈၊ ၂၅၆၃၅၅ (လိုင်းခွဲ-၃၀၂၇)**

---

**ဝန်ထမ်းအလိုရှိသည်**

Team Supervisor - ကျား ၃ဦး၊ ရုံးဝန်ထမ်း - ကျား ၂ ဦး၊ အထွေထွေဝန်ထမ်း - ကျား ၅ ဦး

**ဖုန်း-၀၉-၇၃၀၂၇၇၃၃**

---

**ဝန်ထမ်းအလိုရှိသည်**

Japanese Language Instructor - 2 Posts

Better Life ACTY Co., Ltd

**ဖုန်း-၃၇၀၈၃၆ (လိုင်းခွဲ-၅၀၈)**

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

Air Con၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက် ကျွမ်းကျင်စွာ ပြုပြင်နိုင်သူဖြစ်ရမည်။

**ဖုန်း-၀၉-၅၀၉၅၉၁၆**

---

**ဝန်ထမ်းအလိုရှိသည်**

(1) Marketing Manager - M/F 1 Post, (2) Marketing Executive - M/F 3 Posts, (3) Marketing Assistant - M/F 3 Posts

**Email: psphyoo.phyoo@gmail.com, thureinwin89@ gmail.com**

---

**ဝန်ထမ်းအလိုရှိသည်**

၁။ Accountant - မ ၅ ဦး၊ ၂။ Promoter - မ ၁၀ ဦး၊ ၃။ Marketing - မ ၁၀ ဦး

CNC Men's Wear အထည်ဆိုင် တိုက်-၁၄၊အခန်း-၆၊စပယ်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

---

**ဝန်ထမ်းအလိုရှိသည်**

၁။ HR Manager - M/F 1 Post၊ ၂။ Assistant Production Manager - M 1 Post၊ ၃။ Supervisor (Production) - M/F 3 Posts၊ ၄။ Maintenance Technician - M 2 Posts၊ ၅။ Sales Girl - M/F 5 Posts၊ ၆။ Service Technician - M 2 Posts၊ ၇။ Store Keeper - M/F 3 Posts၊ ၈။ Driver - M 3 Posts

NIBBAN ELECTRIC & ELECTRONICS

**ဖုန်း-၃၈၉၅၂၃၊ ၅၈၅၁၀၃**

---

**ဝန်ထမ်းအလိုရှိသည်**

သန့်ရှင်းရေးနှင့် ဧည့်ကြို - ကျား ၁ ဦး

တက်နေဝန်းဧည့်ရိပ်သာ

အမှတ်(၄၀)၊ မြေညီ၊ ၂၁ လမ်း၊ လသာမြို့နယ်။

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7 DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011

## ဗန္ဓုလတံတားပေါ်တွင် ယာဉ်တိမ်းမှောက်မှုကြောင့် လူတစ်ဦးသေ၊ ၂၇ ဦးဒဏ်ရာရ

**သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၀**

မဟာဗန္ဓုလတံတားပေါ်တွင် ယခုလ ၇ ရက် မွန်းလွဲ ၃ နာရီခွဲအချိန်က ဘီအမ်ယာဉ်တစ်စီး တိမ်းမှောက်၍ ယာဉ်နောက်လိုက်တစ်ဦး သေဆုံးကာ ၂၇ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုဖြစ်သော ယာဉ်မှာ အရှေ့ပိုင်းခရိုင်ယာဉ်လိုင်းမှ ၈/၈၈၉၃ နံပါတ်ရှိသော ၁၈၉ ယာဉ်လိုင်းမှ ဘီအမ်ဖြစ်သည်။

၎င်းကားမှာ မဟာဗန္ဓုလတံတားပေါ်ရှိ ဗိုလ်တထောင်ရဲကင်း တံတားလုံခြုံရေးဂိတ်ရှေ့သို့အရောက် တစ်ဖက်ယာဉ်ကြောရောက်ရှိပြီး ယာဘက်သို့ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်ဟု အဆိုပါပုဂ္ဂိုလ်က ပြောသည်။

ထိုသို့တိမ်းမှောက်ခဲ့ခြင်းကြောင့် ယာဉ်နောက်လိုက်မှာ အခင်းဖြစ်ပွားရာနေရာတွင်ပင် သေဆုံးခဲ့ကာ၊ ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါသူ ခရီးသည်များမှာ ထိခိုက်ဒဏ်ရာရရှိမှုကြောင့် ရန်ကုန်ဆေးရုံကြီး၌ အတွင်းအပြင် လူနာများအဖြစ် ဆေးကုသမှုခံယူနေရကြောင်း သိရသည်။

## လမ်းဘေးတွင် လမ်းလျှောက်နေသူ နှစ်ဦးအား ခရီးသည်တင်ယာဉ် တိုက် တစ်ဦးသေ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ-၅**

အင်းစိန်မြို့နယ် ဘိုခြံမှတ်တိုင်အနီးတွင် မထသ(၄၄) ယာဉ်လိုင်းမှ ယာဉ်တစ်စီးက လမ်းဘေးလျှောက်နေသူနှစ်ဦးအားတိုက်မိ၍ တစ်ဦးသေဆုံးခဲ့သော ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

ဒီဇင်ဘာ ၃ ရက်နံနက် ၉ နာရီ မိနစ် ၅၀ အချိန်တွင် အောက်မင်္ဂလာဒုံလမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသော ၆ခ/၇၁၃၄ ဖူဆိုဘတ်စ်အနီ(၄၄) မထသ ယာဉ်တစ်စီးက ယာဘက်လမ်းစပ်မှ လမ်းလျှောက်သွားနေသူ ကိုလွမ်းယုနှင့် ကိုစန်းလွင်ဦးတို့ကို တိုက်မိခဲ့ခြင်းဖြစ်သည်။

"ယာဉ်မောင်းတွေက စည်းကမ်းမလိုက်နာဘဲ မောင်းချင်တိုင်းမောင်းတယ်။ ပြီးရင် တာဝန်မယူချင်ဘဲ ထွက်ပြေးကြတယ်။ အစကတည်းက ဆင်ခြင်သင့်တယ်။ ပြီးမှ ထွက်မပြေးသင့်ဘူး" ဟု ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယာဉ်တိုက်မှုကြောင့် ၂၉နှစ်အရွယ်ရှိ ကိုလွမ်းယုမှာ ရင်ဘတ်ဖူးရောင်၊ ယာဘက်ပေါင် စုတ်ပြဲဒဏ်ရာဖြင့် အင်းစိန်ဆေးရုံတွင် သေဆုံးခဲ့ပြီး ၃၆နှစ်အရွယ်ရှိ ကိုစန်းလွင်ဦးမှာ ဝဲဘက်ပခုံးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်နေခဲ့သော်လည်း ဒီဇင်ဘာ ၄ ရက် ၁၂ နာရီ ၁၀ မိနစ်တွင် အောင်ဆန်း အထက(၃) အင်းစိန်ကျောင်းရှေ့၌ ကားနှင့်အတူ ဖမ်းမိခဲ့သည်ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

## မီးဟုန်းဟုန်းတောက်တော့မည့် မြန်မာပြည် လက်ကမ်းစာစောင်မူရင်း ပို့ပေးသူအား စာမူခကျပ်သုံးသောင်းချီးမြှင့်

**ဥက္ကာကိုကို**

**ရန်ကုန်၊ ဒီဇင်ဘာ-၆**

ရှစ်လေးလုံး အရေးအခင်းအတွင်း ဖြန့်ဝေခဲ့သော လက်ကမ်းစာစောင်တစ်ခုအား မှတ်တမ်းအဖြစ် လိုအပ်သောကြောင့် လက်ဝယ်ရှိလျှင် ပေးပို့ပါရန် ပြည်ထောင်စု ရာထူးဝန်အဖွဲ့က နိုင်ငံပိုင်သတင်းစာများတွင် ကြေညာ၍ ရှာဖွေကာ ပေးပို့ခဲ့သူအား စာမူခချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

၁၉၈၈ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း ဖြန့်ဝေခဲ့သော ကလောင်အမည်(ဆရာဝန်တစ်ဦး)ရေးသားသည့် "မီးဟုန်းဟုန်းတောက်တော့မည့် မြန်မာပြည်" ဟူသည့် လက်ကမ်းစာစောင်ကို မှတ်တမ်းအဖြစ် လိုအပ်နေသောကြောင့် မိတ္တူလက်ဝယ်ရှိသူ ဆက်သွယ်ပေးပို့ပါရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာစာအမှတ် ၁/၂၀၁၁၊ ဒီဇင်ဘာ ၂ ရက် ရက်စွဲဖြင့် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာခဲ့သည်။ ထိုသို့ ကြေညာခဲ့ရာတွင် အဆိုပါ လက်ကမ်းစာစောင်ရှိသူအချို့က လက်ရေးဖြင့်လည်းကောင်း၊ မိတ္တူဖြင့်လည်းကောင်း ပေးပို့ခဲ့ကြပြီး မူရင်းလက်ကမ်းစာစောင်ကို ပေးပို့သူ အစိုးရဝန်ထမ်းတစ်ဦးအား စာမူခအဖြစ် ကျပ်သုံးသောင်းချီးမြှင့်ခဲ့ကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ညွှန်ကြားရေးမှူးဦးဝင်းမြင့်က 7Day News သို့ပြောသည်။

"သုံး၊ လေးဦးပို့ပါတယ်။ တစ်ယောက်ပဲ မူရင်းနဲ့ရတယ်။ တောင်ကြီးဘက်က အစိုးရဝန်ထမ်းတစ်ယောက်ပါ" ဟု ဦးဝင်းမြင့်ကဆိုသည်။

အဆိုပါ "မီးဟုန်းဟုန်းတောက်တော့မည့် မြန်မာပြည်" လက်ကမ်းစာစောင်ကို ဌာနတွင်း စာစောင်ထုတ်ဝေရာ၌ ထည့်သွင်းဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။










Education

7DAY NEWS JOURNAL

Vol.10, No.39 • DECEMBER 15, 2011

# ‘ပညာရေးကွန်ရက်ကျောင်းတွေမှာလာတက်တဲ့ကလေးတွေက တကယ်ဆင်းရဲနွမ်းပါးပြီး ဒုက္ခရောက်နေတဲ့ကလေးတွေပါ’

## အမေ့အိမ်ပညာရေး ကွန်ရက်မှ တာဝန်ရှိသူတစ်ဦးနှင့် တွေ့ဆုံခြင်း

**နေလင်းထွန်း**

ပညာသင်ကြားရန် အခက်အခဲရှိနေသော ကျောင်းသားများအတွက် အခမဲ့ပညာဒါနကျောင်းများ စုစည်းထားသည့် ပညာရေးကွန်ရက်ကို ဒေါ်အောင်ဆန်းစုကြည်၏ လမ်းညွှန်မှုဖြင့် ပြီးခဲ့သည့် တစ်နှစ်က စတင် ဆောင်ရွက်ခဲ့သည်။ အမေ့အိမ်ပညာရေးကွန်ရက်အဖြစ် လူသိများသော ကွန်ရက်သည် ယခုအခါပညာရေးလုပ်ငန်းများကို အရှိန်မြှင့် ဆောင်ရွက်လာလျက်ရှိရာ ၎င်းကွန်ရက်ကို ဦးဆောင်နေသည့် ကိုဖြိုးမင်းသိန်းနှင့် 7Day News က တွေ့ဆုံမေးမြန်းထားသည်မှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။



**ကော့မှူးမြို့နယ်ရှိ ပညာရေးကွန်ရက်ဝင် အမေ့အလင်းရောင်ပညာဒါနကျောင်းကို တွေ့ရစဉ်** ဓာတ်ပုံ-နေလင်းထွန်း

**ပညာရေး ကွန်ရက်ဖြစ်ပေါ်လာပုံကို သိလိုပါတယ်။**

ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာပြီးမှ ကလေးတွေရဲ့ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်တွေမှာ ဘယ်လိုပံ့ပိုးကူညီနိုင်မလဲ စဉ်းစားပြီး ပညာရေးကွန်ရက်ဖြစ်လာတာပါ။ အခုလောလောဆယ် ရန်ကုန်တိုင်းဒေသကြီးထဲမှာကျောင်းပေါင်း ၂၀လေ-၁က် ကွန်ရက်ထဲမှာရှိတယ်။ မြန်မာတစ်နိုင်ငံလုံး အခြေအနေနဲ့တော့ မဟုတ်ဘူးပေါ့။ ပညာရေးကွန်ရက်တစ်နှစ်ပြည့်တဲ့ အထိမ်းအမှတ်နဲ့ ယုဒသန်ရိပ်သာမှာ ဈေးရောင်းပွဲတော်လေးလုပ်ခဲ့ပါတယ်။

**ပညာရေးကွန်ရက်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနေနဲ့ ဆောင်ရွက်ထားတာလား။**

NLDက လုပ်တဲ့ပညာရေးကွန်ရက်ဆိုတာထက် ကွန်ရက်စနစ်နဲ့ ချိတ်တွဲထားတာပါ။ NLD ပါတီဝင်မဟုတ်တဲ့ သူတွေလည်း ပါဝင်နေကြပါတယ်။ ဒီကွန်ရက်က NLD ပါတီဝင်တွေရော၊ NLD ပါတီဝင်မဟုတ်ဘဲ တကယ်ပညာရေးအကျိုးပြုလုပ်ငန်းကို စိတ်ဝင်စားတဲ့သူတွေ ပေါင်းစပ်ထားတာပါ။

**ကွန်ရက်ဝင်ကျောင်းပေါင်း ဘယ်လောက်ရှိပါပြီလဲ၊ ဘယ်လိုကျောင်းတွေ ပါဝင်နေပါလဲ။**

ကွန်ရက်ကို ချိတ်တွဲထားတဲ့ကျောင်းတွေကတော့ ၆၀ လောက်ရှိတယ်။ ဒါပေမဲ့ ဒီထက်ပိုပြီး အစ်ကိုတို့ဆီကို ချိတ်တွဲလာတာရှိပါတယ်။ အခုရက်ပိုင်း အလုပ်တွေ တအားများနေတဲ့အတွက် မလုပ်ပေးနိုင်တာလေးတွေ ရှိတယ်။ အင်္ဂလိပ်စကားပြော သင်တန်းကျောင်း၊ ကိုးတန်း၊ ဆယ်တန်းကျူရှင်သင်တာမျိုးရှိတယ်။ ဗေဒါအင်စတီကျူ့ဆိုရင် ရန်ကုန်မှာ တစ်ကျောင်းရှိသလို မန္တလေးမှာ တစ်ကျောင်းရှိတယ်။ သူက နိုင်ငံရေးသိပ္ပံသင်တာပါ။ ကွန်ပျူတာသင်ပေးတဲ့ကျောင်းတွေပါတယ်။ မူလတန်းပညာ သင်ပေးတယ်။ တချို့က ၇ တန်း၊ ၈ တန်းထိ သင်ပေးနေတယ်။ အကုန်လုံးက ပညာဒါနသင်တန်းကျောင်းတွေပဲ။

စာ(၂၂)သို့

# ဩစတြေးလျကျောင်းသားဗီဇာကြေး လျှော့ချပေးတော့မည်ဟုဆို

**သီဟ၊ နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၈**

လာမည့် ၂၀၁၂ ဇန်နဝါရီမှစ၍ ဩစတြေးလျ လူဝင်မှုကြီးကြပ်ရေးမှ ကျောင်းသားဗီဇာများအား ၅ ရာခိုင်နှုန်းအထိ လျှော့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ဩစတြေးလျလူဝင်မှုကြီးကြပ်ရေးဌာနမှ ဗီဇာကြေးများနှင့်ပတ်သက်၍ ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ရာ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလမှစ၍ ကျောင်းသားဗီဇာအတွက် ဗီဇာကြေးများကို ၅ ရာခိုင်နှုန်း လျှော့ချပေးသွားမည်ဖြစ်ကြောင်းနှင့် အချို့သော Visa Application Charge (VAC) ဗီဇာလျှောက်ထားကြေးများကို ၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ဗီဇာကြေးများပြောင်းလဲရခြင်းသည် စီမံခန့်ခွဲမှုကုန်ကျစရိတ်များနှင့် ကောက်ခံသည့်ဗီဇာကြေးအရ လိုက်လျောညီထွေမှုရှိစေရန် ချိန်ညှိဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကျောင်းသားနှင့်အတူ လိုက်ပါမည့် မှီခိုသူများအတွက် ဗီဇာလျှောက်ထားစရိတ် ကုန်ကျမည် မဟုတ်သော်လည်း နောက်ပိုင်းတွင် အရွယ်ရောက်ပြီး ကျောင်းသားများ၏ မှီခိုသူများအတွက် တရားဝင်အချိန်ပိုင်းအလုပ်လုပ်ခွင့်ပေးသွားမည်ဖြစ်ပြီး ကျောင်းသားဗီဇာကြေး၏ ၇၅ ရာခိုင်နှုန်းပေးဆောင်သွားရမည်ဖြစ်သည်။ အရွယ်မရောက်သေးသည့် ကျောင်းသားများ၏ မှီခိုသူများအတွက် ၂၅ ရာခိုင်နှုန်းပေးဆောင်ရန် ချမှတ်ထားကြောင်း သိရသည်။

“အခုနှစ်ကုန်ပိုင်းမှာ ဩစတြေးလျကျောင်းသားဗီဇာလျှောက်ထားမှု၊ ကျောင်းပြီးချိန်မှာ အလုပ်အကိုင်ရှာဖွေနိုင်တဲ့ အခွင့်အရေးတွေနဲ့ပတ်သက်ပြီး ဖြေလျှော့မှုတွေ ဆက်တိုက်ပြုလုပ်လာခဲ့ပါတယ်။ ဒီအပြောင်းအလဲတွေက နိုင်ငံတကာ ပညာရေးဈေးကွက်မှာဩစတြေးလျနိုင်ငံကိုကျောင်းသားတွေအနေနဲ့ ပိုမိုဆွဲဆောင်မှုရှိလာနိုင်ပါတယ်”ဟု CROWN Education မှ ပညာရေးအတိုင်ပင်ခံ ဦးအောင်ကျော်ဆန်းက ပြောသည်။ ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက ဩစတြေးလျကျောင်းများအနေဖြင့် ပညာသင်ထောက်ပံ့ကြေးများ ပိုမိုကမ်းလှမ်းလာခဲ့ပြီး ကျောင်းများအနေဖြင့်လည်း ဈေးကွက်မြှင့်တင်ရေးများကို ပိုမိုလုပ်ဆောင်လာကြကြောင်း အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

# YIUS နှင့် Navitas ပူးပေါင်း၍ နိုင်ငံတကာအသိအမှတ်ပြုတက္ကသိုလ်အခြေခံအတန်းဖွင့်လှစ်မည်ဟုဆို

**သီဟ**

**ရန်ကုန်၊**

**ဒီဇင်ဘာ-၈**

နိုင်ငံတကာတွင်တက္ကသိုလ်အခြေခံအတန်းများဖွင့်လှစ်လျက်ရှိသည့် Navitas အဖွဲ့သည်မြန်မာနိုင်ငံမှ ပညာရေးအဖွဲ့တစ်ခုဖြစ်သည့် YIUS နှင့် ပူးပေါင်း၍မြန်မာနိုင်ငံတွင်နိုင်ငံတကာအသိအမှတ်ပြုတက္ကသိုလ် အခြေခံအတန်းကို လာမည့် ဇန်နဝါရီ ၂ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

Navitas အဖွဲ့သည် အမေရိကန်၊ ဗြိတိန်၊ ကနေဒါ၊ ဩစတြေးလျ အစရှိသည့် နိုင်ငံများမှ ပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တက္ကသိုလ်အခြေခံအတန်းများ ဖွင့်လှစ်ထားသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံတွင် ဖွင့်လှစ်မည့် နိုင်ငံတကာအသိအမှတ်ပြုတက္ကသိုလ်အခြေခံသင်တန်းသည် ရှစ်လကြာမြင့်မည်ဖြစ်ပြီး ပြီးဆုံးပါက Navitas နှင့်ချိတ်ဆက်ထားသည့် အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျ၊ စင်ကာပူ အစရှိသည့် နိုင်ငံများမှ တက္ကသိုလ်များသို့ ပထမနှစ်မှစတင်တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။




မြန်မာနိုင်ငံတွင်ဖွင့်လှစ်မည့် တက္ကသိုလ်အခြေခံသင်တန်းသည် အခြားနိုင်ငံများတွင် ဖွင့်လှစ်သည့်သင်တန်းများနည်းတူကျောင်းသားများ၏ ဝေဖန်ပိုင်းခြားနိုင်မည့် စွမ်းရည်ပိုမိုတိုးတက်လာစေရန် သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

KMD အထူးဈေးရောင်းပွဲ

၁၇-၁၂-၂၀၁၁(စနေနေ့) | ၉နာရီမှ ၅နာရီ | Strand Hotel

acer 4749Z
Intel Pentium B950(2.10GHz)
299,000/-

MacBook Pro (Special)
13-inch : 320GB (MC700ZA/A)
~~1,090,000~~ 930,000/-

လေလံအစီအစဉ်
(11:30am),(12:00),(12:30pm)
(2:00pm),(2:30pm), (4:00pm)
Notebook များကိုကြေငြာထားသော (၅)သောင်းကျပ်ဖြင့် သတ်မှတ်ထားသော အချိန်များတွင် လေလံစနစ်ဖြင့် ရောင်းချပေးသွားမည်။

ဖုန်း - ၃၈၅၁၇၇၊ ၂၄၅၁၈၀၊ ၃၈၅၈၇၇၊ ၅၀၃၅၁၁၊ ၅၀၃၅၂၂

HAPPY SALE
မိနိုက်ဈေး
(11:00am)
• P6200 Notebook : 160,000/-
• Canon Printer : 19,000/-
• 4GB Pendrive : 1,000/-
(1:00pm)
• 22" LED TV : 79,000/-
• M200 Speaker : 17,000/-
• 4GB Pendrive : 1,000/-
(3:00pm)- ??? (4:30pm) - ???

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (၁၉၉၆ - ၂၀၁၂) ကျောင်းသား/သူဟောင်းများ၏

အာစရိယပူဇော်ပွဲနှင့် ဆယ်နှစ်ပြည့် မိတ်ဆုံစားပွဲနှီးဆော်ချက်

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ ၁၉၉၆ တွင်စတင်ဝင်ရောက်ခဲ့သော ကျောင်းသား/သူဟောင်းများနှင့် ၂၀၀၂ ခုနှစ်တွင် ဘွဲ့ရကျောင်းသား/သူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် ကျောင်းဆင်းပြီး ဆယ်နှစ်ပြည့်မိတ်ဆုံစားပွဲကို ၁၃၊ ၁၊ ၂၀၁၂ (သောကြာနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မပျက်မကွက် (မပျက်မကွက်) တက်ရောက်ကြပါရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ပါရန် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်- ကိုအောင်ကိုလတ်-၀၉ ၄၃၀ ၁၇၆၆၇၊ ကိုဇော်မင်းနိုင်- ၀၉ ၄၃၀ ၉၅၇၉၆၊ ကိုအောင်ကျော်သူ- ၀၆၇ ၄၁၆၅၇၃၁၊ ကိုနေမျိုးညွန့်- ၀၉ ၇၃၉ ၀၂၄၁၃၊ မတီတီချို- ၀၉ ၄၃၁၁ ၄၄၅၄

Technology
7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011

# အာဆီယံဆိုင်ရာ အိုင်စီတီဆုများ ချီးမြှင့်မည်

ယုဇနကိုကို

**နေပြည်တော်၊ ဒီဇင်ဘာ- ၆**

အာဆီယံဆက်သွယ်ရေးဝန်ကြီးများပါဝင်သည့် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ အစည်းအဝေးနှစ်ရပ်ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန် ဗန်းရှင်းဗဟိုစင်တာ (MICC) တွင် ငါးရက်ဆက်တိုက် ကျင်းပပြီးနောက် အဓိကဆောင်ရွက်မည့် လုပ်ငန်းစဉ်ကြီးအချို့ ထွက်ပေါ်လာပြီဖြစ်သည်။

(၁၁) ကြိမ်မြောက် အာဆီယံ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့်(၁၂)ကြိမ်မြောက် အာဆီယံဆက်သွယ်ရေး၊သတင်းအချက်အလက်နှင့်နည်းပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (TELSOM)အစရှိသော အစည်းအဝေးနှစ်ရပ်ကို ကျင်းပပြီးစီးချိန်တွင် ထွက်ပေါ်လာခဲ့သည့် အဓိလုပ်ငန်းစဉ်ကြီးများအနက်အချို့မှာ ASEAN ICT Awards, ASEAN ICT Master Plan, Broadband Master Plan အစရှိသည်တို့ဖြစ်ကြောင်း အင်တာနက်သတင်းများအရ သိရသည်။

အာဆီယံအိုင်စီတီဆုများ (ASEAN ICT Awards) ရွေးချယ်မှုနှင့်ပတ်သက်သောဆုံးဖြတ်ချက်ကိုဒေသတွင်းဝန်ကြီးများ၏ ဆွေးနွေးပွဲများအပြီးတွင် အတည်ပြုခဲ့ခြင်းဖြစ်ပြီး ယင်းဆုများကိုလာမည့် ၂၀၁၂ တွင် စတင်ပေးအပ်သွားမည်ဟု သိရသည်။

ASEAN Master Plan တွင်မူ ဒေသတွင်းနိုင်ငံများ၏ သတင်းအချက်အလက်နှင့် နည်းပညာဆက်သွယ်မှုကွန်ရက်များ အလွယ်တကူချိတ်ဆက်နိုင်မှု၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ကာကွယ်မှုများ၊ အဖွဲ့ဝင်နှင့် ဆွေးနွေးဖက်နိုင်ငံများ အချင်းချင်း ဖြတ်ကျော်သုံးစွဲနိုင်မည့် နိုင်ငံတကာ တယ်လီဖုန်းသုံးစွဲနိုင်သည့်International Mobile Roaming System အစရှိသော ဆောင်ရွက်ချက်များကို လုပ်ဆောင်သွားမည်ဟု အထက်ပါသတင်းများတွင်ပင် ဖော်ပြပါရှိသည်။

Wireless Broadband Master Plan မှာမူမြန်မာနိုင်ငံအပါအဝင် အခြားသောအဖွဲ့ဝင်နိုင်ငံများ၏ အင်တာနက်ဆက်သွယ်မှုမြန်နှုန်း အဆင့်မြှင့်မှုများကိုအဓိကဆောင်ရွက်သွားမည်ဟု ဖော်ပြပါရှိသည်။

ထိုအစည်းအဝေးများသို့ အာဆီယံဒေသတွင်းနိုင်ငံများမှ ဆက်သွယ်ရေးဆိုင်ရာဝန်ကြီးများ၊ အဆင့်မြင့်အရာရှိများအပါအဝင် အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများဖြစ်သော တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယနှင့် အီးယူနိုင်ငံများမှ တာဝန်ရှိသူများနှင့် ITU (International Telecom Union) တို့မှ အဓိက တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။


ဆွေးနွေးပွဲများတွင် ဒေသတွင်းနိုင်ငံများ၏ အိုင်စီတီ ကဏ္ဍများပိုမိုဖွံ့ဖြိုးလာစေရေးနှင့် အနောက်ဥရောပနိုင်ငံများနှင့်ပါ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအကြောင်းကို ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

ယခုနေပြည်တော်ခရိုင်အတွင်း ကျင်းပခဲ့သည့် အထက်ပါ ဆက်သွယ်ရေး၊ သတင်းအချက်အလက်ဆိုင်ရာ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ယခုနှစ်အတွက် မြန်မာနိုင်ငံကအိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ခြင်းဖြစ်ကာ ပြီးခဲ့သည့်နှစ်အတွက် အစည်းအဝေးကို မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

# အင်တာနက်မြန်နှုန်းမြင့်ရန် အာဆီယံနှင့် အိုင်တီယူ ပူးပေါင်းဆောင်ရွက်မည်

ယုဇနကိုကို

**နေပြည်တော်၊ ဒီဇင်ဘာ- ၉**




မြန်မာနိုင်ငံအပါအဝင် အာဆီယံဒေသတွင်းနိုင်ငံများတွင် အင်တာနက်အမြန်နှုန်းများကို အဆင့်မြှင့်တင်ခြင်းများပြုလုပ်နိုင်ရန်အတွက် အာဆီယံနှင့် အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် (ITU-International Telecom Union)တို့ပူးပေါင်းပြီး Wireless Broadband Master Plan ကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ပြောကြားသည်။

ယခုလ ၉ ရက်က နေပြည်တော်ခရိုင်တွင်ပြုလုပ်ခဲ့သည့် အာဆီယံဆက်သွယ်ရေးဝန်ကြီးများဆိုင်ရာအစည်းအဝေးပွဲ၏သတင်းစာရှင်းလင်းပွဲတွင် 7Day News ၏ မေးမြန်းချက်ကိုပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်းပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ လက်ရှိအင်တာနက် အမြန်နှုန်းအခြေအနေများကို တိုးတက်ပြောင်းလဲမှုများဖြစ်လာရန် ဆောင်ရွက်တော့မည်ဖြစ်သဖြင့် ယခုကဲ့သို့ ITU အပါအဝင် အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများ၏ အင်တာနက်ဆက်သွယ်မှုမြန်နှုန်းများကို အဆင့်မြှင့်တင်ရန်အတွက် ဆောင်ရွက်ရာတွင်ပြည်တွင်းမီဒီယာများအတွက် အသုံးတည့်စေမည့် အင်တာနက် ဆက်သွယ်ရေးဆိုင်ရာ Application များကိုပါအသုံးပြုလာနိုင်စေရန် ဆောင်ရွက်ပေးသွားမည်ဟုသိရသည်။

အာဆီယံနှင့် ITU တို့ပူးပေါင်းဆောင်ရွက်မည့် Wireless Broadband Master Plan အရ ပြည်တွင်းတွင် လိုအပ်နေသည့် နည်းပညာများ၊အခြေခံအဆောက်အအုံများကို သက်ဆိုင်ရာဝန်ကြီးဌာနမှ စိစစ်ဆောင်ရွက်ဖြည့်ဆည်းသွားမည်ဖြစ်ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။

# ဂျပန်ကားကုမဏီတစ်ခု၏ လေလံဝက်ဘ်ဆိုက်တွင် မြန်မာဘာသာဖြင့် စတင်ဖော်ပြ

ယုဇနကိုကို

**ရန်ကုန်၊ ဒီဇင်ဘာ-၁၀**

ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် တည်ထောင်ထားသည့် နိုင်ငံတကာသို့ ကားတင်ပို့ခြင်းလုပ်ငန်းကို ဝန်ဆောင်မှုပေးနေသော (ဂျပန်) ကုမ္ပဏီတစ်ခုကလွှင့်တင်ထားသည့် လေလံဝက်ဘ်ဆိုက်တစ်ခုတွင် မြန်မာဘာသာကို ဖြည့်စွက်ထည့်သွင်းလိုက်ပြီဖြစ်သည်။




JPC TRADE Co.,Ltd အမည်ရ အဆိုပါကားတင်ပို့သည့် ကုမ္ပဏီအနေဖြင့် ယခုကဲ့သို့ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းအသုံးပြုဝက်ဘ်ဆိုက်တွင် မြန်မာဘာသာ ထည့်သွင်းလိုက်ရခြင်းမှာ မြန်မာအစိုးရသစ်က မော်တော်ယာဉ်ကားဟောင်းများကို ကားသစ်များဖြင့် လဲလှယ်ပေးနေခြင်းကြောင့်ဖြစ်ကြောင်း ယင်းဝက်ဘ်ဆိုက်ကို ယခင်ကတည်းကသုံးစွဲခဲ့ဖူးသော ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်အချို့ထံမှသိရသည်။

စာ(၃၄)သို့















7 DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011

# အိုင်စီတီကဏ္ဍတိုးတက်ရန် အဓိကထားဆောင်ရွက်မည်

ယုဇနကိုကို

**နေပြည်တော်၊ ဒီဇင်ဘာ-၈**

အာဆီယံဉက္ကဋ္ဌအဖြစ် ၂၀၁၄ ခုနှစ်တွင် တာဝန်ယူရတော့မည့် မြန်မာနိုင်ငံအနေဖြင့် ယင်းတာဝန်နှင့်ပတ်သက်ဆက်နွယ်နေသည့် လုပ်ငန်းစဉ်များအားလုံးတွင် အိုင်စီတီကဏ္ဍကို အဓိကထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတဦးသိန်းစိန်ကပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတအနေဖြင့် အထက်ပါပြောကြားချက်ကို ယခုလ ၈ ရက်တွင် နေပြည်တော်ခရိုင်အတွင်း ပြုလုပ်ခဲ့သည့် ၁၁ ကြိမ်မြောက် အာဆီယံသတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေးဖွင့်ပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ၂၀၁၄ အတွက် အာဆီယံ၏အလှည့်ကျဉက္ကဋ္ဌအဖြစ်တာဝန်ယူရန်အတွက် နိုဝင်ဘာလအတွင်း ပြုလုပ်ခဲ့သော ဘာလီအာဆီယံထိပ်သီးအစည်းအဝေးတွင် အတည်ပြုခဲ့ပြီးဖြစ်သည်။

ထို့ကြောင့် အဆိုပါတာဝန်ယူမှုနှင့်ပတ်သက်၍ လာမည့်လုပ်ငန်းဆိုင်ရာများ အားလုံးကို ဆောင်ရွက်ရာတွင် အိုင်စီတီအခန်းကဏ္ဍကို မဖြစ်မနေအဓိကထည့်သွင်း အသုံးပြုသွားရမည်ဟု ဆိုလိုခြင်းဖြစ်ကြောင်း ထိုအစည်းအဝေးဖွင့်ပွဲသို့ တက်ရောက်ခဲ့ကြသည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တာဝန်ရှိသူများကပြောသည်။

ထို့အပြင် နိုင်ငံတော်သမ္မတက အဆိုပါဖွင့်ပွဲအခမ်းအနားတွင် ၎င်းတို့အစိုးရသစ်လက်ထက်တွင် ကျေးလက်နေပြည်သူများအထိ အိုင်စီတီနည်းပညာများ ကျယ်ပြန့်စွာပျံ့နှံ့စေရေးနှင့် မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ အပါအဝင်အခြားသောစီးပွားရေးလုပ်ငန်းများအားလုံးတွင် အိုင်စီတီကို မဖြစ်မနေထည့်သွင်းအသုံးပြုရမည်ဟု ဆက်လက်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ယခုအစိုးရတက်လာပြီးနောက်ပိုင်းတွင် အာဆီယံအဆင့်နှင့် နိုင်ငံတကာအဆင့် အစည်းအဝေးများ၊ ပြိုင်ပွဲများ၊ လုပ်ငန်းဆိုင်ရာတာဝန်များကိုပိုမိုဆောင်ရွက်လာရတော့မည်ဖြစ်သဖြင့် ပြည်တွင်း၏အင်တာနက်မြန်နှုန်းအခြေအနေများနှင့် အိုင်စီတီကဏ္ဍကို မဖြစ်မနေတိုးမြှင့်ရန် လိုအပ်လာပြီဖြစ်ကြောင်း ကွန်ပျူတာပညာရှင်အချို့နှင့် လုပ်ငန်းရှင်များက သုံးသပ်ကြသည်။

## စာ(၂၃) - ဂျပန်ကားကုမ္ပဏီတစ်ခု၏ လေလံဝက်ဘ်ဆိုက်တွင် မြန်မာဘာသာဖြင့် စတင်ဖော်ပြ မှ

www.jpctrade.com အမည်ရအဆိုပါကားလေလံဝက်ဘ်ဆိုက်တွင် ကားလေလံများတင်သွင်းရာ၌ အဓိကထည့်သွင်းစဉ်းစားရမည့် အချက်အလက်၊ ကားလေလံနှင့် ယာဉ်စစ်ချက်၊ ဝယ်ယူရန်နည်းလမ်း အစရှိသည့်ကဏ္ဍများအပြင် အခြားသောမော်တော်ယာဉ်တင်သွင်းခြင်း၊ လေလံဆွဲခြင်းများကို မြန်မာဘာသာဖြင့် ကြည့်ရှုနိုင်ပြီး စိတ်ဝင်စားသူ ပြည်တွင်းရှိမော်တော်ယာဉ်ပိုင်ရှင်များ၊ လုပ်ငန်းရှင်များအနေဖြင့် အဆိုပါကုမ္ပဏီနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ဖော်ပြထားသည်။

JPC TRADE Co.,Ltd သည် တိုကျိုမြို့တွင် အခြေစိုက်ထားပြီး ထိုမြို့နှင့်မဝေးသော ဘူတာ၌ တည်ရှိကာကားလေလံဆွဲခြင်းများ၊ ကားဖြန့်ဖြူးဝယ်ယူလိုသူများ၊ တင်သွင်းလိုသူများ၊ သင်္ဘောတင်ပို့မှုဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်လိုသူများ အတွက် အဓိကဝန်ဆောင်မှုပေးနေခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာဘာသာဖြင့် စတင်အသုံးပြုနိုင်ပြီဖြစ်သည့် အဆိုပါဂျပန်ကားတင်ပို့သည့် ကုမ္ပဏီ၏ ဝက်ဘ်ဆိုက်တွင်အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာနှင့် ကိုရီးယားဘာသာအပြင် အခြားသောဘာသာစကားနှစ်မျိုးနှင့်ပါ အသုံးပြုနိုင်သည်။

မြန်မာဘာသာဖြင့် ဖော်ပြပါရှိထားသည့် www.jpctrade.com ဝက်ဘ်ဆိုက်တွင်ကုမ္ပဏီအနေဖြင့် နိုင်ငံတကာရှိ မော်တော်ယာဉ်လုပ်ငန်းရှင်များ၊ ဝယ်ယူလိုသူများနှင့် အဖွဲ့အစည်းများကို ယခုဝက်ဘ်ဆိုက်မှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရန်ဖိတ်ခေါ်ထားပြီး ဂျပန်ကားလေလံဈေးကွက်အတွင်း ပါဝင်နိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့်ကားများကို မည်သည့်နိုင်ငံမှမဆို သင့်တင့်စွာဝယ်ယူနိုင်ရန် ဆောင်ရွက်ပေးမည်ဟု ဖော်ပြထားသည်။

ယခုကဲ့သို့ ပြည်ပနိုင်ငံရှိကုမ္ပဏီတစ်ခုမှ ၎င်းတို့ကုမ္ပဏီပိုင်အင်တာနက်စာမျက်နှာပေါ်တွင် နိုင်ငံတကာ ဘာသာစကားများထည့်သွင်းရာ၌မြန်မာဘာသာကို ထည့်သွင်းဖော်ပြလာခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်နိုင်ကြောင်းနှင့် ပြည်တွင်းမှ မော်တော်ယာဉ်လုပ်ငန်းနှင့် နီးစပ်လာသူများ သာထိုဂျပန်ကုမ္ပဏီနှင့် ပူးပေါင်းကာဆောင်ရွက်ပေးခြင်းဖြစ်နိုင်ကြောင်း ပြည်တွင်းကွန်ပျူတာပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.39 • DECEMBER 15, 2011

# နိုင်ငံရေးတွေ ပါမလာနဲ့ ... တဲ့

ထွန်းစန်း



အဲဒီစကား ကြားလိုက်ရရင် ကျွန်တော့်ရင်ထဲမကောင်းဘူးဖြစ်ဖြစ်သွားတယ်။ ဘယ်အချိန်လောက်ကစပြီး ဒီစကားကို စတင်သုံးစွဲခဲ့ကြသလဲဆိုတာတိတိကျကျ မသိဘူး။ သေချာတာကတော့ ရှစ်လေးလုံးအရေးတော်ပုံနောက်ပိုင်း လူငယ်တွေ ပါးစပ်ဖျားမှာ တွင်တွင်ကျယ်ကျယ်သုံးစွဲလာကြတယ်ဆိုတာပဲ။ ဒီစကားကို ဆန့်ကျင်ဘက်လိင်ကိစ္စတွေနဲ့ပတ်သက်ပြီး တစ်ဦးနဲ့တစ်ဦးနောက်ပြောင်ပြောဆိုရာမှာ လူငယ်တွေသုံးနှုန်းကြတာပါ။ ဆိုလိုတာက နိုင်ငံရေးဆိုတာ ညစ်ပတ်တယ်။ ဒါကြောင့် “မညစ်ပတ်နဲ့” လို့တိုက်ရိုက်မပြောဘဲ “နိုင်ငံရေးတွေပါမလာနဲ့”လို့ သွယ်ဝိုက်ပြီး ပြောဆိုကြခြင်းပါ။

အနှစ် ၂၀ ကျော်လာပေမယ့် ဒီအသုံးအနှုန်း(နိုင်ငံရေးတွေ ပါမလာနဲ့) ဟာ ပျောက်ပျက်မသွားတဲ့အပြင် မျိုးဆက်သစ်လူငယ်တွေ ပါးစပ်ဖျားမှာ ခံတွင်းလိုက်လို့နေတယ်။ ဘယ်လိုသဘောနဲ့ပဲပြောပြော နိုင်ငံရေးဆိုတာ တစ်မျိုးသားလုံးနဲ့ ဆိုင်တဲ့အတည်ကိစ္စပါ။ နောက်ပြောင်ရမယ့်ကိစ္စမဟုတ်ပါဘူး။ စပ်ဖြဲဖြဲကိစ္စမဟုတ်ပါဘူး။ နိုင်ငံရေးကို ဆန့်ကျင်ဘက်လိင်ကိစ္စနဲ့ ရောထွေးပြီး ပြောတာဟာ ရှေ့သွားပုဂ္ဂိုလ်ကျော်တွေ၊ လက်ရှိလုပ်ကိုင်နေတဲ့ နိုင်ငံရေးခေါင်းဆောင်တွေ၊ နိုင်ငံရေးသမားတွေကိုကရော်ကမည်ပြုရာကျပါတယ်။ စော်ကားရာကျပါတယ်။ ဒါကြောင့် ကိုယ်ပြောတဲ့ စကား ဘယ်အထိရောက်သွားတယ်ဆိုတာ ဆန်းစစ်ကြဖို့ပါပဲ။

တကယ်လို့များ “နိုင်ငံရေးဆိုတာဘာလဲ”လို့သေသေချာချာ သဘောပေါက်ကြရင် ဒီလို (နိုင်ငံရေးတွေ ပါမလာနဲ့) စကားမျိုးကို ဆန့်ကျင်ဘက်လိင်ကိစ္စတွေအတွက် သုံးဝံ့ကြလိမ့်မယ် မထင်ဘူး။

အခုတော့ ကိုယ်စီးတဲ့မြင်းအထီးမှန်းမသိ၊ အမမှန်းမသိနဲ့ ပြောလိုက်ကြတာ ဝက်ဝက်ကွဲလို့၊ သောသောကိုညံလို့။ အဆိုးဆုံးက ပညာတတ်ဉာဏ်နည်းတွေရဲ့ ပါးစပ်ဖျားမှာ အဲဒီစကားကရေပန်းစားနေတာ။ မြန်မာနိုင်ငံဖြတ်သန်းခဲ့ရတဲ့ ခေတ်ကာလအများစုရဲ့ အုပ်ချုပ်မှု ပုံစံကြောင့် ပြည်သူတွေ နိုင်ငံရေးနှင့်ပတ်သက်လာလျှင် ဝေးဝေးနေလိုတာကို နားလည်ပါသည်။ နိုင်ငံရေးဝါသနာပါ၊ စိတ်အားထက်သန်လွန်း၍ ကိုယ်တိုင်လှုပ်ရှားသူများ၏ အဖြစ်အပျက်များက ရှိနေသည်ကို။

တကယ်တော့ နိုင်ငံရေးဆိုတာ အင်မတန်ဖြူစင်သန့်ရှင်းတဲ့အရာပါ။ ဒါကို ဗိုလ်ချုပ်အောင်ဆန်းက “အချို့က နိုင်ငံရေးသည် ယုတ်မာညစ်ထေးသည်ဟု ဆိုကြသည်။ စင်စစ်နိုင်ငံရေးသည် ယုတ်မာညစ်ထေးသည် မဟုတ်။ နိုင်ငံရေးကို ယုတ်မာညစ်ထေးအောင်လုပ်ဆောင်သူတို့သာလျှင် ယုတ်မာညစ်ထေးခြင်းဖြစ်၏”လို့ မိန့်ဆိုခဲ့ပါတယ်။ ဒါလောက်ဆို နိုင်ငံရေးက ညစ်ပတ်တာလား။ နိုင်ငံရေးလုပ်သူ တချို့က ညစ်ပတ်တာလား ဆိုတာကို သဘောပေါက်ကြမှာပါ။

တချို့ဆိုရင် “ကျွန်တော်၊ ကျွန်မတို့ နိုင်ငံရေးကို စိတ်မဝင်စားပါဘူး”လို့ ပြောင်ပြောင်တင်းတင်းဆိုကြတယ်။ အဲသလို ပြောသူတွေထဲမှာ တိုင်းသိ၊ ပြည်သိ အနုပညာရှင်တွေလည်း ပါတယ်။ တကယ်ပဲ နိုင်ငံရေးကို စိတ်မဝင်စားကြတာလား။ နိုင်ငံရေးကိုစိတ်ဝင်စားရင် ပြဿနာတစ်ခုခုဖြစ်သွားနိုင်တယ်လို့ထင်မှတ်ထားကြလို့လား။ နိုင်ငံရေးကို စိတ်မဝင်စားရင် အခွင့်အရေးတစ်ခုခု ရမယ်ထင်ထားကြလို့လား မသိ။ ခက်တာက သူတို့ပါသာမက နောက် မျိုးဆက်သစ်တွေပါ နိုင်ငံရေးဆိုတာ စိတ်ဝင်စားသင့်တဲ့ အရာမဟုတ်ဘူးလို့ နားလည်မှုလွဲသွားကြရင် ကျွန်တော်တို့ တိုင်းပြည်ရဲ့ အနာဂတ်ဟာလည်း စိတ်ဝင်စားစရာကောင်းတော့မှာ မဟုတ်ပါဘူး။

ထို့အပြင် နိုင်ငံရေးအပေါ် လူအများစု၏ အဓိပ္ပာယ်ဖွင့်ကြပုံနှင့်ပတ်သက်၍ဆွေးနွေးလိုပါတယ်။ နိုင်ငံရေးကို နိုင်ငံတစ်နိုင်ငံလုံးရှိ နိုင်ငံသားတိုင်း၏ အရေးလို့ ထင်ပါတယ်။ ထိုနိုင်ငံသားအားလုံး၏ စား၊ ဝတ်၊ နေရေးတို့မှာ နိုင်ငံရေးပင် မဟုတ်လား။ နိုင်ငံရေးစိတ်မဝင်စားဘူးဆိုလျှင် ထိုအရေးများကိုလည်း စိတ်မဝင်စားသလိုဖြစ်မည် မဟုတ်လား။

တကယ်တော့ နိုင်ငံရေးဆိုတာ လူတိုင်းစိတ်ဝင်စားသင့်တဲ့ အရာပါ။ ဒါကို အရစ္စတိုတယ်က “လူသည် နိုင်ငံရေးသတ္တဝါဖြစ်သည်။ နိုင်ငံရေးကို စိတ်မဝင်စားသော သူသည် နတ်သော်လည်းကောင်း၊ နွားသော်လည်းကောင်း၊ ဖြစ်ရမည်။ လူမဟုတ်နိုင်”လို့ရေးသားခဲ့ပါတယ်။ ဒီစကားအရဆိုလျှင် နိုင်ငံရေးကို စိတ်မဝင်စားကြတဲ့ သူတချို့ဟာ နတ်၊ ဒါမှမဟုတ် နွားများဖြစ်နေကြပြီလား ဆိုတာ ဆန်းစစ်သင့်ကြပါတယ်။

တချို့ကလည်း “နိုင်ငံရေးမလုပ်ပါဘူး။ နိုင်ငံရေးကင်းရှင်းပါတယ်”လို့ ကြောက်ရွံ့သံတစ်ဝက် ရောစွက်တဲ့လေသံနဲ့ ပြောကြသေးတယ်။ တကယ်ပဲ နိုင်ငံရေးမလုပ်ချင်ကြတာလား။ နိုင်ငံရေးမလုပ်ရဲကြတာလား။ နိုင်ငံရေးနဲ့တကယ်ပဲ ကင်းရှင်းကြလို့လား။ နိုင်ငံရေးလုပ်တယ်ဆိုတာ အထက်တန်းမကျသူတွေရဲ့ အလုပ်လို့များထင်ထားကြလို့လား။ မရှိတော့ပြီဖြစ်တဲ့ ဆရာဇန်းမော်တင်အောင်က သူ့ရဲ့ မြစ်ရေပေါ်ဝယ် ဝတ္ထုထဲမှာ “နိုင်ငံရေးဆိုတာ ဘုရား၊ ရဟန္တာစိတ်ရှိတဲ့သူတွေပဲ လုပ်နိုင်တာပါ”တဲ့။ ဗိုလ်ချုပ်အောင်ဆန်းကတော့ “နိုင်ငံရေး၏ သဘောအမှန်မှာ ကျွန်ုပ်တို့ လူသားတို့နှင့် မတန်မရာ မြင့်မြတ်လွန်းသည်လည်း မဟုတ်၊ နိမ့်ကျလွန်းသည်လည်း မဟုတ်၊ ဘယ်သူသေသေ ငတေမာ စိတ်ဇောနှင့် လုပ်ရသော အရေးကိစ္စလည်းမဟုတ်၊ နိုင်ငံရေးဆိုသည်မှာ အကျွန်ုပ်တို့ လူ့လောကတွင် နေ့စဉ်နှင့်အမျှကြုံတွေ့နေရသော ကိစ္စပင်ဖြစ်သည်”

“တစ်နည်းအားဖြင့်ဆိုသော် နိုင်ငံရေးဆိုသည်မှာ လူ့ကိစ္စဟု ဆိုရပေမည်။ သူတို့၏ စားမှု၊ သောက်မှု၊ နေမှု၊ ထိုင်မှု၊ သွားမှု၊ လာမှု အစုစုတို့သည် နိုင်ငံရေးပင်ဖြစ်သည်။ (တောသူ၊ တောင်သားတို့ လယ်ထွန်ပျိုးကြဲ၊ ကောက်စိုက်၊ နွားကျောင်းအလုပ်သည်နိုင်ငံရေးဖြစ်၏။ ကုန်သည်ပွဲစားတို့ရောင်းရေး၊ ဝယ်ရေးအလုပ်သည် နိုင်ငံရေးဖြစ်၏။ လခစားဝန်ထမ်းတို့ နိုင်ငံ၏တာဝန်ကိုထမ်းရွက်နေကြခြင်းသည်နိုင်ငံရေးဖြစ်၏။ အခြားလူတန်းစား အလွှာအသီးသီး မိမိတို့ ဆိုင်ရာဆိုင်ရာ အလုပ်တို့ကိုလုပ်ကိုင်နေကြခြင်းသည် နိုင်ငံရေးပင်ဖြစ်သည်)”

“မိမိတို့သည် နိုင်ငံရေးကို မတွေးတောမဆင်ခြင်မိစေကာမူ နိုင်ငံရေးသည် အမြဲတစေ မိမိတို့နှင့် ဆက်သွယ်နေ၏။ မိမိတို့သည် နိုင်ငံရေးကို ရှောင်ရှားစေကာမူ နိုင်ငံရေးသည် မိမိတို့အိမ်၊ ရုံး၊ အလုပ်ရုံစသည်တို့၌ ပေါ်ပေါက်လျက်ရှိ၏။ ဤဌာနများ၌ မိမိတို့သည် နေ့စဉ်နှင့်အမျှ နိုင်ငံရေးကိုလုပ်နေကြရပေမည်။ နိုင်ငံရေးသည် လူမှုရေးမျှသာဖြစ်၏။ နိုင်ငံရေးကို အကျွန်ုပ်တို့ နားမလည်နိုင်စရာ အကြောင်းမရှိ”လို့ အကျယ်တဝင့်ရှင်းပြသွားတယ်။

ဒီ့ထက်ကျယ်ကျယ် ပြန့်ပြန့် ပိုသိချင်ရင် နိုင်ငံရေးနဲ့သက်ဆိုင်တဲ့ စာအုပ်တွေ ဖတ်ကြပါလို့ပဲ တိုက်တွန်းချင်ပါတယ်။ စကားကြုံလို့ပြောရရင် ကျွန်တော်တို့လူငယ်ဘဝက နိုင်ငံရေးစာအုပ်ကောင်းတွေ ရှာရခက်တယ်။ တချို့ နိုင်ငံရေးစာအုပ်တွေဆိုရင် ခိုးကြောင်ခိုးဝှက် ဖတ်ခဲ့ရတယ်။ ဒီဘက်ခေတ်မှာတော့ အလွယ်တကူဖတ်ခွင့်ရနေပါပြီ။ ဒီတော့ ကိုယ့်ဘက်က အားစိုက်ဖို့ပဲ လိုတော့တယ်။ ဥစ္စာရှင်လို ဥစ္စာခဲရမယ် မဟုတ်လား။ ဒီလိုမဟုတ်ဘဲ သံယောင်လိုက်နေကြမယ်ဆိုရင် ကမ္ဘာပြားအသင်းဝင်တွေ ဖြစ်သွားပါလိမ့်မယ်။

(ဂယ်လီလီယိုတို့ ခေတ်ကထဲက သိပ္ပံပညာရှင်တွေဟာ ကမ္ဘာကြီးလုံးဝန်းကြောင်းကို သက်သေသာဓကနှင့် ယုတ္တိရှိရှိ တင်ပြခဲ့ကြတယ်။ ဒါကို တစ်ကမ္ဘာလုံးကလည်း လက်ခံကြတယ်။ ထုံးစံအတိုင်း ကမ္ဘာကြီးလုံးတယ်ဆိုတာကို လက်မခံကြတဲ့ (တကယ့်ကို) လူနည်းစုလည်း ရှိခဲ့တယ်။ အဲဒီလူနည်းစုက အင်္ဂလန်မှာ ကမ္ဘာပြားအသင်းထူထောင်ပြီး ကမ္ဘာကြီးလုံးဝန်းတယ်ဆိုတာကို ငြင်းဆိုကြတယ်)

နိုင်ငံရေးဟာ နိုင်ငံသားတိုင်း စိတ်ဝင်စားရမယ့်အရာ၊ ပါဝင်ဆင်နွှဲရမယ့်ကိစ္စလို့ လက်ရှိနိုင်ငံ့ ခေါင်းဆောင်များက မကြာခဏ ပြောဆိုကြချိန်မှာ နိုင်ငံသားတချို့က “နိုင်ငံရေးတွေ ပါမလာနဲ့” “နိုင်ငံရေးတွေ ပါမလာနဲ့”လို့ ပြောနေကြဦးမယ်ဆိုရင်ဖြင့် ကမ္ဘာပြားအသင်းဝင်တွေထက်တောင် အခြေအနေဆိုးသူတွေ ရှိပါသေးလားလို့ ‘ဩ’ ချယူရုံကလွဲပြီး အခြားပြောစရာမရှိတော့ပါဘူး။ ။

## တင်ထုတ်အုပ်စုတွင် ကျန်သော ဘာသာရပ်အမျိုးအစား သုံးမျိုးရှိ

**သီဟ**

**ရန်ကုန်၊ဒီဇင်ဘာ -၆**

စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနတင်ပြပြီးမှထုတ်ဝေခွင့်(တင်ထုတ်) ရသော အုပ်စု(၂) တွင် ကျန်ရှိခဲ့သည့်သတင်း၊ဘာသာရေး(ဂမ္ဘီရအပါအဝင်)၊နိုင်ငံရေး အစရှိသည့် ဘာသာရပ်များအား မကြာမီပေါ်ပေါက်လာမည့်ပုံနှိပ်မီဒီယာဥပဒေနှင့်အညီ သဟဇာတညီညွတ်ရှိစေရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးမြင့်မောင်က ပြောကြားသည်။

ဦးမျိုးမြင့်မောင်က ယနေ့ပြုလုပ်သည့် အုပ်စု၂တွင်ရှိသည့် စီးပွားရေးနှင့် မှုခင်းဥပဒေဆိုင်ရာ ဂျာနယ်မဂ္ဂဇင်းများအား စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန တင်ပြမှုမှကင်းလွတ်ခြင်းဆိုင်ရာ အစည်းအဝေးတွင်အထက်ပါအတိုင်းပြောကြားသွားခြင်းဖြစ်သည်။

ဇွန် ၁၀ ရက်က အနုပညာ သုတရသ၊ကျန်းမာရေး၊ ကလေး၊ နည်းပညာ၊ အားကစား အစရှိသည့် ဘာသာရပ်များမှ ဂျာနယ်မဂ္ဂဇင်းများအား စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန တင်ပြခြင်းမှ ကင်းလွတ်ခွင့်ပြုခဲ့ပြီး ယခု ခြောက်လကြာမြင့်သည့် ဒီဇင်ဘာ၉ရက်တွင် စီးပွားရေး၊ မှုခင်းနှင့်ဥပဒေဆိုင်ရာ ဂျာနယ်မဂ္ဂဇင်းများအား စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနတင်ပြခြင်းမှကင်းလွတ်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနတင်ပြခြင်းမှ ကင်းလွတ်ခွင့်ရသည့် ဂျာနယ်မဂ္ဂဇင်းများအား ထုတ်ဝေသူများနှင့် အယ်ဒီတာများကိုယ်တိုင် စိစစ်ဖြတ်တောက်၍ ထုတ်ဝေရခြင်းဖြစ်ပြီး ထုတ်ဝေပြီး ဂျာနယ်မဂ္ဂဇင်းများအား စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနသို့ တင်ပြရခြင်းဖြစ်သည်။

ထိုသို့ထုတ်ဝေရာတွင်စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနမှ ခွင့်ပြုနိုင်သည်နှင့် ခွင့်မပြုနိုင်သည်များအား မူဝါဒများချမှတ်ပေးထားရာ အဆိုပါမူဝါဒများနှင့် ကိုက်ညီမှုမရှိသည့်ဂျာနယ်၊မဂ္ဂဇင်းများအား ဌာန(စာပေစိစစ်)မှ ခေါ်ယူသတိပေးခြင်း၊ စိစစ်ရေးအဖွဲ့မှ ခေါ်ယူသတိပေးခြင်းနှင့် စိစစ်သုံးသပ်တင်ပြရေးအဖွဲ့မှခေါ်ယူသတိပေးခြင်းများ အဆင့်ဆင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင်ပြီးခဲ့သည့် ဇွန်၁၀ရက်ကခွင့်ပြုခဲ့သည့် ဂျာနယ်မဂ္ဂဇင်းများအနက်မှ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနမှ ဂျာနယ် ၅၇ စောင်၊မဂ္ဂဇင်း ၂၈ စောင်၊ အထွေထွေတစ်စောင်နှင့် ပုံပြင်တစ်စောင်တို့အား ခေါ်ယူသတိပေးခဲ့ရကြောင်း သိရသည်။

အလားတူ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနအဖွဲ့မှလည်း ဂျာနယ် ၂၉ စောင်၊မဂ္ဂဇင်း ၉ စောင်တို့အား ခေါ်ယူသတိပေးခဲ့ရပြီး စိစစ်သုံးသပ်တင်ပြရေးအဖွဲ့မှ ဂျာနယ် ၃ စောင်အား ခေါ်ယူသတိပေးခဲ့ရကြောင်း သိရသည်။

ယခု အုပ်စု(၁)သို့သွတ်သွင်းခြင်းခံရသည့် ဘာသာရပ်နှစ်မျိုးဖြစ်သည့် စီးပွားရေး၊မှုခင်းနှင့်ဥပဒေဆိုင်ရာများတွင် စီးပွားရေးဆိုင်ရာ ဂျာနယ် ၂၈ စောင်နှင့် မဂ္ဂဇင်း ၁၄ စောင်တို့ပါဝင်ပြီး မှုခင်းနှင့်ဥပဒေရေးရာတွင် ဂျာနယ် ၄ စောင်နှင့်မဂ္ဂဇင်း ၈ စောင်တို့ပါဝင်သည်။

## ဝက်နားရွက်ပြာရောဂါ ကာကွယ်ဆေး မသုံးစွဲရန် တားမြစ်ထားဆဲ

**သန်းဌေး**

**ရန်ကုန်၊ နိုဝင်ဘာ-၃၀**

ဝက်နားရွက်ပြာရောဂါကာကွယ်ဆေးမသုံးရန် ဝက်မွေးမြူရေးသမားများကို မှာကြားထားဆဲဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ပိုးမျိုးကွဲတွေ အများကြီးရှိတော့ ပိုးတစ်မျိုးကို ကာကွယ်ပေးရင် နောက်ထပ်ပိုးတစ်မျိုးကို ကာကွယ်မပေးနိုင်ဘူး။ ဒါကြောင့်(ကာကွယ်ဆေး)မထိုးတာ ပိုကောင်းပါတယ်”ဟု ၎င်းက ပြောသည်။

ဝက်နားရွက်ပြာရောဂါသည် မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီတွင် မန္တလေးမှစတင်ကာလေးလအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်ခြောက်ခုသို့ ပျံ့နှံ့ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၊ လှေ့လှော်အင်းရှိ ဝက်ကောင်ရေ၃၀၀ မွေးမြူထားသော ဝက်မွေးမြူရေးခြံတွင် ကာကွယ်ဆေးထိုးလိုက်သောကြောင့် မေ ၂၆ရက်နှင့် ၂၇ ရက်တွင် ဝက် ၉၂ ကောင် သေဆုံးမှုဖြစ်ပွားခဲ့သည်။ ဝက်နားရွက်ပြာရောဂါဖြစ်ပွားသောအခါ ပြည်ပမှ ကာကွယ်ဆေးများအား တရားမဝင်တင်သွင်းသုံးစွဲမှုကြောင့် အဆိုပါဝက်များမှ စွန့်ထုတ်သည့် အညစ်အကြေးများမှတစ်ဆင့် ရောဂါဖြစ်ပေါ် ကူးစက်ခဲ့သည်။

“အခုလောလောဆယ်တော့ ကာကွယ်ဆေးမသုံးစွဲဖို့ တားထားတယ်။ သုတေသနတွေ သေချာလုပ်ပြီးမှ နောင်မှာသုံးဖို့၊ မသုံးဖို့ကို အတည်ပြုမယ်”ဟု နိုဝင်ဘာ ၃၀ရက်တွင် တိရစ္ဆာန်ရောဂါရှာဖွေရေးနှင့်ထိန်းချုပ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးဒေါက်တာမောင်မောင်ကြင်က 7 Day News သို့ပြောသည်။

“ကာကွယ်ဆေးသုံးတာထက်စာရင် မသုံးတာကပိုကောင်းမယ်ဆိုလို့မသုံးခိုင်းတာပါ။ ကျွန်တော်ခြံမှာတော့ဇီဝလုံခြုံရေးလုပ်တဲ့အပြင် အခြားလူကိုအဝင်မခံပါဘူး”ဟု ငါးဆူတောင်ဝက်မွေးမြူရေးခြံပိုင်ရှင် ဦးသန်းထိုက်ကပြောသည်။

7DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011

# ဩဇာနဲ့ အာဏာ

အာဝါသ



လွတ်လပ်ရေးတိုက်ပွဲဝင် မျိုးချစ်တော်လှန်ရေးသမားတစ်ယောက်ဖြစ်ခဲ့တဲ့ အဖေဟာ စစ်ပြီးခေတ်မှာ အစိုးရဌာနနဲ့သံရုံး အမှုထမ်း အလုပ်တွေဝင်ရောက်လုပ်ကိုင်ခဲ့ဖူးပေမယ့် ရေရှည်အသက်မွေးဝမ်းကျောင်းအတွက် သူတကယ်ဆုံးဖြတ်ရွေးချယ်ခဲ့တာက ကျောင်းဆရာဘဝပါ။ ပင်စင်ယူချိန်အထိတိုင်ကျောင်းဆရာအလုပ်တစ်ခုတည်းကိုသာ စွဲစွဲမြဲမြဲလုပ်ကိုင်ခဲ့တဲ့ အဖေဟာ ဘဝတစ်လျှောက်ကျပ်တည်းဆင်းရဲမှုတွေ ဘယ်လိုပဲကြုံရကြုံရ အပြုံးမပျက်ရောင့်ရဲ ကျေနပ်နေတတ်တဲ့ အပြင် မြို့မှာသာမက ကျေးလက်တောရွာတွေဘက်လည်း တာဝန်ကျခဲ့ဖူးတာမို့ အဖေ့ရဲ့ ကျေးလက်ကျောင်းဆရာဘဝပုံရိပ်တချို့ကို ရိုးတိုးရိပ်တိပ်လောက်တော့ မှတ်မိနေပါသေးတယ်။

အဖေက စာသင်တဲ့အလုပ်အပြင် ရွာရဲ့ဘက်စုံကောင်းကျိုးနဲ့ သာရေးနာရေးလူမှုရေးကိစ္စတွေမှာလည်း နိုးနိုးကြားကြား ရှိခဲ့တော့ ရွာမှာ သူကြီးနဲ့ဘုန်းကြီးပြီးရင် အတော်အတန်ဩဇာကြီးခဲ့တယ်လို့ပြောရမလိုပေါ့။ ဒါကြောင့်ပဲထင်တယ်။ တစ်ခါတစ်ခါမှာတော့ အဖေက သူကြီးနဲ့မပြီးတဲ့ အမှုကိစ္စတစ်ခုခုအတွက် သူဝင်ရောက်ဖြေရှင်းပေးနိုင်ခဲ့ခြင်း အထိမ်းအမှတ်နဲ့ . . “ကျောင်းဆရာပါဆိုမှကွာ အာဏာသာ မရှိပေမယ့် ဩဇာတော့ရှိပါသေးတယ်ကွ” လို့ သူ့ကိုယ်သူ ယုံကြည်မှုပြည့်ဝနေတဲ့ မျက်နှာထားမျိုးနဲ့ ဂုဏ်ယူဟစ်ကြွေးလေ့ရှိခဲ့တာကျွန်တော် ပြန်ကြားယောင်မိတယ်။ ဟုတ်မယ်။ သူပြောခဲ့တဲ့အတိုင်းလည်း ရွာက တပည့်ဟောင်းနဲ့ ရွာခံအချို့တို့ဟာ အခု အဖေအသက် ၉၀ အရွယ်ရောက်နေတဲ့ နှစ်ပေါင်း ၄၀ ကျော်ကြာပြီးတဲ့တိုင် တစ်ယောက်စ နှစ်ယောက်စဆိုသလို အခါအားလျော်စွာရောက်လာပြီး ကန်တော့သွားတတ်မြဲပဲ။ တချို့လည်း အဝေးကပဲသတင်းမေးနိုင်ကြတော့တယ်။ ဘာဖြစ်ဖြစ်လေ သူတို့အဖေ့ကို ခုထိမမေ့နိုင်ကြသေးလို့ဖြစ်မယ်။

ဒီရက်ပိုင်းတွေမှာ ကျွန်တော့်ငယ်ဘဝက အဖေ့စကားတွေကို ပြန်သတိရလာတာက ကျွန်တော်ဟာ “ဩဇာ”နဲ့ “အာဏာ”ဘာကွာသလဲလို့ တွေးတောစဉ်းစားကြည့်နေမိတာကြောင့် ဖြစ်ပါတယ်။ ကျွန်တော်ဒီလို စဉ်းစားမိလာတာကလည်း အမှန်တော့ ကျွန်တော်မှ ဟုတ်မယ်မထင်ပါဘူး။ လူတိုင်းသတိပြုမိစရာ ဖြစ်လောက်အောင်ကို စဉ်းစားချင်စရာ ဖြစ်စဉ်ဖြစ်ရပ်တွေက ကမ္ဘာမှာရော မြန်မာမှာပါ ခပ်စိပ်စိပ်ရှိလာနေတာကိုး။ ကျွန်တော့်အနေနဲ့ဆိုရင် ထူးထူးခြားခြား သတိထားလိုက်မိတဲ့ အချက်က အကြောင်း အမျိုးမျိုးကြောင့် မေ့ပြီလို့ ထင်ရတဲ့ မြုပ်နေသူတွေ တမုဟုတ်ချင်း ပြန်ပေါ်လာပြီး မြဲလှ၊ ကြာလှ၊ အားကြီးလှပါတယ်ဆိုတဲ့ ထင်မှတ်မထားသူတွေ တဖျပ်ဖျပ်လွင့်ပျောက်လျှောကျနေရတာဟာ ဩဇာနဲ့အာဏာရဲ့ ကွာခြားချက်ကို သိလွယ်၊ မြင်လွယ်စေတဲ့ အကောင်းဆုံး ဥပမာတွေများဖြစ်လေမလားလို့တွေးထင်မိတာပါပဲ။

ကြည့်ပါ “ဗိုလ်ချုပ်အောင်ဆန်း”ကို ကလေးက အစသိခွင့်ရကြပြီ။ ပန်းတနော်မှာ “ဦးသန့်”ပြတိုက်ဆောက်လုပ်တော့မယ်တဲ့။ တစ်ခါအရေးတော်ပုံခေါင်းဆောင်ကြီး “ဂဠုန်ဆရာစံ” ကျဆုံးခြင်းနှစ် ၈၀ ပြည့်အခမ်းအနားလည်း မကြာခင်ကပဲ ကျင်းပလိုက်ကြတယ်။ နောက် တိုင်းကျိုးပြည်ပြုစာရေးဆရာကြီး “ဂျာနယ်ကျော် ဦးချစ်မောင်” ရာပြည့်ပွဲဆိုတာတွေ။ အမေရိကန်နိုင်ငံမှာတော့လူမည်းအမျိုးသားလူ့အခွင့်အရေးတိုက်ပွဲဝင်ခေါင်းဆောင် “ဒေါက်တာမာတင်လူသာကင်း” အထိမ်းအမှတ် ရုပ်တုကြီး တလောလေးကပဲ ဖွင့်လှစ်ပြီးသွားတယ်။ တကယ်တော့ သူတို့ သူတို့တွေဟာ တစ်ယောက်မှ သက်ရှိထင်ရှားရှိကြတော့တာ မဟုတ်ပါဘူး။ ဒီလိုကမ္ဘာမြေပြင်ပေါ်က နှစ်အတန်ကြာကတည်းက နှုတ်ဆက်ထွက်ခွာသွားခဲ့ကြတဲ့ သူတို့တွေကို လူတွေ၊ ပြည်သူတွေ၊ ကမ္ဘာသူ၊ ကမ္ဘာသားတွေက မေ့မရ၊ ဖျောက်မရ၊ တမ်းတမ်းတတ ဖြစ်နေကြရတာဟာ ကြီးကျယ်လေးနက်တဲ့ အကြောင်းအချက်တစ်ခုအပေါ် အခြေခံနေတာကြောင့်ပဲ ဖြစ်မယ်ထင်ပါတယ်။

အခြားတစ်ဖက်မှာတော့ နှစ်ပေါင်းအတော်ကြာအောင် မာနတလူလူ အောင်လံထူခဲ့ကြတဲ့ ကမ္ဘာ့အာဏာရှင် ခေါင်းဆောင်ကြီးတွေဟာ အံ့အားသင့်ဖွယ်ကောင်းလောက်အောင် တစ်ယောက်ပြီးတစ်ယောက် ကျဆုံးပျောက်ကွယ်နေကြရတယ်။ သံဝေဂရစရာ ဆန့်ကျင်ဘက် အချင်းအရာတစ်ခုပါပဲ။ အခုဆိုရင် ဆဒ်ဒမ်ဟူစိန်ကစလို့ အီဂျစ်၊ ယီမင်နဲ့ တူနီးရှားနိုင်ငံတွေမှာ နှစ်ပေါင်း ၃၀ ကျော်ကြာ အာဏာမြဲခဲ့ကြတဲ့ သမ္မတတွေဟာ ရာထူးကဖြုတ်ချခံရရုံမက သမ္မတမူဘာရက်ဆိုတရားရုံးမှာကြီးလေးတဲ့ ရာဇဝတ်မှုတွေနဲ့ ရင်ဆိုင်နေရပြီး ဘင်အာလီက နိုင်ငံပြင်ပထွက်ပြေးသွားရသလို လစ်ဗျားမှာတော့ ၄၂ နှစ်ကြာ မောက်မာမင်းမူခဲ့တဲ့ နေမဝင်အာဏာရှင်ကြီး ကဒါဖီရဲ့ ကျဆုံးခန်းဟာ ဂုဏ်သိက္ခာမဲ့လွန်းစွာနဲ့ မရှုမလှ ဇာတ်သိမ်းသွားရတယ်။ ရှေ့ကနောင်တော်တွေကို နမူနာမယူဘဲ မိုက်လက်စနဲ့ ဆက်မိုက်နေဦးမယ်ဆိုရင် ဆီးရီးယားက အာဆတ်တစ်ယောက်လည်း အလားအလာ ကောင်းနိုင်မှာ မဟုတ်ပါဘူး။

ကျမ်းတတ်အကျော် ‘အရှင်ဇနကာဘိဝံသ’ဆရာတော်ဘုရားကြီးဟောကြားခဲ့တယ်။ “အရှိန်အဝါမဲ့တာထက် အလိမ္မာမဲ့တာကသာပြီးခက်ပါတယ်”တဲ့။ အရှိန်အဝါဆိုတာ “အာဏာ”ကို ကိုယ်စားပြုမယ်ဆိုရင်အလိမ္မာဟာ “ဩဇာ” ပါပဲ။ အရှိန်အဝါနဲ့ တည်ဆောက်ထားတဲ့ အဆောက်အအုံဟာ နတ်ဘုံနတ်နန်းတမျှ ခမ်းနားပါစေ၊ ခိုင်ခန့်ဖို့ မလွယ်တာ မျက်မှောက်ဖြစ်ရပ်တွေက သက်သေပြနေသလို ဉာဏ်ပညာအမြော်အမြင် ဆင်ခြင်မှုတွေနဲ့ ပုံဖော်ထုဆစ်ခဲ့ကြတဲ့ အလိမ္မာဗိမာန်လိုဟာကျတော့ ခံ့ညားထည်ဝါရုံမက အရှည်လည်း တည်တံ့နေတယ် မဟုတ်လား။

အာဏာဆိုတာ ယစ်မူးတပ်မက်ဖွယ်ကောင်းသလောက် လူကို ဖျက်လည်းပြန်ဖျက်ဆီးတတ်ပါတယ်။ ဩဇာရဲ့သဘောကတော့ လိုချင်မက်မောတိုင်း ရတတ်တာ မဟုတ်သလို ဖန်တီးယူလို့လည်း မရ၊ ဖျောက်ဖျက်ပစ်လို့လည်း ပျောက်ပျက်သွားတာမျိုး မဟုတ်ပါဘူး။ အာဏာရှိသူကို အများက ကြောက်ကြတယ်။ ဩဇာရှိသူကိုတော့ လူတွေလေးစား ရိုသေကြတယ်။ အာဏာရှိသူကို အများက ခယကြတယ်။ ဩဇာရှိသူကိုကျတော့ လူတွေဆည်းကပ်ကြတယ်။ အာဏာရှိသူမှာ တပည့်တပန်းနဲ့ အခြွေအရံတွေ ပေါများသလောက်ဩဇာရှိသူမှာကျတော့ အားကိုးယုံကြည်သူတွေသာ ဝိုင်းနေတတ်တယ်။ တကယ်တမ်းမှာတော့ အာဏာဟာ ရေပွက်နဲ့တူပြီး ဩဇာက ပြည့်နေတဲ့ ရေအိုးတစ်လုံးပါပဲ။

အရှိန်အဝါ အာဏာအားကိုးနဲ့ ထီးထီးမားမား ရှိနေတဲ့ ရက်စက်ဖိနှိပ်သူတွေကို ဆွဲချဖယ်ရှားပြီး သေလွန်ပြီးတောင်မှ မေ့လည်းမရတမ်းတနေကြဆဲ ဖြစ်တဲ့ မတူညီမှု နှစ်ခုကို နှိုင်းယှဉ်စိတ်ဖြာကြည့်မိရာမှာတော့ ဩဇာ ဆိုတာ အာဏာတော့ ရှိချင်မှ ရှိမှာဖြစ်ပေမယ့် ရှင်စဉ်တုန်းက အများကောင်းကျိုးအတွက် ကျရာနေရာက အနစ်နာခံ ရွက်ဆောင်ခဲ့သူတွေ၊ စိတ်စေတနာကောင်းရှိခဲ့ကြသူတွေ၊ ဖြောင့်မတ် ရိုးသားခဲ့ကြသူတွေ၊ စွန့်လွှတ်ပေးဆပ်ခဲ့ကြသူတွေဟာ လူ့ပြည်၊ လူ့ရွာ၊ ဒီကမ္ဘာကို ဘယ်တော့မှပြန်မလာနိုင်တော့တဲ့တိုင် သူတို့ကိုယ်စား သူတို့ရဲ့ ရှင်းသန့်တည်ကြည်တဲ့ ဝိညာဉ်ဩဇာတွေ ထားပစ်ခဲ့ကြတယ်။

လူသားသန်းပေါင်းများစွာရဲ့ စိတ်နှလုံးကို ကမ္ဘာတည်နေသ၍ သက်ရောက်စိုးမိုးထားဦးမယ့် “ဂေါတမဗုဒ္ဓ (Buddha)”၊ “တမန်တော်မိုဟာမက် (Muhammad)”၊ “သခင်ယေရှု(Jesus Christ)”၊ “ရှင်ပေါလု(ST. Paul)”၊ “ကွန်ဖြူးရှပ်(Confucicus)” တို့ဟာ အာဏာရှိသူတွေ မဟုတ်ခဲ့ကြဘဲ ဩဇာရှင်သူတော်စင်တွေသာ ဖြစ်ကြပါတယ်။

ကမ္ဘာ့ရာဇဝင်မှာ ဇာဘုရင်၊ ဟစ်တလာ၊ နပိုလီယန်၊ ဆဒ်ဒမ်ဟူစိန်၊ ဆူဟာတို၊ ပိုလ်ပေါ့တို့ဟာ အာဏာရှိခဲ့တာမှန်ပေမယ့်ဩဇာကျန်ခဲ့သူတွေ မဟုတ်ရုံမက ကမ္ဘာသူ၊ ကမ္ဘာသားတွေရဲ့ ရွံ့ရှာမုန်းတီးခြင်းကို ခံရသူတွေအဖြစ် မော်ကွန်းဝင်ခဲ့သလို မာတင်လူသာကင်း၊ မဟတ္တမဂန္ဓီ၊ မာသာထရီဆာ၊ ဆရာကြီးသခင် ကိုယ်တော်မှိုင်း၊ ဒလိုင်းလားမားနဲ့ မင်းဒဲလားတို့လို ပုဂ္ဂိုလ်ကြီးတွေဟာ လူပေါင်းမြောက်မြားစွာ အပေါ် အာဏာမပါဘဲ ဩဇာတက္ကမ ကြီးကြီးမားမား သက်ရောက်နိုင်သူတွေ ဖြစ်ခဲ့ကြတယ်။ ဒါကြောင့်လည်း သူတို့ဘဝတွေကို ပြန်ကြည့်ရင် အထင်အရှားတွေ့ရမှာက သူတို့တွေဟာ ယူသူတွေ မဟုတ်ကြဘဲ ပေးသူတွေသာ ဖြစ်ခဲ့ကြတယ်။ သူတို့ မညစ်ပတ်ခဲ့ကြဘူး။ မရက်စက်ခဲ့ကြဘူး။ မကောက်မာခဲ့ကြဘူး။ အမှားမကျူးလွန်ခဲ့ကြဘူး။ သူတို့ဟာ အဲဒါတွေအားလုံးရဲ့ ပြောင်းပြန်အသွင်ဆန့်ကျင်ပြယုဂ်တွေပဲပေါ့။

အိန္ဒိယပြည်ကြီးလွတ်မြောက်ဖို့အတွက် အကြမ်းမဖက်တဲ့ မေတ္တာဓာတ်သက်သက်နဲ့သာ ရှေ့ဆောင် ကြိုးပမ်းသွားခဲ့တဲ့ “မဟတ္တမဂန္ဓီ”ဟာ သေဆုံးချိန်မှာ သာမန်အညတရတစ်ဦးထက် အဆများစွာ ချို့ငဲ့တဲ့ ဘဝမျိုးနဲ့လူ့လောကကို စွန့်ခွာခဲ့တာဖြစ်ပေမယ့် သူပြောဖူးတဲ့ အောက်ပါအဖိုးတန် မိန့်ဆိုစကားက သူ့ဝါဒ၊ သူ့ဩဇာကို ယနေ့တိုင်ထင်ဟပ်ရှင်သန်နေစေတယ်လို့ ဆိုရပါမယ်။

“မေတ္တာတရားအပေါ် အခြေခံတဲ့ စွမ်းရည်သတ္တိဆိုတာ အကြောက်တရား အခြေခံတဲ့ စွမ်းရည်တစ်ရပ်ထက် အဆတစ်ထောင်ပိုထိရောက်တယ်။ တည်မြဲပါတယ်”တဲ့။

အလားတူပါပဲ။ ရိုးလွန်း၊ နိုးလွန်း၊ ဇာတိမာန်ပြင်းထန်လွန်းတဲ့ မြန်မာပြည်က “ဆရာကြီးဦးလွန်” တစ်ဖြစ်လဲ ငြိမ်းချမ်းရေးဗိသုကာကြီး “သခင်ကိုယ်တော်မှိုင်း”ကိုတော့ “ဆရာကြီးကားမြန်မာနိုင်ငံ၏ သက်ရှိအမျိုးသား လွတ်မြောက်ရေးရာဇဝင်ကျမ်းကြီးပင်” လို့ ဆရာဒဂုန်တာရာက အမွှမ်းတင်ချီးပခဲ့သလို ဆရာကြီးရဲ့ရုပ်ပုံလွှာကိုလည်း အခုလို ရေးဖွဲ့ခြယ်သခဲ့ပါသေးတယ်။ ဆရာကြီးအပေါ် အထင်အမြင် တိမ်းစောင်းနေသူ တချို့ရှိခဲ့တာနဲ့ပတ်သက်ပြီး ဆရာဒဂုန်တာရာက . .

“ဆရာကြီးမှာ အဖိနှိပ်ခံဘက်၊ အာဏာမဲ့သည့်ဘက်က လာခေါ်လျှင်သာ လိုက်သူဖြစ်သည်။ တစ်ခါက ဆရာကြီးသည် ကွမ်းစားရင်းဖော့ တာရာရ၊ ဆရာ့ကို အသုံးချတယ်။ သာတယ်၊ ညာတယ်၊ ပြောပြတာ ဆရာသိသားပဲ။ ဒီမယ် တာရာရ ငြိမ်းချမ်းရေးအတွက်ဆိုရင် ဆရာ့ကို အသုံးချစမ်းပါ။ ဆရာခံပါ့မယ်။ ကျွန်တော်သည် ဆရာကြီး၏ ငြိမ်းချမ်းရေးအတွက် အကြွင်းမဲ့စေတနာကို အံ့ဩရကာ ဆရာကြီး၏ စကားများအတွက် ကြေကွဲထိခိုက်မိလေသည်။

၁၉၅၄ ခုနှစ်မှာ စတာလင်နိုင်ငံတကာငြိမ်းချမ်းရေးဆုချီးမြှင့်ခြင်းခံရတဲ့ ဆရာကြီးနဲ့ မဟတ္တမဂန္ဓီတို့ဟာ အမျိုးသားလွတ်မြောက်ရေးနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် စံနမူနာပြဖြစ်ခဲ့ကြလို့ ကမ္ဘာရဲ့ လေးစားဂုဏ်ပြုမှုကို ခံယူရရှိခဲ့ကြသလိုပဲ လူသားကောင်းကျိုးပြုပရဟိတလုပ်ငန်းတွေနဲ့ အသက် ၈၇ နှစ်အရွယ် ကွယ်လွန်ချိန်အထိ ဘဝတစ်သက်တာ မြှုပ်နှံပေးဆပ်သွားခဲ့တဲ့ အယ်လ်ဘေးနီးယား နွယ်ဝင်မေတ္တာရှင်၊ စေတနာရှင်၊ ကရုဏာရှင်ကြီး “မာသာထရီဆာ”ဟာဆိုရင်လည်း သန်းပေါင်းများစွာသော ပြည်သူတွေနဲ့ ကမ္ဘာပေါ်က ခေါင်းဆောင်အသီးသီးတို့အပေါ် ဩဇာသက်ရောက်မှု လွန်စွာကြီးမားခဲ့တယ်လို့ ဆိုရပါမယ်။

၁၉၉၇ ခုနှစ်မှာ သူကွယ်လွန်တော့ အိန္ဒိယအစိုးရရဲ့ နိုင်ငံတော် ဈာပနအခမ်းအနားကို နိုင်ငံတကာက ခေါင်းဆောင်တွေ၊ ဘုရင်တွေရော သူတို့ရဲ့ဇနီးနဲ့ မိဖုရားတွေပါ တက်ရောက်လာကြရာမှာ ဟီလာရီကလင်တန်၊ ဆိုနီယာဂန္ဓီ၊ ပြင်သစ်သမ္မတကတော် ရှိရက်၊ ကိုရာဇန်အက္ကီနိုတို့လို အမျိုးသမီးကြီးတွေပါ တက်ရောက်ဂါရဝပြုခြင်းကို ခံခဲ့ရတယ်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကိုဖီအာနန်က “ခိုကိုးရာမဲ့ ဆင်းရဲသားများအတွက် ကရုဏာတရားကို ရှေ့ထားပြီး စေတနာ့ဝန်ထမ်းလုပ်ငန်းများနဲ့ စိတ်ဓာတ်များရဲ့ ထွန်းလင်းတောက်ပတဲ့ စံနမူနာများကို မာသာထရီဆာ ထားရစ်ခဲ့ပါပြီ” လို့ ယူကျုံးမရ ပြောကြားခဲ့သလို အမေရိကန် သမ္မတဘီလ်ကလင်တန်ကလည်း “ကျွန်ုပ်တို့ခေတ်ရဲ့ အကြီးအကျယ်ဆုံး၊ အမြင့်မြတ်ဆုံး လူသားတစ်ဦးဆုံးရှုံးခဲ့ရပါပြီ” လို့ ဂုဏ်တင်နှမြောတသ စကားဆိုခဲ့တယ်။

တကယ်တော့ “ဩဇာ” ဟာ နှလုံးသားနဲ့ ပိုနီးစပ်သလို “အာဏာ”က ဦးနှောက်နဲ့ပိုနီးပါတယ်။ “ဩဇာ”က တောက်ပပေမယ့် အာဏာလောက်တော့ စူးရှအောင် အရောင်မလက်ပါဘူး။ ဩဇာက ကောင်းကင်လို ငြိမ်နေတဲ့အခါ အာဏာက တိမ်တွေကို လွင့်နေတတ်တယ်။

ဒီနှစ်ခုသာ ချိန်ခွင်လျှာလို တန်းနေမယ်ဆိုရင် . . . ။ ။

7DAY NEWS JOURNAL

# Current Affairs

Vol.10, No.39 · DECEMBER 15, 2011

# “ဒီနိုင်ငံသမိုင်းရဲ့အရေးကြီးဆုံးအချိန်တွေမှာ မျက်မြင်သက်သေတစ်ယောက်အနေနဲ့ ကျွန်တော်လည်း ရှိနေချင်ပါတယ်”

## တိုင်းမ်မဂ္ဂဇင်းပင်တိုင်ဆောင်းပါးရှင် အင်ဒရူးမာရှယ်နှင့်တွေ့ဆုံမေးမြန်းခြင်း

**အေးမြကျော်**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၏ မြန်မာနိုင်ငံခရီးစဉ်မှာ အောင်မြင်စွာပြီးဆုံးခဲ့ပြီဖြစ်သည်။ ဟီလာရီကလင်တန်၏နေပြည်တော်ခရီးစဉ်သည် နိုင်ငံခြားသားသတင်းထောက်များ အများဆုံးတရားဝင်သတင်းယူခွင့်ရရှိခဲ့သောပထမဆုံးခရီးစဉ်တစ်ခုလည်းဖြစ်ခဲ့သည်။ အစိုးရသစ်တက်လာပြီးနောက် ရှစ်လအကြာတွင်ပြည်တွင်းသတင်းထောက်များ၊ ပြည်တွင်းမှနိုင်ငံခြားသတင်းထောက်များ၊ နိုင်ငံခြားသား သတင်းထောက်များမှာ ပထမဆုံး အနေဖြင့်နေပြည်တော်ရှိသမ္မတအိမ်တော်သို့သွားရောက်ကာသမ္မတနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတို့တွေ့ဆုံသည်ကို ခဏတာဝင်ရောက်ကာ ဓာတ်ပုံရိုက်ခွင့်၊ သတင်းယူခွင့် ရရှိခဲ့သည်။ ဟီလာရီခရီးစဉ်တွင် ကမ္ဘာကျော်မီဒီယာများဖြစ်သော CNN, BBC, Aljazeera, Reuters, AP, AFP စသောသတင်းဌာနများအပါအဝင် နိုင်ငံခြားသတင်းထောက်ပေါင်း ၅၀ ကျော် သတင်းယူခွင့်ရရှိခဲ့သည်။ ထိုအထဲတွင် မြန်မာနိုင်ငံအကြောင်းအစဉ်တစိုက်ရေးသားလာသည့် တိုင်းမ်မဂ္ဂဇင်းပင်တိုင်ဆောင်းပါးရှင် အင်ဒရူးမာရှယ်လည်း အပါအဝင်ဖြစ်သည်။ ဘန်ကောက်မြို့၌ အခြေစိုက်ကာ အရှေ့တောင်အာရှနိုင်ငံများအကြောင်း အထူးပြုရေးသားသော အင်္ဂလိပ်လူမျိုးသတင်းစာဆရာ အင်ဒရူးမာရှယ် အပါအဝင် နိုင်ငံခြားသတင်းထောက်များစွာသည် ဟီလာရီကလင်တန်ခရီးစဉ်အတွက် သတင်းယူရန် ငါးရက်တာနေထိုင်ခွင့်ဗီဇာကို ရရှိခဲ့ကြသည်။ အင်ဒရူးမာရှယ်နှင့် တွေ့ဆုံခိုက် မေးမြန်းဖြစ်ခဲ့သော အမေးအဖြေ ၇ ခုကို ပြန်လည်ဝေမျှလိုက်ပါသည်။

**နေပြည်တော်ကိုရောက်ဖူးတာ ဒါပထမဆုံးလား။ ဘယ်လိုထင်ပါလဲ။**

ဟုတ်ပါတယ်။ ဒါကျွန်တော်အတွက်တော့ နေပြည်တော်ကိုရောက်ဖူးတာ ပထမဆုံးအကြိမ်ပါ။ နေပြည်တော်က ရန်ကုန်နဲ့ယှဉ်ရင် အရမ်းကိုသေသပ်ပြီး လူဦးရေကျဲပါးလှတဲ့မြို့လို့ မြင်တယ်။

**နေပြည်တော်ကိုရောက်တော့ဘယ်အရာတွေက အံ့ဩစေခဲ့သလဲ ။**

အရမ်းကိုတိတ်ဆိတ်ငြိမ်သက်တဲ့နေပြည်တော်ကကျွန်တော်ကိုအံ့ဩစေခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်ထင်ပါတယ်နေပြည်တော်ဟာ လာမယ့် ၂၀၁၃ မှာကျင်းပတော့မယ့် အာဆီယံဆီးဂိမ်းပြိုင်ပွဲအတူ လှုပ်ရှားသက်ဝင်လာပြီး ပိုပြီးအလုပ်ရှုပ်လာပါလိမ့်မယ်။

**အင်ဒရူးမာရှယ်အနေနဲ့ နိုင်ငံပေါင်းမြောက်မြားစွာမှာသွားပြီး သတင်းလိုက်ဖူးတဲ့အတွေ့အကြုံနဲ့ ဒီမှာ သတင်းလိုက်ရတဲ့ အတွေ့အကြုံမှာ ဘာတွေကွာခြားလဲ။**

ကျွန်တော်ရဲ့သတင်းထောက်သက်တမ်းနှစ် ၂၀ အတွင်းမှာနိုင်ငံတော်တော်များများကိုသွားပြီး သတင်းရေးသားခဲ့ဖူးပါတယ်။ မြန်မာက အခုထက်ထိကျွန်တော့အသည်းစွဲဖြစ်နေဆဲပါပဲ။ ရန်ကုန်ကိုလည်း ကျွန်တော်ချစ်တယ်။ ဘယ်နေရာမှာမှ ဒီလိုမြို့မျိုးမရှိနိုင်ဘူးလေဗျာ။ လာမယ့်နှစ်တွေအတွင်းမှာရန်ကုန်ကိုရှေးမူမပျက်ပြန်လည်ဆန်းသစ်ပြီး ပြုပြင်လိမ့်မယ်လို့လည်း အရမ်းမျှော်လင့်မိတယ်။ တကယ်လို့သာကိုယ်ပိုင်ဟန်မရှိဘဲ အချိုးမကျတဲ့ အဆောက်အအုံသစ်တွေအများကြီးဖြစ်လာမယ်ဆိုရင်သေချာတယ်။ အဲဒီအရာတွေကရန်ကုန်ရဲ့ရှေးဆန်တဲ့အလှအပတွေကိုဝမ်းနည်းစရာကောင်းအောင် ဖျက်ဆီးပစ်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ လွန်ခဲ့တဲ့အတိတ်ကာလကဆိုရင် ကျွန်တော်တို့လိုမျိုးနိုင်ငံခြားသတင်းထောက်တွေအနေနဲ့ မြန်မာပြည်တွင်းမှာ တရားဝင်သတင်းယူဖို့ဆိုတဲ့ အခွင့် အရေးက အင်မတန်ဖြစ်တောင့်ဖြစ်ခဲကိစ္စပဲလေ။ အခုတော့ အလွန်ကျေးဇူးတင်ဖို့ကောင်းလောက်အောင်အဲဒါတွေကပြောင်းလဲသွားခဲ့ပြီ။ နိုင်ငံခြားသတင်းထောက်တွေနဲ့ ပြည်ပအခြေစိုက် မြန်မာသတင်းမီဒီယာ (exile) တွေကိုလည်းမြန်မာအစိုးရက ဟီလာရီကလင်တန်ခရီးစဉ်အတွက် သတင်းယူနိုင်ဖို့ဗီဇာတွေထုတ်ပေးခဲ့တယ်။ ဒါတွေဟာ သင့်လျော်မှန်ကန်တဲ့ မူဝါဒတွေပါ။ ကျွန်တော်တို့ ပြည်ပကသတင်းထောက်တွေအနေနဲ့လည်း ဒီလိုမြန်မာပြည်တွင်းမှာ ရိုးသားစွာနဲ့ ကျယ်ကျယ်ပြန့်ပြန့် သတင်းယူခွင့်ရခဲ့တဲ့အတွက် ဒီလိုအခွင့်အရေးပေးတာကို ကြိုဆိုပါတယ်။

**ဒီတစ်ခေါက်မှာ နောက်ဆုံးလာခဲ့တဲ့ခရီးစဉ်တုန်းကနဲ့နှိုင်းယှဉ်ရင် ဘာတွေပြောင်းလဲသွားတယ်လို့ထင်ပါသလဲ။ (အင်ဒရူးမာရှယ်သည် ၂၀၀၈ ခုနှစ်မေလကမြန်မာနိုင်ငံသို့ နောက်ဆုံးလာရောက်ခဲ့သည်။)**

တစ်ခုပြောပြမယ်။ ခင်ဗျားလေဆိပ်ကိုရောက်ပြီဆိုတာနဲ့ နှစ်ဒေါ်လာပေးလိုက်ရင် မိုဘိုင်းဖုန်းဆင်းမ်ကတ်ကိုငှားလို့ရပြီ။ အဲဒါက ကျွန်တော့်အလုပ်ကိုပိုမိုလွယ်ကူအဆင်ပြေစေသလို အားလုံးအတွက်လည်းတကယ့်ကိုဟန်ကျတဲ့အစီအစဉ်ပေါ့။

**အမေရိကန်နိုင်ငံခြားရေးဝန်ကြီးရဲ့ခရီးစဉ်ကိုဘယ်လိုထင်ပါလဲ။ ဒီခရီးစဉ်နဲ့ပတ်သက်ပြီး မှတ်ချက်တစ်စုံတစ်ရာပေးလိုသလား။**

မြန်မာနိုင်ငံရဲ့သမိုင်းမှာတော့ ဒီခရီးစဉ်ဟာ အဓိကကျပြီး အရေးပါတဲ့ ခရီးစဉ်ဖြစ်လာလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒါမှမဟုတ် လွဲချော်တဲ့ အခွင့်အရေးလည်းဖြစ်ကောင်းဖြစ်သွားနိုင်ပါတယ်။ ဒါဟာ မြန်မာအစိုးရအနေနဲ့ ရှေ့ဆက်ဘာလုပ်မယ်ဆိုတာပေါ်မှာ မူတည်နေပါတယ်။ ကျွန်တော်တို့ အခုလက်တွေ့မြင်တွေ့နေရတဲ့ ပြုပြင်ပြောင်းလဲရေးတွေဟာရှေ့ဆက်ပြီးအရှိန်အဟုန်နဲ့ ဆက်လက်ပြောင်းလဲလိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။ ဒီမြန်မာနိုင်ငံရဲ့အမှန်တကယ်ချမ်းသာကြွယ်ဝမှုဟာ ပြည်သူတွေပါ။ တကယ်လို့သာ အဲဒီပြည်သူတွေဟာသူတို့ရဲ့အမှန်တကယ် အလားအလာရှိတဲ့ အစွမ်းသတ္တိတွေကိုဖြည့်ဆည်းနိုင်မယ်၊ ဆောင်ရွက်နိုင်ကြမယ်ဆိုရင် သူတို့တွေဟာ မြန်မာနိုင်ငံကို ပြောင်းလဲပေးကြပါလိမ့်မယ်။ ပြီးရင်တော့မြန်မာဟာလည်း အရှေ့တောင်အာရှဒေသကို ပြောင်းလဲပေးပါလိမ့်မယ် ။

**မြန်မာနိုင်ငံကိုနောက်တစ်ခေါက်ပြန်လာချင်လား။ ရှေ့ဆက်ပြီး မြန်မာနဲ့ပတ်သက်တဲ့ ဘယ်လိုသတင်းဆောင်းပါးမျိုးတွေ ရေးချင်တဲ့ အာသီသရှိပါလဲ ။**

ဒီကိုပြန်လာချင်သလား။ ဟုတ်လား။ လာချင်တာပေါ့ဗျာ။ လုပ်ပါ။ ဘယ်လိုဆောင်းပါးတွေရေးချင်လဲ ဟုတ်လား။ ကျွန်တော်မြန်မာနဲ့ပတ်သက်တာမှန်သမျှအားလုံးကိုရေးချင်တယ်။ မြန်မာနိုင်ငံက နိုင်ငံကြီးတစ်ခုပါ။ နိုင်ငံကြီးတိုင်းမှာ စိန်ခေါ်မှုအကြီးကြီးတွေရှိတတ်ပါတယ်။(ကျွန်တော်ရဲ့ ဇာတိနိုင်ငံဖြစ်တဲ့ ယူကေကိုပဲကြည့်လေ။ ဆိုးဝါးတဲ့စီးပွားရေးအခြေအနေတွေ၊အလုပ်လက်မဲ့ပြဿနာတွေနဲ့ရင်ဆိုင်ရဆဲပဲ)။ တကယ်လို့သာ နိုင်ငံတော်သမ္မတဦးသိန်းစိန်အစိုးရအနေနဲ့ ပြုပြင်ပြောင်းလဲရေးတွေ ရှေ့ဆက်လုပ်ဆောင်သွားမယ်ဆိုရင် မြန်မာနိုင်ငံဟာလည်း အလျင်အမြန်ကိုတိုးတက်ပြောင်းလဲသွားပါလိမ့်မယ်။ ဒီနိုင်ငံသမိုင်းရဲ့အရေးကြီးဆုံးအချိန်တွေမှာ မျက်မြင်သက်သေတစ်ယောက်အနေနဲ့ ကျွန်တော်လည်း ရှိနေချင်ပါတယ်။

**မြန်မာနိုင်ငံအကြောင်းရေးခဲ့တဲ့အထဲမှာ ဘယ်ဆောင်းပါးက မှတ်မှတ်ထင်ထင် ဖြစ်နေဆဲလဲ။ ဘယ်ဆောင်းပါးကို အကြိုက်ဆုံးလဲ။**

သီပေါမင်းရဲ့မြေးတော်တော်ဘုရားလေးရဲ့အကြောင်းပါ။ သူ့ကို လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ပြင်ဦးလွင်မှာတွေ့ခဲ့တယ်။ မြန်မာနိုင်ငံရဲ့ တော်ဝင်မင်းမျိုးမင်းသွေးပါတဲ့ လူတစ်ယောက်နဲ့တွေ့ခွင့်ရခဲ့တာဟာ အံ့ဩဖွယ်ကောင်းပြီး ပြောမပြတတ်အောင်ကို ဝမ်းသာခဲ့ပါတယ်။ သူ့မှာ အလွန်စိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်လမ်းတွေရှိခဲ့တယ်။ မြန်မာနဲ့ပတ်သက်ပြီးတော့ထောင်ပေါင်းများစွာသော ဇာတ်လမ်းတွေကစောင့်ကြိုနေပါတယ်။ ကျွန်တော် အဲဒီထောင်ပေါင်းများစွာသော ဇာတ်လမ်းတွေထဲက တချို့ကိုရေးခွင့်၊လူတွေသိအောင်ပြန်ပြောနိုင်ခွင့် အခွင့်အရေးတွေရလိမ့်မယ်လို့ ကျွန်တော်မျှော်လင့်မိပါတယ်။

**ကျေးဇူးတင်ပါတယ်။**



အင်ဒရူးမာရှယ်နှင့် ပြည်တွင်းပြည်ပသတင်းထောက်အချို့ နိုင်ငံတော်သမ္မတအိမ်သို့ သတင်းယူရန် သွားရောက်နေစဉ်

## ဟီလာရီကလင်တန် မြန်မာနိုင်ငံခရီးစဉ်တွင် ထူးခြားမှုနှစ်ခုပြုလုပ်ခဲ့

**အားမာန်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၅**

မြန်မာနိုင်ငံသို့ နှစ်ပေါင်း ၅၆ နှစ်အတွင်း ပထမဆုံးအကြိမ် သမိုင်းဝင်ခရီးနှင်လာသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်မှာ ခရီးစဉ်အတွင်း နေပြည်တော်သင်္ဂဟဟိုတယ်တွင် ထူးခြားသော အပြုအမူနှစ်ခု ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

ခရီးစဉ်အတွင်း ထူးခြားမှုမှာနိုဝင်ဘာ ၃၀ ရက် ညစာ စားသုံးရာတွင် သီးသန့်အခန်းတွင်မစားဘဲ ဟိုတယ်၏ စားသောက်ခန်းမသို့ လာရောက်စားသုံးခြင်းနှင့် ဟိုတယ်မှ မပြန်မီတွင် သင်္ဂဟဟိုတယ်မှဝန်ထမ်းအားလုံးနှင့်တွဲ၍ဓာတ်ပုံအရိုက်ခံခဲ့ခြင်းဖြစ်ကြောင်း ဟီလာရီ၏လက်ထောက်အရာရှိ၏အဆိုကို ကိုးကား၍ သင်္ဂဟဟိုတယ်မန်နေဂျာ ဒေါ်နန္ဒာကပြောသည်။

ဟီလာရီကလင်တန်၏ လက်ထောက်အရာရှိတစ်ဦး၏ အဆိုအရ ယခင်သွားခဲ့သော ခရီးစဉ်များ၌ အစားအစာ သုံးဆောင်ရာတွင်လည်း သီးသန့်ခန်းတွင်စားသုံးလေ့ရှိပြီး၊ ဓာတ်ပုံရိုက်ခံပါက ဟိုတယ်စီမံခန့်ခွဲမှုအဖွဲ့နှင့်သာ အရိုက်ခံလေ့ရှိပြီး မြန်မာပြည်ခရီးစဉ်၌သာ ထိုကဲ့သို့ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဒေါ်နန္ဒာက ပြန်လည်ရှင်းပြသည်။

နိုဝင်ဘာ ၃၀ ရက် ညနေတွင် မြန်မာနိုင်ငံသို့ရောက်ရှိလာပြီး၊ နေပြည်တော်ရှိ သင်္ဂဟဟိုတယ်တွင် တည်းခိုခဲ့သော ဟီလာရီကလင်တန်မှာ ထိုနေ့ညစာအဖြစ် မြန်မာဟင်းလျာသုံးမျိုးကိုလည်း နှစ်ခြိုက်စွာစားသုံးခဲ့သည်။ ထိုနေ့က ညစာကိုမူလက သီးသန့်စားသုံးရန် စီစဉ်ခဲ့သော်လည်း ဟီလာရီကလင်တန်က ဟိုတယ်စားသောက်ခန်းမအတွင်းသို့ဝင်လာကာ စားသောက်ဖွယ်စာရင်းထဲမှရသော ပုံမှန်မြန်မာအစားအစာများကိုသာ စားသုံးခဲ့ခြင်းဖြစ်ကြောင်း ဒေါ်နန္ဒာက ပြောသည်။

စာ(၃၀)သို့

7DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011

# အာဆီယံအဖွဲ့အတွင်း ပါရာဒိုင်းပြောင်းလဲမှုအသစ်

ထိုင်းနိုင်ငံထုတ်သည်နေးရှင်းသတင်းစာ၏ ပင်တိုင်ဆောင်းပါးရှင် Kavi Chongkittavorn ၏ A new paradigm shift in Asean ဆောင်းပါးကို မူရင်းအတိုင်း တိုက်ရိုက်ဘာသာပြန်ဆို ဖော်ပြလိုက်ပါသည်



Photo - AFP



Photo - AFP

အမေရိကန်-မြန်မာနှစ်နိုင်ငံဆက်ဆံရေးကို အခြေခိုင်အောင်ပြုလုပ်ခြင်းသည် အာဆီယံဗဟိုပြုအမြင်ကိုဆက်လက်အားကောင်းစေပြီး အထူးသဖြင့် အာဆီယံတရုတ်ဆက်ဆံရေးများ အခြေအနေအတွင်းမှ ဩဇာအာဏာကိုလည်း ဈေးဆစ်ရယူနိုင်ဖွယ်ရှိပါသည်။ ဤကိစ္စမှာ တရုတ်နှင့်ဆက်ဆံရေးတွင် အမေရိကန်က ကြိုးပမ်းနေမှုနှင့်ပတ်သက်၍အကြောင်းမဟုတ်လှဘဲ အဓိကအင်အားကြီးနိုင်ငံများအပေါ် ဦးတည်ထားရှိသော အာဆီယံ၏အနာဂတ်သံတမန်ရေး အခင်းအကျင်းပေါ်တွင် အမေရိကန်၏ သံတမန်ရေးအရ အလေးထားမှုမှ ဩဇာလက်ရောက်မှုများနှင့်သာသက်ဆိုင်နေပါသည်။ မြန်မာသည် ၎င်း၏ပြင်ပနှင့်အတွင်းမှ စောင့်ကြည့်သူများ၏ အပြည့်အဝ အသိအမှတ်ပြုမှုခံရကာ (ပုံစံကျ)ပုံမှန်အာဆီယံအဖွဲ့ဝင် ဖြစ်လာသည်နှင့်အမျှ(အာဆီယံအဖွဲ့ဝင်စဖြစ်ခဲ့သည်မှာ ၁၄ နှစ်ပင်တိုင်ခဲ့ပြီကို မေ့ထားကြပါစို့)၊ အာဆီယံအုပ်စုဖွဲ့မှုသည်လည်း ၎င်းတို့အသစ်ရရှိထားသော ပေါင်းစပ်မှုကအဖွဲ့၏အတွင်းနှင့်အပြင် လှုပ်ရှားမှုများအပေါ် မည်သို့အကျိုးသက်ရောက်မှု ရှိနိုင်မည်ကို ဆက်လက်သုံးသပ်ရမည်ဖြစ်သည်။ ထူးဆန်းကောင်း ထူးဆန်းနေနိုင်သော်လည်း အကယ်၍ ပြုပြင်ပြောင်းလဲရေးကြိုးပမ်းမှုများ ဆက်လက်ဖြစ်ပေါ်ကာ လူနည်းစုတိုင်းရင်းသားများနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကိုပါ ဆက်စပ်၍ မနှောင့်နှေးဘဲ အရှိန်မြှင့်စေနိုင်ပါက မြန်မာနိုင်ငံသည် အာဆီယံ၏ မရှိမဖြစ်အရေးပါသော အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်လာကာ အာဆီယံကို လှုပ်နိုးနိုင်၊ လှုပ်ခါနိုင်သော အဖွဲ့ဝင်အဖြစ် အလွယ်တကူဖြစ်လာနိုင်ပါသည်။ (အာဆီယံတွင် သိမှုအပြောင်းအလဲဟု ခေါ်သော)ပါရာဒိုင်းပြောင်းလဲမှု အသစ်တစ်ရပ်သည် အသက်ဝင်နေပါပြီ။

အနောက်တိုင်းမှ ပိတ်ဆို့တားဆီးထားမှုများကို ပယ်ဖျက်ရန် အချိန်ယူရမည်ဖြစ်ရာ ထိုအတွင်း မြန်မာပြည်အတွင်းမှ ပြုပြင်ပြောင်းလဲရေးများ၏ တိုးတက်မှုအပေါ် မူတည်၍ သမ္မတဦးသိန်းစိန်သည် ၎င်း၏ အာဏာအခြေခံကို ဆက်လက်စုစည်းခိုင်မာရေးနှင့် အာဆီယံနှင့် ၎င်း၏တိုင်းပြည်ပေါင်းစပ်ရေးကို မြန်မြန်ရွှေ့လျားမည်ဖြစ်သည်။ လာမည့် နောက်သုံးနှစ်သည် ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာအဆင့်တွင် (မြန်မာအတွက်) ကြီးကျယ်သော တိုးတက်ခုန်ပျံမှုတစ်ခု ဖန်တီးနိုင်ရန် အရေးကြီးသည်ကို ကောင်းစွာသိမြင်လျက် သမ္မတသည် ပြုပြင်ပြောင်းလဲရေးပလက်ဖောင်းကို အဓိကယာဉ်အဖြစ် အသုံးပြုမည်ဖြစ်သည်။ ဘာလီထိပ်သီးဆွေးနွေးပွဲ၌ သဘာပတိ၏ ထုတ်ပြန်ကြေညာချက်ထဲတွင် အာဆီယံခေါင်းဆောင်များသည်မြန်မာ၏ အလှည့်ကျဥက္ကဋ္ဌနေရာကို “ထောက်ခံကြောင်း”ဖော်ပြရုံသာ ပြုလုပ်ခဲ့ပြီး သတင်းများတွင် အကျယ်တဝံ့ဖော်ပြခဲ့သလို အပြည့်အဝအားတက်သရော ပြုလုပ်ခဲ့ခြင်းတော့ မဟုတ်ပါ။ အကယ်၍ အနာဂတ်တွင် ဒီမိုကရေစီနည်းမကျသော ဆောင်ရွက်ချက်များ (သို့မဟုတ်)နောက်ပြန်လှည့်သွားမှုများ ရှိလာပါက အာဆီယံသည် မသိကျိုးကျွံပြု၍ နေမည်မဟုတ်ပါ။ ထို့ကြောင့် အနည်းဆုံး ထိပ်သီးစည်းဝေးပွဲ ၁၂ ခုနှင့်အတူ ၂၀၁၄ တွင် အာဆီယံထိပ်သီးစည်းဝေးပွဲကို နေပြည်တော်အစိုးရက အိမ်ရှင်အဖြစ် လက်ခံကျင်းပချိန် မတိုင်ခင်အထိ မြန်မာသည် ဒေသတွင်း၌ ပိုမိုခိုင်မြဲစွာ ပါဝင်နေရန် လိုအပ်မည်ဖြစ်သည်။

အတိုက်အခံ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ထံမှ အပြည့်အဝ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ မြန်မာ၏ နိုင်ငံတကာတွင် ရပ်တည်မှုအနေအထားသည် အလွန်တိုးတက်လာပါသည်။ အာဆီယံထိပ်သီးအစည်းအဝေးပွဲ ဘာလီ၌ကျင်းပစဉ် ကန်သမ္မတအိုဘားမားက သူမအား ဖုန်းဆက်ခဲ့ခြင်းသည် အချက်ပြမှုတစ်ခုဖြစ်ပါသည်။

ယင်းက အမေရိကန်က ယုံကြည်သော ပူးတွဲလုပ်ကိုင်ရန် ဆန္ဒရှိသော ပုဂ္ဂိုလ်ကို ရိုးရှင်းစွာဖော်ပြခဲ့သည်။ အမှန်ကတော့ မြန်မာ၏စုကြည်နှင့်အတူ ဒီမိုကရေစီအသွင် ကူးပြောင်းရေးကိစ္စသည်

စာ(၂၉)သို့



7 DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011

## စာ(၂၇)- အာဆီယံအဖွဲ့အတွင်း ပါရာဒိုင်းပြောင်းလဲမှုအသစ် မှ

အဓိကမောင်းနှင်အားတစ်ရပ်အဖြစ် ပေါ်ထွက်ခဲ့ခြင်းမှာ တောင်အာဖရိကမှ နယ်လ်ဆင်မင်ဒဲလား ၁၉၉၀ တွင် လွတ်မြောက်လာခဲ့ပြီးနောက် အောင်မြင်မှုရခဲ့ခြင်းကို အမှတ်ရဖွယ်ဖြစ်သည်။ အချိန်တိုအတွင်းမှာပင် ၎င်းသည် အတိတ်က အလွန်ဆိုးရွားသော လူမျိုးရေး ခွဲခြားမှု မူဝါဒမပါရှိဘဲ ၎င်း၏နိုင်ငံကို အပြည့်အဝ ဒီမိုကရေစီဆန်သော လေးစားလောက်ဖွယ် ကမ္ဘာ့အဖွဲ့ဝင်အဖြစ် အသွင်ပြောင်းလဲပစ်ခဲ့ရာ ကမ္ဘာတစ်ဝန်းလုံး၏ စိတ်စေတနာကောင်းကို အသုံးချနိုင်စွမ်း ရှိခဲ့ပါသည်။ တရားဝင်ရာထူးနေရာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဒေါ်အောင်ဆန်းစုကြည်သည် အာဆီယံခေါင်းဆောင်များအတွင်း အသိအမှတ်အပြုခံရဆုံး အမည်နာမဖြစ်သည်။ သူမ၏ လွှမ်းမိုးမှုသည် မြန်မာပြည်ကို ကျော်လွန်ကာသွားနေသည်။

အမေရိကန်၊ ဥရောပသမဂ္ဂတို့နှင့် ဆက်ဆံရေးများကို ပိုကောင်းအောင် တိုးတက်အောင်လုပ်ခြင်းဖြင့် အာဆီယံအဖွဲ့၏အတွင်းနှင့် ပြင်ပတွင်ပါ မြန်မာ၏ အသံနှင့်နေရာသည် ပိုမိုအားကောင်းလာနိုင်ပါသည်။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ လက်ရှိ၌ မြန်မာသည် ပိုကောင်းသော ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြနိုင်စရာရှိနေပြီ။ ယင်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နေသော စွမ်းအင်နှင့်တွင်းထွက်ရင်းမြစ်များ၊ ကျယ်ပြန့်သည့် သဘာဝအမွေအနှစ်များကို ထည့်သွင်းဖော်ပြရန် မလိုပါ။ မြန်မာနှင့် အာဆီယံအကြား တိုင်ပင်ညှိနှိုင်းမှုများက ကိစ္စအားလုံးကို တိုးတက်အရှိန်မြှင့်စေမည်ဖြစ်သည်။ အပေါ်ယံမျက်နှာပြင်ပေါ်တွင်မူ လက်ရှိအချိန်အထိ တရုတ်၏ ဩဇာလွှမ်းမိုးမှုက ၎င်းနှင့် နယ်မြေချင်းထိစပ်နေသော အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အကြီးမားဆုံးဖြစ်နေချိန်တွင် မြန်မာအပေါ် အကြည့်အားလုံးမှာ အာရုံစူးစိုက်နေမည်ဖြစ်သည်။ ကလင်တန်က ချက်ချင်းပင် မြန်မာအား မဲခေါင်မြစ်အောက်ပိုင်းစီမံကိန်း၊ Lower Mekong Initiative တွင် ပါဝင်ရန် ဖိတ်ကြားခဲ့ခြင်းအကြောင်းမှာ အံ့ဩစရာမဟုတ်ပါ။ ယင်းစီမံမှုက အမေရိကန်အား မြစ်အောက်ပိုင်းနိုင်ငံများ အားလုံးနှင့်အတူ မဲခေါင်မြစ်အား တိုက်ရိုက်ချိတ်ဆက်မှု ရရှိရေး၊ အပြည့်အဝပူးပေါင်းဆောင်ရွက်မှု ရရှိရေးတို့ကို ဖြစ်ပေါ်စေမည်။ ထိုကိစ္စက ယခုအခါ ၎င်းတို့ကို ရှေ့တန်းနိုင်ငံများအဖြစ် မှတ်ယူထားကြသည့်နည်းတူ ဘေဂျင်း၏ နောက်ဘက်ခြံမ်းသို့ ဩဇာပျံ့နှံ့မှုမှ တောင်ဘက်ပိုင်းသို့ ပျံ့နှံ့လာခြင်းကို စစ်ဆေးနိုင်စေမည် ဖြစ်သည်။ (မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများဖြစ်သော)ကမ္ဘောဒီးယား၊ မြန်မာနှင့် လာအိုတို့သည် ၂၀၁၂၊ ၂၀၁၄ နှင့် ၂၀၁၆ တို့တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌနေရာများကို အသီးသီးရရှိကြမည် ဖြစ်သည်။

လက်ရှိ ပြုပြင်ပြောင်းလဲမှု မတိုင်ခင်ကမူ မြန်မာ၏ တရုတ်အပေါ် အမြင်နှင့် ရပ်တည်မှုအနေအထားများသည် အတိတ်ဆယ်စုနှစ် နှစ်ခုအတွင်း အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအတွင်း မနှစ်မြို့ဖွယ်ရာ ကိစ္စအဖြစ် သတ်မှတ်စဉ်းစားခံခဲ့ရသည်။ သို့သော် သမ္မတသိန်းစိန်အစိုးရ၏ ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံတန်ဖိုးရှိ မြစ်ဆုံဆည် တည်ဆောက်မှုစီမံကိန်း ယာယီရပ်ဆိုင်းရန် ဆုံးဖြတ်ချက်က ထွက်ပေါ်ခဲ့သည်။ ယင်းမှာ တရုတ်အပေါ် မှီခိုရမှုကြီးမားသော အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက ပြောနိုင်နေဆဲဖြစ်သည့် ငြင်းပယ်မှုကို သရုပ်ဖော်ပြခြင်းလည်းဖြစ်သည်။ ဤအချက်က(ငြင်းပယ်နိုင်သည့်) အခွင့်အရေးကို အရေးတကြီးထည့်စဉ်းစားရန် အလားတူ အကျပ်အတည်းတွေ့နေသော အခြားအာဆီယံနိုင်ငံများအတွက် အပြောင်းအလဲဖြစ်စေနိုင်သည့် အရာတစ်ခုဖြစ်သည်။ တောင် တရုတ်ပင်လယ်ကျွန်းစုများ အငြင်းပွားမှုတွင်ပါဝင်နေသည့် ဗီယက်နမ်နှင့် ဖိလစ်ပိုင်နှစ်နိုင်ငံမှလွဲ၍ မည်သည့် အာဆီယံနိုင်ငံ တစ်နိုင်ငံကမှ မကြာမီက မြစ်ဆုံဆည်ရပ်တန့်ရေးဆုံးဖြတ်ချက်ထက် ပိုပြင်းထန်စွာ တရုတ်ကို ထိုးနှက်နိုင်ခြင်း မရှိခဲ့ဖူးပါ။ ထိုလမ်းကြောင်းသာ ဆက်ဖြစ်ထွန်းနေလျှင် အာဆီယံကို တရုတ်နှင့် ဆက်ဆံရာတွင် ပိုမိုညီညွတ်သော ရှေ့တန်းမျက်နှာစာကိုဖော်ဆောင်ရန် တွန်းအားပေးနိုင်သည်။

လောလောဆယ်တွင်တရုတ်၏ အနေအထားကို အနည်းဆုံးအားဖြင့်သံတမန်ရေးအရဘက်မလိုက်ဘဲထားကာ အာဆီယံနှင့် ဆွေးနွေးဖက် နိုင်ငံများသည် မြန်မာ၏ တရုတ်အပေါ် မှီခိုရမှုကို လျှော့ချရန် ရည်ရွယ်သော အနာဂတ်မူဝါဒများဖော်ဆောင်ရန် အသစ်စတင်နိုင်ပါသည်။ ဤထူးခြားသော အခွင့်အရေးက အဓိကနိုင်ငံတကာ ဇာတ်ဆောင်များ၏ အဆင့်မြင့်မားသော နိုင်ငံရေးစိတ်ဆန္ဒကို လိုအပ်မည်။ နာဂစ်မုန်တိုင်းကာလအလွန်မှ ထွက်ပေါ်ခဲ့သော အကျိုးအမြတ်နှင့် အတွေ့အကြုံတို့သည် မြန်မာ့ခေါင်းဆောင်များထံတွင် မပျောက်ဆုံးခဲ့ပါ။ မြန်မာခေါင်းဆောင်များသည် အာဆီယံနှင့် နိုင်ငံတကာ အဖွဲ့အစည်းများကို အသုံးပြု၍ လူသားချင်းစာနာသော အထောက်အပံ့များကို ဖြန့်ဝေစေခဲ့သည်။ ထိုစဉ်က စစ်အစိုးရ၏ ယုံကြည်မှုသည်လည်း အာဆီယံ၊နိုင်ငံတကာအဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ရှေ့ဆက်အရှိန်မြှင့်နိုင်ခဲ့ရာ ယင်းမှာ လက်ရှိယနေ့ကာလ ပြုပြင်ပြောင်းလဲမှုများကို လှစ်ဟပြခဲ့မှုအတွက် အဖွင့်တီးလုံးပင်ဖြစ်သည်။

နက်နက်ရှိုင်းရှိုင်းကြည့်လျှင် အာဆီယံ၏အတွင်း လှုပ်ရှားမှုအရှိန်အဟုန်သည် အရေးအပါဆုံးဖြစ်သည်။ လာမည့်နှစ်အနည်းငယ်အတွင်း အာဆီယံဥက္ကဋ္ဌရာထူးနှင့် ဆွေးနွေးဖက်နိုင်ငံများအတွက် အာဆီယံ၏ တာဝန်ခံဆောင်ရွက်မည့်နိုင်ငံ Asean Coordinator များသည် အဓိကအင်အားကြီး နိုင်ငံများနှင့် အဖွဲ့၏ ဆက်ဆံရေးကို ဖန်တီးနိုင်၊ ပျက်စီးစေနိုင်မည်ဖြစ်သည်။ လာမည့်သုံးနှစ်တာ (၂၀၁၂-၁၅) အတွက် အာဆီယံ-အမေရိကန်ဆက်ဆံရေး၏ Asean Coordinator အဖြစ်တာဝန်ယူမည့်မြန်မာသည်လည်း အဆိုပါ အနာဂတ်ဆက်ဆံရေးများကို မလွှဲမရှောင်သာ အကောင်အထည်ဖော်ရပါမည်။ အမှန်မှာ အမေရိကန်-မြန်မာပုံမှန်ဆက်ဆံရေး အခြေတည်ရန် လျင်မြန်လာခြင်းက လာမည့် ဇူလိုင်တွင်စတင်မည့် မြန်မာ၏ လုပ်ပိုင်ခွင့်အောက်မှ အာဆီယံ-မြန်မာ အနာဂတ်၏ဆက်ဆံရေးများအတွက်နားလည်မှုအမြင်များ ပေးအပ်နေပါသည်။ ပြီးခဲ့သည့်သုံးနှစ်အတွင်း ဖိလစ်ပိုင်သည် Coordinator နိုင်ငံအနေဖြင့် တောင်တရုတ် ပင်လယ်ကျွန်းစုများအရေးနှင့် ဆက်နွှယ်သော ကိစ္စများတွင် အမေရိကန်၏ အားကောင်းသော ထောက်ခံမှုနှင့် တက်ကြွသော ပါဝင်ပတ်သက်မှုကိုဆွဲဆောင်နိုင်ခဲ့ပါသည်။ ထို့အတူ အာဆီယံ-တရုတ်ဆက်ဆံရေးများအတွက် Country Coordinator အဖြစ် ၂၀၀၉-၂၀၁၂ သုံးနှစ်တာဝန်ယူထားသည့် ၂၀၁၀ တွင် အလှည့်ကျအာဆီယံဥက္ကဋ္ဌ တာဝန်ယူခဲ့သည့် **အချပ်ပို(B)သို့**








CHICKEN SOUP

# ရွေးချယ်မှုများနှင့် အဓိပ္ပာယ်များ

အိန်ဂျယ်လင်း



ကျွန်တော် အသက်သုံးဆယ်ပြည့်သည်အထိ ကျွန်တော့်ဘဝဟာ မရေရာတဲ့ အိမ်ခြေယာခြေမဲ့တစ်ဦးအဖြစ် စိုးရိမ်ထိတ်လန့်မှုတွေနဲ့အတူနေနေခဲ့ရတယ်။ အဲဒီလိုအချိန်မှာ မမျှော်လင့်ဘဲ ဂျုန်းစ်လို့ခေါ်တဲ့ အဘိုးကြီးတစ်ယောက်နဲ့တွေ့ခဲ့ရတယ်။ သူကကျွန်တော့်ရဲ့ဘဝနဲ့ အနာဂတ်ကို အပြောင်းလဲကြီးပြောင်းလဲသွားအောင် လုပ်ပေးခဲ့တဲ့ လူတစ်ယောက်ပဲ။ သူက "သား၊ မင်းရှုထောင့်ကလေးနည်းနည်းလောက်ပြောင်းလိုက်ရုံနဲ့မင်းရဲ့ဘဝကို အမြဲတမ်း အဓိပ္ပာယ်ရှိတဲ့ဘဝဖြစ်အောင်နေထိုင်သွားလို့ရတယ်" လို့ သူကကျွန်တော့်ကို ပြောပြတယ်လေ။ ကျွန်တော်က ဘာကိုဆိုလိုတာလည်းလို့ သူ့ကို မေးခဲ့တယ်။

သူက ကျွန်တော့်ရဲ့မေးခွန်းကို မေးခွန်းနဲ့ပဲပြန်ဖြေပါတယ်။ "သား မင်းတစ်ခါတလေမှာလုပ်စရာရှိတဲ့ အလုပ်တွေကိုအရေးဘယ်လောက်ကြီးသလဲဆိုတဲ့ပေါ်မူတည်ပြီး အလိုအလျောက်ဦးစားပေး စီစဉ်ပြီး လုပ်ဖူးတယ်မဟုတ်လား" လို့ မေးတယ်။ ကျွန်တော်က ဆိုလိုရင်းကို ကောင်းကောင်းနားမလည်တော့ မျက်မှောင်ကြုတ်ပြီး သူ့ကို ခေါင်းညိတ်ပြလိုက်တယ်။ သားသိပ်မရှင်းသေးဘူးထင်တယ်။ ဒါဆို ဥပမာပေးမယ် နားထောင်ကြည့်လေ။ 'ဥပမာကွာ၊ မင်းသူငယ်ချင်းတွေနဲ့ အတူတူနေတဲ့အချိန်က အရေးကြီးတယ်၊ ဒါပေမဲ့ အဲဒါထက်စာရင် မိသားစုနဲ့ အတူတူနေတဲ့အချိန်က ပိုပြီးအရေးကြီးတယ်မဟုတ်လား" သူက ဆက်ပြောတယ်။ "တစ်နာရီလောက်ငါးများထွက်ဖို့ဟာ လူတစ်ယောက်အပန်းဖြေရေးမှာ အလွန်အရေးကြီးပေမယ့် မမာမကျန်းဖြစ်နေတဲ့ မိတ်ဆွေ တစ်ယောက်ကိုဆေးရုံမှာနာရီဝက်လောက်သွားပြီး အားပေးစကားပြောဖို့ကငါးများဖို့ထက် ပိုအရေးကြီးတယ်မဟုတ်လား။ ဒီလိုဆိုရင် စတိုးဆိုင် အရောင်းစာရေးနဲ့ စက္ကန့်သုံးဆယ်လောက် စကားစမြည်ပြောတာဟာ အထက်ကနှစ်ခုနဲ့ယှဉ်ရင်ဘယ်လောက်မှအရေးမကြီးဘူးဆိုတာ အလွယ်သိနိုင်တာပေါ့"

သူဒီလိုရှင်းပြတော့မှာပဲ ကျွန်တော်လည်း ဆိုလိုရင်းကို ရှင်းရှင်းလင်းလင်းနားလည်သွားပါတယ်။ ဒီတော့မှ သူကသူပြောချင်တဲ့လိုရင်းကိုဆက်ပြီးပြောတယ်။ "လူ့ဘဝမှာ ကိစ္စတိုင်းဟာ သူ့နေရာနဲ့သူ အရေးကြီးကြတာပဲဆိုတာကိုသားနားလည်မှာပေါ့" ဆိုတော့ ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။ 'ဒီတော့ မင်းရဲ့ နေ့စဉ်ဘဝရွေးချယ်လုပ်ဆောင်ချက်တွေဟာ တခြားသော ရွေးချယ်စရာတွေထက် တန်ဖိုးပိုပြီးရှိနေမယ်၊ အနည်းဆုံးတော့ တန်ဖိုးနည်းမနေဘူးဆိုရင် တဖြည်းဖြည်းချင်း မင်းရဲ့ဘဝဟာ ရည်ရွယ်ချက်ရှိတဲ့၊ အဓိပ္ပာယ်ရှိတဲ့ ဘဝတစ်ခုဖြစ်လာလိမ့်မယ်။ ဒီလိုဆိုလို့ရှိရင် မင်းဟာ တဖြည်းဖြည်းချင်းပိုကောင်းတဲ့ လူတစ်ယောက်ဖြစ်လာလိမ့်မယ်။ ပိုကောင်းတဲ့ မိသားစုဝင်တစ်ယောက်၊ ကြင်ဖော်ကောင်းတစ်ယောက်၊ တန်ဖိုးရှိတဲ့ မိတ်ဆွေကောင်းတစ်ယောက်ဖြစ်လာလိမ့်မယ်။ ဒီလိုဖြစ်လာတဲ့အခါ မင်းရဲ့ အောင်မြင်မှုတွေ၊ မင်းရဲ့ပုဂ္ဂလပိုင်ဆိုင်မှုတွေဟာ အရင်တုန်းက တစ်ခါမှမကြုံဖူးတဲ့ မြင့်မားတဲ့ စံချိန်တွေဖြစ်လာကြလိမ့်မယ်။ မရေရာမှုတွေ၊ သံသယတွေနဲ့ စိတ်ပျက်အားငယ်ရမှုတွေပြွမ်းတီးနေတဲ့ အတိတ်က မှတ်ဉာဏ်ထဲကနေ တဖြည်းဖြည်းချင်း မှေးမှိန်ပျောက်ကွယ်သွားလိမ့်မယ်လေ"

သူနဲ့ မမျှော်လင့်တဲ့ တစ်ညနေခင်းမှာ စကားပြောခွင့်ရခဲ့တာဟာကျွန်တော့်ဘဝကိုပြောင်းသွားစေခဲ့တယ်။ တကယ်တော့ ကျွန်တော်ကိုယ်တိုင်လည်း ပြောင်းလဲချိန်တန်နေတဲ့အချိန်မှာ သူလိုမိတ်ဆွေကောင်းနဲ့အရန်သင့်သွားတွေ့တာလည်းပါပါတယ်။ သူရဲ့ ဆုံးမစကားတွေဟာ ကျွန်တော့် ဘဝကို ပြောင်းလဲသွားစေရုံသာမက နောက်ပိုင်းမှာကျွန်တော့်ရဲ့အောင်မြင်မှုတွေအတွက် တွန်းအားတစ်ခုလည်း ဖြစ်လာစေပါတယ်။ အဲဒီနောက်ပိုင်းမှာကျွန်တော်ဟာလူတွေကို စိတ်ခွန်အားတက်အောင် ပံ့ပိုးကူညီပေးသူ စာရေးဆရာနဲ့ ဟောပြောရေးသမားတစ်ယောက်ဖြစ်လာခဲ့တယ်။ ကျွန်တော်အလုပ်သဘောအရကျွန်တော့်ရဲ့အောင်မြင်မှုကိုတခြားသူတွေကျွန်တော့်ကြောင့်ဘယ်လောက်အောင်မြင်မှုတွေရသွားကြသလဲဆိုတဲ့အချက်နဲ့ တိုင်းတာရပါတယ်။

ကျွန်တော်ဟာ စီးပွားရေးကုမ္ပဏီတွေ၊ အုပ်စုတွေကိုအောင်မြင်မှုဆိုင်ရာ အတိုင်ပင်ခံ ဝန်ဆောင်မှုတွေပေးတဲ့နေရာမှာ လူတွေရော၊ အဖွဲ့အစည်းတွေမှာပါ ကာယကံရှင်တွေကိုယ်တိုင် သတိပြုနားလည်ခြင်းမရှိတဲ့ ထုတ်မသုံးရသေးတဲ့ ခွန်အားတွေအများကြီးရှိနေတယ်ဆိုတဲ့အချက်ကို အမြဲတမ်း အလေးအနက် ထားပြီး ပြောပြရလေ့ရှိတယ်။

အရောင်းကုမ္ပဏီတစ်ခုအနေနဲ့ ကိုယ့်ဈေးကွက်ထဲက ဖောက်သည်တွေကိုကိုယ်တိုင်ကိုယ်ကျဆုံတွေ့ပြီး ရှောင်တခင် စကားပြောတာဟာအသေအချာကြိုတင်စီစဉ်ထားတဲ့လုပ်ငန်းအစည်းအဝေးကြီးတွေလိုပဲအရေးပါတယ်ဆိုတာကို နားလည်ထားရပါမယ်။

ဒီလိုပဲ ဘောလုံးအသင်း တစ်သင်းမှာလည်းကစားသမားတစ်ဦးဟာ သူဘောလုံးရသည်ဖြစ်စေ မရသည်ဖြစ်စေ သူ့ရဲ့ လှုပ်ရှားနေရာယူမှုတွေအားလုံးကအသင်းရဲ့ အောင်မြင်ရေး မအောင်မြင်ရေးနဲ့တိုက်ရိုက်ဆက်စပ်နေတယ်ဆိုတာကို နားလည်ရမှာ ဖြစ်ပါတယ်။

ဆယ်ကျော်သက်လူငယ်ကလေးတစ်ယောက်အဖို့လည်း အခုလို အပူအပင်ကင်းတဲ့ ပျော်ရွှင်ဖွယ်လူငယ်ကလေးဘဝမှာသူရွေးချယ်ခဲ့တဲ့ ရွေးချယ်မှုတိုင်းက အရွယ်ရောက်ပြီး ဘဝထဲကိုတကယ်တိုးဝင်တဲ့အချိန်၊ ခက်ခဲတဲ့အချိန်တွေမှာ သူ့မှာရှိနေမယ့် ရွေးချယ်ခွင့်တွေကို ဆုံးဖြတ်နေတာဖြစ်တယ်ဆိုတာကို သတိထားမိစေချင်တယ်။

လူတစ်ယောက်ဟာ သူ့ရဲ့ဘဝကို ရည်ရွယ်ချက်တစ်ခုနဲ့ အမြဲတမ်းနေထိုင်သွားခဲ့မယ်ဆိုရင် ပိုအောင်မြင်တဲ့လူ၊ ပိုစိတ်ချမ်းသာတဲ့လူ၊ အများရဲ့ တန်ဖိုးထားလေးစားခြင်းကိုပိုခံရတဲ့သူတစ်ယောက်ဖြစ်လာမှာ အမှန်ပါပဲ။ အလုပ်တွေတိုးတက်အောင်မြင်မယ်၊ အသင်းအဖွဲ့ဆိုရင်လည်း ပိုပြီးစည်းလုံးညီညွတ်မယ်။ ဆုံးဖြတ်ချက်တွေပိုမိုမှန်ကန်တိကျပြီး လိုရာရလဒ်ကို ဖော်ဆောင်နိုင်လာပါလိမ့်မယ်။

ဒီတော့ ကျွန်တော်ချုပ်ပြီးပြောရရင် ကျွန်တော်တို့ရဲ့ ရွေးချယ်ဆောင်ရွက်မှုတိုင်းဟာအရေးပါတယ်လို့ သိနားလည်ထားသမျှကာလပတ်လုံး ဒီရွေးချယ်ဆောင်ရွက်မှုကြောင့် ဖြစ်ထွန်းလာမယ့်ရလဒ်တွေဟာ အဆက်မပြတ်တိုးတက်ကောင်းမွန်နေမယ်ဆိုတဲ့အချက်ပဲဖြစ်ပါတော့တယ်။

*Ref: 'Life with Purpose' by Jack Canfield*

# လူငယ်ပညာရေး ရေစီးကြောင်း

■ ရွှေဖြိုးမောင်

ပညာရေးနဲ့ ပတ်သက်တဲ့ ဆောင်းပါး၊ အမြင်သဘောထားတွေ ဂျာနယ်များမှာ ရေးသားဖော်ပြပါရှိလာတာ အလွန်ကောင်းပါတယ်။ ပညာရေးနယ်ပယ်မှာရှိတဲ့ ပညာရှင်ကြီးတွေ၊ ဝန်ထမ်းအရာရှိတွေ၊ ပညာရေးအတွက် မချင့်မရဲဖြစ်နေတဲ့ ပြည်သူတွေရဲ့အသံတွေကို ထောင့်ပေါင်းစုံ၊ အမြင်ပေါင်းစုံကနေ တင်ပြကြပါတယ်။ အနှစ်ချုပ်လိုက်ရင် အားမရစရာအနေအထားတွေ၊ မနှစ်မြို့စရာအနေအထားတွေက များပါတယ်။

စာရေးသူလည်း လက်လှမ်းမီရာလေးတွေနည်းနည်းတင်ပြလိုပါတယ်။ အခြေခံပညာအဆင့်ကိုကြည့်မယ်ဆိုရင် အတန်းပိုင်ဆရာများရဲ့အရေးပါမှု၊ တတ်နိုင်သူကျောင်းသားမိဘတွေရဲ့ အလွယ်လိုက်စည်းပျက်မှု၊ တပည့်များ၊ မိဘများအပေါ် ခွဲခြားဆက်ဆံမှုများဟာ အခုထိ နေရာတော်တော်များများ၊ ကျောင်းတော်တော်များများမှာ ရှိနေဆဲပဲဖြစ်ပါတယ်။ မြို့ပေါ်က ငွေကြေးအရှိန်အဝါအားကောင်းတဲ့ မိသားစုရဲ့ သူငယ်တန်းကျောင်းသားတစ်ဦးဟာ ကျောင်းမှန်မှန်မတက်ဘဲ အတန်းပိုင်ဆရာမကို ကားနဲ့အကြိုအပို့လုပ်ပြီး အိမ်မှာတင်နေရာမရွေ့ စာသင်နေချိန်မှာ၊ ချောင်းကိုဖြတ်၊ လယ်ကွင်းကိုကျော် တစ်မိုင် နှစ်မိုင်၊ သုံး၊ လေးငါးမိုင်လောက်အထိ ဝေးတဲ့ ကျောင်းတွေကို နိစ္စဓူဝ လမ်းလျှောက်ပြီး တက်နေရတဲ့ မူလတန်းကျောင်းသားအရေအတွက်ဟာ တစ်နိုင်ငံလုံး စာရင်းကောက်ကြည့်မယ်ဆိုရင် နည်းမှာမဟုတ်ပါဘူး။

ဆရာ ဆရာမတွေဘက်က ကြည့်မယ်ဆိုရင်လည်း မြို့ပေါ်က ဆရာမတစ်ဦးကို မူလတန်းကျောင်းသားမိဘတစ်ဦးက လက်ကိုင်ဖုန်းတစ်လုံး လက်ဆောင်ပေးချိန်မှာ ရထားတစ်တန်၊ လှည်းတစ်တန်၊ ခြေလျင်တစ်မျိုးနဲ့ ဝေးခေါင်ခေါင်ကျေးရွာတွေကို သွားရောက် တာဝန်ထမ်းဆောင်ရင်း မိဘအိမ်က ရိက္ခာပြန်သယ်နေရတဲ့ဆရာ ဆရာမတွေ၊ တာဝန်ကျရပ်ရွာကပေးတဲ့ အသီးအနှံလေး၊ လက်ဆောင်လေးနဲ့ ကျေနပ်နေရတဲ့ ဆရာ ဆရာမ တွေကလည်း အများအပြား ရှိနေပါတယ်။

လူငယ်နဲ့ပညာရေးဟာတိုင်းပြည်ရဲ့ အထွတ်အထိပ်မှာ ရှိပါတယ်။ ပညာရေးကို လူငယ်တွေက အားကိုးတကြီးနဲ့ပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင်အသုံးချပြီး သူတို့ ရည်မှန်းချက်တွေ၊ နိုင်ငံလိုအပ်ချက်တွေ၊ တိုးတက်ထွန်းကားမှုတွေဆီကို အားတက်သရော ကြိုးစားဖော်ဆောင်ရမှာဖြစ်ပါတယ်။ ပညာရေးဟာ လူငယ်တွေအတွက်အလှမ်းမဝေးစေသင့်ပါဘူး။ ပညာရေးဟာ လူငယ်တွေရဲ့ ယုံကြည်ချက်ကို မဝေဝါးစေသင့်ပါဘူး။ လူငယ်တွေရဲ့ စာရိတ္တကို မယိုင်နဲ့စေသင့်ပါဘူး။ ရေရှည်မှာ အရေအတွက်ထက် အရည်အချင်းက အဓိက အရေးကြီးတယ်ဆိုတာကို သတိချပ်သင့်ပါတယ်။



လူငယ်တွေဟာ သူ့အတိုင်းအတာနဲ့သူ ပညာရေးနဲ့ နပန်းလုံးယှဉ်ပြိုင်အားထုတ်ရင်း လူငယ်ရော ပညာရေးရော နှစ်ခုစလုံးကျရှုံးသွားတတ်ပါတယ်။ 'စာမေးပွဲဝင် အဖြေပြလျှင် စာမေးပွဲအောင်သည့်စနစ်'၊ 'သတ်မှတ်ထားတဲ့ စာမေးပွဲအောင်မှတ်ရဲ့ ထက်ဝက်လောက်အထိ လျှော့ပေါ့အအောင်ပေးတဲ့စနစ်'၊ 'ဒါသင်၊ ဒါအကျက်ခိုင်း၊ ဒါမေး၊ ဒါဖြေစနစ်' တွေကြောင့်တောင်းကြီးကြီးနဲ့ ကျုံးပြီးမြှောက်သွန်ပေးလိုက်သလို လူငယ်အများစုဟာ တက္ကသိုလ်ကိုဘုမသိဘမသိရောက်လာကြပါတယ်။ တက္ကသိုလ် ဆိုတာကိုရောက်လာပြန်တော့လည်း ကျောင်းစာနဲ့ပတ်သက်လို့ စဉ်းစားတွေးတောမှုဆိုတာ မရှိသလောက်ပါပဲ။ အင်တာနက်ဆိုတာ ဂိမ်းဆော့ဖို့ မဟုတ်ကဟုတ်ကကြည့်ဖို့လောက်ပဲသိတဲ့ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတွေဟာ အတော်လေးများနေပါတယ်။ သူတို့တွေရဲ့ အမှန်တကယ်လိုအပ်မှုထက်ပိုတဲ့ငွေကြေးအမြောက်အမြားကို အပျော်အပါး၊

စာ(၄၀) သို့

7DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011

# ထင်ရာကို မပြောကြပါနှင့်

မုန်လိုလူ

ကျွန်တော်ဒီစာကိုရေးမည်ဟု စဉ်းစားခဲ့သည်မှာလွန်ခဲ့သောသုံးနှစ်ခန့်ကပင်ဖြစ်ပါသည်။ သို့ရာတွင် ကျွန်တော်မရေးဖြစ်ခဲ့ပါ။ မရေးဖြစ်ခဲ့ရသောအကြောင်းရင်းကလည်း ရေးစရာအကြောင်းမခိုင်လုံသေး၍ ဖြစ်ပါသည်။ ခုတော့ရေးရမည့်အကြောင်းအရာခိုင်ခိုင်လုံလုံကို သိခဲ့ရပါပြီ။ သိရအောင်လည်းကျွန်တော်ကိုယ်တိုင်ထဲထဲ ဝင်ဝင်လေ့လာခဲ့၍ သိခဲ့ရပါပြီ။

တခြား အကြောင်းတော့မဟုတ်ပါ။ ယခုလိုရာသီဆောင်းဦးကာလတွင် မြို့နယ်၊ ရပ်ကွက်တိုင်း၌ တရားပွဲများကို ကျင်းပခြင်းနှင့် တရားပွဲတစ်ပွဲအတွက် အခက်အခဲများနှင့် တရားဟောဆရာတော်ကြီးများ၏ စိတ်ဆန္ဒကိုသိရှိစေလိုခြင်းကြောင့် သည်စာကိုရေးရခြင်းဖြစ်သည်။

တရားပွဲတစ်ပွဲကျင်းပဖို့ရာကို လွယ်ကူသည်ဟု မထင်မှတ်စေချင်ပါ။ ကျွန်တော်တစ်ဆင့်ပြီးတစ်ဆင့်ရှင်းပြသွားပါမည်။ သိပြီးသားသူရှိသလို မသိသေးသူများလည်းသိရအောင်ကျွန်တော်ပြောပြပါမည်။ ပထမဦးဆုံးအနေနှင့် တရားပွဲကျင်းပမည့် ဆွမ်းလောင်းအသင်း (သို့) အသင်းအဖွဲ့တစ်ခုသည် တရားပွဲကျင်းပမည့်ရက်ကို အရင်သတ်မှတ်ရပါသည်။ ကျင်းပမည့်ရက်သတ်မှတ်ပြီးသည်နှင့် တရားဟောမည့် ဆရာတော်များကို ရွေးချယ်ရပါသည်။ ကိုယ်ရွေးချယ်ထားသော ဆရာတော်များ မရခဲ့ပါက မရခဲ့သည့်ဆရာတော်နေရာမှာ ဘယ်ဆရာတော်ကို အစားထိုးမည်ကအစ စဉ်းစားဆုံးဖြတ်ထားရပါသည်။ ဒုတိယအဆင့်အနေဖြင့်တရားပွဲကျင်းပမည့် အဖွဲ့အစည်းမှ လူပုဂ္ဂိုလ်များသည် ဆရာတော်များကို လိုက်လျှောက်ရပါသည်။ ဘယ်နေ့ဘယ်ရက်၊ ဘယ်မြို့နယ်မှာ တရားပွဲကျင်းပလိုပါသည်။ ဆရာတော်များမှ အစဉ်သနားသောအားဖြင့် တရားရေအေးအမြိုက်ဆေးများကိုတိုက်ကျွေးဟောပြောဆိုဆုံးမဖို့ကို လျှောက်ထားရပါသည်။ ဥပမာအားဖြင့် ပြရလျှင် ဆရာတော်တစ်ပါးကို အရင်ဦးဆုံးအမိကလျှောက်ထားရပါသည်။

အမိကထားသော ဆရာတော်ကို ၅-၁၂-၂၀၁၁ ရက်နေ့သတ်မှတ်သည်။ ထိုနေ့ကို ဆရာတော်ကလည်း ပေးသနားသည်ဆိုလျှင် အဆင်ပြေပါသည်။ နောက် ဆရာတော်တစ်ပါးကို ၄-၁၂-၂၀၁၁ ရက်နှင့် ၆-၁၂-၂၀၁၁ရက်တစ်ရက်ရက်ကိုတောင်းဆိုရပါသည်။ သို့မှသာ ဆရာတော်တစ်ပါးနှင့် တစ်ပါးကပ်လျက်ဖြစ်သွားပါမည်။ ထိုအတိုင်းပင်နောက်ဆရာတော်များကိုလည်း ကပ်လျက်ရက်ဖြစ်အောင် ညှိနှိုင်းတောင်းဆိုရပါသည်။

တစ်ခါတလေအဆင်ပြေပါသည်။ တစ်ခါတလေအဆင်မပြေပါ။ ဆရာတော်များမအားသည်နှင့် ကြုံလျှင် ၃၊ ၄ပါးအထိ လိုက်ကျွန်တော်ပြောပြပါမည်။ ပါမစ်တစ်စောင်မှာမြို့နယ်အုပ်ချုပ်ရေးမှူးလက်မှတ်မပါခင်လူပုဂ္ဂိုလ်ငါးဦးဆရာတော်နှစ်ပါးလက်မှတ်ထိုးရပါမည်။ လူပုဂ္ဂိုလ်ငါးဦးဆိုသည်မှာ (၁) ရပ်ကွက်အုပ်ချုပ်ရေးမှူး (၂) ရေးထိုးခြင်းနှစ်စောင်၊ တစ်စောင်ကတော့မြို့နယ်အုပ်ချုပ်ရေးမှူးရုံးက ထုတ်ပေးသည့် ဝန်ခံစာဖြစ်ပြီး ကျန်တစ်စောင်ကတော့ အသင်းအဖွဲ့မှ တာဝန်ခံတစ်ယောက်က ပြဿနာတစ်စုံတစ်ရာဖြစ်ခဲ့ပါက အရေးယူခံပါမည်ဆိုသည့် ဝန်ခံကတိပြုလက်မှတ်ရေးထိုးခြင်းဖြစ်ပါသည်။ (၃) တရားပွဲကျင်းပသည့်နေရာ (မြေပုံ)ကိုလည်း ကွန်ပျူတာဖြင့်ဆွဲပြီးပြရသည့် ပုံတစ်ပုံပါရပါမည်။ ထိုသို့ ပြည့်စုံပြီဆိုလျှင် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ တင်ပြရပါသည်။ မြို့နယ်အုပ်ချုပ်ရေးမှူးလက်မှတ် ရပြီဆိုလျှင်



လျှောက်ရပါသည်။ လိုက်လျှောက်ရသည့် လူပုဂ္ဂိုလ်အနေဖြင့် ပင်ပန်းပါသည်။ ဆရာတော်ကြီးများကျောင်းထိုင်သည့် ကျောင်းများမှာ တစ်ကျောင်းနှင့်တစ်ကျောင်း အလွန်ဝေးပါသည်။ တစ်ကျောင်းမှ တစ်ကျောင်းသို့ ကူးလူးသွားရသည်မှာ လွယ်ကူသည်တော့ မဟုတ်ပါ။ မနက်ကနေ ညနေထိကူးပါသည်။ ညနေကနေ နောက်တစ်နေ့၊ နောက်တစ်နေ့ကနေလေး၊ ငါးရက်ကြာတတ်ပါသည်။ ထိုသို့အပင်ပန်းခံပြီး ဆရာတော်ကြီးများဆီမှ တရားဟောမည့်ရက် အဆင်ပြေပြီဆိုသည်နှင့် နောက်အလုပ်တွေက တစ်သီတစ်တန်းကြီးပေါ်လာပါတော့သည်။

အရင်ဆုံးတရားပွဲပါမစ်ရအောင် လိုက်ရပါသည်။ ပါမစ်လျှောက်သည့်အကြောင်းကိုလည်း ရပ်ကွက် သာသနာနုဂ္ဂဟအသင်း၏ ဥက္ကဋ္ဌ (၃) မြို့နယ်သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ (၄) မြို့နယ်သာသနာရေးမှူး (၅) မြို့နယ်ရဲစခန်းမှူး (မြို့နယ်မှူး)စသည့် ငါးယောက်ဖြစ်ပြီး ဆရာတော်နှစ်ပါးကတော့ (၁) ရပ်ကွက်သံဃနာယကဥက္ကဋ္ဌနှင့် (၂) မြို့နယ်သံဃနာယကဥက္ကဋ္ဌတို့ ဖြစ်ပါသည်။ စဉ်းစားကြည့်စေချင်ပါသည်။ လူပုဂ္ဂိုလ်ငါးဦးနှင့် ရဟန်းသံဃာနှစ်ပါး၏ လက်မှတ်ကို အဆင်ပြေပြေရဖို့လွယ်ကူသည်ဟု မထင်စေချင်ပါ။ အခက်အခဲများစွာရှိပါသည်။ ထိုတရားပွဲပါမစ်လျှောက်လွှာထဲတွင် ထည့်သွင်းတင်ပြရသည့် စာရွက်စာတမ်းများလည်းရှိပါသေးသည်။ ထိုစာရွက်စာတမ်းများကတော့ (၁)ဆရာတော်များ၏ထေရုပ္ပတ္တိအကျဉ်း (၂) ဝန်ခံကတိလက်မှတ်(လွယ်ကူသည်ဟု မထင်စေလိုပါ) ခရိုင်အုပ်ချုပ်ရေးမှူးသို့ထပ်မံတင်ပြတောင်းခံရပါသေးသည်။ ခရိုင်ပြီးလျှင် တိုင်းအဆင့်သို့တစ်ဆင့်ပြီးတစ်ဆင့်တင်ပြတောင်းခံရပါသေးသည်။ ယခုနှစ်တော့ တိုင်းအဆင့်မလိုတော့ပါ။ (တစ်ဆင့်တော့ လျှော့ပေးလိုက်ပါသည်) စားသောက်ဆိုင်တစ်ဆိုင်(သို့)အရက်ဆိုင်တစ်ဆိုင်လိုင်စင်လုပ်လျှင် ဒီလောက်ထိ လက်မှတ်ထိုးစရာလိုမည်မထင်ပါ။

တရားပွဲပါမစ်ရပြီဆိုလျှင် ကျန်သည့် အလုပ်များကိုဆက်၍ လုပ်ရပါတော့သည်။ ပန်းဖလက် (တရားပွဲဖိတ်စာ) (ဗီနိုင်း)ဆရာတော်များ၏ ပုံနှင့်ဟောပြောမည့်ရက်၊ နေရာတို့ပါသည့် ဗီနိုင်းပုံကြီးများကို အဆင်ပြေသည့်နေရာမှာ အသိပေးကြေညာရပါသည်။ မုခ်ဦး၊ သံဃာစင်၊ ဖျာ၊ မီးချောင်းစသည့် ပစ္စည်းများရအောင်လည်း ကြိုတင်၍ ငှားရမ်းထားရပါသည်။ တစ်ခါတလေ နှစ်လလောက်ကြိုတင်ပြောထားပေးမယ့်လည်းအဆင်ပြေချင်မှပြေပါသည်။ ဆွမ်းလောင်းအသင်း (သို့) အသင်းအဖွဲ့အစည်းတစ်ခုသည် တရားပွဲတစ်ပွဲကျင်းပမည်ဆိုလျှင် အလွန်ပင်ပန်းပါသည်။ ကိုယ့်အကျိုးကိုယ့်စီးပွားတစ်ခုမှမပါပါ။ တရားပွဲအပေါ်မှာထားသည့်စိတ်အပေါ်မှာကုသိုလ်နှင့် အကုသိုလ်မှလွဲ၍ ဘာမှမရနိုင်ပါ။ လုပ်ရသည့်အလုပ်များကို အသေးစိတ်ရေးပြလျှင် စာရှည်သွားမည်စိုး၍ မရှင်းပြ၊ မရေးပြတော့ပါ။ တရားဟောဆရာတော်ကြီးများ၏ အကြောင်းနှင့် စိတ်ဆန္ဒများကို ပြောပြပါဦးမည်။

ဓမ္မပူဇာဆက်ကပ်ပြီးသည်နှင့် တချို့လူပုဂ္ဂိုလ်များက ပြောကြပါသည်။ ဆရာတော်ကတော့ မ, သွားပြန်ပြီ။ ဘယ်လောက်တောင်ရသွားတာစသည်ဖြင့်ပြောတတ်ကြပါသည်။ မပြောကြပါနှင့် အကုသိုလ်ဖြစ်ပါသည်။ မသိလို့ပြောခြင်းကိုလည်း အပြစ်မဆိုချင်ပါ။ တကယ်လည်းဆရာတော်များရသွားကြပါတယ်။ ဒါပေမဲ့ တကယ့်အကြောင်းရင်းကို သိနေသောကျွန်တော် ရှင်းပြပါဦးမည်။

ဆရာတော် အများစုသည် တရားဟော၍ရသည့် ဓမ္မပူဇာငွေများကို သူတို့မသုံးစွဲပါ။ ပြန်လည်၍ လှူဒါန်းကြပါသည်။ ဥပမာအနေဖြင့် လူအသိများနေသော ဆရာတော်ကြီးများ၏ အကြောင်းကို ပြောပြပါမည်။ သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရဆိုလျှင် သီတဂူရေအလှူတော်ဆိုပြီး စစ်ကိုင်းချောင်မှာ ရေလှူပါသည်။ အာယုဒါနဆေးအလှူဆိုပြီး ဆရာတော်ကြီးအကုန်အကျခံဆောက်လုပ်လှူဒါန်းထားသော ဆေးရုံများမှာ လိုအပ်သည့်ဆေးဝါး၊ စက်ပစ္စည်းများကို လှူဒါန်းပါသည်။ နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးတော့ မုန်တိုင်းဒဏ်ခံရသည့်မြို့ရွာများသို့ဆရာတော်ကြီးကိုယ်တိုင်ကြွရောက်၍ ကျပ်သိန်းပေါင်းရှစ်သောင်းကျော်ကိုလည်း လှူဒါန်းခဲ့ပါသေးသည်။

စာ(၄၀) သို့

## JOKE

### ဖြေပါ

- လွတ်လပ်စွာပြောဆိုခွင့်ကို အလေးထားတဲ့ နိုင်ငံတစ်နိုင်ငံမှာ ဘာဖြစ်လို့ ဖုန်းခေါ် ဆိုခတွေ ဈေးကြီးရတာလဲ။
-အလင်းနှစ်တစ်နှစ်မှာ ရက်သတ္တပတ်ပေါင်း မည်မျှရှိသလဲ။
-လေယာဉ်ထိုင်ခုံမှာ လေထီးတွေအစားဘာဖြစ်လို့ရေပေါ် ပေါ်နိုင်တဲ့ ပစ္စည်းတွေ ထည့်ထားတာလဲ။
-တစ်နှစ်မှာ ၃၆၅ ရက်၊ ၂၄ နာရီဖွင့်တယ်ဆိုတဲ့ ဆိုင်တွေမှာ ဘာဖြစ်လို့ သော့ဂလောက်တွေ ရှိနေရတာလဲ။
- အရက်သောက်ပြီး ကားမောင်းလို့မရပေမယ့် ဘာဖြစ်လို့အရက်ဝယ်ရန် ကားလိုင်စင်ပြရတာလဲ။
-အချစ်မှာ မျက်စိမပါဘူးလို့ဆိုကြပြီး ဘာဖြစ်လို့ မိန်းကလေး ညဝတ်အကျီတွေ ရောင်းကောင်းနေရတာလဲ။

### အိမ်ထောင်ပြုခြင်းအကြောင်း

-အိမ်ထောင်တွေကို ကောင်းကင်မှာ ဖန်တီးတာပါ။ ထို့အတူ မုန်တိုင်းတွေ၊ လျှပ်စီးတွေ၊ မိုးကြိုးတွေကိုလည်း ကောင်းကင်မှာ ဖန်တီးပါတယ်။
- အိမ်ထောင်ပြုပြီးတဲ့အခါ ခင်ပွန်းနှင့်ဇနီးဟာ ခေါင်းနဲ့ပန်းပါတဲ့ အကြွေစေ့တစ်စေ့လိုပါပဲ။ တစ်ဦးနဲ့ တစ်ဦး မျက်နှာချင်းဆိုင်လို့ မရသလို၊ ခွဲနေလို့လည်း မရပါဘူး။
- အိမ်ထောင်မကျခင်မှာ ယောကျ်ားတစ်ယောက်ဟာ သူ့ကောင်မလေးပြောတဲ့ အကြောင်းအရာတစ်ခုကိုစဉ်းစားရင်း အိပ်မပျော်ဖြစ်နေတတ်ပါတယ်။ အိမ်ထောင်ကျပြီးရင်တော့ မိန်းမစကားမဆုံးခင် အိပ်ပျော်သွားလေ့ရှိပါတယ်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လုထွင့်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းငွေ၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။
**နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရိန်းရိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။
**ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ငွေ။ **လိုဂိုဒီဇိုင်း-** ကျော်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။
**ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂိပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၀၉ ၇၃၂၂၄၅၄၁ ၊ ၂၄၃ ၅၄၂၊ ၃၈၄၅၃၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : editor@7daynewsjournal.com

7DAY NEWS Hotline : 73032006

7 DAY NEWS

# Business

Vol.10, No.39 · DECEMBER 15, 2011

## ရေနံနှင့် သဘာဝဓာတ်ငွေ့ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သော ပြည်တွင်းကုမ္ပဏီနည်းပါးနေ

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၂၈**

ပြည်တွင်းရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုလုပ်ငန်းများအတွက် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်သော မြန်မာကုမ္ပဏီများ နည်းပါးလျက်ရှိပြီး နိုင်ငံခြားမှဝန်ဆောင်မှု ကုမ္ပဏီများကိုသာ အားကိုးနေရကြောင်း ယင်းလုပ်ငန်းနယ်ပယ်မှ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအတွက် ပြည်ပနိုင်ငံများမှ ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ရေး လုပ်ငန်းများ ပြည်တွင်း၌ လာရောက်လုပ်ကိုင်လျက်ရှိရာ ၎င်းနှင့်ဆက်စပ်သည့် ဝန်ဆောင်မှုများ ဆောင်ရွက်မည့် လုပ်ငန်းများလည်း လိုအပ်ချက်မြင့်တက်လာသည်။

"ရေနံနဲ့ သဘာဝဓာတ်ငွေ့ လုပ်ငန်းအတွက် ဝန်ဆောင်မှု ကုမ္ပဏီတွေ အများကြီး လိုအပ်လာမှာပါ။ အခုတော့ မြန်မာကုမ္ပဏီတွေ နည်းနေသေးတဲ့အတွက် နိုင်ငံခြားကုမ္ပဏီတွေပဲ အားကိုးနေရတာပေါ့။ လက်ရှိ ဒီမှာလာရောက်လုပ်ကိုင်နေကြတဲ့ နိုင်ငံခြားက ရေနံနဲ့ သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းတွေအတွက် ဝန်ဆောင်မှု လုပ်ကိုင်နေတဲ့ မြန်မာကုမ္ပဏီက ၁၅ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းလောက်ပဲ ရှိမယ်။ကျန်တဲ့ရာခိုင်နှုန်းအများစုက နိုင်ငံခြားက ကုမ္ပဏီတွေပါပဲ" အဆိုပါပုဂ္ဂိုလ်က ပြောကြားသည်။

မြန်မာနိုင်ငံတွင် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေး လုပ်ငန်းများအတွက် တရုတ်၊ အိန္ဒိယ၊ မလေးရှား၊ စင်ကာပူစသည့် အိမ်နီးချင်းနိုင်ငံများနှင့် ရုရှား၊ ကိုရီးယားနိုင်ငံများနှင့် အကျိုးတူ ပူးပေါင်းလုပ်ကိုင်နိုင်ရန် ဆောင်ရွက်လျက်ရှိရာ အဆိုပါ လုပ်ငန်းများအတွက် ဝန်ဆောင်မှုလုပ်ငန်းများလည်း ပိုမိုကျယ်ပြန့်လာမည်ဖြစ်သည်။

လက်ရှိအခြေအနေများအရပြည်တွင်းရှိရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် တူးဖော်ထုတ်လုပ်ရေးအတွက်ပြည်ပနိုင်ငံများ၏ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှု အကူအညီကို ရယူနေသကဲ့သို့ ၎င်းလုပ်ငန်းများနှင့် ဆက်စပ်သောဝန်ဆောင်မှုလုပ်ငန်းများအတွက်လည်း နိုင်ငံခြားကုမ္ပဏီများအား အမှီပြုနေရခြင်း ဖြစ်သည်။

## အမြင့်ကားကျပ်သိန်း ၅၀ ခန့် ပြုတ်ကျ၊ အောက်ကား ဝယ်ယူသူနည်း

**ဇာဇာနီ**

**ရန်ကုန်၊ ဒီဇင်ဘာ-၇**

ဟံသာဝတီ ယာဉ်ရောင်းဝယ်ရေးဈေးကွက်တွင် အမြင့်ကားများ ကျပ်သိန်းငါးဆယ်ခန့် ထပ်မံကျဆင်းလာသောကြောင့် အောက်ကားအရောင်းအဝယ် အေးသွားကြောင်း အဆိုပါ ယာဉ်ရောင်းဝယ်ရေးဈေးကွက်မှ စုံစမ်းသိရှိရသည်။

အမြင့်ကားဈေးနှုန်းများမှာ ဒီဇင်ဘာပထမပတ်အတွင်းပြည်ပမှ ယာဉ်စီးရေ ၁,၄၀၀ ကျော်ခန့် ထပ်မံရောက်ရှိလာသောကြောင့် ယခုကဲ့သို့ ဈေးနှုန်းများကျဆင်းလာခဲ့ခြင်းဖြစ်ကြောင်း ဟံသာဝတီ ယာဉ်ရောင်းဝယ်ရေးစခန်းမှပွဲစားအများစုက ပြောကြသည်။



"ယနေ့မှာပဲ အမြင့်ကားဈေးတွေ ပြီးခဲ့တဲ့လက ဈေးထက် သုံးပုံတစ်ပုံလောက်ထပ်ကျတယ်။အခုဈေးနှုန်းအထိထပ်ကျဖို့တော့မဖြစ်နိုင်တော့ဘူး။ ဘာကြောင့်လဲဆိုရင် ကညနနဲ့ Custom ခွန်နဲ့တွက်ရင် သိန်းနှစ်ရာလောက်ထိတော့ မကျနိုင်တော့ဘူး" ဟု ကားပွဲစား ကိုအောင်ဝင်းက 7Day News သို့ ပြောသည်။

လက်ရှိတွင် ရွှေငါးကားအမျိုးအစား၊ပါဂျဲရိုး၊ဆာ့ဖ်ကားအမျိုးအစားများ အရောင်းအဝယ် ပြန်ဖြစ်လာသည်။ ရွှေငါးကားအမျိုးအစား၊ မော်ဒယ် ၂၀၀၂၊ အက္ခရာ ၆၈၊ အင်ဂျင်ပါဝါ(၂၅၀၀) ဓာတ်ဆီယာဉ်ဈေးနှုန်းမှာ ကျပ်သိန်း ၃၆၀ ခန့်၊ ပါဂျဲရိုး၊ အက္ခရာ ၆ဂ ၉၇ မော်ဒယ်နံပါတ်မှာ ကျပ်သိန်း ၄၂၀၊ ဆာ့ဖ်၊၉၇ မော်ဒယ် အက္ခရာ ၆(ဂ) မှာ ကျပ်သန်း ၄၅၀ ခန့် နှင့် အရောင်းအဝယ်ဖြစ်ကြသည်။

ထပ်မံရရှိသော သတင်းများအရ လာမည့် ဒီဇင်ဘာ ၁၂ ရက်တွင် ကားအစီး ၁,၂၀၀ တင်ဆောင်လာသော သင်္ဘောတစ်စီးရောက်ရှိလာဦးမည်ဖြစ်သည်။

### ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၇၈၅ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၇၈၅ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၁၅ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၁၇ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၄၅ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၀၀ | ကျပ် |

၂၀၁၁ ဒီဇင်ဘာ ၁၀ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။
မှတ်ချက်။ ။ပို့ကုန်ရငွေဈေးနှုန်းသည် ဒီဇင်ဘာ ၉ ရက်ဈေးဖြစ်သည်။

### ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၈၄ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၄၇၂ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၇. ၅၃ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၆၄၁ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၁. ၈၇ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၉၀၉ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၄၆. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၅၁ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၈၇ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၀၆၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၀၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၆၂ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၀. ၉၇၇၉ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၈၈၇ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၁၇၇ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၁. ၄၆၃၂ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၃ | ဒါရမ် | (UAE) |

### အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၇၁၆. ၈၀၀ |
| ရေနံစိမ်း | စည် | ၁၀၈. ၆၂၀ |
| ငွေ | ၁ အောင်စ | ၃၂. ၂၅၃ |
| ကြေးနီ | ပေါင် | ၃၅၅. ၇၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၃၁၇ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၁ ဒီဇင်ဘာ ၁၀ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## ရန်ကုန်-ပုသိမ်လမ်း ကုန်နည်း တန်ဆာခပြုတ်ကျ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ-၇**

ပုသိမ်-ရန်ကုန်လမ်းကြောင်းတွင် တင်ပို့ကုန်နည်းသောကြောင့် ယခုရက်ပိုင်း ၎င်းလမ်းကြောင်း၌ ကုန်တန်ဆာခများ ထက်ဝက်နီးပါးကျဆင်းခဲ့ကြောင်း ကုန်တင်ယာဉ်ပိုင်ရှင်နှင့် ကားဂိတ်လုပ်ငန်းရှင်များက ပြောသည်။ စာ(၃၄)သို့



7 DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011

## ရွှေပုံမှန်ဝယ်စုသူများကြောင့် ရွှေအရောင်းအဝယ် ပုံမှန်ဖြစ်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ-၇**

ဈေးနှုန်းအတက်အကျနည်းနေသော်လည်း နှစ်ကုန်ပိုင်းကာလ၌ ရွှေပုံမှန်ဝယ်စုသူများကြောင့် အရောင်းအဝယ်ဖြစ်နေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

"အပိုင်းဘက်မှတော့ အရောင်းအဝယ်မကောင်းပေမယ့် ပုံမှန်ဝယ်စုနေကြတဲ့ ဈေးကွက်ဖြစ်နေတဲ့ ဖြတ်စဘက်မှာတော့ ၄-၅ ကျပ်သား ဝယ်စုတဲ့သူတွေနဲ့ အလုပ်ဖြစ်နေတယ်"ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ရွှေအပိုင်းဈေးကွက်တွင် ယခုနှစ်ကုန်ပိုင်းလများ၌ အထုပ်လိုက်ချီ၍ ဝယ်ယူသူမရှိသလောက် နည်းနေပြီး အပိုင်းအနည်းငယ်ကို သာဝယ်ယူမှုရှိကြောင်း သိရသည်။

ယခုလအတွင်းတွင် ရွှေဈေးကွက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၂၀,၀၀၀ ကျပ်ဝန်းကျင်တွင် ရှိနေခဲ့ပြီး၊ ၁၅,၀၀၀ ကျပ်ဝန်းကျင်သာ အများဆုံးအတက်အကျဖြစ်လေ့ရှိကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

"ကမ္ဘာ့ရွှေဈေးကွက်ကလည်း အတက်အကျရှိပေမယ့် ဈေးအများကြီးပြောင်းလဲတာ မဟုတ်တော့ ပြည်တွင်းဈေးလည်း ပြောင်းတာနည်းတယ်" ဟု ရွှေလုပ်ငန်းရှင်များက ပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းသည် ယခုလကုန်ပိုင်းတွင် တစ်အောင်စလျှင် ၁,၇၃၀ ကျပ် ဝန်းကျင်တွင်ရှိနေကြောင်း သိရသည်။

ယခုဒီဇင်ဘာ ၇ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၂၁,၀၀၀ ကျပ်ရှိပြီး ၁၅ ပဲရည်မှာ တစ်ကျပ်သားလျှင် ၆၃၂,၀၀၀ ကျပ်ဈေးရှိသည်။

"အထည်ဈေးကွက်က အရောင်းအဝယ်ကောင်းတယ်ပြောလို့ရတယ်။ ပွဲတော်ရက်တွေလည်းဖြစ်နေတာကြောင့် ရောင်းအားကောင်းနေတယ်" ဟု ရွှေဆိုင် လုပ်ငန်းရှင်တစ်ဦးက ပြောသည်။




## ပုသိမ်ဆိပ်ကမ်းအဆင့်မြှင့်တင်ရေး လေ့လာဆန်းစစ်သည့် စာတမ်းပြီးစီးပြီဟုဆို

**အိဖြူမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၂၉**

ကုန်တန်ချိန်တစ်သောင်းဝန်းကျင် ကုန်သွယ်မှုပြုနိုင်သည့်ပုသိမ်ဆိပ်ကမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းအတွက် ကုန်သွယ်မှုပမာဏနှင့် မြစ်ကြောင်းတိုင်းတာလေ့လာဆန်းစစ်သည့်စာတမ်းပြီးစီးပြီဖြစ်ကြောင်း ယင်းကိစ္စတာဝန်ယူထားသည့် မြန်မာရေကြောင်းပို့ဆောင်ရေးနှင့်မြစ်ကြောင်းထိန်းသိမ်းရေးကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးစိုးမောင်မြင့်ကပြောသည်။

လေ့လာရာတွင် ကုန်သွယ်ရေကြောင်းဖြစ်နိုင်မှုရှိ မရှိ၊ ကုန်သွယ်မှုပမာဏရရှိမှု၊ စီးပွားရေးတွက်ခြေကိုက်မှုရှိ မရှိ၊ ကွန်တိန်နာများထားရှိနိုင်ရေးအတွက် ဆိပ်ကမ်းအင်္ဂါရပ်နှင့် ညီညွတ်မှုရှိမရှိ၊ နိုင်ငံတကာမှ လာရောက်သော သင်္ဘောများ ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းပေါ်ပေါက်ရေးတို့ကို အဓိကထား လေ့လာဆန်းစစ်ခဲ့ကြောင်း သတင်းရရှိသည်။

ငဝန်မြစ်ကြောင်းတစ်လျှောက်ရှိပမ္မဝတီမြစ်ဆုံမှ ဝဲဒေါင့်ဆိပ်ကမ်းအထိ လေ့လာခဲ့ပြီး ရေအရင်းအမြစ်နှင့် မြစ်ကြောင်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ(အငြိမ်းစားညွှန်ကြားရေးမှူးချုပ်) ဦးမြင့်စိုးဦးစီး၍ အချိန်တစ်လကြာ သုတေသနပြုလုပ်ခဲ့ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

"၂၀၁၁ ခုနှစ်မှာ လေ့လာဆန်းစစ်ချက်လုပ်ပါဆိုလို့ လုပ်ခဲ့တယ်။ ငဝန်ကုန်သွယ်မှုရေကြောင်းကနေ ပုသိမ်ဆိပ်ကမ်းကို နိုင်ငံတကာအဆင့်မီ ဆိပ်ကမ်းဖြစ်အောင် ဆောက်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်ကြောင့်ပါ။ ရထားတဲ့ ရလဒ်ကိုတော့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကိုတင်ပြထားပြီးပါပြီ။ မကြာခင် သိရတော့မှာပါ။ တည်ဆောက်ခွင့်ကျလာရင် ဒီဇင်ဘာလထဲမှာ လုပ်ငန်းစမယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ပုသိမ်ဆိပ်ကမ်းသည် တန်ချိန် ၃,၀၀၀ ရှိ သင်္ဘောများ ဝင်ရောက်ဆိုက်ကပ်နိုင်ခဲ့သော ဆိပ်ကမ်းတစ်ခုဖြစ်သည်။ ယင်းဆိပ်ကမ်းကို ၁၉၉၅ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။

ငဝန်မြစ်ကြောင်းတွင် ကုန်သွယ်ရေးလမ်းကြောင်းတွင် ကုန်တန်ချိန် တစ်သောင်းကျော် သင်္ဘောများဖြတ်သန်းသွားလာနိုင်ရေးအတွက် သဲသောင်ခုနစ်ခု တူးဖော်ရမည်ဖြစ်ကြောင်း မြစ်ကြောင်းလေ့လာမှုကို တစ်လကြာပြုလုပ်ခဲ့သည့် မြန်မာရေကြောင်းပို့ဆောင်ရေးနှင့် မြစ်ကြောင်းထိန်းသိမ်းရေးနှင့် ဆိပ်ကမ်းတည်ဆောက်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးစိုးမောင်မြင့်ကပြောသည်။

ငဝန်မြစ်ကြောင်းအတွင်း ပမ္မဝတီမြစ်ဆုံမှ ဝဲဒေါင့်ဆိပ်ကမ်းအထိ တူးဖော်ရမည့် သဲသောင်များမှာ တာကိုင်းရွာ၊ ရွာလေးရွာ၊ ရွှေပိုက်သောင်ဘုရားနှင့် အရိုးဒါးရွာအောက်ပိုင်းနှင့် ဖျံရေကျော်ရွာ၊ ကျောက်တန်းကျေးရွာနှင့် ရွှေပိုက်သောင်ဘုရားအထက်ပိုင်းတို့ဖြစ်ကြသည်။

### စာ(၃၃) - ရန်ကုန်-ပုသိမ်လမ်း ကုန်နည်း တန်ဆာခပြုတ်ကျ မှ

"တင်တဲ့ကုန်နည်းနေတာကြောင့် ပြီးခဲ့တဲ့ လကုန်ပိုင်းကတည်းက တန်ဆာခတွေ တောက်လျှောက်ကျနေခဲ့တာ" ဟု ကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

ပုသိမ်-ရန်ကုန်ရှိ တန်ဆာခမှာ ယခင်နိုဝင်ဘာလဆန်းပိုင်းထိပင် ဆန်တစ်အိတ်လျှင် ၈၀၀ ကျပ်ရှိနေခဲ့ရာမှ ယခုတစ်ပတ်တွင် ၄၅၀ ကျပ်ထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထို့အတူ ဓာတ်မြေဩဇာတန်ဆာခမှာလည်း တစ်အိတ်လျှင် ၉၀၀-၁၀၀၀ ကျပ်ရှိနေရာမှ ၈၀၀ ကျပ်ထိ ကျဆင်းလာသည်။

ထို့အပြင် ပုသိမ်ဘက်မှ တင်ပို့ကုန်များဖြစ်သော မှန်စက်ရုံရပ်နားထားခြင်းကြောင့် မှန်တင်ကားနှင့် အထပ်သားစက် ရုံမှာလည်း သစ်လုံးအခက်အခဲကြောင့် ဟုဆိုကာ ရပ်နားထားခြင်းများကြောင့် ကုန်ရှားကာ တန်ဆာခကျဆင်းနေခြင်းဖြစ်ကြောင်း သိရသည်။

"ကုန်သည်တွေ ကစားနေတော့ ကုန်စည်စီးဆင်းမှုက မမှန်ဘူး။ ဝယ်လိုအား၊ ရောင်းလိုအားနည်းလို့ ကုန်ရှားတာကြောင့် ဈေးကျနေတာ" ဟု ကားဂိတ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

သို့သော် ရန်ကုန်မှ ပုသိမ်အဆင်းကုန်များမှာ ပုံမှန်ရှိနေသောကြောင့် ၎င်းအဆင်းတန်ဆာခများမှာ ကျဆင်းခြင်းမရှိကြောင်း သိရသည်။

# 7DAY BOOK REVIEW




ပင်ကိုရေး မော်ဒန်ဝတ္ထုတိုများနှင့် နိုင်ငံတကာ ပို့စ်မော်ဒန်ဝတ္ထုလုံးချင်းများ ရေးသားခဲ့သည့် လူငယ်စာရေးဆရာ မိုးသက်ဟန်၏ နိုင်ငံတကာပို့စ်မော်ဒန်ဝတ္ထုတို ၁၃ ပုဒ်အား ဘာသာပြန်ချက်ကို စုစည်းထားသော စာအုပ်ဖြစ်သည်။

မိုးသက်ဟန်သည် စာပေအနုပညာနှင့် ဆက်နွယ်သော မဂ္ဂဇင်းများတွင် ပင်ကိုရေးနှင့် ဘာသာပြန်ဝတ္ထုတိုများမကြာခဏ ဖော်ပြခံရသည့်အသစ်ကိုလိုလားသောလူငယ်စာရေးဆရာပီပီ ယခုစာအုပ်တွင် နိုင်ငံတကာမှ ပို့စ်မော်ဒန် ဝတ္ထုတိုဆရာများအဖြစ် သတ်မှတ်ခံရသည့် Jorge Louis Borges, Robert Coover, Donal Barthelme, Borisvian, Haruki Murakami အစရှိသော စာရေးဆရာများ၏ထင်ရှားသည့်

## နိုင်ငံတကာပို့စ်မော်ဒန်ဝတ္ထုတိုများ (မိုးသက်ဟန်)

ဝတ္ထုတိုများကို တတ်စွမ်းသ၍ ဘာသာပြန်ဆိုထားသည်ကို ဖတ်ရှုနိုင်ပါမည်။ ပို့စ်မော်ဒန်ဝတ္ထုတိုများပီပီ ဝတ္ထုတိုများ၏ အမည်ကိုလည်း ကာတွန်း၊ နွေကာလရဲ့ ဖုန်မှုန့်များ၊ ပုံပြင်များရဲ့ စေစားရာ၊ ဇန်ဂိုးရဲ့ နားရွက်၊ ပုရွက်ဆိတ်များ၊ ရောမအင်ပါယာကျဆုံးခန်း ၁၈၈၁ အင်ဒီးယန်းအုံကြွမှု၊ ဟစ်တလာ ပိုလန်သို့ ကျူးကျော်ခြင်းနှင့် ဒေါသထန်နေတဲ့ လေရိုင်းနယ်ပယ်စသဖြင့်ပဟေဠိဆန်ဆန်မူရင်းဝတ္ထုနှင့် လျော်ညီအောင် အတတ်နိုင်ဆုံးပေးထားသည်ကို ဖတ်ရှုရပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၆၀ ခန့်က ဥရောပတွင်ပေါ်ထွန်းခဲ့သည့် မော်ဒန်နှင့် ပို့စ်မော်ဒန်စာပေသည် စာပေအယူအဆများကြား ဝေဖန်မှုပေါင်းစုံနှင့် ကြုံခဲ့ရပြီး နှစ်အတန်ကြာသောအခါ စာပေလှုပ်ရှားမှု တစ်ရပ်အသွင်ဖြင့် အနည်ထိုင်လာပြီး မော်ဒန်စာပေ၊ ပို့စ်မော်ဒန်ဝတ္ထုဟူ၍ ပီပီပြင်ပြင်ရှိလာခဲ့သည်။ သို့ရာတွင် နိုင်ငံတကာ၌ပင်မူရင်းဘာသာစကားအားဖြင့်သော်မှ နားလည်မှုအပြည့်အဝရရှိရန် ခက်ခဲသောထိုဝတ္ထုများသည် ဘာသာစကားတံတိုင်းခြား၍ ဖတ်ရှုရသည်ရှိသော် လိုရင်းကို ထိမိအောင် ပုံဖော်နိုင်ဖို့ရာ အချိန်ယူရဦးမည်ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေ စာရေးသူမိုးသက်ဟန်၏ အားထုတ်မှုဖြင့် ပို့စ်မော်ဒန်ဝတ္ထုဆိုသည်မှာ မည်သို့မည်ပုံဖြစ်သည်ကို မြည်းစမ်းခွင့်ရနိုင်ပြီး ဘာသာပြန် စာပေအခန်းကဏ္ဍအား တစ်စိတ်တစ်ဒေသဖြည့်ပေးသော နိုင်ငံတကာဝတ္ထုတိုစုစည်းမှုဟုလည်း ဆိုနိုင်သည်။ စံမီရာစာအုပ်တိုက်မှ တန်ဖိုး ၂,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## ကမ္ဘာ့စျေးအကြီးဆုံးအိမ်တွေ ဘယ်မှာရှိလဲ

ကမ္ဘာတစ်လွှားတွင် လူချမ်းသာများစွာရှိသည့်အလျောက် ကြီးကျယ်ခမ်းနားစွာပြင်ဆင်ကာ နေထိုင်လေ့ရှိကြရာ လတ်တလောတွင် တန်ဖိုးအကြီးဆုံးအဖြစ် ရပ်တည်လျက်ရှိသည့်အိမ် ၁၀ လုံးကို ဖော်ပြလိုက်ပါသည်။

၁။ ကမ္ဘာ့ပဉ္စမမြောက်အချမ်းသာဆုံး အိန္ဒိယသန်းကြွယ်သူဌေး မူကက်ရှ်အမ်ဘာနီ၏ အိန္ဒိယနိုင်ငံ၊ မွန်ဘိုင်းမြို့ရှိနေအိမ်မှာ အမေရိကန်ဒေါ်လာ ၁ ဘီလီယံတန်ဖိုးရှိသည်။

၂။ ပြင်သစ်နိုင်ငံ၊ Cote D'Azur ရှိ Villa Leopolda သည် ၁၉၀၂ ခုနှစ် ကဘယ်လ်ဂျီယံဘုရင်လီယိုပိုလ် ၂ တည်ဆောက်ထားသည့်အဆောက်အအုံဖြစ်ပြီး လက်ရှိတွင်ပြင်သစ်ဘဏ်သူဌေး အက်ဒ်မွန်ဆာဖီရာ မိသားစုနေထိုင်ကာ အမေရိကန်ဒေါ်လာ ၅၀၆ သန်းတန်ဖိုးရှိသည်။

၃။ လန်ဒန်မြို့ရှိ The Penthhouse သည်အမေရိကန်ဒေါ်လာသန်း ၂၀၀ တန်ဖိုးရှိသည်။

၄။ အမေရိကန်ပြည်ထောင်စုရှိအိမ်ရာများတွင်အကြီးဆုံးဖြစ်သည့် The Hamptons ဧရိယာရှိ Fairfield Pond သည်အမေရိကန်ဒေါ်လာသန်း ၁၇၀ တန်ဖိုးရှိသည်။

၅။ အမေရိကန်ပြည်ထောင်စု၊ ဘေဗာလီဟေးစ်ရှိအိမ်ကြီးရခိုင်ဖြစ်သော Hearst Mansion သည် အမေရိကန်ဒေါ်လာ ၁၆၅ သန်းတန်ဖိုးရှိသည်။

၆။ အင်္ဂလန်နိုင်ငံ၊ ကန်ဆင်တန်ရှိ Franchuk Villa သည်အမေရိကန် ဒေါ်လာ ၁၆၁ သန်းတန်ဖိုးရှိသည်။

၇။ အမေရိကန်ပြည်ထောင်စု၊ မွန်တားနားရှိသန်းကြွယ်သူဌေးတစ်ဦးပိုင်ဆိုင်သော The Pinnacle အိမ်သည် အမေရိကန်ဒေါ်လာ ၁၅၅ သန်းတန်ဖိုးရှိသည်။

၈။ အမေရိကန်ပြည်ထောင်စု၊ လော့စ်အိန်ဂျလိစ်ရှိ အိမ်ကြီးရခိုင်ဖြစ်သော The Manor သည် အမေရိကန်ဒေါ်လာသန်း ၁၅၀ တန်ဖိုးရှိသည်။

၉။ အင်္ဂလန်ရှိ Updown Court သည်အမေရိကန်ဒေါ်လာ ၁၃၉ သန်း တန်ဖိုးရှိသည်။

၁၀။ ရိုမေးနီးယားနိုင်ငံရှိ ဒရက်ကူလာရဲတိုက်သည် အမေရိကန်ဒေါ်လာ ၁၃၅ သန်းတန်ဖိုးရှိပြီး သန်းနှင့်ချီသောကမ္ဘာ့လှည့်ခရီးသည်များကို နှစ်စဉ်ဆွဲဆောင်နိုင်သောနေရာဖြစ်သည်။

*—Source:mostexpensivehouses.org*

# တစ်ပတ်တာကံကြမ္မာ

ဒီဇင်ဘာ ၁၄ ရက် မှ ၂၀ ရက် အထိ

စံဇာကိုဘို




### ARIES — မိဿရာသီဖွား (မတ် ၂၁ - ဧပြီ ၂၀)

အဆင်ပြေမှုများဖြစ်မည်။ မိတ်ကောင်းဆွေကောင်းများနှင့် တွေ့ကြုံရမည်။ အကြီးအကဲများထံမှ အထောက်အကူကောင်းရမည်။ ခက်ခဲနက်နဲသော ကိစ္စများကျော်လွှား၍ တက်လမ်းကောင်းများ ဖန်တီးနိုင်မည်။ ကာလကြာရှည်စိတ်ကူးထားသည့် လုပ်ငန်းအား မမျှော်လင့်ဘဲ လုပ်ကိုင်ဖြစ်မည်။ ပျိုရွယ်သူများ စန်းပွင့်မည်။ ၅၂၈-၁၅၀၀ မေတ္တာနှစ်မျိုးစလုံးအကျိုးပေးမည်။ မိသားစုတွင် စီးပွားကံ အထူးတိုးတက်မည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ ၂၁ - မေ ၂၁)

အရေးပါသော ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ ထူးခြားသော တိုးတက်မှုများနှင့် အလိုရှိရာဆောင်ရွက်နိုင်မည်။ စိတ်ကူးသစ်၊ အကြံဉာဏ်သစ်များ တိုးတက်နိုင်မည်။ အပြိုင်အဆိုင်များ အားလုံးကိုကျော်လွှားပြီးမှ တိုးတက်မှုရမည်။ မိသားစုတွင် နေရာအပြောင်းအလဲကြုံမည်။ လုပ်ငန်းခွင်မှသူများအဖို့ မတူသောလုပ်ငန်းသို့ ကူးပြောင်းရခြင်း၊ ပူးတွဲဆောင်ရွက်ရခြင်းတို့ ကြုံမည်။




### GEMINI — မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

ကျန်းမာရေး အထူးဂရုစိုက်ရမည့်ကာလဖြစ်သည်။ ပျိုရွယ်သူများအဖို့ အချစ်ရေးကို အကြောင်းပြု၍ မိသားစုနှင့် ပဋိပက္ခဖြစ်တတ်သည်။ ပညာရှာသူများအဖို့ အနှောင့်အယှက်များ ရှိမည်။ ကျောင်းစည်းကမ်းနှင့်ပတ်သက်သော ပြဿနာပေါ်မည်။ စေတနာဝေဒနာဖြစ်ခြင်းတို့ကြုံတွေ့ရတတ်သည်။ ချက်ချင်းလက်ငင်းပြီးပြီးပြတ်ပြတ်ဖြစ်ရမည့် ကိစ္စများပင် နောက်နှေးကြန့်ကြာတတ်သည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

အပြောင်းအလဲနှင့် တက်လမ်းရှိသည်။ စိတ်ကူးသစ်များ လက်တွေ့ဆောင်ရွက်နိုင်မည်။ ခရီးကိစ္စစီစဉ်ထားသူများ အဆင်ပြေမည်။ ပြည်ပခရီးအတွက် ကြံစည်သူများ အကြံအောင်မြင်မည်။ ငွေကြေး၊ ပစ္စည်းပျောက်တတ်သည်။ သူခိုးအန္တရာယ် ကြုံတတ်သည်။ ရင်းနှီးသောသူများ၏ ပြဿနာများ ဖြေရှင်းပေးရတတ်သည်။ မိသားစုကိစ္စများ၊ မိမိပါဝင်ဖြေရှင်းပေးရမည်။ ခြံ၊ ကား၊ အခန်းကိစ္စများဆောင်ရွက်အဆင်ပြေမည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင် ၂၃ - ဩဂုတ် ၂၃)

ရည်မှန်းချက်အောင်မြင်မည်။ ငွေကြေးကံကောင်းမည်။ စနစ်တကျစိတ်ကူးပြီး လုပ်သည်များ အောင်မြင်မည်။ အနှောင့်အယှက်များကို ကျော်လွှားနိုင်မည်။ မိမိအပေါ် အထောက်အကူပြုသူများနှင့်တွေ့၍ စိတ်ချမ်းမြေ့ခြင်း ကြုံမည်။ စုပေါင်းလုပ်ငန်းများ၊ တစ်ပါးသူနှင့် တွဲဖက်လုပ်သည့်ကိစ္စများ အောင်မြင်မည်။ ပြဿနာများကို အမျိုးသမီးမိတ်ဆွေတစ်ဦးထံမှ အကြံဉာဏ်ရယူ၍ ပိုမိုအောင်မြင်ခြင်း အဆင်ပြေခြင်းရှိမည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ် ၂၄ - စက်တင်ဘာ ၂၂)

ကံကောင်းခြင်းနှင့် အဆင်ပြေခြင်းများ ဖြစ်ထွန်းလာမည်။ ခက်ခဲသောပြဿနာများ ဖြေရှင်းရမည်။ ကာလအတန်ကြာဆောင်ရွက်ထားပြီး အဆင်ပြေမှုမရှိသေးသည့် ကိစ္စများကို ပြေလည်အောင် ဆောင်ရွက်နိုင်မည်။ မိမိအပေါ် ကောင်းကျိုးပေးသူများနှင့် တွေ့မည်။ ပတ်ဝန်းကျင်သစ်နှင့် ဆက်ဆံထိတွေ့၍ အလုပ်အဆင်ပြေမှုများကြုံမည်။ မထင်မှတ်ဘဲလုပ်ကိုင်သည့်ကိစ္စများမှ ထူးထူးခြားခြားအကျိုးဆက်ကောင်းရရှိမည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ ၂၃ - အောက်တိုဘာ ၂၃)

ရည်မှန်းချက်သစ် အောင်မြင်မည်။ အညှို့ကင်းစင်မည်။ အလိုရှိရာ ဆောင်ရွက်အဆင်ပြေမည်။ အနှောင့်အယှက်အားလုံးကို ကျော်လွှားနိုင်မည်။ မိတ်ဆွေကောင်း အထောက်အကူရမည်။ မှန်းထားသည်များ လက်တွေ့နှင့် ကွာဟလင့်ကစားလိုသလို ဆောင်ရွက်နိုင်ခြင်းနှင့် အဆုံးတွင်အောင် မြင်ခြင်းများ ရှိပေမည်။ တစ်ခုထက်မကသော အလုပ်ကိစ္စများကို တစ်ပြိုင်နက်တည်းဆောင်ရွက်၍ အဆင်ပြေမည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄ - နိုဝင်ဘာ ၂၂)

ရန်များမည်။ နေရာတိုင်း အတိုက်အခံရှိမည်။ လူယုံထား၍ မရ၊ စိတ်ရှုပ်ထွေးစရာ ကြုံမည်။ ကိုယ်လုပ်သမျှ အတားအဆီးရှိမည်။ ပေါ်လာသော အခက်အခဲများအား ချက်ချင်းရှင်း ပါ။ ဦးနှောက်ခြောက်စရာများ တစ်ခုပြီးတစ်ခုပေါ်မည်။ ဇွဲရှိရှိဖြင့် တင်းခံထားပါ။ အဆင်ပြေသွားမည်။ ပစ္စည်းလျောင်ခြင်း၊ ဈေးကစားခြင်းမပြုရ။ အရင်းအနှီးများသော အလုပ်များမလုပ်သင့်။ မိမိကိုယ်မိမိမှ တစ်ပါးအခြားသူအားလုံး ယုံစားခြင်းမရှိနှင့်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ ၂၃ - ဒီဇင်ဘာ ၂၁)

ဇွတ်တရွတ်လုပ်လိုစိတ်ပြင်းထန်နေသည်။ အမှန်အမှား ဝေဖန်ပိုင်းခြားနိုင်စွမ်း အမှောင်ဖုံးနေသလိုဖြစ်မည်။ ကိုယ်လုပ်သမျှ ကိစ္စအားလုံး သူတစ်ပါးနှင့်မတူ ခြားနားနေမည်။ မှားယွင်း၍ ဘေးအန္တရာယ်များလွန်းသော အနေအထားရှိမည်။ စေတနာနှင့် ပြောဆိုလာသူများကို ရန်သူသဖွယ်ဆက်ဆံနေမည်။ အရေးကြီးသည့်ကိစ္စများကို မွန်းမလွဲမီအချိန်တွင် ဆုံးဖြတ်ချက်ချနိုင်က အမှားနည်းမည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ ၂၂ - ဇန်နဝါရီ ၂၀)

အတိုက်အခံများကြားမှ ဆောင်ရွက်ရမည်။ မည်သည့်အရာကိုမှ အလွယ်တကူ ဆောင်ရွက်နိုင်ခြင်း မရှိဘဲ အခက်အခဲအနှောင့်အယှက်တွေ့ရမည်။ အလုံးစုံ နှောင့်နှေးမည်။ သတ်မှတ်ထားသည့် ကိစ္စများ နှောင့်နှေးပြီးမှ အောင်မြင်မည်။ ရန်အတိုက်အခံများ ငွေကုန်ကြေးကျများမှုများ ကျန်းမာရေးအတွက် ဆေးဖိုးဝါးခကုန်ကျမှုများ၊ ပျက်စီးနေသည့်ပစ္စည်းများ အစားထိုးဝယ်ယူရခြင်းများ ကြုံမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁ - ဖေဖော်ဝါရီ ၁၈)

အဘက်ဘက်မှ တိုးတက်သော အခြေအနေနှင့် အောင်မြင်သော ဘဝအနေအထားရရှိမည်။ မိမိစိတ်ကူးထားသည်များ လက်တွေ့အကောင်အထည်ဖော်သင့်သည်။ မိမိနှင့်ရန်ဘက်သဖွယ် ဖြစ်နေသူများနှင့် အဆင်ပြေမည်။ ပဋိပက္ခများ ပြေလည်မည်။ မိသားစုတွင် စီးပွားတိုးခြင်းဖြစ်ထွန်းမည်။ မိမိအပေါ် စေတနာကောင်းနှင့် ကူညီသူများတွေ့နိုင်သည်။ မူလတစ်ကြိမ်တစ်ခါမတွေ့ကြုံဖူးသော ဖြစ်ရပ်များနှင့် စိတ်ချမ်းမြေ့ရမည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉ - မတ် ၂၀)

သေချာပေါက် အဆင်ပြေမည်ဟု တွက်ဆထားသည်များနောက်ဆုံးအချိန်ရောက်မှ အံချော်မည်။ အချိန်းအချက်ပြု၍ လုပ်သော လုပ်ငန်းများ လွဲချော်မည်။ သူတစ်ပါးပြဿနာအား အာမခံပေးရခြင်း သက်သေလိုက်ရခြင်း ကြုံမည်။ ပျိုရွယ်သူများ မေတ္တာဖွင့်ဟချစ်ရေးဆိုမှု ကြုံမည်။ ခြံ၊ ကား၊ အခန်းအရောင်းအဝယ် တစ်ခုမှ မမျှော်လင့်ဘဲ ငွေဝင်လိမ့်မည်။ မိဘအကြီးအကဲ ကျန်းမာရေးအတွက်အလေးပေးရမည့်ကာလဖြစ်သည်။

7DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011

# ပစိဖိတ်ငြိမ်းချမ်းရေး ဆက်လက်တည်မြဲစေဖို့

**ကြည်နေဝင်းမင်း**

ပစိဖိတ်အနောက်ပိုင်းဒေသဟာ လတ်တလောအခြေအနေမှာ ခက်ခဲတဲ့ပြဿနာတစ်ရပ်နဲ့ ရင်ဆိုင်နေရပါတယ်။ အဲဒါကတော့ စစ်အေးပြီးဆုံးကတည်းက အမေရိကန်နိုင်ငံက လက်ဦးမှုယူ စိုးမိုးထားတဲ့ဒေသမှာ တရုတ်နိုင်ငံရဲ့ ရည်မှန်းချက်မြင့်မားလာခြင်းကို ဘယ်လိုနေရာပေးမလဲဆိုတာပဲ ဖြစ်တယ်။ အာရှ-ပစိဖိတ်ဒေသကို ဆက်လက်စိုးမိုးထားဖို့ အမေရိကန်က စိတ်ပိုင်းဖြတ်ထားဆဲပဲလား၊ ဒါမှမဟုတ်သက်ဆိုင်ရာနိုင်ငံများအားလုံး ပါဝင်ခွင့်ပေးတဲ့ နိုင်ငံပေါင်းစုံဖိုရမ်တွေကနေတစ်ဆင့် စည်းမျဉ်းစည်းကမ်းတွေ ချမှတ်အလုပ်လုပ်မလား။ ဒီကိစ္စ ဘယ်လိုဖြစ်လာမလဲဆိုတဲ့အပေါ် မူတည်ပြီး ပစိဖိတ်ဒေသတစ်ဝန်းမှာ ငြိမ်းချမ်းရေး ဆက်လက်အောင်ပွဲခံမလားဆိုတာကို အဆုံးအဖြတ်ပေးပါလိမ့်မယ်။

မကြာသေးခင်က အာရှဒေသသို့ အမေရိကန်သမ္မတအိုဘားမားလာရောက်စဉ် ကြေညာခဲ့တဲ့ ဆုံးဖြတ်ချက်အရ ဩစတြေးလျနိုင်ငံ ဒါဝင်မြို့မှာ အမေရိကန် မရိန်းတပ်ဖွဲ့ဝင် ၂,၅၀၀ အခြေချထားမယ်ဆိုတာကို အမေရိကန်ဟာ ဒီဒေသမှာ ဆက်လက် ရှိမြဲရှိနေမယ်ဆိုပြီး နှိုးဆွသတိပေးတဲ့ သင်္ကေတပြအပြုအမူဆိုတာထက် ပိုပြီးမမြင်နိုင်ပါဘူး။ ဒါပေမဲ့လည်း အမေရိကန်ရဲ့ရည်ရွယ်ချက်ကို ရှင်းရှင်းလင်းလင်းမသိသေးပါဘူး။

အာရှ-ပစိဖိတ်ဒေသတစ်ဝန်းမှာ တရုတ်နိုင်ငံမြင့်တက်လာတာကိုကြိုဆိုရမယ့် ဖြစ်ပေါ်တိုးတက်မှုလို့ရှုမြင်ကြပါတယ်။ ဒါပေမဲ့လည်း ဒီနေရာမှာ တရုတ်နိုင်ငံအနေနဲ့ နိုင်ငံတကာက လက်ခံထားတဲ့ဥပဒေသတွေနဲ့ ကစားဖို့ လိုအပ်မှာဖြစ်ပါတယ်။ မှန်ပါတယ်၊ ဒီအဆိုအမိန့်ဟာ လူတိုင်းအပေါ် ကျင့်သုံးရမှာပါ။ သို့ပေမဲ့ အဲဒီဥပဒေတွေကို ရေးဆွဲဖန်တီးရာမှာ တရုတ်နိုင်ငံက ပြောရေးဆိုခွင့်မရှိဘူးဆိုရင်တော့ တင်းမာမှုတွေမလွှဲမသွေဖြစ်ပေါ်လာမှာပဲဖြစ်ပါတယ်။

ဒီဒေသမှာ အမေရိကန်ရဲ့ အခန်းကဏ္ဍ ဘယ်လိုဖြစ်တည်ပြောင်းလဲမလဲဆိုတာ ကြိုတင်ဟောကိန်းထုတ်ဖို့ရာ ခက်ခဲပါတယ်။ တရုတ်နိုင်ငံရဲ့ စီးပွားရေးနဲ့ စစ်ရေးအင်အားဟာ မြင့်တက်လာပါတယ်။ တစ်ဖက်မှာတော့ အမေရိကန်နိုင်ငံဟာစစ်ရေးအရ ဆက်လက်လွှမ်းမိုးနေဆဲဖြစ်ပေမယ့်လည်း သူ့ရဲ့ စီးပွားရေးဩဇာကျဆင်းလာနေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီဒေသမှာ အမေရိကန်က စစ်ဘက်တည်ဆောက်မှုကို တိုးမြှင့်ဖို့ကြိုးပမ်းလာရင်တော့ တရုတ်နိုင်ငံက ခပ်ကြမ်းကြမ်းတုံ့ပြန်မှာပဲဖြစ်ပါတယ်။ တရုတ်နိုင်ငံကိုထိန်းချုပ်ဖို့ဆိုတာ အာရှဒေသရဲ့ လုံခြုံရေးမေးခွန်းတွေအတွက် အဖြေမဟုတ်ပါဘူး။

ကိုရီးယားကျွန်းဆွယ်၊တရုတ်တိုင်ပေ၊ တောင်တရုတ်ပင်လယ်ကျွန်းတွေနဲ့ ပင်လယ်ရေလမ်းကြောင်းကိစ္စတွေ အားလုံးဟာ တရုတ်နဲ့ အမေရိကန်ကြား အငြင်းပွားမှုဖြစ်လာနိုင်စရာ အကြောင်းအရာတွေဖြစ်ပါတယ်။ သို့ပေမဲ့ အဲဒီအကြောင်းအရာတွေဟာ အရေးကြီးသော်ငြား နှစ်ဖက်စလုံးက တရုတ်-အမေရိကန်ပြိုင်ဆိုင်မှုကို နည်းနိုင်သမျှနည်းအောင် သံတမန်ရေးကြိုးပမ်းမှုတွေလုပ်ဆောင်သင့်ပါတယ်။ ဒါမှသာစစ်အေးကာလအသစ်တစ်ရပ်ကိုရှောင်လွှဲနိုင်မှာဖြစ်ပါတယ်။

လက်ရှိအခြေအနေအရတော့ တရုတ်နိုင်ငံမြင့်တက်လာတာကို စစ်ရေးအင်အားနဲ့ တုံ့ပြန်တာကိုကြိုဆိုမှာမဟုတ်ပါဘူး။ တရုတ်နိုင်ငံဟာသူ့ရဲ့စစ်ဘက်ကို ခေတ်မီတိုးတက်အောင် လုပ်ဆောင်နေပြီး ပင်လယ်ပြင်အင်အားကြီးနိုင်ငံဖြစ်လာဖို့ ရည်မှန်းထားပါတယ်။ အဲဒီအတွက်လည်း ပိုမိုပြီးမြင်သာထင်သာရှိဖို့တရုတ်လေ့လာသူတွေဆီက တောင်းဆိုမှုတွေထွက်ပေါ်လာစေခဲ့ပါတယ်။

ဘယ်နိုင်ငံကမှ သူ့ရဲ့ စစ်ဘက်ဆိုင်ရာစွမ်းရည်တွေကိုယေဘုယျသဘောထက်ပိုပြီး ပွင့်ပွင့်လင်းလင်းပြောမှာမဟုတ်ပါဘူး။ လေ့လာသူအများအပြား မေ့လျော့နေတာကတော့ တရုတ်နိုင်ငံရဲ့ နျူကလီးယားအင်အားဟာ အရံအတားပဲဖြစ်ပြီး လက်ဦးမှုယူတိုက်ခိုက်ဖို့အတွက်အလွန့်အလွန် အင်အားသေးငယ်တယ်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ တရုတ်နိုင်ငံဟာ (နျူကလီးယားကို) လက်ဦးမှုယူအသုံးမပြုရေးကတိကဝတ်ပေးဖို့ ပြင်ဆင်ထားတဲ့နိုင်ငံတွေထဲမှာ ထိပ်ဆုံးကပါဝင်ပါတယ်။ အခြားနျူကလီးယားအင်အားနိုင်ငံတွေက အလားတူ ကတိကဝတ်ပြုမယ်ဆိုရင်ပေါ့လေ။

တရုတ်နိုင်ငံဟာ ၁၉ ရာစုဥရောပဒေသရာဇ်အင်အားကြီးနိုင်ငံတွေလို ဒါမှမဟုတ် ၂၀ ရာစုပထမပိုင်း ဂျပန်ပဒေသရာဇ်ကြိုးပမ်းမှုတွေကို အားကျအတုယူဖို့ရာအာသီသမရှိဘူးဆိုတာကိုပြသခဲ့ပါတယ်။ ဒီလိုရည်မှန်းချက်တွေအပေါ် ပူပန်တာဟာ တရုတ်နိုင်ငံရဲ့သမိုင်းကို လျစ်လျူရှုလို့ပဲဖြစ်ပါတယ်။ ၁၉ ရာစုနဲ့ ၂၀ ရာစုအစောပိုင်းအချိန်တွေတုန်းက တရုတ်နဲ့ ဂျပန်နိုင်ငံအပေါ် အနောက်အင်အားကြီးနိုင်ငံတွေက ချမှတ်ခဲ့တဲ့ တရားမျှတမှုမရှိတဲ့ စာချုပ်တွေအကြောင်းကို တရုတ်နိုင်ငံသားတွေက နာနာကျင်ကျင်နဲ့မှတ်မိနေဆဲဖြစ်ပါတယ်။ အမေရိကန်၊ ဂျပန်၊ ဩစတြေးလျနဲ့ ဖြစ်နိုင်ခြေအားဖြင့် အိန္ဒိယနိုင်ငံတို့က တရုတ်နိုင်ငံကို ထိန်းချုပ်ဖို့ပုံဖော်ထားတဲ့ မဟာမိတ်အဖွဲ့ ဖွဲ့ခဲ့ရင် တရုတ်နိုင်ငံက အထက်ပါသမိုင်းကို ရင်ထဲမှာထားရင်း ရင်ဆိုင်ပါလိမ့်မယ်။

သမိုင်းနောက်ခံဟာ အရေးကြီးပေမယ့် အနောက်နိုင်ငံများရဲ့ မဟာဗျူဟာအနေအထားဟာ ယနေ့ခေတ် လုပ်ကိုင်ဆောင်ရွက်မှုတွေအပေါ် မူတည်ပါလိမ့်မယ်။ ဥပမာ-တရုတ်နိုင်ငံဟာ မြောက်ကိုရီးယားက ဖန်တီးခဲ့တဲ့ပြဿနာတွေမှာ ပါဝင်ကူညီခဲ့တယ်။ ဒေသတွင်းမှာ တင်းမာမှုလျော့ကျစေရန် ရှောင်လွှဲခဲ့သည်မှာ ကြာရှည်ခဲ့ပြီဖြစ်တဲ့ မြောက်ကိုရီးယားနဲ့ တိုက်ရိုက်ဆွေးနွေးမှုတွေကို အမေရိကန်နိုင်ငံက ကမကထပြုသင့်ရင်ပြုရပါလိမ့်မယ်။ ဒါဆိုရင် မြောက်ကိုရီးယားနိုင်ငံကဖြစ်ပေါ်စေခဲ့တဲ့လုံခြုံရေးပြဿနာတွေကို ကူညီဖြေရှင်းနိုင်ပါတယ်။

ဒါ့အပြင် စပရက်လီကျွန်းစုများ အငြင်းပွားမှုကိစ္စကိုလည်း နိုင်ငံတကာတရားစီရင်ရေးလမ်းကြောင်းနဲ့ ဖြေရှင်းသင့်ပါတယ်။ တရုတ်၊ တရုတ်တိုင်ပေ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှားနိုင်ငံတို့က သူတို့ပိုင်ဆိုင်တယ်လို့ အပြိုင်အဆိုင်ပြောနေကြတဲ့ကျွန်းစုတွေဟာ ရေနံ သယံဇာတနဲ့ ငါးဖမ်းလုပ်ငန်းတွေကြောင့် အလွန်အဖိုးတန်ပါတယ်။ အဲဒီကျွန်းစုတွေကို ပိုင်ဆိုင်တယ်လို့ ပြောနေကြတဲ့ နိုင်ငံတွေဟာ နိုင်ငံတကာဥပဒေကိုလိုက်နာပြီး အဲဒီဒေသက ပင်လယ်ရေကြောင်းတွေကို ဖွင့်ထားဖို့ရာ အလွန်အရေးကြီးပါတယ်။

ဒီရည်မှန်းချက်တွေ ပေါက်မြောက်အောင်မြင်နိုင်စေဖို့ လက်နက်အင်အားမသုံးဘဲ သံတမန်ရေးနဲ့ဖြေရှင်းတာဟာ အကောင်းဆုံးနည်းလမ်းဖြစ်ပါတယ်။ မှန်ပါတယ်။ သံတမန်ရေးကို အင်အားနဲ့ကျောထောက်နောက်ခံပေးရန် လိုအပ်ပါတယ်။ ဒါပေမဲ့ အမေရိကန်ဟာ အာရှ-ပစိဖိတ်ဒေသမှာ နဂိုရှိပြီးသားထက် ပိုပြီး စစ်ရေးတိုးချဲ့ဖို့မလိုပါဘူး။ ဒီပဋိပက္ခတွေကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖြေရှင်းနိုင်စေဖို့ရာ ဆုံးဖြတ်ချက်ချတဲ့လုပ်ငန်းစဉ်မှာ တရုတ်နိုင်ငံရဲ့ အခန်းကဏ္ဍလိုအပ်ပါတယ်။

ဒါဟာ ဘာကို ရည်ညွှန်းသလဲဆိုရင် အမေရိကန်ရော တရုတ်ပါ ဒေသတွင်းမှာ လက်ဝါးကြီးအုပ် ချုပ်ကိုင်လိုတဲ့ဆန္ဒကို စွန့်လွှတ်ရမယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။

**(မှတ်ချက်။ ။ မူရင်းဆောင်းပါးရှင် Malcolm Fraser မှာ ဩစတြေးလျဝန်ကြီးချုပ်ဟောင်း တစ်ဦးဖြစ်ပါသည်။)**

*—Ref: Toward a Peaceful Pacific By; Malcolm Fraser*






ဝမ်းနည်းကြေကွဲခြင်း

7Day ပုံနှိပ်တိုက်မှ
ကိုကျော်ဝင်းလတ်(Press In Charge)နှင့် မဝင်းမာနွယ်
(Admin Executive – Inforithm-Maze)တို့၏ ဖခင်

ဦးဂွမ်ရှိန်
အသက်(၆၀)နှစ် သည်
၄-၁၂-၂၀၁၁ (တနင်္ဂနွေ)နေ့တွင် ကွယ်လွန်သွားကြောင်း
ကြားသိရသည့်အတွက်
မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း...

Inforithm-Maze ဝန်ထမ်းများ

# ဘဏ္ဍာရေးအကျပ်အတည်းကြောင့် စပိန်ကျောင်းများတွင် ရေအိမ်သုံးစက္ကူအသုံးပြုမှုကန့်သတ်

**မက်ဒရစ်၊ ဒီဇင်ဘာ - ၆**



စပိန်အာဏာပိုင်များသည် ဘဏ္ဍာရေးအကျပ်အတည်းကြောင့် အထွေထွေဘတ်ဂျက်များ ဖြတ်တောက်လျက်ရှိရာ နိုင်ငံအရှေ့မြောက်ပိုင်း ကာတာလိုနီးယားပြည်နယ်တွင်လည်း ကျောင်းများ၌ရေအိမ်သုံးစက္ကူအသုံးပြုမှုကို ကန့်သတ်နေကြောင်း သိရသည်။

အဆိုပါပြည်နယ်သည် ဘတ်ဂျက်လိုငွေပြမှုများလျှော့ချနိုင်ရေးအတွက် တင်းကျပ်သောအသုံးစရိတ်ဖြတ်တောက်မှုများပြုလုပ်ရန် ဗဟိုအစိုးရထံမှ ညွှန်ကြားမှုရရှိထားပြီး ပြည်နယ်ကျောင်းများအားလုံးတွင် ကျောင်းသားများကြား ရေအိမ်သုံးစက္ကူသုံးစွဲမှုကန့်သတ်ခဲ့ခြင်းဖြစ်သည်။

နောက်ဆုံးထုတ်ပြန်ထား သည့် ညွှန်ကြားချက်များအရပြည်နယ်ကျောင်းများသည် တစ်လလျှင် ကျောင်းသားတစ်ဦးအတွက် ရေအိမ်သုံးစက္ကူလိပ်အရှည် ၂၅ မီတာနှုန်းဖြင့်သာ သုံးစွဲကြရန် ကန့်သတ်ထားသည်။

လက်ရှိအသစ်ပြဋ္ဌာန်းထားသော ဘတ်ဂျက်ဖြတ်တောက်မှုများကို နိုဝင်ဘာ ၂၀ ရက်တွင် ရွေးကောက်ပွဲအနိုင်ရသော ကွန်ဆာဗေးတစ်ပေါ်ပြူလာပါတီက ပြုလုပ်နေခြင်းဖြစ်ပြီး ဗဟိုအစိုးရအနေဖြင့် ဘတ်ဂျက်လိုငွေပြမှုလျှော့ချရေးရည်မှန်းချက်ပြည့်မီရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ ပေါ်ပြူလာပါတီခေါင်းဆောင် မာရီယာနိုရာဂျိုင်းသည် လာမည့်ဒီဇင်ဘာ ၂၂ ရက်တွင် ဝန်ကြီးချုပ် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

*—Ref: Telegraph*

# ဆယ်ကျော်သက်အချို့သာ ဖုန်းဖြင့် အဖော်အချွတ်ပုံများပေးပို့လေ့ရှိဟုဆို

**ချီကာဂို၊ ဒီဇင်ဘာ - ၆**

ဆယ်ကျော်သက်လူငယ်များအကြားတွင် ဖုန်း(သို့မဟုတ်)ကွန်ပျူတာအွန်လိုင်းမှ တစ်ဆင့်အဖော်အချွတ်ပုံများ၊စာသားများပေးပို့ခြင်းမှာ အများထင်သလောက်မဆိုးရွားကြောင်း သုတေသန အသစ်တစ်ရပ်ကဖော်ပြသည်။

အသက် ၁၀ နှစ်နှင့် ၁၇ နှစ် အကြား လူငယ်များတွင် ယင်းသို့ အဖော်အချွတ်ပုံများ၊စာသားများပေးပို့သူဦးရေမှာ ၁ ရာခိုင်နှုန်းသာရှိသည်ဟု သုတေသီများကတွေ့ရှိခဲ့သည်။ နောက်ထပ် ၁ ရာခိုင်နှုန်းကလည်း အဖော်အချွတ်ဆန်သောပုံများကိုပေးပို့ခဲ့သည်ဟုဝန်ခံထားပြီး အခြား၇ ရာခိုင်နှုန်းကမူ ယင်းပုံများ လက်ခံရရှိခဲ့သည်ဟု ပြောကြားသည်။ ကလေးငယ်များတွင်မူ ယင်းသို့ပေးပို့ခြင်းနည်းပါးသည်ဟု သုတေသီများကပြောသည်။

ထို့အတွက် ယင်းပြဿနာမှာ လူငယ်များအကြားတွင် ထင်သလောက် မဆိုးရွားကြောင်းနှင့် မိဘများအနေဖြင့်လည်း မလိုအပ်ဘဲ ထိတ်လန့်မှုဖြစ်စရာအကြောင်းလျော့နည်းသွားသည်ဟု သုတေသနကို ဦးဆောင်ခဲ့သူ နယူးဟမ့်ရှိုင်းယားတက္ကသိုလ်မှ လက်ထောက်စိတ်ပညာပါမောက္ခ ကင်ဘာလီမစ်ရှဲလ်ကပြောကြားသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့သို့ တိုင်ကြားမှုများကိုလည်း သုတေသီများကလေ့လာ ခဲ့ရာ ၂၀၀၈ နှင့် ၂၀၀၉ ခုနှစ်အတွင်း အမေရိကန် ဆယ်ကျော်သက်လူငယ် ၄၀၀၀ အား လိင်မှုရေးရာဓာတ်ပုံများ၊ စာသားများပေးပို့ခြင်း(Sexting)အတွက် တိုင်ကြားမှုရှိခဲ့ကြောင်းသိရသည်။

*—Ref: AP*






# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 6700) (775) Processor | 60,225 |
| Intel P4 DualCore 3.0 (E5700) (775) Processor | 53,625 |
| Intel P4 Core i3 3.1 GHz (1155,2100) Processor | 95,700 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 152,625 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 240,075 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 50,325 |
| MSI PH51A-P35 (B3) | 84,150 |
| ASUS P5G41T-MLX (775) | 51,150 |
| ASUS P8H61-MLX Plus (1155) | 71,775 |
| ASUS P8H67MLE (1155) | 94,050 |
| Gigabyte P67A-UD3 (B3) (1155) | 144,375 |
| Gigabyte G41MT-S2 (775) | 51,150 |
| Gigabyte H55M- S2V (1156) | 82,500 |
| **PC Memory** | |
| 1 GB DDR (400) Kingston | 39,600 |
| 1 GB DDR2 (800) Kingston | 14,850 |
| 2 GB DDR2 (800) Kingston | 22,275 |
| 4 GB DDR3 (1333) Kingston | 22,275 |
| **Harddisk** | |
| 500 GB Seagate SATA | 71,000 |
| 1000 TB Seagate SATA | 110,000 |
| 2 TB Seagate SATA | 120,000 |
| **PCI Express Card** | |
| MSI EAH 5450 1GB DDR3 PCI Express Card | 43,725 |
| MSI N430GT 1GB PCI Express Card | 68,475 |
| MSI N430GT 2GB PCI Express Card | 72,600 |
| ASUS ENGTX520 1GB PCI Express Card | 54,450 |
| ASUS ENGT 430 1GB DDR3 PCI Express Card | 67,650 |
| ASUS EHA 5750 Formula 1GB DDR5 PCI Express Card | 117,975 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 41,250 |
| Gigabyte Geforce 220TC 1GB PCI Express Card | 57,750 |
| **Memory Stick** | |
| Memory Stick Apacer 4 GB | 7,500 |
| Memory Stick Sony 8 GB | 13,000 |
| Memory Stick Sony 16 GB | 23,500 |
| Memory Stick Verbatim 16 GB | 16,000 |
| **UPS** | |
| Power Tree (650 VA) UPS | 36,000 |
| Power Tree (1250 VA) UPS | 61,000 |
| Power Pro (650 VA) UPS | 33,000 |
| Power Pro (1200 VA) UPS | 62,000 |
| Star (650 VA) UPS LED | 30,525 |
| Star (650 VA) UPS LCD Display | 32,174 |
| East (650 VA) UPS LED | 34,650 |
| East (650 VA) UPS LCD Display | 42,900 |
| East (1200 VA) UPS | 63,525 |
| **DVD Writer** | |
| HP DVD Writer (SATA) | 22,500 |
| ASUS DVD Writer (SATA) | 23,925 |
| Liteon DVD Writer (SATA) | 25,575 |
| **အိတ်ဆောင်တီဗီငှကအဘိတန်** | 160,000 |

Technoland ဆိုင်မှ ဒီဇင်ဘာ(၉)ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.70Ghz 4GB DDR3, 750GB HDD,14.0″ | 966,000 |
| Intel Atom 1.66 Ghz 1GB DDR3, 320GB HDD,10.1" | 229,425 |
| **Asus** | |
| Intel Atom 1.66 Ghz 1GB DDR2, 160GB HDD,10.2″ | 225,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,086,000 |
| **Hp** | |
| Intel Core i3 2.10 Ghz 4GB DDR3,500GB HDD,15.6″ | 515,000 |
| **Sony** | |
| Intel Core i5 2.30 Ghz 4GB DDR3,500GB HDD,14.0″ | 1,038,000 |
| **MSI** | |
| Intel Core i3 2.4 Ghz 2GB DDR3, 500GB HDD,14.0″ | 478,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၁၀)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့်OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ(ယိုးဒယား INSee) | တစ်အိတ် | ၄,၇၀၀ |
| ဘိလပ်မြေ(မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ(ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၅၀၀ |
| အုတ်(ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၈ |
| အုတ်(ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ်(၈ ပေါက်အုတ်) | တစ်လုံး | ၉၈ |
| အုတ်(၁၀ ပေါက်အုတ်) | တစ်လုံး | ၁၃၅ |
| သဲ(အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ(အနု) | တစ်ကျင်း | ၁၂,၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၁၆၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၁၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၁၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၂၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၃၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၉)ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၁၆,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၅၀၀-၆၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၅၀၀-၃,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၂,၈၀၀-၃,၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၅၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၂,၀၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဒီဇင်ဘာ(၁၀)ရက်က ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၃၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၇၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၀၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၃၀၀-၁,၅၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၃,၅၀၀ |
| အာလူး | တစ်ပိဿာ | ၉၀၀-၁,၀၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၆၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၇၀-၆၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၄၀၀-၃,၂၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၁,၆၀၀-၂,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၀၀၀-၁,၅၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၂,၈၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၀၀၀-၁,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၂,၅၀၀-၂၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၀၀၀-၁,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၄၀၀-၂,၂၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၀၀၀-၇,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၃,၆၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၅၀၀-၇,၅၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၅၀၀-၇,၅၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၇,၅၀၀-၂၆,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၇၀၀- ၁,၀၀၀ |

ဒီဇင်ဘာ (၉)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆/၈၇ | လ/သ/အ | ၁၀၀ အောက် |
| စူဇူကီး ဝက်ဂွန် R+ | - | ၁ဂ | ၁၅၀ |
| ဟိုင်းလပ်ဆပ်ဖ် | ၉၉ | ၆ဂ | ၃၅၀ |
| တိုယိုတာဗင် (CE96) | ၉၀ | ၈က/၉က | ၁၂၀ |
| တိုယိုတာဆလွန်း | ၈၈ | ၃က | ၁၁၀ |
| မတ်တူး | ၉၉ | ၆ဂ | ၃၀၀ စွန်းစွန်း |
| ရွှေငါး(2.5g) | ၂၀၀၂ | ၆ဂ | ၃၅၀ |
| ပါဂျဲရို | ၉၇ | ၆ဂ | ၄၂၀ |

ဒီဇင်ဘာ(၁၀)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Dec (4) | Dec (5) | Dec (6) | Dec (7) | Dec (8) | Dec (9) | Dec (10) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄အ၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |
| Octane ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |
| Premier ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |

Environment

7 DAY NEWS JOURNAL

Vol.10, No.39 · DECEMBER 15, 2011

# မိုးယွန်းကြီးအင်းရေဝေရလဲဒေသတွင် သစ်ပင်ဧက ၅၀၀ စိုက်မည်

အေးမြတ်သူ

ရန်ကုန်၊ ဒီဇင်ဘာ-၆

မိုးယွန်းကြီးအင်း ရေဝေရလဲဒေသပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ၂၀၁၃ခုနှစ်တွင် သစ်ပင်ဧကငါးရာစိုက်ပျိုးမည်ဖြစ်ကြောင်း သစ်တောသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း ဒုတိယဥက္ကဋ္ဌဦးအုန်းကပြောသည်။

ထိုစီမံကိန်းသည် ယခုနှစ်တွင် စိုက်ပျိုးမည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ငွေကြေးဆိုင်ရာ အခက်အခဲများကြောင့် လာမည့် ၂၀၁၃ နှစ်ဆန်းပိုင်းတွင် စတင်စိုက်ပျိုးမည်ဖြစ်သည်။ Total ရေနံကုမ္ပဏီမှ ငွေကြေးဆိုင်ရာ အကူအညီထောက်ပံ့ပေးမည်ဖြစ်ပြီး လေးနှစ်အတွင်း ကန်ဒေါ်လာ ခြောက်သိန်းဝန်းကျင်ကူညီထောက်ပံ့မည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။



Photo-www.sstmyanmar.com

"အခုနောက်ပိုင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုရေနံကုမ္ပဏီတွေ ပါဝင်လာကြတယ်။ ဒီနေရာက Total ရေနံကုမ္ပဏီရဲ့ ထုတ်လုပ်မှု နေရာမဟုတ်ဘူး။ ဒါပေမဲ့ သူတို့က ကူညီမယ်။ အဓိကတော့ သူတို့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်တယ်ဆိုတာ နိုင်ငံတကာ သိစေချင်လို့ပဲ"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

သစ်ပင်စိုက်ပျိုးရေးအပြင် ထင်းလောင်စာ သက်သာရေးအတွက် ထင်းအသုံးပြုမှုနည်းသောမီးဖိုများကို ဝေငှမည်ဖြစ်သည်။

Total ရေနံကုမ္ပဏီသည် ပြင်သစ် ရေနံကုမ္ပဏီဖြစ်ပြီး မြန်မာနိုင်ငံတွင် ရခိုင်ကမ်းရိုးတန်းနှင့် တနင်္သာရီကမ်းရိုးတန်းဒေသတို့၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ငန်းများကို ဝင်ရောက်လုပ်ကိုင်နေသော ကုမ္ပဏီဖြစ်သည်။

# လပွတ္တာမြို့နယ်တွင် အစုအဖွဲ့ပိုင် သစ်တောငါးခု စိုက်ပျိုးထားဟုဆို

အိဖြူမွန်

ရန်ကုန်၊ ဒီဇင်ဘာ-၇

လပွတ္တာမြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ယခုနှစ်အတွင်း သစ်ပင်အရေအတွက် လေးသိန်းနှင့် အစုအဖွဲ့ပိုင်သစ်တောငါးခုစိုက်ပျိုးတည်ထောင်ထားကြောင်း Ecodev မှ လပွတ္တာမြို့ တာဝန်ခံဦးဘိုဘိုဟန်က ပြောသည်။

ဒီရေတောအပင်ရေသုံးသိန်းနှင့် ရေချိုအပင်တစ်သိန်းကိုကျေးရွာပေါင်း ၁၇ ရွာတွင် စိုက်ပျိုးပေးခဲ့ခြင်းဖြစ်ပြီး အစုအဖွဲ့ပိုင်သစ်တောများကိုဒေသခံများလုပ်ကိုင်နိုင်စေရန် ကူညီပေးခဲ့ကြောင်း၊ ဧက ၁၂၆ ဧကအား နည်းပညာကူညီခဲ့ပြီးရွာသူရွာသားများပါဝင်၍ အပင်ပေါင်း ဆယ်သိန်းနှစ်သောင်း ကျော်စိုက်ပျိုးခဲ့ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆိုသည်။ ဒီရေတောအမျိုးအစားတွင် မဒမ၊ ဖြူး၊ သမဲ့၊ ကန့်ပလာနှင့် ရေချို+မာလာလူးကား၊ယူကလစ်၊ ပင်လယ်ကဗွီး၊ မလေးရှားပိတောက်တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ ကျေးရွာအုပ်စုသုံးခုမှ ၁၇ ရွာကို စိုက်ပျိုးပေးခဲ့ခြင်းဖြစ်ပြီး ယင်းကျေးရွာအုပ်သုံးခုမှာ ကုန်းကြီးနဲ၊ ရေတွင်းဆိပ်၊ လွှာဇာကျေးရွာအုပ်စုတို့ဖြစ်သည်။

ထပ်မံ၍ ကျေးရွာလေးရွာတွင် ယခုနှစ်ကုန်၌ အစုအဖွဲ့ပိုင်သစ်တောလျှောက်ထားမှု ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ယင်းကျေးရွာတို့မှာ အလယ်ချောင်း၊ အရာတော်၊ ရေတွင်း၊ ကုန်းကြီးကျေးရွာတို့ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။ "CF တွေက လျှောက်ထားတုန်းရှိသေးတယ်။ သစ်တောဦးစီးဌာနက လာစစ်ဆေးရဦးမယ်။ စစ်ဆေးပြီးမှ အနှစ် ၃၀ လုပ်ပိုင်ခွင့်ရမယ်"ဟုအထက်ပါပုဂ္ဂိုလ်ကပြောသည်။ လပွတ္တာမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းကို Ecodev, UNDP, မာစီကော့၊ JICA တို့မှ လုပ်ကိုင်လျက်ရှိသည်။

# အစိမ်းရောင်ကွန်ရက် အသိပညာဖလှယ်ပွဲ ပုံမှန်ကျင်းပနိုင်ရန် စီစဉ်

အိဖြူမွန်

ရန်ကုန်၊ ဒီဇင်ဘာ-၇

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုတစ်ပိုင်တစ်နိုင်လုပ်ဆောင်နေကြသူများနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လူမှုရေးအသင်းအဖွဲ့များအားလုံးပါဝင်သော Green Network (အစိမ်းရောင်ကွန်ရက်) ၏ အသိပညာဖလှယ်ပွဲကို တစ်နှစ်တစ်ကြိမ် ကျင်းပပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အောင်ပင်လယ်မဂ္ဂဇင်းအယ်ဒီတာဒေါ်ဒေဝီသန့်ဇင်က ပြောသည်။

"ပရဟိတလုပ်ရင်းနဲ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်နေတဲ့လူငယ်တွေ၊ အဖွဲ့တွေကိုယ်ပိုင်မှာ အများကြီး ပြန့်ကျဲနေတယ်။ သူတို့ဆီမှာ အတွေ့အကြုံကောင်းတွေရှိတယ်။ အခုလို ဆုံပေးလိုက်တော့ အသံလေးတွေထွက်လာကြတယ်။ ဘယ်လိုလုပ်ရမယ်။ ဘာတွေ လိုအပ်တယ်ဆိုတာသိရမယ်" ဟု ဒေါ်ဒေဝီသန့်ဇင်က ပြောသည်။

Green Network တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများ၊ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များပါဝင်ကြသည်။

Green Network ၏ အသိပညာဖလှယ်ပွဲမှ ရရှိလာသော ဆွေးနွေးမှုများကို လိုအပ်ပါက သယံဇာတပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှတစ်ဆင့်လွှတ်တော်သို့ တင်သွင်းမည်ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

Green Network တွေ့ဆုံပွဲကို ပြင်ဦးလွင်မြို့တွင် နိုဝင်ဘာလအတွင်းက ပထမဦးဆုံး ကျင်းပပြုလုပ်ခဲ့ပြီး နယ်ပယ်အသီးသီးမှ ပညာရှင် ၉၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

## Environment Cartoon




# မြန်မာ့ရေတိမ်ဒေသစာအုပ်ထုတ်ဝေနိုင်ရန်စီစဉ်

ရန်ကုန်- ဒီဇင်ဘာ ၅

လာမည့်နှစ် ဖေဖော်ဝါရီလ ၂ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ရေတိမ်ဒေသနေ့အမီမြန်မာနိုင်ငံအတွင်းရှိရေတိမ်ဒေသများအကြောင်းနှင့်ရေတိမ်ဒေသနှင့်ဆက်စပ်သောအကြောင်းအရာများစုံလင်စွာရေးသားပြုစုထားသည့် မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် စာအုပ်တစ်အုပ်ထုတ်ဝေသွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း မြန်မာ့ငှက်နှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးအသင်းမှ ဒုတိယဥက္ကဋ္ဌဦးသိန်းအောင်ကပြောကြားသည်။

နှစ်စဉ်ရေတိမ်ဒေသနေ့ရောက်တိုင်း အထိမ်းအမှတ်အဖြစ် ဓာတ်ပုံပြပွဲနှင့် ရေတိမ်ဒေသနေ့အဖြစ်ကျင်းပမြဲဖြစ်သော အသင်းအနေဖြင့် လာမည့်နှစ်ဇန်နဝါရီလကုန်ပိုင်းတွင်လည်း ရေတိမ်ဒေသနေ့အထိမ်းအမှတ်နှင့်အတူ စာအုပ်ထုတ်ဝေမည်ဖြစ်ပြီး လူထုကိုရေတိမ်ဒေသများအကြောင်း အသိပညာရစေရန်ရည်ရွယ်ကြောင်းအသင်းဥက္ကဋ္ဌဖြစ်သူဦးစိုးညွန့်ကပြောသည်။

စာအုပ်တွင် ကမ္ဘာ့ရေတိမ်ဒေသနေ့ဖြစ်တည်လာပုံသမိုင်းကြောင်းများ၊ရေတိမ်ဒေသဆိုသည်မှာမည်သည့်အရာများကိုခေါ် ဆိုသတ်မှတ်သည်ဆိုသည့်အချက်အလက်များမှစကာ၊မြန်မာနိုင်ငံတွင်ရှိသောရေတိမ်ဒေသနေရာများ၊အမျိုးအစားများနှင့်ရေတိမ်ဒေသတွင်နေထိုင်ကျက်စားသောဇီဝမျိုးစုံမျိုးကွဲများအကြောင်း၊လူတို့၏ပယောဂကြောင့်ပျက်စီးရခြင်းအကြောင်းအရင်းစသည့်အကြောင်းအရာများကို ပြုစုဖော်ပြသွားနိုင်ရန်စီစဉ်လျက်ရှိကြောင်း ဦးသိန်းအောင်ကပြောသည်။ မြန်မာနိုင်ငံတွင် ထင်ရှားသောရေတိမ်ဒေသများမှာအင်းလေးကန်၊အင်းတော်ကြီးကန်၊မိုးယွန်းကြီးအင်းတို့ဖြစ်သည်။






Tourism
7 DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011

# မူဆယ်နှင့် ရွှေလီကို ချစ်ကြည်ရေးမြို့သတ်မှတ်ရန်စီစဉ်

**အောင်သူရ**

**ရွှေလီ၊ ဒီဇင်ဘာ-၉**

တရုတ်နိုင်ငံရွှေလီမြို့နှင့် မြန်မာနိုင်ငံမူဆယ်မြို့တို့အား ချစ်ကြည်ရေးမြို့များအဖြစ်သတ်မှတ်ရန် မြန်မာဘက်မှ ခွင့်ပြုချက် ရရှိထားပြီဖြစ်ကြောင်း သတင်းရရှိသည်။

"ရှမ်းပြည်နယ် အစိုးရထံမှ ခွင့်ပြုချက်ရပြီးပါပြီ။ တရုတ်ဘက်က လက်မှတ်ထိုးဖို့ပဲ ကျန်တော့တယ်"ဟု မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သည်များအသင်း ဒုဥက္ကဋ္ဌ ဦးဌေးဦးကပြောသည်။

ထိုကဲ့သို့ ချစ်ကြည်ရေးမြို့များအဖြစ် သတ်မှတ်ရန် စီစဉ်ရခြင်းမှာ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးရည်ရွယ်ချက်ဖြစ်ပြီး ယခုတစ်ပတ်အတွင်း နှစ်ဖက်နိုင်ငံမှခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ မူဆယ်မြို့တွင် ခရီးသွားလုပ်ငန်းတိုးတက်စေရေးအတွက် ဆွေးနွေးတိုင်ပင်ကြမည်ဖြစ်သည်။



ဓာတ်ပုံ-အောင်သူရ

*တရုတ်နိုင်ငံ ရွှေလီမြို့ တစ်နေရာ*

ထို့အပြင် နမ်စီမြို့မှ လားရှိုးမြို့သို့အပတ်စဉ်လေယာဉ်ပျံသန်းရန် ယူနန်အစိုးရအဖွဲ့ပြည်ပရေးရာတာဝန်ခံက ရွှေလီမြို့တွင် ပြုလုပ်သော ဆွေးနွေးပွဲတွင် ယူနန်အစိုးရအား အကြံပြုခဲ့သည်။

မူဆယ်ဝင်ပေါက်မှ ၂၀၁၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံသား ၅၆၇၉ ဦးနှင့် နိုင်ငံခြားသား ၁၆၈ ဦးတို့ဝင်ရောက်ခဲ့ပြီး ယခုနှစ်နိုဝင်ဘာလကုန်အထိတရုတ်နိုင်ငံသား ၁၇၈ ဦးနှင့် နိုင်ငံခြားသား ၃ ဦး ဝင်ရောက်ခဲ့ကြောင်းသက်ဆိုင်ရာက ထုတ်ပြန်သော စာရင်းအရ သိရသည်။

# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ဟိုတယ်လုပ်ငန်းများ လာရောက် ရင်းနှီးမြှုပ်နှံရန် ဒေသခံကုန်သည်များ လိုလား

**အောင်သူရ**

**ရွှေလီ၊ ဒီဇင်ဘာ-၉**

ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဖြစ်သော ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်များတွင် ဟိုတယ်လုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံစေလိုကြောင်း အဆိုပါ ဒေသမှကုန်သည်များက ပြောသည်။

ပင်းတယမြို့နှင့် ရွာငံမြို့များရှိ မြို့သစ်မြေကွက်များတွင် ဟိုတယ်များဆောက်လုပ်လိုပါက သက်ဆိုင်ရာက ခွင့်ပြုမည်ဟု မူဆယ် ကုန်စည်ပြပွဲသို့တက်ရောက်လာသော ကုန်သည်များကပြောသည်။

ပင်းတယမြို့တွင် တန်ခိုးကြီး ရွှေဥမင်ဘုရားရှိပြီး အခြားသော တောင်တက်ခရီးစဉ်များပါ သွားရောက်လည်ပတ်နိုင်သည်။ ရှမ်းပြည်နယ်တောင်ပိုင်းတွင် အင်းလေးကန်နှင့်ပင်းတယမြို့သို့နိုင်ငံခြားသားများ သွားရောက်လည်ပတ်လေ့ရှိပြီး ပင်းတယမြို့တွင် အဆင့်မီဟိုတယ် နှစ်လုံးသာ ရှိသည်။

ပင်းတယမြို့တွင် လက်ရှိ မြေကွက်ပေါက်ဈေးမှာ ပေ ၄၀× ၆၀ (မြို့ပြင်)တစ်ကွက်လျှင် ကျပ်သိန်း ၆၀ ဝန်းကျင်ရှိသည်ဟု သိရသည်။

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်တို့သည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖြစ်လာပြီး လူဦးရေ တစ်သိန်းငါးသောင်း ကျော်နေထိုင်ကြသည်။

# ဟော့ဂျ်ခရီးစဉ်စောင့်ကြည့်ရေးအဖွဲ့ ရန်ကုန်တွင်ပါ ဖွဲ့စည်း

**နေလင်းအောင်**

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

ပြည်တွင်းရှိ အစ္စလာမ်ဘာသာဝင်ဟော့ဂျ်ခရီးသွားများအတွက် အဆင်မပြေမှုများ နစ်နာဆုံးရှုံးမှုများကို အခမဲ့ကူညီဆောင်ရွက်ပေးမည့် ဟော့ဂျ်ခရီးစဉ်စောင့်ကြည့်ကူညီရေး အဖွဲ့ကို ယခုလအတွင်း ရန်ကုန်မြို့တွင်ပါထပ်မံဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

ယခုနှစ် ဟော့ဂျ်ခရီးသွားရာသီကာလအတွင်း ပြည်တွင်းမှ ဟော့ဂျ်ခရီးသွားအများစု ဗီဇာမရရှိခြင်း၊ လေယာဉ်အခက်အခဲကြောင့် သွားရောက်ခွင့်မရရှိခဲ့ခြင်းများနှင့် ငွေကြေးနစ်နာမှုများရှိခဲ့ရာ ယင်းပြဿနာများအား ကူညီဖြေရှင်းပေးရန် အဆိုပါအဖွဲ့အား မန္တလေးမြို့တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း မန္တလေး မြို့မှ ဟော့ဂျ်ခရီးစဉ်စောင့်ကြည့်ကူညီရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးဖြစ်သော ဦးဇော်မင်းထွန်းက ပြောကြားသည်။

နိုဝင်ဘာလ တတိယအပတ်အတွင်း အဆိုပါအဖွဲ့၏ ဒုတိယမြောက်အဖွဲ့ခွဲအနေဖြင့် ရန်ကုန်မြို့တွင်ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း၊ ထပ်မံ၍ မကြာမီကာလအတွင်း နေပြည်တော်အပါအဝင် အခြားမြို့ကြီးများနှင့် တစ်နိုင်ငံလုံးနီးပါး အဖွဲ့ခွဲများ တိုးချဲ့ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့တည်ထောင်သူများထဲမှတစ်ဦးဖြစ်သူ ဟာဂျီဦးမောင်မောင်ကပြောသည်။

"ခုလောလောဆယ် ဒီမြို့ကြီးတွေအပြင် တောင်ကြီး၊ လားရှိုး၊ ချောက်စတဲ့မြို့တွေမှာ အဖွဲ့ရဲ့ကိုယ်စားလှယ်တွေထားပြီးပါပြီ။ နောက် ပင်လုံတို့၊ မြစ်ကြီးနားတို့ကနေ ကျွန်တော်တို့ကို လှမ်းဆက်သွယ်ပြီး အကူအညီတောင်းထားတာတွေရှိတယ်။ တဖြည်းဖြည်းနဲ့တော့ ထပ်ချဲ့သွားရမှာပါ"ဟု ဟာဂျီဦးမောင်မောင်ကပြောသည်။ ဟော့ဂျ်ခရီးစဉ်စောင့်ကြည့်ကူညီရေးအဖွဲ့သည် ပြည်တွင်းရှိဟော့ဂျ်ခရီးသွားများ၏ လက်ရှိဖြစ်ပေါ်နေသော နစ်နာဆုံးရှုံးမှုများ၊ ခရီးသွားခွင့်မရဘဲ ငွေကြေးပြန်လည်မရရှိသူများအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အခမဲ့ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

# မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း ဒီဇင်ဘာ ၆ ရက်တွင် ရှင်းလင်းပွဲပြုလုပ်

**နေလင်းအောင်**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၀**

ပြည်တွင်းရှိခရီးသွားဧည့်လမ်းညွှန်များအကျိုးအတွက်ဖွဲ့စည်းထားသောမြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း(MTGA)၏ လက်ရှိဆောင်ရွက်မှုများနှင့် ပတ်သက်၍ အသင်းနှင့်ဧည့်လမ်းညွှန်များအကြား သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ယင်းအသင်းမှတာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်းကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန လက်အောက်တွင် ပြီးခဲ့သည့်ဇွန်လမှ စတင်ဖွဲ့စည်းခဲ့ရာ သက်တမ်းခြောက်လတာ ကာလအတွင်း အသင်းမှ ထုတ်ပြန်သည့် စည်းကမ်းချက်များ ညွှန်ကြားချက်နှင့်ပတ်သက်၍ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်နေရခြင်းဖြစ်ကြောင်း ဝါရင့်ဧည့်လမ်းညွှန်တစ်ဦးက 7 Day News သို့ပြောကြားသည်။

"အခုလက်ရှိ ဧည့်လမ်းညွှန်တွေနဲ့ အသင်းကြားမှာ ဖြစ်နေတဲ့ ဝတ်စုံကိစ္စ၊ Roaster အလှည့်ကျ Guide လိုက်ဖို့ကိစ္စ၊ Guide Watching Guards ဖွဲ့တဲ့ကိစ္စက ကျွန်တော်တို့အသင်းက အထက်ကအမိန့်အတိုင်း လုပ်နေရပါတယ် ဆိုတော့ ကျွန်တော်တို့အသင်းက ကျွန်တော်တို့ဆုံးဖြတ်ချက်နဲ့ ရပ်တည်နေရတာ မဟုတ်ဘဲ အထက်က အမိန့်တွေအတိုင်း လုပ်နေရတာဆိုတော့ အသင်းနဲ့ ဧည့်လမ်းညွှန်တွေကြားထဲမှာတောင် အမြင်တွေစောင်းနေကြတယ်'ဟု အဆိုပါအသင်းမှ သတင်းနှင့်ပြန်ကြားရေးတာဝန်ခံတစ်ဦးက ပြောသည်။

ယင်းအခြေအနေများနှင့် ပတ်သက်၍ ဧည့်လမ်းညွှန်များအသင်းမှ တာဝန်ရှိသူအချို့ ယခုရက်ပိုင်းအတွင်း မီဒီယာများနှင့်တွေ့ဆုံရှင်းလင်းပွဲတစ်ခု ပြုလုပ်ခဲ့ပြီး အဆိုပါရှင်းလင်းပွဲတွင်လက်ရှိအသင်း၏အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းခဲ့သည်။

"ရှင်းရှင်းပြောရရင်တော့ဗျာ ကျွန်တော်တို့ Guide တွေရဲ့ အကျိုးအတွက် ဖွဲ့ထားတဲ့ ဒီအသင်းက အခုဖြစ်နေတာ ကျွန်တော်တို့ကို ပြန်ပြီးတုပ်နှောင်ထားသလိုမျိုးဖြစ်နေတယ်။ Mentally (စိတ်ပိုင်းဆိုင်ရာ) အားဖြင့်ရော အလုပ်လုပ်ရတာတွေမှာ Secure မဖြစ်တော့သလို တော်တော်များများကြုံနေရတော့ အခု ဒီအသင်းက နေထွက်သွားကြတဲ့ EC တွေ၊ အသင်းဝင်တွေ မနည်းတော့ဘူး"ဟု ဧည့်လမ်းညွှန်တစ်ဦးကဆိုသည်။

လက်ရှိအဆိုပါအသင်းတွင် အဖွဲ့ဝင်ပေါင်း ၆၀၀ ခန့်ရှိနေပြီး အသင်းဖွဲ့ပြီးနောက်ပိုင်း ခြောက်လအတွင်း၌ ဝတ်စုံကိစ္စ၊ ဧည့်လမ်းညွှန်များအား စောင့်ကြည့်ရေး အဖွဲ့ဖွဲ့သည့်ကိစ္စ၊ ညွှန်ကြားချက်အများအပြား ပေါ်ထွက်လာသည့်ကိစ္စများနှင့်ပတ်သက်၍ ဧည့်လမ်းညွှန်များကြား မကျေနပ်မှုများပေါ်ထွက်လျက်ရှိသည်။



7 DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011


# Cartoon

The Cartoon






















7DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011

# အာရှ ကုန်ကျစရိတ်အများဆုံးမြို့များတွင် အဆင့်-၆ ၌ စင်ကာပူ ရပ်တည်နေ

**စင်ကာပူ၊ ဒီဇင်ဘာ - ၆**

စင်ကာပူနိုင်ငံသည် အာရှ၏ ကုန်ကျစရိတ်အများဆုံးမြို့များစာရင်းတွင် ဂျပန်မြို့တော်များနောက် အဆင့်-၆ နေရာ၌ ရပ်တည်နေကြောင်း အီးစီအေအင်တာနေရှင်နယ် လူ့စွမ်းအားအရင်းအမြစ်ကုမ္ပဏီ၏ နောက်ဆုံး ပြုလုပ်သောစစ်တမ်းတွင်ဖော်ပြသည်။


အာရှတွင် နေထိုင်မှုကုန်ကျစရိတ်အများဆုံးမြို့မှာ တိုကျိုမြို့တော်ဖြစ်ပြီး ယင်းနောက်တွင် နာဂိုယာ၊ ယိုကိုဟားမားနှင့် ကိုဘေးမြို့တို့က အစဉ်လိုက်ရပ်တည်ခဲ့သည်။ စစ်တမ်း၏ အဆိုအရဂျပန်မြို့တော်တိုကျိုသည် ကမ္ဘာလုံးဆိုင်ရာ အကုန်အကျအများဆုံးမြို့တော်များစာရင်းတွင်လည်း ထိပ်တန်းမှ ရပ်တည်ခဲ့ကြောင်း ဆိုသည်။

ထိုသို့ ဂျပန်မြို့တော်များ နေထိုင်မှုစရိတ်အမြင့်ဆုံးစာရင်းဝင်ရခြင်းနှင့်ပတ်သက်၍ စီအီးအေက ဒေသဆိုင်ရာ ဒါရိုက်တာလီကွမ်းက "ဒါဟာ ဂျပန်မှာ ဈေးနှုန်းတွေမြင့်တက်နေတာကြောင့်သာမကပါဘူး။ ကုန်ဈေးနှုန်းတွေအကျလုံးဝမရှိတာကြောင့်လည်း ပါပါတယ်"ဟုဆိုသည်။

အာရှ၏ နေထိုင်မှုစရိတ်အမြင့်ဆုံးမြို့တော်များစာရင်းတွင် အဆင့်-၅ နေရာ၌ ဆိုးလ်မြို့ကရပ်တည်ခဲ့ပြီး ယင်းနောက်တွင် စင်ကာပူ၊ ဘေဂျင်း၊ ရှန်ဟိုင်း၊ ဟောင်ကောင်နှင့် ဘူဆန်မြို့များက အသီးသီးအဆင့်လိုက်ရပ်တည်ခဲ့သည်။ —*Ref: AFP*



Photo - AFP




# လူကုန်ကူးခံရသော ကမောဒီးယား ၃၀ ဦး အင်ဒိုနီးရှား လွှဲပြောင်းပေး


**ဖနွမ်းပင်၊ ဒီဇင်ဘာ - ၆**

တရားမဝင် လူကုန်ကူးခံရသော ကမ္ဘောဒီးယားလူမျိုး ၃၀ ဦးကို အင်ဒိုနီးရှားနိုင်ငံတွင် တွေ့ခဲ့ရပြီးနောက် ၎င်းတို့ကို ကမ္ဘောဒီးယားနိုင်ငံသို့ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်းသိရသည်။

ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သောကြေညာချက်တွင် အဆိုပါပြန်လည်လွှဲပြောင်းခံရသော လူ ၃၀ မှာ အင်ဒိုနီးရှားနိုင်ငံတွင် လူကုန်ကူးသူများလက်ထဲမှ အင်ဒိုအာဏာပိုင်များက ပြန်လည်ထိန်းသိမ်းထားသော ၆၅ ဦးထဲမှဖြစ်ကြောင်းဆိုသည်။

ကျန်ရှိနေသော ၃၅ ဦးထဲမှ ၃၀ ဦးကို ဒီဇင်ဘာ ၁၂ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ပြန်လွှဲပေးမည်ဖြစ်ကာ နောက်ဆုံးငါးဦးကိုမူ ထိုနောက်ပိုင်းတွင် လွှဲပြောင်းပေးအပ်ဖွယ်ရှိသည်ဟုသိရသည်။ အဆိုပါ လူကုန်ကူးခံရသော ကမ္ဘောဒီးယားနိုင်ငံသား ၆၅ ဦးကို အင်ဒိုနီးရှားနိုင်ငံရှိ မာလူကူပြည်နယ်မှ ကယ်ဆယ်ခဲ့ခြင်းဖြစ်သည်။ —*Ref: Xinhua*

# ရုရှား Su-30 တိုက်လေယာဉ်ခြောက်စီး အင်ဒိုနီးရှားသို့ ရောင်းမည်



**မော်စကို၊ ဒီဇင်ဘာ - ၇**

ရုရှားနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံသို့Su-30 တိုက်လေယာဉ်ခြောက်စီးရောင်းချရန် သဘောတူညီမှုရရှိခဲ့ကြောင်းနှင့် မလေးရှားနိုင်ငံလန်ကာဝီကျွန်းတွင်ပြုလုပ်နေသည့် လေကြောင်းပြပွဲ ပထမနေ့မှာပင် ယင်းသို့သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကြောင်း ရုရှားသတင်းဌာန Ria Novosti က ဖော်ပြသည်။

Su-30 Mk2 တိုက်လေယာဉ်များအား အင်ဒိုနီးရှားနိုင်ငံသို့ ပေးပို့ရန် စာချုပ်အား ၂၀၁၁ နှစ်ကုန်ပိုင်းမှာပင် သဘောတူညီမှုရဖွယ်ရှိသည်ဟု ရုရှားသတင်းရင်းမြစ်အား ကိုးကား၍ ကွန်မားဆန့်စီးပွားရေးစာစောင်တွင် ဖော်ပြခဲ့ကြောင်းသိရသည်။

လေယာဉ်များ ရောင်းချမှုတန်ဖိုးကို ရုရှားသတင်းရင်းမြစ်က မပြောကြားသော်လည်း အင်ဒိုနီးရှားကိုယ်စားလှယ်အဖွဲ့၏ အဆိုအရစာချုပ်မှာ ကန်ဒေါ်လာ သန်း ၅၀၀ ခန့်ရှိမည်ဟုပြောကြောင်း သတင်းတွင်ဖော်ပြသည်။

၂၀၀၇ ခုနှစ်တွင် ချုပ်ဆိုခဲ့သောစာချုပ်အရ ရုရှားနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံသို့ Su-30 Mk2 တိုက်လေယာဉ်သုံးစီးနှင့် Su-27S Mk တိုက်လေယာဉ်သုံးစီးအားပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

လူ့အခွင့်အရေးချိုးဖောက်မှုများရှိသည်ဟူသော စွပ်စွဲချက်များကြောင့် အမေရိကန်နိုင်ငံက ၁၉၉၉ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံသို့ လက်နက်ရောင်းချမှုပိတ်ပင်ခဲ့ပြီးနောက်ပိုင်း အင်ဒိုနီးရှားသည် ရုရှားနိုင်ငံမှ လက်နက်များကို အဓိကထားဝယ်ယူလာခဲ့ကြောင်း သိရသည်။ —*Ref: Ria Novosti*

7DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011

### နောက်ကျောဖုံး - ကြွေးမြီအကျပ်အတည်းဖြေရှင်းရန် သဘောတူညီချက်ရသော်လည်း ယူရိုငွေတန်ဖိုးကျဆင်း မှု

ဂျပန်ယန်းငွေနှင့်နှိုင်းယှဉ်လျှင်လည်း ၁၀၃ ဒသမ ၉၃၄ ယန်းမှ ၁၀၃ ဒသမ ၆၄ ယန်းသို့ ကျဆင်းလာသည်။ ဒေါ်လာနှင့် ယန်းရောင်းဝယ်မှု ဈေးနှုန်း ၇၇ ဒသမ ၆၆ ယန်းမှာမူ အပြောင်းအလဲမရှိပေ။

ယူရိုဇုန်ကြွေးမြီအကျပ်အတည်းဖြစ်ပေါ်ခဲ့ပြီးနောက်ဥရောပအစိုးရများ၏ ဘတ်ဂျက်သုံးစွဲမှုကို ပိုမိုတင်းကျပ်စွာ စောင့်ကြည့်သွားရန် ဥရောပသမဂ္ဂ(EU)ခေါင်းဆောင်များက သဘောတူညီခဲ့သည်။

ဥရောပငွေကြေးပေါင်းစည်းမှုကို ပြိုကွဲသွားစေနိုင်သည့် ခြိမ်းခြောက်မှုအား ရှောင်လွှဲနိုင်ရန် ဘဏ္ဍာရေးပေါင်းစည်းမှုအစီအစဉ်သစ်ချမှတ်ခြင်းတွင် ပါဝင်ရန် အီးယူအဖွဲ့ဝင် ၂၇ နိုင်ငံအနက် ၂၆နိုင်ငံကစိတ်အားထက်သန်မှုပြသခဲ့ကြသည်။ ယူရိုငွေကြေးအဖွဲ့တွင် မပါဝင်သည့် ဗြိတိန်နိုင်ငံကသာ ကန့်ကွက်ခဲ့သည်။

ထို့အပြင် ကြွေးမြီပြဿနာကြုံတွေ့နေရသော နိုင်ငံများအား ကူညီနိုင်ရန် ယူရို ၂၀၀ ဘီလီယံအားနိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့သို့ ၁၀ ရက်အတွင်း လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း ဥရောပ ခေါင်းဆောင်များက သဘောတူညီခဲ့သည်။

—*Ref: AFP*

### နောက်ကျောဖုံး - ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူညီချက် ရရှိ မှု




ကျိုတိုသဘောတူညီချက်၏ ပထမအဆင့်မှာ ၂၀၁၂ နှစ်ကုန်ပိုင်းတွင် ကုန်ဆုံးတော့မည်ဖြစ်ရာ ယင်းကို ၂၀၁၇ ခုနှစ်အထိ ဆက်လက်သက်တမ်းတိုးမည်ဖြစ်သည်။ ယင်းသဘောတူညီချက်က ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ကာဗွန်ထုတ်လွှတ်မှုအပေါ် ထိန်းချုပ်မှုများပြုလုပ်ထားသော်လည်း စက်မှုအင်အားကြီးနိုင်ငံများဖြစ်လာသော တရုတ်နှင့် အိန္ဒိယနိုင်ငံများ မပါဝင်ပေ။ အမေရိကန်နိုင်ငံကမူ ကျိုတိုသဘောတူညီချက်ကိုလက်မှတ်ရေးထိုးထားခြင်းမရှိပေ။

ရာသီဥတုပြောင်းလဲမှုထိန်းသိမ်းရေးအတွက် ဆင်းရဲသောနိုင်ငံများအား အကူအညီပေးရေးရန်ပုံငွေတစ်ရပ် ထူထောင်ရန်လည်း ကမ္ဘာ့နိုင်ငံများက သဘောတူညီခဲ့သည်။

သဘောတူညီချက်များမှာ တိကျရေရာမှု မရှိသေးသော်လည်း ဆွေးနွေးပွဲများကို ဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်သည့် တောင်အာဖရိကနိုင်ငံခြားရေးဝန်ကြီး မစ္စမိုက်တီအန်ကိုရာမာရှာဘိန်းက မိမိတို့၏ သားသမီး၊ မြေးမြစ်များအတွက် ကမ္ဘာကြီးအားကယ်တင်ရေးအစည်းအဝေးမှာ အဆုံးသတ်နိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် သမိုင်းတွင်ခဲ့ပြီဖြစ်ကြောင်း ပြောကြားရင်း အစည်းအဝေးကို ပိတ်သိမ်းခဲ့သည်။

—*Ref: UPI/Reuters*



## Leader's Profile

## ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (UNIDO) အကြီးအကဲ

# ကန်ဒါယမ်ကဲလား

ရဲမင်း

မစ္စတာကန်ဒါ၊ကေ၊ယမ်ကဲလားသည်ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ UNIDO ၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သည်။

ယမ်ကဲလားအား ၁၉၅၉ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် ဆီယာရာလီယွန်နိုင်ငံ၌ မွေးဖွားခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် ဆီယာရာလီယွန်နိုင်ငံ အန်ဂျာလားတက္ကသိုလ်မှ စိုက်ပျိုးရေးပညာသိပ္ပံဘွဲ့ရရှိခဲ့သော ယမ်ကဲလားသည် အမေရိကန်နိုင်ငံ ကော်နယ်လ်တက္ကသိုလ်သို့ ဆက်လက် တက်ရောက်ခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် စိုက်ပျိုးရေးဆိုင်ရာစီးပွားရေးပညာရပ် အထူးပြုဖြင့် မဟာဘွဲ့ရရှိခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် ယင်းဘာသာရပ်အထူးပြုဖြင့်ပင် အီလီနွိုက်စ်တက္ကသိုလ်မှ ဒေါက်တာဘွဲ့ရရှိခဲ့သည်။

၁၉၉၄-၉၅ တွင် ဆီယာရာလီယွန်နိုင်ငံ၏ ကုန်သွယ်ရေး၊ စက်မှုလုပ်ငန်းနှင့် နိုင်ငံပိုင် လုပ်ငန်းများဝန်ကြီးအဖြစ် လုပ်ကိုင်ခဲ့သူ ယမ်ကဲလားသည် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ UNIDO ၌ မူဝါဒရေးရာ အဆင့်မြင့်ရာထူးနေရာများတွင် တာဝန်ယူခဲ့ပြီး ယခင် UNIDO ၏ အာဖရိကရုံး ဒါရိုက်တာအဖြစ်လည်း တာဝန်ယူခဲ့သည်။

မစ္စတာယမ်ကဲလားသည် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် UNIDO ၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ခန့်အပ်ခံရပြီး ၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် ဒုတိယအကြိမ် ထပ်မံတာဝန်ပေးခြင်းခံရသည်။ ၂၀၀၉ ခုနှစ် ဇူလိုင်လတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် ဘန်ကီမွန်းက အသစ်ဖွဲ့စည်းလိုက်သည့် စွမ်းအင်နှင့် ရာသီဥတုပြောင်းလဲမှု အကြံပေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူရန် မစ္စတာယမ်ကဲလားအား တာဝန်ပေးအပ်ခဲ့သည်။ မစ္စတာယမ်ကဲလားသည် ကုလသမဂ္ဂစွမ်းအင်အဖွဲ့(UN-Energy)၏ ဥက္ကဋ္ဌလည်းဖြစ်သည်။

ထို့အပြင် မစ္စတာယမ်ကဲလားသည် တရုတ်သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး နိုင်ငံတကာကောင်စီ(CCIED)၏ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည်။ ယင်းအဖွဲ့အား တရုတ်အဆင့်မြင့်အရာရှိများနှင့် နိုင်ငံတကာကျွမ်းကျင်ပညာရှင်များဖွဲ့စည်းထားပြီး သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များတွင် တရုတ်အစိုးရအရာရှိကြီးများအား အကြံပေးသည်။

မစ္စတာယမ်ကဲလားသည် နိုင်ငံတကာဆွေးနွေးပွဲ၊ ဟောပြောပွဲများတွင် လူသိများ ထင်ရှားသူတစ်ဦးလည်းဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ ကိစ္စရပ်များဖြစ်သော ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ရာသီဥတုပြောင်းလဲခြင်း၊ ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ၊ အစိမ်းရောင်စက်မှုလုပ်ငန်းများနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စသည့်အကြောင်းအရာများကို ဆွေးနွေးဟောပြောနိုင်သူဖြစ်သည်။ အာဖရိကတိုက်ဆိုင်ရာနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့်ပတ်သက်၍လည်း ကျွမ်းကျင်သူတစ်ဦးဖြစ်သည်။

ဒေါက်တာယမ်ကဲလား၏ သဘောထားအမြင် ဆောင်းပါးများကို နိုင်ငံတကာသတင်းစာများတွင်ဖတ်ရှုနိုင်ပြီး အမေရိကန်နိုင်ငံမှနယူးယောက်တိုင်းမ်စ်၊ IHT နှင့်ဗြိတိန်နိုင်ငံမှ The Guardian သတင်းစာများတွင် ၎င်း၏ ဆောင်းပါးများပါဝင်လေ့ရှိသည်။

ဒေါက်တာယမ်ကဲလားသည် တရုတ်နိုင်ငံ ရှန်ဟိုင်းနိုင်ငံခြားကုန်သွယ်မှုအင်စတီကျူ့ဒ်တွင် ဧည့်ပါမောက္ခတစ်ဦးဖြစ်သလို အိန္ဒိယနိုင်ငံ မဒရပ်စ်တက္ကသိုလ်မှဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ကိုလည်း ရရှိထားသူဖြစ်သည်။

—*Ref: Wikipedia*

## ပါကစတန်နိုင်ငံရှိ မောင်းသူမဲ့လေယာဉ်စခန်းအား အမေရိကန်ပြောင်းရွှေ့

**အစ္စလာမာဘတ်၊ ဒီဇင်ဘာ - ၆**

နေတိုးလေယာဉ်များ၏ တိုက်ခိုက်မှုကြောင့်ပါကစ္စတန်စစ်သား ၂၄ ဦး သေဆုံးပြီးနောက် ပါကစ္စတန်နိုင်ငံရှိမောင်းသူမဲ့လေယာဉ်လေတပ်စခန်းအား အမေရိကန်က ပြောင်းရွှေ့နေကြောင်း အမေရိကန်သံအမတ်ကြီးကပြောကြားသည်။ တိုက်ခိုက်မှုဖြစ်ပေါ်ပြီးနောက် အဆိုပါစခန်းအား ပိတ်သိမ်းရန် ပါကစ္စတန်နိုင်ငံကတောင်းဆိုခဲ့သည်။

သို့သော် ဘာလူချီစတန်ပြည်နယ် အနောက်တောင်ပိုင်းရှိ ရှန်ဆီလေတပ်စခန်းသည် စက်ပိုင်းဆိုင်ရာနှင့် ရာသီဥတုအခက်အခဲများ ကြုံတွေ့မှသာ မောင်းသူမဲ့ လေယာဉ်များ ဆင်းသက်ခြင်းဖြစ်ပြီး ယင်းစခန်းပိတ်သိမ်းလိုက်၍ အမေရိကန်၏ မောင်းသူမဲ့လေယာဉ်စစ်ဆင်ရေးများအား ထူးထူးခြားခြားလျော့ကျမသွားစေနိုင်ကြောင်း အေပီသတင်းတွင်ဖော်ပြသည်။

သို့သော် နိုဝင်ဘာ ၂၆ ရက်နေ့ တိုက်ခိုက်မှုကြောင့် ယင်းစခန်းအား စွန့်ခွာရန် အမေရိကန်နိုင်ငံက ဆုံးဖြတ်လိုက်ခြင်းမှာ အမေရိကန်-ပါကစ္စတန်ဆက်ဆံရေးတွင် အနိမ့်ဆုံးအမှတ်သို့ ရောက်ရှိလာခြင်းဖြစ်သည်။ နှစ်ဖက်ဆက်ဆံရေးအဆင်မပြေမှုကြောင့် အာဖဂန်နစ္စတန်စစ်ပွဲအား အဆုံးသတ်ရေး အမေရိကန်၏ ကြိုးပမ်းမှုတွင် ပါကစ္စတန်နိုင်ငံ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု မရေမရာဖြစ်လာသည်။

နေတိုးတိုက်ခိုက်မှုဖြစ်ပေါ်ခဲ့ပြီးနောက် ပါကစ္စတန်နိုင်ငံက ချက်ချင်းတုံ့ပြန်ခဲ့ပြီး ပါကစ္စတန်-အာဖဂန်နစ္စတန်နယ်စပ်နေတိုး၏ ထောက်ပံ့ရေးလမ်းကြောင်းအား ပိတ်ထားခဲ့သလို ရှန်ဆီလေတပ်စခန်းအား ၁၅ ရက်အတွင်း ပိတ်သိမ်းရန်ပြောကြားခဲ့သည်။

—Ref: AP

### နောက်ကျောဖုံး - ရွေးကောက်ပွဲလိမ်လည်မှု စွပ်စွဲချက်များ စုံစမ်းစစ်ဆေးရန် ၊ရုရှားသမတအမိန့်ပေး မှ

သို့သော် ဆန္ဒပြသူများ၏ ကြွေးကြော်သံများနှင့် ထုတ်ပြန်ချက်များကိုမူ ရုရှားသမ္မတက သဘောမတူခဲ့ပေ။

ယခင်သီတင်းပတ်ကကျင်းပခဲ့သော ပါလီမန်ရွေးကောက်ပွဲ၌ မသမာမှုများရှိခဲ့သည်ဆိုသော စွပ်စွဲမှုများကြောင့် ရုရှားနိုင်ငံသားထောင်ပေါင်းများစွာသည် ရုရှားနိုင်ငံတစ်ဝန်းမြို့ကြီးများတွင်ငြိမ်းချမ်းစွာ ဆန္ဒပြပွဲများပြုလုပ်ခဲ့သည်။ ယင်းရွေးကောက်ပွဲတွင် လက်ရှိအာဏာရ ယူနိုက်တက်ရုရှားပါတီက အမတ်နေရာ ထက်ဝက်ကျော် အနိုင်ရရှိခဲ့သည်။

“အခြေခံဥပဒေအရ ရုရှားနိုင်ငံသားတိုင်းဟာ လွတ်လပ်စွာပြောဆိုခွင့်နဲ့ လွတ်လပ်စွာစုရုံးခွင့်ရှိပါတယ်။ လူတိုင်းက သူတို့ရဲ့ ရပ်တည်ချက်ကို ဖော်ပြနိုင်ပါတယ်”ဟု ရုရှားသမ္မတက ဖေ့စ်ဘွတ်ခ်တွင် ရေးသားခဲ့သည်။ ဆက်လက်၍ ရုရှားသမ္မတက “ကန့်ကွက်မှုတွေမှာ ဖော်ထုတ်ခဲ့တဲ့ကြေညာချက်တွေ၊ ကြွေးကြော်သံတွေကိုတော့ ကျွန်တော်သဘောမတူပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ရွေးကောက်ပွဲဥပဒေလိုက်နာမှုနဲ့ပတ်သက်ပြီးတော့ မဲရုံတိုင်းက အစီရင်ခံစာတွေကို စုံစမ်းစစ်ဆေးဖို့ ကျွန်တော်အမိန့်ပေးလိုက်ပါပြီ” ဟု ရုရှားသမ္မတက ဆက်လက်ရေးသားထားသည်။ သို့သော် ရုရှားသမ္မတက အသေးစိတ်အချက်အလက်များ မထုတ်ပြန်ကြောင်း ဆင်ဟွာသတင်းကဖော်ပြသည်။

ရုရှားဗဟိုရွေးကောက်ပွဲကော်မရှင်က ယူနိုက်တက်ရုရှား



ပါတီသည် အောက်လွှတ်တော် သစ်တွင် အမတ်နေရာ ၄၅၀ အနက် ၂၃၈ နေရာ အနိုင်ရရှိခဲ့ကြောင်း ဒီဇင်ဘာ ၉ ရက်က ကြေညာခဲ့သည်။ —*Ref: Xinhua*

7 DAY NEWS JOURNAL
Vol.10, No.39 • DECEMBER 15, 2011



Photo - AFP

# “ အခုတော့ ကျွန်တော်တို့အမှားတွေကို ပြင်ဆင်နေပါပြီ

## ပေါ်တူဂီသမ္မတ အန်နီဘယ်ကာဗာကိုဆေးလ်ဗားနှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**

ဥရောပဘဏ္ဍာရေး အကျပ်အတည်းကာလအတွင်းမှာ ဥရောပစီးပွားရေးကိုကယ်တင်ဖို့ ဂျာမနီက ဇာတ်လိုက်လုပ်မယ်ဆိုရင် လူကြမ်းတွေက ဂရိ၊ ပေါ်တူဂီ၊ အီတလီတို့ဖြစ်ဖို့များပါတယ်။ ပေါ်တူဂီဟာယခုနှစ်အတွင်းမှာပဲ ဥရောပသမဂ္ဂနဲ့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့တို့ရဲ့ ဘဏ္ဍာရေးကယ်ဆယ်မှုနဲ့ရပ်တည်ခဲ့ရပြီး လာမယ့်နှစ်မှာလည်း ဒဏ်ရာမကျက်သေးတဲ့ ၎င်းရဲ့ စီးပွားရေးဟာ တိုးတက်မှုနှုန်း ၂ ဒသမ ၈ ရာခိုင်နှုန်းပဲရှိနိုင်မယ်လို့ ခန့်မှန်းနေရပါတယ်။ ဒါပေမဲ့ ပေါ်တူဂီသမ္မတ အန်နီဘယ်ကာဗာကိုဆေးလ်ဗားကတော့ ပေါ်တူဂီနဲ့ ဂရိကို နှိုင်းယှဉ်လို့မရဘူးလို့ ဆိုထားပြီး ယူရိုငွေအပေါ် ယုံကြည်မှုကလည်း ခိုင်မြဲနေတာတွေ့ရပါတယ်။ ဒါ့ကြောင့် တိုင်းမ်မဂ္ဂဇင်းနဲ့ သမ္မတဆေးလ်ဗားတို့ရဲ့ အမေးအဖြေတွေကိုတင်ဆက်ပေးလိုက်ရပါတယ်။

**အခုလက်ရှိကနေ နောက်တစ်နှစ်ဆိုရင် ယူရိုငွေဟာ ရှင်သန်ရပ်တည်နိုင်တဲ့ငွေကြေးတစ်ရပ် ဖြစ်လာပါဦးမလား။**

ယူရိုငွေဟာ ကမ္ဘာတစ်ဝန်းမှာယုံကြည်ထိုက်တဲ့ငွေကြေးတစ်ရပ်ဖြစ်လာမှာပါ။ ဥရောပရဲ့ ပိုင်ဆိုင်ထားမှုမှာ အရေးပါဆုံးက (နိုင်ငံတွေ)ပေါင်းစပ်ထားမှုပဲ။ ပြီးတော့ ဥရောပပေါင်းစည်းမှုရဲ့ သော့ချက်အစိတ်အပိုင်းကလည်း ယူရိုငွေပဲ။ တစ်နှစ်တာအချိန်ပဲဖြစ်ဖြစ်၊ အနှစ် ၂၀ ကာလပဲဖြစ်ဖြစ် ယူရိုဟာ ဆက်ရှိနေမှာပါ။

**လက်ရှိအကျပ်အတည်းရဲ့နောက်တစ်ဆင့်က ဘာဖြစ်မှာပါလဲ။**

နောက်တစ်ဆင့်ကတော့ ဖြေရှင်းတာပေ့ါ။ ဂရိနဲ့ အီတလီမှာ နိုင်ငံရေးအပြောင်းအလဲတွေ ဖြစ်နေပါပြီ။ ဒါပေမဲ့ ဒီဘဏ္ဍာရေးကူးစက်ရောဂါအန္တရာယ်ကနေ ဘယ်နိုင်ငံ၊ ဘယ်ဒေသမှ မလွတ်ဘူးဆိုတာကို ကမ္ဘာ့ခေါင်းဆောင်တွေနဲ့ ဥရောပခေါင်းဆောင်တွေ သိနားလည်ဖို့အချိန်အများကြီးယူခဲ့ရတယ်။

**ယူရိုငွေကြေးသုံးစွဲတဲ့ ယူရိုဇုန်ကယ်ဆယ်ရေးမှာ တရုတ်နိုင်ငံပါဝင်ရေးဟာ ဘယ်လောက်လက်တွေ့ကျနိုင်ပါသလဲ။**

တရုတ်ရဲ့ တစ်ဦးချင်း ဂျီဒီပီက ဂရိက တစ်ဦးချင်း ဂျီဒီပီထက် ထက်ဝက်လျော့လျော့လောက်ပဲရှိတယ်။ ဒီတော့ သူတို့မေးမြန်းရမှာကဥရောပနိုင်ငံတွေက ဥရောပဘဏ္ဍာရေးတည်ငြိမ်မှုအစီအစဉ်ထဲငွေအလုံအလောက်မထည့်ချင်ဘူးဆိုရင် ငါတို့က ဘာကြောင့်လုပ်ရမှာလဲဆိုတာပဲဖြစ်ပါတယ်။ သူတို့ပြောထားတာကတော့ နိုင်ငံငွေကြေးရန်ပုံငွေအဖွဲ့မှာ ထပ်ဖြည့်မယ့် ဘဏ္ဍာရေးအရင်းအမြစ်တွေအတွက်တောင် ဖြည့်ဆည်းပေးဖို့ ပြင်ဆင်ထားပြီးပြီဆိုတာပဲ။

**ပေါ်တူဂီက ဘာမှားခဲ့တာပါလဲ။**

ယူရိုဇုန်ထဲ ဝင်လိုက်တော့ ပေါ်တူဂီမှာ အတိုးနှုန်းတွေသိသိသာသာ ကျဆင်းသွားခဲ့တယ်။ ဒီတော့ပြည်တွင်းဝယ်လိုအားတိုးခဲ့တယ်။ အကြွေးတင်တာတွေတိုးခဲ့တယ်။ ပြည်ပကြွေးမြီတိုးလာပြီး ဘတ်ဂျက်လိုငွေပြမှုတွေ တိုးလာတယ်။ အခုတော့ ကျွန်တော်တို့ အဲဒီအမှားတွေကိုပြင်ဆင်နေပါပြီ။

**ပေါ်တူဂီဟာ ဒီနှစ်ထဲမှာ ရရှိခဲ့တဲ့ ဘဏ္ဍာရေးကယ်ဆယ်မှုအတွက် လိုက်နာဆောင်ရွက်ရမယ့် အရာအားလုံးကို လုပ်နေပါပြီလား။**

ပြည်သူ့ကြွေးမြီကိစ္စအတွက် အီးယူနဲ့ရော နိုင်ငံငွေကြေးရန်ပုံငွေအဖွဲ့တို့နဲ့ပါ ညှိနှိုင်းထားခဲ့သမျှ ရည်မှန်းချက်တွေကို ရရှိတော့မှာပါ။ ပြီးတော့လည်း ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် သတ်မှတ်ဆောင်ရွက်ရမယ့်ဥပဒေတွေကို ပြဋ္ဌာန်းနေပါတယ်။

**ပေါ်တူဂီရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေက ဘာတွေပါလဲ။**

လာမယ့်နှစ်မှာ ပေါ်တူဂီစီးပွားရေးဟာ ၂ ဒသမ ၈ ရာခိုင်နှုန်းလောက် ကျကောင်းကျဆင်းနိုင်မယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ အဓိကစိန်ခေါ်မှုကတော့ ဒီထက်ပိုကောင်းအောင်လုပ်ဖို့ ဖြစ်နိုင်ခြေရှိတာကို သက်သေပြဖို့ပဲ။ ပေါ်တူဂီစီးပွားရေးရဲ့ မောင်းနှင်အားက ပြည်ပပို့ကုန်တွေပါ။ ရင်းနှီးမြှုပ်နှံမှုတွေက တိုးတက်ဖို့ ရှိနေပါတယ်။ ဒါပေမဲ့ အဲဒါ လူတွေရဲ့ ယုံကြည်မှုနဲ့ ရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်စိတ်ချမှုပေါ်မူတည်နေတယ်။

**ဂရိမှာရော ဘာဖြစ်ခဲ့ပါသလဲ။**

တစ်ခါတလေ ကျွန်တော်တို့ကို ဂရိက အခြေအနေနဲ့နှိုင်းကြတယ်။ နှိုင်းယှဉ်စရာမရှိပါဘူး။ အဆုံးမှာတော့ ဂရိအတွက်ကကြွေးမြီတွေကို အပြည့်ပြန်ပေးနိုင်ဖို့မဖြစ်နိုင်ဘူးဆိုတာ သိနားလည်ခဲ့ကြတယ်။ အီတလီကတော့ လုံးဝကွဲပြားခြားနားတဲ့ပြဿနာတစ်ရပ်ဖြစ်နေပါတယ်။

**ဒါဆို ပြဿနာကဘာပါလဲ။**

အီတလီမှာငွေစုဘဏ်အတိုးနှုန်းက မြင့်တယ်။ ဒါပေမဲ့ အီတလီဟာ ဥရောပသမဂ္ဂမှာ တတိယအကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်ပြီး ကမ္ဘာမှာ ပဉ္စမမြောက် စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်ပေမယ့်ဈေးကွက်တွေက သူ့ကိုမယုံကြဘူးဖြစ်နေတယ်။ ဒါကြောင့် ဒါဟာ ကြွေးမဆပ်နိုင်တဲ့ပြဿနာမဟုတ်ဘူး။ ငွေထည့်သွင်းစီးဆင်းစေဖို့ ပြဿနာသာဖြစ်ပါတယ်။

**ဝန်ကြီးချုပ်ဆီလ်ဗီယိုဘာလူစကိုနီနုတ်ထွက်သွားတာဟာ အီတလီအတွက် အပြုသဘောဆောင်တဲ့တိုးတက်မှုများဖြစ်လာမလား။**

မိတ်ဖက်နိုင်ငံတစ်နိုင်ငံက သမ္မတတစ်ယောက်က အီတလီနိုင်ငံရေးအကြောင်းမှတ်ချက်တွေ မပေးသင့်ပါဘူး။ (အီတလီ)ဝန်ကြီးချုပ်သစ် မာရီယိုမွန်တီဟာ အလွန်စွမ်းဆောင်ရည်ရှိသူတစ်ဦးပါ။ ဈေးကွက်တွေဟာ ဥပဒေပြဋ္ဌာန်းအကောင်အထည်ဖော်မှုတွေကိုသာမကဘဲနိုင်ငံရေးသမားတွေအကြောင်း၊ ဦးဆောင်တဲ့နေရာမှာရှိနေတဲ့ ပုဂ္ဂိုလ်အကြောင်း ဂရုစိုက်ရပါတယ်။

**ပေါ်တူဂီအပေါ်မှာ အာရပ်နွေဦးက ဘာအကျိုးသက်ရောက်မှုသြဇာရှိတယ်လို့ထင်ပါသလဲ။**

အဲဒါဟာ အပြုသဘောတိုးတက်မှုလို့ထင်ပါတယ်။ သူတို့က ကျွန်တော်တို့ရဲ့ အိမ်နီးချင်းတွေပါ။ မော်ရိုကိုမှာ၊ အယ်လ်ဂျီးရီးယားမှာ၊ အီဂျစ်မှာ၊ လစ်ဗျားမှာလည်းပတ်လုပ်ကိုင်နေတဲ့ ပေါ်တူဂီကုမ္ပဏီတွေရှိပါတယ်။ အခုတော့ဒီမိုကရက်တစ်အဖွဲ့အစည်းတွေ ခိုင်မာအောင် တည်ဆောက်ရေးမှာ သူတို့ကို ဘယ်လိုကူညီမလဲ ဆိုတာအရေးကြီးလာပါတယ်။ ဥရောပဟာ(အာရပ်ကမ္ဘာမှာ) ဒီမိုကရေစီဖြစ်စဉ် အခြေခိုင်မာရေးမှာ နက်နက်ရှိုင်းရှိုင်းပါဝင်သင့်ပါတယ်။

*—Ref: 10 Questions for Portuguese President Anibal Cavaco Silva. 12 Dec:*

---

### ၂၀၁၂ ခုနှစ်အတွက် ခြိုးခြံချွေတာရေးဘတ်ဂျက် ဂရိပါလီမန်အတည်ပြု

**အေသင်၊ ဒီဇင်ဘာ - ၇**

ခြိုးခြံချွေတာရေးအစီအစဉ် အများအပြားပါဝင်သည့် ၂၀၁၂ ခုနှစ်အတွက် ရသုံးမှန်းခြေငွေစာရင်းအား ဂရိပါလီမန်က အတည်ပြုပေးလိုက်ကြောင်းသိရသည်။ ယခုဘတ်ဂျက်အစီအစဉ်ကို လိုက်နာ၍ နိုင်ငံ၏ကြွေးမြီကိုလျှော့ချနိုင်ကာ နိုင်ငံစီးပွားရေးအား နက်ရှိုင်းသောစီးပွားရေးဆုတ်ကပ်မှ ကယ်တင်နိုင်မည်ဟုရည်မှန်းထားကြသည်။

၂၀၁၂ ခုနှစ် ဘတ်ဂျက်အစီ အစဉ်ကိုကျင့်သုံး၍ နိုင်ငံ၏ စုစုပေါင်းအမျိုးသား ထုတ်ကုန်တန်ဖိုး(ဂျီဒီပီ)လိုငွေအား ၅ ဒသမ ၄ အထိလျှော့ချနိုင်မည်ဟု မျှော်မှန်းထားသည်။ ၂၀၁၁ ခုနှစ်တွင် ဂျီဒီပီလိုငွေ ၉ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့သည်။

ယခု ဘတ်ဂျက်အစီအစဉ်တွင် အခွန်များ တိုးမြှင့်ကောက်ခံခြင်းနှင့် အသုံးစရိတ်လျှော့ချခြင်း စသည့်လူကြိုက်မများသောအစီအစဉ်များ ပါဝင်သည်။

“ဒီဘတ်ဂျက်ကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်မယ်ဆိုရင်နိုင်ငံတကာကနေ ဂရိနိုင်ငံအပေါ် ယုံကြည်စိတ်ချမှုကိုပြန်လည်ရရှိနိုင်ပြီး နိုင်ငံစီးပွားရေးကို ကယ်တင်နိုင်ဖို့ အခြေအနေကောင်းတွေ ဖန်တီးပေးနိုင်ပါလိမ့်မယ်”ဟု ဂရိဝန်ကြီး ချုပ်သစ် လူးကပ်စ် ပါပါဒီမို့စ်က ပါလီမန်အမတ်များအား ပြောကြားသည်။

ယူရိုဇုန်ခေါင်းဆောင်များ၊ ဘဏ်များနှင့် အာမခံလုပ်ငန်းများသည် အောက်တိုဘာလကုန်ပိုင်းတွင် တွေ့ဆုံခဲ့ကြပြီး ဂရိနိုင်ငံအနေဖြင့် ခြိုးခြံချွေတာရေးအစီအစဉ်များ ဆက်လက်လုပ်ဆောင်ပါက ကြွေးမြီထက်ဝက်အား လျှော့ချပေးရေးသဘောတူညီခဲ့သည်။ လောလောဆယ်တွင် ဂရိနိုင်ငံ၏ကြွေးမြီမှာ နိုင်ငံ၏ ဂျီဒီပီတွင် ယူရိုငွေ ၆၀၀ ဘီလီယံရှိကြောင်းသိရသည်။

*—Ref: Ria Novosti*

7 DAY NEWS JOURNAL

# Entertainment

Vol.10, No.39 · DECEMBER 15, 2011

## C- talk ဒါရိုက်တာဝိုင်းပြောသည့် Meမှ Weသို့

ပရိသတ်တွေရွေးချယ်ပေးခဲ့တဲ့ ပီးပဲလ်မဂ္ဂဇင်း၏တစ်နှစ်တာပရိသတ်အကြိုက်ဆုံးဒါရိုက်တာဆုကို လောလောလတ်လတ်ရထားတဲ့ ဒါရိုက်တာဝိုင်းက သူ့စိတ်ထဲမှာ လက်ရှိဖြစ်ပေါ်နေတဲ့၊ ပြောပြချင်နေတဲ့အကြောင်းအရာတွေကို သူ့ရဲ့အလုပ်ခန်းထဲမှာပြောဖြစ်ခဲ့ကြပါတယ်။ သူ့ရဲ့လက်ထောက်နှစ်ယောက်နဲ့အတူ Freedom ရုပ်ရှင်ပွဲတော်အတွက် ပြိုင်ပွဲဝင် မှတ်တမ်းရုပ်ရှင်ကိုတည်းဖြတ်ရင်း အလုပ်ရှုပ်နေတဲ့ကြားကပြောဖြစ်ခဲ့တဲ့အကြောင်းက "me" မှ "we" သို့. . . .။ ငါအစွဲတွေများနေရင် လူ့အဖွဲ့အစည်းအတွက်အကျိုးမရှိဘဲ အားလုံးပေါင်းစည်းလုပ်ဆောင်မှသာလျှင် ဘာမဆိုအောင်မြင်တိုးတက်နိုင်သည်ဟု ဆိုလိုချင်သော ဒါရိုက်တာဝိုင်း၏အယူအဆ၊ အတွေးအခေါ်များ၊ ပြောစကားများကို C-talk မှတစ်ဆင့်ပြန်လည်မျှဝေပေးလိုက်ပါသည်။

ကျွန်တော်အခုစိတ်ထဲမှာ အရမ်းပြောချင်နေမိတဲ့အကြောင်းက "me"ဆိုတဲ့စိတ်ဓာတ်တွေများနေတဲ့အခါ တိုင်းပြည်အတွက်မကောင်းသလို "we" ဆိုတဲ့ စိတ်လေးတွေမွေးမြူပြီး အနာဂတ်အတွက်ကောင်းအောင်လုပ်သွားကြဖို့ ဆိုတဲ့ အကြောင်းအရာလေးအရမ်းပြောချင်မိတယ်။ အခု ကျွန်တော်တွေ့နေရတာကလူတွေဟာလူတစ်ယောက်ရဲ့ ရည်ရွယ်ချက်၊ပြုမူဆောင်ရွက်ချက်တွေဟာ ဘာတွေလဲလို့ အရင်မတွေးဘဲ ငါ့ကိုတိုက်ခိုက်နေတာလား၊ ငါ့ကိုပြောနေတာလားဆိုတဲ့

စာ(၄၉)သို့



ဓာတ်ပုံ - People

ဓာတ်ပုံ - People



## MISS PEOPLE 2011 ဖြူနွယ်ခိုင်

**ရန်ကုန်၊ ဒီဇင်ဘာ- ၉**

မြန်မာပီးပဲလ်မဂ္ဂဇင်းမှနှစ်စဉ် ရွေးချယ် ဆုချီးမြှင့်နေကျဖြစ်သော MissPeople ဆုကိုအသက် ၁၉ နှစ်အရွယ် ဖြူနွယ်ခိုင်ကရရှိသွားခဲ့သည်။

ပြိုင်ပွဲဝင်ပေါင်းမြောက်မြားစွာထဲကမှဆန်ခါတင်အယောက် ၂၀ ရွေးချယ်ပြီး ဒီဇင်ဘာလ ၉ရက်ညကဆီဒိုးနားဟိုတယ်တွင် အကဲဖြတ်ဒိုင်များဖြစ်သော မို့မို့မြင့်အောင်၊ ထွန်းအိန္ဒြာဗိုလ်၊ အိန္ဒြာကျော်ဇင်၊ ဓာတ်ပုံပီတာ၊ ဒီဇိုင်နာများဖြစ်သောဒေါ်သီတာဝင်း၊ မလတ်လတ်၊ မမဥ္စူ၊ ပြည်စိုးအောင်တို့က အကဲဖြတ်အမှတ်ပေးပြီး ရွေးချယ်ခဲ့ကြသည်။ ဆန်ခါတင်အဖြစ်နှစ်ဦးရွေးချယ်ကာ ထိုနှစ်ဦးကိုမေးခွန်းများမဲနှိုက်ကာ ဖြေဆိုစေခဲ့သည်။

MissPeople အဖြစ်ရွေးချယ်ခံရသောဖြူနွယ်ခိုင်ကို "မိခင်တစ်ယောက်၏ဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းမည်သည့်အရာကိုရွေးချယ်ပါမည်လဲ" ဟု မေးမြန်းရာ သူမက မိခင်ဘဝကိုရွေးချယ်မည်ဖြစ်ပြီး ကိုယ်တိုင်လုပ်ငန်းခွင်တွင် ခေါင်းဆောင်တစ်ယောက်မဖြစ်နိုင်ပေမယ့် တိုင်းပြည်အတွက် သားကောင်းရတနာများမွေးထုတ်ပေးနိုင်သူဖြစ်လိုပါသည်ဟူသည့် အဖြေဖြင့် ပရိသတ်လက်ခုပ်ကို ရယူနိုင်ခဲ့သည်။


စာ(၄၉)သို့

ဓာတ်ပုံ - People



## People မဂ္ဂဇင်း၏ တစ်နှစ်တာပရိသတ်အကြိုက်ဆုံး မျက်နှာသစ် အနုပညာရှင်ဆုကို ကောင်းပြည့်နှင့်ဖွေးဖွေးရရှိ





ဓာတ်ပုံ - Phwe Phwe's Fan Page

**ရန်ကုန်၊ ဒီဇင်ဘာ- ၉**

အနုပညာရေးရာများနှင့် အလှအပဖက်ရှင်များ အသားပေး ဖော်ပြပေးနေသောမဂ္ဂဇင်းတစ်စောင်ဖြစ်သည့် မြန်မာပီးပဲလ်မဂ္ဂဇင်းက စစ်တမ်းကောက်ရွေးချယ်ခဲ့သော တစ်နှစ်တာအတွက် ပရိသတ်အကြိုက်ဆုံး ပေါ်ပြူလာအဖြစ်ဆုံး အနုပညာရှင်ဆုများကိုပြေတီဦး၊ နေတိုး၊ အိန္ဒြာကျော်ဇင်နှင့်သက်မွန်မြင့်တို့က အသီးသီးရရှိခဲ့သည်။

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့်များမှ ပရိသတ်ပေါင်း ၁၂,၀၀၀ကျော်ထံမှ ကောက်ယူရရှိသောမဲများဖြင့်ရွေးချယ်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး တစ်နှစ်တာအတွက် ပရိသတ်အကြိုက်ဆုံးနှင့် ပေါ်ပြူလာအဖြစ်ဆုံးဆုများကိုမူ မော်ဒယ်အဖြစ်မှ တဖြည်းဖြည်းနာမည်ရလာသော ကောင်းပြည့်နှင့် ဖွေးဖွေးတို့ကရရှိခဲ့ကြသည်။

မြန်မာပီးပဲလ်မဂ္ဂဇင်းကပင် ရွေးချယ်ခဲ့သော ဖက်ရှင်အကျဆုံး အနုပညာရှင်ဆုများကို နေတိုးနှင့် အိန္ဒြာကျော်ဇင်တို့က ထပ်မံရရှိခဲ့သဖြင့် သူတို့နှစ်ဦးသည် ဆုနှစ်ဆုရရှိသော အနုပညာရှင်နှစ်ဦးအဖြစ်စာရင်းဝင်ခဲ့သည်။

ထိုဆုများကို မြန်မာပီးပဲလ်မဂ္ဂဇင်း၏၉နှစ်ပြည့်အထိမ်းအမှတ်နှင့်နှစ်စဉ် ရွေးချယ်ကျင်းပနေကျဖြစ်သော Miss People ရွေးချယ်ပွဲနှင့်အတူ ဆုရရှိသည့် အနုပညာရှင်များကိုဒီဇင်ဘာ ၉ ရက်က ဆီဒိုးနားဟိုတယ်တွင် ဆုများပေးအပ်ခဲ့သည်။

တစ်နှစ်တာအတွက်ပေါ်ပြူလာအဖြစ်ဆုံး ကြော်ငြာသရုပ်ဆောင်များကို စစ်တမ်းကောက်ရွေးချယ်ခဲ့ရာတွင် နေတိုးနှင့် ဝတ်မှုန်ရွှေရည်တို့က ရရှိခဲ့သည်။

တစ်နှစ်တာအတွက်ပရိသတ်အကြိုက်ဆုံး ဒါရိုက်တာဆုကို ဒါရိုက်တာဝိုင်းက ရရှိသွားပြီး ပရိသတ်အကြိုက်ဆုံးခန္ဓာကိုယ်အချိုးအစားပိုင်ရှင်ဆုကို မိုးဟေကိုက ရရှိခဲ့သည်။ ပြေတီဦး၊ နေတိုး၊ ဝတ်မှုန်ရွှေရည်၊ ဖွေးဖွေး၊ မိုးဟေကိုတို့သည် ခရီးလွန်နေသဖြင့် တက်ရောက်နိုင်ခြင်းမရှိပေ။

ယခုကဲ့သို့ အနုပညာရှင်များကို ဆုများပေးအပ်နိုင်ရန် ၄ လတာအချိန်ယူကာမဲများကောက်ယူခဲ့ပြီး ထိုသို့ကောက်ယူရာတွင် အလွှာစုံလူများထံမှ စစ်တမ်းများရရှိနိုင်ရန် ဈေးကွက်သုတေသနအဖွဲ့များနှင့်ပူးပေါင်းကောက်ယူခဲ့ပြီး လူစည်ကားရာနေရာများ၌ မဲများကောက်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011

# ကိုရီးယားအဆိုတော် ကင်ဟွမ်ဂျွန်း တရားစွဲခံရမှုတွင် အနိုင်ရ

**ဆိုးလ်၊ ဒီဇင်ဘာ-၇**



ကိုရီးယားအဆိုတော်ကင်ဟွမ်ဂျွန်း၏ Please သီချင်းသည် လူငယ်များအတွက် ထိခိုက်စေသည်ဟုဆိုကာ ကိုရီးယား ကျား၊မ သာတူညီမျှရေးနှင့် မိသားစုရေးရာဝန်ကြီးဌာနက သူ၏အေဂျင်စီ Key East Entertainment ကုမ္ပဏီကို တရားစွဲခဲ့ရာ ယခုအခါ ကင်ဟွမ်ဂျွန်းဘက်မှ အမှုနိုင်ခဲ့ကြောင်း သိရသည်။

ယင်းဝန်ကြီးဌာနက ကင်၏ ထိုသီချင်းတွင် အရက်သောက်ခြင်း၊ ဆေးလိပ်သောက်ခြင်းအကြောင်း စာသားများပါဝင်ခဲ့ရာ လူငယ်များအား ထိခိုက်စေနိုင်ကြောင်း ကန့်ကွက်ပိတ်ပင်ခဲ့ခြင်း ဖြစ်သည်။

သို့သော် ဆိုးလ်မြို့တော် အုပ်ချုပ်ရေးတရားရုံးတော်က ဝန်ကြီးဌာန၏ သီချင်းအပေါ် 'လူငယ်များအား ထိခိုက်စေနိုင်သည်' ဟု အဆင့်သတ်မှတ်ခဲ့ခြင်းမှာ မမျှတကြောင်းနှင့် ထိုသို့ အဆင့်သတ်မှတ်မှုကို ပြန်ရုပ်သိမ်းစေရန် ဆုံးဖြတ်အမိန့်ချခဲ့သည်။

Pleaseသီချင်းသည် ၎င်း၏ ပထမဆုံးတစ်ကိုယ်တော် အယ်ဘမ် Break downတွင်ပါဝင်ခဲ့သည်။

Ref:CNA




၂၀၁၁ခုနှစ်အတွင်း ဗြိတိန်နိုင်ငံတွင် ရေပန်းအစားဆုံး တေးဂီတအဖွဲ့ဖြစ်လာသည့် One Direction အဖွဲ့သည် သူတို့၏ ပွဲဦးထွက်အယ်ဘမ် Up All Night ကို အမေရိကန်နိုင်ငံ၌ ၂၀၁၂ခုနှစ် မတ်လတွင် ဖြန့်ချိသွားတော့မည်ဖြစ်သည်။ သူတို့၏ အပေါက်ဆုံးသီချင်းမှာ What makes you beautiful ဖြစ်သည်။

Ref; Sacbee

# ဗိုလ်ချုပ်အတ္ထုပ္ပတ္တိ ရိုက်ကူးရန် ရန်ပုံငွေရှာဖွေရေး နှင်းဆီအဖွဲ့ အငြိမ့်ပြန်ကမည်

**ရန်ကုန်၊ ဒီဇင်ဘာ- ၈**

ဗိုလ်ချုပ်အောင်ဆန်းနှစ် ၁၀၀ ပြည့် အမှတ်တရရုပ်ရှင်ကားကြီး ရိုက်ကူးရန် ရန်ပုံငွေရှာဖွေသည့်အနေဖြင့် နှင်းဆီအဖွဲ့သားများ အငြိမ့်ပြန်ကရန် စီစဉ်နေကြောင်း ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)ကပြောသည်။

နှင်းဆီအဖွဲ့သားများဖြစ်သော နေတိုး၊ထွန်းထွန်း၊ ကျော်ကျော်ဗို၊ မိုးမိုးတို့သည် ဒါရိုက်တာမောင်မျိုးမင်းနှင့်အတူ ဒီဇင်ဘာ ၃ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်က ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရိုက်ကူးရန်အနုပညာရှင်များနှင့်တွေ့ဆုံဆွေးနွေးရာ၌ ပါဝင်ခဲ့သည်။

"အစကတော့ စီးပွားဖြစ်ဆိုရင်မကတော့ဘူးလို့ အားလုံးဆုံးဖြတ်ခဲ့ကြတယ်။ ဒီဟာကကျ တော့ဗိုလ်ချုပ်ရဲ့ အတ္ထုပ္ပတ္တိအတွက်လည်းဖြစ်တော့ ပါဝင်ပြီး ရန်ပုံငွေရှာပေးချင်တဲ့ဆန္ဒနဲ့ကမှာပါ" ဟု ဒါရိုက်တာမောင်မျိုးမင်း (ရင်တွင်းဖြစ်)ကပြောသည်။ ကပြမည့်နေရာ၊ အစီအစဉ်အသေးစိတ်နှင့်အချိန်ကိုမူ စီစဉ်နေဆဲဖြစ်ကြောင်း နှင်းဆီအဖွဲ့သားများထံမှသိရသည်။












7DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011

# Entertainment

## စာ-၄၇၊ Miss People 2011 ဖြူနွယ်ခိုင် မှ



Miss People 2011 **ပြိုင်ပွဲမှ ဆုရရှိသူများကို တွေ့ရစဉ်**

ဖြူနွယ်ခိုင်သည် အခြားဆုတစ်ခုဖြစ်သော တက်ရောက်လာသည့် ပရိသတ်များကိုရွေးချယ်ပေးသည့် People Choice ဆုကိုလည်း ရရှိသွားသူဖြစ်သည်။

Miss People ဆုနှင့် အတူပေးအပ်နေကျဆုများဖြစ်သော Miss People Runner up ဆုကိုပိုးအိဖြူစင်ကရရှိခဲ့ပြီး အကောင်းဆုံးဒီဇိုင်နာဆုကို မန္တလေးမှ နေမင်းထက်ကရရှိသွားခဲ့သည်။ ထို့အပြင် Best Photoဆုကို ဆိုင်းလုစင်၊ Best Smile ဆုကို ခေးဆ်သွင်၊ Best Bodyဆုကို အေးချမ်းမိုး၊Best Talent ဆုကို အယ်လ်ဆိုင်းမိုင်၊ Best Personalityဆုကို ယမင်းသက်ထားထွန်းတို့ကအသီးသီးရရှိခဲ့သည်။ Miss People ရွေးချယ်ပွဲကို မြန်မာPeopleမဂ္ဂဇင်း၏ ၉ နှစ်ပြည့်အထိမ်းအမှတ်၊တစ်နှစ်တာအတွက် ပရိသတ်အကြိုက်ဆုံး အနုပညာရှင်ဆုပေးပွဲတို့နှင့် ပူးတွဲကျင်းပခဲ့သည်။ Miss People ပွဲနှင့် တစ်နှစ်တာပရိသတ်အကြိုက်ဆုံး အနုပညာရှင်ဆုပေးပွဲကို မြန်မာပီးပဲလ်မဂ္ဂဇင်းက ကြီးမှူးကျင်းပခဲ့ပြီး မြနန္ဒာ သောက်ရေသန့်၊ အဲပုဂံလေကြောင်းလိုင်းတို့က အဓိကပံ့ပိုးသူများအဖြစ်ပါဝင်ခဲ့ပြီး Co-Sponsor များအဖြစ် Body Guardအမျိုးသမီးလစဉ်သုံးပစ္စည်း၊ Restoria ဆံသားထိန်းသိမ်းရေးအလှကုန်တို့က ကူညီခဲ့ကြကြောင်း သိရသည်။

## အနုပညာသတင်းတိုများ

**ကြူကြူဟန်**

■အိုင်စီအဖွဲ့၏ ခရစ္စမတ်အကြိုဖျော်ဖြေပွဲကို ဒီဇင်ဘာ ၂၄ ရက် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် ပြုလုပ်မည်။ ထိုပွဲတွင် လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်းတို့က သီဆိုပြီး အိုင်းရင်းခရော့စ်မှ တီးခတ်မည်ဖြစ်သည်။ ယင်းပွဲကိုညနေ ၆ နာရီတွင် စတင်မည်ဖြစ်ပြီး ဝင်ကြေးမှာ ၈,၀၀၀ ကျပ်ဖြစ်သည်။

■ BoBo Entertainment မှဦးစီး၍ ခရစ္စမတ်အကြိုဖျော်ဖြေပွဲအဖြစ် ဟစ်ဟော့ပ်စင်တင်တေးဂီတဖျော်ဖြေပွဲတွင် စိုင်းစိုင်းခမ်းလှိုင်၊ ရဲလေး၊ Snare၊ ဂျောက်ဂျက်၊ ဘန်နီဖြိုး၊ လွှမ်းပိုင်နှင့် ညော့်သည်အဆိုတော်များစွာ ပါဝင်ဖျော်ဖြေမည်။ ပွဲချိန်မှာ ညနေ ၅ နာရီမှည ၁၁ နာရီထိဖြစ်သည်။ ဝင်ကြေးမှာ ၅၀၀၀ ကျပ်ဖြစ်သည်။

■အဆိုတော်Mဆိုင်လာ၏ တစ်ကိုယ်တော်တေးစီးရီးဖြစ်သည့် "မင်းရဲ့အနားမှာ"ဒီဗီဒီ၊ ဗီစီဒီကို ဒီဇင်ဘာလကုန်တွင် မန်းသီရိတေးသံသွင်းမှ ဖြန့်ချိမည်ဖြစ်သည်။ Mဆိုင်လာ၏ တေးစီးရီးတွင် နော်နော်၊ မီဂျူး၊ ရန်မျိုးနိုင်၊ ဟင်နရီ၊ ဖိုင်းယယ်၊ ကိုလင်း၊ ကိုဘို၊ ဟိန်းဇော်လတ်နှင့် မင်းကိုတို့က ရေးသားပေးပြီး ဂျီလတ်က Featuring သီဆိုပေးထားသည်။

## စာ-၄၇၊ ဒါ့ိုက်တာဝိုင်းနှင့်အင်တာဗျူးမှ

ငါအစွဲတွေနဲ့ တော်တော်များများ အလုပ်လုပ်ကြတာကိုတွေ့နေရတယ်။ အဲဒီလို me တွေဖြစ်နေသမျှတော့ ဘယ်ကကိုမှတိုးတက်လို့ရအောင် လုပ်လို့မရဘူးလို့ကျွန်တော်ထင်တယ်။ ငါဆိုတဲ့စိတ်နဲ့ လုပ်ရင်လက်ကလေးနှစ်ဖက်နဲ့ပဲလုပ်လို့ ရမယ်။ We ဆိုတဲ့ငါတို့ဆိုတဲ့စိတ်နဲ့ လုပ်မယ်ဆိုရင်လက်အဖက်ပေါင်းများစွာနဲ့ အင်အားများစွာဖြစ်လာပါလိမ့်မယ်။

အခုကျွန်တော်တို့စုပေါင်းပြီးလုပ်နေကြတဲ့ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်အတွက် လုပ်နေကြတာတွေဟာ we ဆိုတဲ့စိတ်ဓာတ်နဲ့လုပ်နေကြတာပါ။ အခု အဲဒီအတ္ထုပ္ပတ္တိကိုရိုက်တဲ့အခါ ငါဆိုတဲ့အစွဲတွေ၊ငါ့လူဆိုတဲ့ အတွေးတွေဘေးဖယ်ထုတ်ပြီး ငါတို့ပေါင်းလုပ်မှရမယ်ဆိုတဲ့စိတ်နဲ့ လုပ်မှရမယ်။ Me ဆိုတဲ့ငါလုပ်မယ်ဆိုတဲ့စိတ်နဲ့ဆိုရင်တော့ ကျွန်တော်ပြောရဲတယ်အဲဒီကားကောင်းဖို့မရှိဘူး။ ဒါကျွန်တော့် ခံယူချက်ပဲ။ ဒါကျွန်တော်တို့ အနုပညာလောကမှာပေါင်းစည်းခြင်းကို ပထမဆုံးပြနိုင်တဲ့ ပြယုဂ်တစ်ခုပဲ။ ကိုယ်ချစ်ခင်လေးစားရတဲ့သူကို အကြောင်းပြုပြီးပေါင်းစည်းလုပ်ဆောင်မိကြတယ်။ ငါတို့ဗိုလ်ချုပ်စိတ်ဓာတ်နဲ့ ဒီကနေစပြီး "we" ခေတ်ကိုအရောက်သွားနိုင်ရင် ကျွန်တော်တို့လောကရော၊ နိုင်ငံတစ်နိုင်ငံလုံးနဲ့ချီပြောရင် အများကြီးတိုးတက်လာပါလိမ့်မယ်။ ကျွန်တော်တို့ဟာ ငါစွဲတွေနဲ့ငါဘာသာငါလုပ်နိုင်တယ်ဆိုပြီး သီးခြားဆီရပ်တည်လာကြတာ ဆယ်စုနှစ်တစ်ခု ကျော်ကျော်တောင်ရှိခဲ့ပြီလေ။

ကျွန်တော်တို့ မြန်မာလူမျိုးအများစုမှာတွေ့ရတတ်တာက သူများ ဘာပြောလဲသေချာ နားမထောင်ဘူး၊ သေချာမစဉ်းစားဘူး။ စကားတိုင်းမှာဘယ်လိုရည်ရွယ်ချက်ရှိတယ်ဆိုတာ သေချာမစဉ်းစားဘဲ ကိုယ့်စိတ်ထဲထင်ရာကိုဖြန်းခနဲပြောချတတ်တဲ့အကျင့်ရှိတယ်။ ကျွန်တော်တို့ရဲ့ရှေ့ရေးအတွက် အဲဒါရင်လေးစားစရာကောင်းပါတယ်။ သူ့ရဲ့စကားမှာ ဘာကိုဆိုလိုတာလဲ၊ ဘာကိုရည်ရွယ်လဲအရင်ကြည့်ပြီး၊ပြီးတဲ့အခါ သူတို့တွေဘာလုပ်မှာလဲ၊ဘာလုပ်နိုင်လဲဆိုတဲ့ လုပ်ရပ်တွေပေါ်လာမှ ဝေဖန်တာ၊ ကဲ့ရဲ့တာ၊ ချီးကျူးတာမျိုးဖြစ်သင့်တယ်လို့လည်း ကျွန်တော်ထင်ပါတယ်။ ငါဆိုတဲ့အစွဲတွေဒီနေ့ဒီအချိန်ခါမှာဖျောက်သင့်ပြီလို့ကျွန်တော်ထင်ပါတယ်။ ကျွန်တော်တစ်ခုဥပမာပေးပြောပြချင်တယ်။မကြာသေးခင်ကကြုံခဲ့ရတာပေါ့။ ကျွန်တော်တို့ညီအစ်ကိုတစ်တွေပေါင်းပြီး အနုပညာပျိုးခင်းလေးလုပ်ပြီး မင်းသမီးအသစ်သုံးယောက်တင်တယ်။အဲဒီနောက်မှာ ဘာတွေပြန်ကြားရလဲ ဆိုတော့ မင်းသမီးရိုက်ရက်မရလို့၊ ဘာဖြစ်တယ်၊ညာဖြစ်တယ်ဆိုတာတွေအသံတွေ ကြားလာရတယ်။ မှန်တာရှိသလို မှားတာတွေလည်းပါတယ်။ တချို့မင်းသမီးတွေက ငါ့ကိုပြောတာလားဆိုတဲ့ အမြင်တွေဝင်လာတယ်။ အင်တာဗျူးတွေမှာဖြေတာတွေ တွေ့လာရတယ်။ အဲဒီနေရာမှာ "ဩော် သူတို့ကတော့ ဒီလောကအတွက် မင်းသမီးသုံးယောက်ကို ရိုက်ရက်ပြေလည်အောင်တင်ပေးပါလားဆိုတဲ့အမြင်နဲ့ကြည့်ရင် ဘယ်လောက်ကောင်းမလဲဗျာ။ ဒီလိုအများအပြားတင်လိုက်တဲ့အခါ ငါတို့လောကအတွက် ကောင်းသွားမယ်ဆိုတဲ့အမြင်နဲ့ ကြည့်စေချင်တယ်။ အဲဒီလိုမဟုတ်ဘဲ ငါ့ကိုတိုက်ခိုက်နေတာလား ငါ့နေရာပျောက်သွားမှာလားဆိုတဲ့အမြင်တွေနဲ့ကြည့်တဲ့အခါ ပွဲကမလှတော့ဘူး။

ကျွန်တော်တစ်ခုထောက်ပြချင်တယ်။ မြစ်ဆုံကိစ္စ ။ အဲဒါ we ဆိုတဲ့စိတ်ဓာတ်နဲ့ပေါင်းစည်းလိုက်တဲ့အခါကောင်းမွန်တဲ့အဖြေထွက်လာတာပဲလေ။ ဘာပဲဖြစ်ဖြစ်အခုရပ်နေတယ်။ ဒါညီညွတ်ခြင်းရဲ့အကျိုးကျေးဇူးပဲလေ။ ငါ့အတွက်ဆိုတဲ့စိတ်ဓာတ်နဲ့ဘေးထွက်ထိုင်နေလို့ရတဲ့ခေတ်မဟုတ်တော့ပါဘူး။

နောက်ကျွန်တော်တို့ အနုပညာလောကမှာ ဥပမာပေးရရင် ပြေတီဦးဖောင်ဒေးရှင်း။ အဲဒါ ကျွန်တော်ပြောချင်တဲ့ "We" စိတ်ဓာတ်ပဲ ။ ငါဆိုတဲ့ စိတ်မရှိဘဲ လှူချင်တန်းချင်တဲ့စိတ်ဓာတ်လေးတွေနဲ့ ပေါင်းစည်းလိုက်တဲ့အခါ ကလေးတွေရဲ့ပညာရေးအတွက် အများကြီးလှူနိုင်သလိုအနုပညာမောင်နှမတွေ စုစုစည်းစည်းနဲ့ ပျော်စရာကြီးပေါ့။

ကျွန်တော်နောက်ဆုံးပြောချင်တာကတော့ Me ဆိုတဲ့ ငါစွဲတွေနည်းလာပြီး We ဆိုတဲ့ငါတို့ပေါင်းလုပ်ရင်ဖြစ်မယ်ဆိုတဲ့စိတ်လေးတွေများလာမယ်ဆိုရင်တိုင်းပြည်တိုးတက်ဖို့က လွယ်သွားပါလိမ့်မယ်။


## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Twilight Saga:Breaking Dawn-Part-1 | Summit Entertainmet | ၂၄၆,၉၂၆,၄၀၉ | ၃ |
| ၂။ | The Muppets | Walt Disney Pictures | ၅၆,၃၅၇,၁၇၀ | ၂ |
| ၃။ | Hug | Paramount Pic. | ၂၅,၁၂၀,၁၈၅ | ၂ |
| ၄။ | Arthur Christmas Releasing | Sony Pic. | ၂၅,၃၄၃,၄၈၇ | ၂ |
| ၅။ | Happy Feet Two | Warner Bros Pic. | ၅၁,၇၀၄,၅၆၆ | ၃ |
| ၆။ | Jack and Jill Releasing | Sony Pic | ၆၄,၁၆၅,၄၅၄ | ၄ |
| ၇။ | The Descendants | Fox Searchlight Pictures | ၁၇,၆၇၇,၀၇၁ | ၃ |
| ၈။ | Immortals | Relativity Meia | ၇၅,၆၅၉,၁၇၄ | ၄ |
| ၉။ | Tower Heist | N/A | ၇၀,၅၉၈,၇၅၅ | ၅ |
| ၁၀။ | Puss in Boots | N/A | ၁၃၉,၅၁၄,၄၄၂ | ၆ |

## Movie Review

### Mission: Impossible-Ghost Protocol




အကြမ်းဖက်သမားများက ကရင်မလင် နန်းတော်ကို ဗုံးခွဲခြင်းကို မတားဆီးနိုင်ခဲ့ခြင်းအတွက် ကမ္ဘာ့ ငွေကြေးရန်ပုံငွေအဖွဲ့အတွက် လျှို့ဝှက်ထောက်လှမ်းရေးလုပ်ဆောင်နေသည့် အီသန်ဟန့်နှင့် ထောက်လှမ်းရေး အေဂျင်စီတစ်ဖွဲ့လုံး နုတ်ထွက်ရသည်။ အဖွဲ့အစည်းအထောက်အပံ့မရတော့သော်လည်း အီသန်ကလက်မလျှော့ဘဲသူနာမည်နှင့်အေဂျင်စီ ဂုဏ်သတင်းကို ကာကွယ်ဖို့နဲ့ နောက်ထပ်တိုက်ခိုက်မှု မဖြစ်ရန် ပြန်လည်လှုပ်ရှားသည်။ သို့သော် သူနှင့်အတူ ရည်မှန်းချက်မတူသူများလည်းပါဝင်နေရာ အီသန်တစ်ယောက် သူရဲ့ အထူးတာဝန်ကို အောင်မြင်အောင် စွမ်းဆောင်နိုင်မည်လားဆိုလား . . ။

MI-4 ဟုလည်းခေါ်သော ဇာတ်ကားအား ဒါရိုက်တာ Brad Bird က ရိုက်ကူးထားပြီး Tom Guise, Jeremy Renner, Simon Pegg, Paula Patton, Michael Nyquist တို့ ပါဝင်သရုပ်ဆောင်ထားသည့် ဇာတ်ကားအား Paramount Picturesက ဒီဇင်ဘာ ၂၁ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

# Sports

7DAY NEWS JOURNAL

Vol.10, No.39 · DECEMBER 15, 2011

# အောက်ခြေကပြင်ရမယ့် မြန်မာ့အားကစား

## မျိုးဆက်သစ်မမွေးထုတ်နိုင်ခြင်း၊ လူကောင်သေးလာခြင်း၊ ပံ့ပိုးမှုပိုင်းအားနည်းခြင်းတို့က မြန်မာ့အားကစားကို နိမ့်ကျစေ

**ဗိုလ်ဗိုလ်ဝင်း**



အင်ဒိုနီးရှားဆီးဂိမ်းတွင် မြန်မာနှင့်ထိုင်းအမျိုးသမီးပိုက်ကျော်ခြင်းအဖွဲ့တို့ ယှဉ်ပြိုင်စဉ်။ ခြင်းလုံးအားကစားနည်းကို မြန်မာက စခဲ့သည်ဟုဆိုသော်လည်း ယခုနောက်ပိုင်း နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာ့ခြင်းအဖွဲ့မှာ ဆုတံဆိပ်ရရှိရန် ရုန်းကန်နေရသည်

ကျဆင်းလာသည့် မြန်မာ့အားကစားအဆင့်အတန်းပြန်လည်မြင့်တက်လာရန်အတွက် အခြေခံမှစပြီး ရေရှည်စီမံကိန်းများရေးဆွဲကာ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်သင့်ပြီဖြစ်ကြောင်း အားကစားကျွမ်းကျင်သူများနှင့် လေ့လာသူများက သုံးသပ်ပြောကြားသည်။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်၊ အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့အနေဖြင့် အားကစားနည်း ၂၇မျိုး၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် ၁၆ခုအပါအဝင် စုစုပေါင်း ဆုတံဆိပ် ၈၀ ခုရရှိခဲ့သည်။ သို့သော် ၂၀၀၉ ခုနှစ်၊ လာအိုဆီးဂိမ်းပြိုင်ပွဲတွင် ရရှိခဲ့သည့် ရွှေတံဆိပ် ၁၂ခုထက် ပိုမိုအောင်မြင်သည်ဟု မဆိုနိုင်ပေ။

အကြောင်းမှာ ၂၀၀၉ ခုနှစ်၊ ဆီးဂိမ်းပြိုင်ပွဲတွင် ရိုးရာလှေပြိုင်ပွဲ မပါဝင်ခဲ့ဘဲ ၂၀၁၁ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲ၏ မြန်မာအားကစားအဖွဲ့ ရရှိခဲ့သည့် ရွှေတံဆိပ် ၁၆ခုအနက် ၁၀ခုကိုလှေလှော်အားကစားအဖွဲ့များက ရယူပေးခဲ့ခြင်း ဖြစ်သည်။ ကျန်ရွှေတံဆိပ် ၆ခုကို မြားပစ်၊ ဂျူဒို၊ ဝူရှူးနှင့် ပိုက်ကျော်ခြင်း အားကစားနည်းများမှသာ ရရှိခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ရရှိခဲ့သည့် အဆင့် ၇ နေရာအတွက် ရိုးရာလှေလှော်အဖွဲ့ဆွတ်ခူးပေးခဲ့သည့် ရွှေတံဆိပ်များက အထောက်အကူများစွာဖြစ်စေခဲ့ပြီး လှေလှော်အားကစားနည်းမပါဝင်ခဲ့သော ၂၀၀၉ ဆီးဂိမ်းပြိုင်ပွဲ ရွှေတံဆိပ်ရရှိမှုနှင့် ယခုနှစ်ရရှိခဲ့သည့် ကျန်သည့် အားကစားအဖွဲ့ ရွှေတံဆိပ်ရရှိမှု နှိုင်းယှဉ်ပါက ထက်ဝက်ကျဆင်းသွားသည်ကို တွေ့ရှိရမည်ဖြစ်သည်။

ထို့ပြင် ယခုနှစ် ရရှိခဲ့သည့် ရွှေတံဆိပ်ဆုများအနက် တစ်ဦးချင်းအားကစားနည်းများမှ ရွှေတံဆိပ်နှစ်ခု(မြားပစ်နှင့် ဂျူဒို)ကသာ ရရှိခဲ့ပြီး ကျန်ရွှေတံဆိပ်များမှာ အဖွဲ့လိုက်နှင့် အတွဲလိုက်ပြိုင်ပွဲများမှသာ ဖြစ်သည်။

ဝင်ပြိုင်ခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲတိုင်း၌ ရွှေတံဆိပ်အမြဲတမ်းရရှိခဲ့သည့် အလေးမအားကစားနည်းမှ ယခုနှစ်ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်မရရှိခဲ့ခြင်း၏ အဓိကအကြောင်းရင်းမှာ မျိုးဆက်ပြတ်သွားခဲ့ခြင်းကြောင့်ဟု မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အတွင်းရေးမှူး ဦးမြင့်ဆွေက ပြောသည်။

“အဓိကကတော့ မျိုးဆက်ပြတ်သွားခဲ့တာပါ။ အရင်ရွှေရခဲ့တဲ့ကစားသမားတွေမရှိတော့ဘူး။ အနားယူသွားကြပြီ။ ကစားသမားတွေကို ၂၀၁၀ မှပြန်လည်ဖွဲ့စည်းရတာ သူတို့သက်တမ်းက ၂ နှစ်ပဲရှိသေးတယ်။ အခုမှ ပြန်စနေရတာ၊ အလေးမအားကစားသမားတစ်ဦး နိုင်ငံတကာပြိုင်ပွဲကို ဝင်ပြိုင်မယ့်အဆင့်ဆိုရင် အဆက်မပြတ်လေ့ကျင့်သက်တမ်းကာလအနည်းဆုံးငါးနှစ်ခြောက်နှစ်ရှိရမယ်။ ဒါတောင် ရွှေရမှာမဟုတ်သေးဘူး။ အဲဒီကမှ တစ်ဆင့်တစ်ဆင့်တက်ပြီး ရွှေရတဲ့အထိဆိုရင် ကစားသမားသက်တမ်းရှစ်နှစ်၊ ကိုးနှစ်၊ ဆယ်နှစ်ရှိမှရမှာ။ ရေတိုနဲ့မရနိုင်ဘူး”ဟု ဦးမြင့်ဆွေက ဆိုသည်။

“တစ်ခါလာ လူဟောင်း၊ တစ်ခါလာ လူဟောင်းက ရပ်သင့်ပြီ။ ကစားသမားတစ်ဦးဟာ ဆီးဂိမ်း ဘယ်နှကြိမ်လိုက်ပြီးပြီလဲ၊ ဆီးဂိမ်းသုံးကြိမ်ဆိုရင် ခြောက်နှစ်ရှိပြီ။ မျိုးဆက်သစ်တွေ မှန်မှန်ကန်ကန် စနစ်တကျရှာဖွေသင့်နေပြီ။ အိမ်ရှင်လုပ်မယ့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတစ်ခုတည်းအတွက်သာမဟုတ်ဘဲ နောက်ပြိုင်ပွဲတွေအတွက်ပါ ရေရှည်စီမံကိန်းတွေချရမှာ”ဟု ဝါရင့်အားကစားကလောင်ရှင် ဦးခင်မောင်ထွေး(ပျဉ်းမနား)က ဆိုသည်။



အင်ဒိုဆီးဂိမ်းတွင် ကွင်းအတွင်းသို့ မြန်မာအားကစားအဖွဲ့ ဝင်ရောက်လာစဉ်

မြန်မာ့အားကစားအဆင့်အတန်းကျဆင်းလာရခြင်း၏ အဓိကအကြောင်းရင်းများမှာ အမျိုးသားကျန်းမာကြံ့ခိုင်မှုကျဆင်းသွားသည့်အတွက် အားကစားသမားများ၏ ခန္ဓာကိုယ်မဖွံ့ဖြိုးတော့ခြင်း၊ အရည်အချင်းရှိ နည်းပြဆရာများမွေးထုတ်မပေးနိုင်ခြင်း၊ နိုင်ငံတစ်ဝန်းဒေသအနှံ့အပြားတွင် အားကစားလေ့ကျင့်ရေးကွင်း၊ အဆောက်အအုံများနှင့် အားကစားလှုပ်ရှားမှုများမရှိသလောက် နည်းပါးသွားခြင်းကြောင့်ဖြစ်ကြောင်း မြန်မာ့အားကစားလေ့လာစောင့်ကြည့်သူတစ်ဦးက သုံးသပ်ပြောကြားသည်။

“အမျိုးသားကျန်းမာကြံ့ခိုင်မှုနဲ့ အားကစားဟာ ရေနဲ့ကြာလိုပဲ၊ ဒါကြီးမြင့်လာမှ အားကစားကလည်း အလိုလိုအပေါ်တက်လာမှာ၊ ဒါကြီးနိမ့်လာတော့ အကုန်လုံးပါသွားတာ နောက် လက်ရှိအခြားနိုင်ငံတွေက နည်းပြဆရာတွေက မြန်မာနည်းပြတွေကိုလက်ရွေးစင်ကစားသမားတွေကနေ နည်းပြဆရာတန်းဖြစ်တာမျိုးမဟုတ်ဘူး သူတို့ဆီမှာ နည်းပြဆရာတွေမွေးထုတ်ပေးတဲ့အားကစားတက္ကသိုလ်တွေရှိနေပြီ။ ကိုယ့်နိုင်ငံထဲမှာမရှိသေးလည်း အခြားအဆင့်မြင့်တဲ့နိုင်ငံတွေနဲ့ချိတ်ဆက်လုပ်နေကြပြီ။ ဒီနည်းပြတွေဟာ ကမ္ဘာ့အဆင့်မဟုတ်တောင် အရှေ့တောင်အာရှအဆင့်မှာတော့ အဆင့်မြင့်ပြသနိုင်တဲ့ နည်းပြတွေဖြစ်နေပြီ”ဟု ၎င်းကဆက်လက်ပြောကြားသည်။

အားကစားသမားများသည် စွမ်းအင်များအား သာမန်လူများထက် ပိုမိုအသုံးချရသည့်အတွက် ခွန်အားကုန်ဆုံးမှု ပိုမိုများပြားသည်။

ထိုကုန်ဆုံးသွားသည့် ခွန်အားများ ပြန်လည်ပြည့်ဖြိုးရန်အတွက် အာဟာရဓာတ်များ ပိုမိုစားသုံးရမည်ဖြစ်ပြီး လိုအပ်သည့်ပမာဏပြန်လည်မဖြည့်တင်းပေးနိုင်ပါက စွမ်းဆောင်ရည်များကျဆင်းခြင်း၊ ကြွက်သားများသေးသိမ်သွားပြီး ခန္ဓာကိုယ် ကြီးထွားကြံ့ခိုင်မှု နည်းပါးခြင်းများဖြစ်ပွားလာနိုင်မည်ဖြစ်ကြောင်း အထွေထွေရောဂါကုဆရာဝန် ဒေါက်တာလှိုင်စိုးဝယ်က ပြောသည်။

သာမန်သူများကဲ့သို့ အသားဓာတ်၊ အဆီဓာတ်၊ ကစီဓာတ်၊ ဗီတာမင်ဓာတ်များ၊ သတ္တုဓာတ်များ၊ ရေများ လိုအပ်ခြင်းဖြစ်ပြီး ပိုမိုစားသုံးပေးရမည်ဖြစ်ကြောင်း ဆရာဝန်အချို့ကပြောသည်။

မြန်မာအားကစားအဖွဲ့များ၏ ရည်မှန်းချက်မှာ ရှေ့လာမည့် ၂ နှစ်တာကာလအတွင်းကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲများတွင် ရွှေရရှိရေးဆိုသည့် ရေတိုရည်မှန်းချက်သာရှိပြီး ရေရှည်စီမံကိန်းမရှိကြောင်း၊ ယခင်က လက်ရွေးစင်ဖြစ်ရန်အတွက် အခြေခံကျောင်းတွင်းပြိုင်ပွဲ၊ ကျောင်းပေါင်းစုံပြိုင်ပွဲ၊ ထိုမှတစ်ဆင့် ကျောင်းသားပြည်နယ်၊ တိုင်းပြိုင်ပွဲ၊ အရပ်ဘက်၌လည်း ရပ်ကွက်ပေါင်းစုံ၊ မြို့နယ်ပေါင်းစုံ၎င်းမှ ပြည်နယ်/တိုင်းအဆင့်သို့ ရောက်ရှိလာခြင်း ဖြစ်ကြောင်း ယခုတွင်အဆိုပါအဆင့်ပြိုင်ပွဲများမရှိတော့ကြောင်း အားကစားကျွမ်းကျင်သူများက ပြောကြားသည်။

“အခုက ပြည်နယ်/တိုင်းပြိုင်ပွဲအဆင့်ကစပြီး နီးစပ်ရာလူခေါ်ပြီး လာပြိုင်တယ်။ အဲဒီနည်းက လူသစ်တွေ ဘယ်နည်းနဲ့မှ ထွက်ပေါ်လာစရာမရှိဘူး”ဟု အားကစားကျွမ်းကျင်သူတစ်ဦးက ၎င်းအမြင်ကို ပြောသည်။

“အားကစားနည်း တော်တော်များများမှာ Talent (ပင်ကိုစွမ်းရည်)ထူးချွန်တဲ့ အားကစားသမားတွေရဖို့ အရေးကြီးတယ်။ Talent အားကစားသမားတွေမပေါ်တာဟာ အားကစားဟာ လူငယ်ထုအားလုံးဆီကို မပြန့်လို့၊ တစ်ထောင်ထဲက တစ်ယောက်ရွေးတာနဲ့၊ တစ်သိန်းထဲက တစ်ယောက်ရွေးတာနဲ့ မတူပါဘူး။ အခြေခံကျကျပြုပြင်ပြောင်းလဲမှုတွေ လုပ်ဖို့ဆိုတာကလည်း အားကစားအဖွဲ့ချုပ်တွေကပဲ လုပ်ဆောင်လို့မရပါဘူး။ နိုင်ငံတော်ပိုင်းက ဦးဆောင်လုပ်မှ ရမှာပါ”ဟု အဆိုပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

မြန်မာအားကစားအဖွဲ့များ လက်ရှိကြုံတွေ့နေရသည်မှာ အရန်အင်အားရှားပါးမှုပင်ဖြစ်ပြီး လက်ရွေးစင်တန်းနှင့်အရန်ကစားသမားတို့၏ အရည်အချင်းကွာဟမှုကြီးမားနေမှုကို နည်းပါးသွားရန် တဖြည်းဖြည်းကြိုးစားသွားရရန်လိုကြောင်း အခြားနိုင်ငံများ၏ မျိုးဆက်သစ်မွေးမြူရေးအစီအစဉ်များမှာ မြန်မာနိုင်ငံထက် သာလွန်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း အခြေခံကျောင်းများမှာ အဆင့်ဆင့်လုပ်ဆောင်၍ ဆယ်စုနှစ်တစ်ခုခန့် ရင်းနှီးရန်လိုအပ်ကြောင်း မြန်မာအားကစားအဖွဲ့ချုပ်တစ်ခု၏ တာဝန်ရှိသူတစ်ဦးကဆိုသည်။

“အရင် မြန်မာအားကစားခေတ်ကောင်းတုန်းက မြန်မာအားကစားသမားတွေ သန်မာတယ်။ ထူးချွန်တယ်။ အခြားနိုင်ငံတွေက အဲဒီအဆင့်မရှိသေးဘူး။

စာ(၅၁)သို့

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011

# အကောင်းဆုံးဘောလုံးသမားဆုများ ဒီဇင်ဘာ ၁၅တွင် ချီးမြှင့်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည်၂၀၁၁ခုနှစ်အတွင်းအကောင်းဆုံးဘောလုံးသမားဆုများနှင့် အခြားဆုများ ရွေးချယ်ချီးမြှင့်မည့် အခမ်းအနားကို ဒီဇင်ဘာ၁၅ရက်တွင် ဆီဒိုနားဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယင်းအခမ်းအနားတွင် ယခုနှစ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင်ဗိုလ်စွဲခဲ့သောအသင်း၊ဒုတိယ၊ တတိယဆုရအသင်းများအပြင် အသန့်ရှင်းဆုံးအသင်းဆု၊ဂိုးသွင်းအများဆုံးကစားသမားဆု၊ အတိုးတက်ဆုံးလူငယ်ကစားသမားဆု၊ အကောင်းဆုံးဒိုင်လူကြီးဆု၊ ၂၀၁၁ ခုနှစ်၏ အကောင်းဆုံးအမျိုးသား၊ အမျိုးသမီးဘောလုံးသမားဆုများကိုလည်း ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်သည်။

ထို့ပြင် မြန်မာနေရှင်နယ်လိဂ် အရန်အသင်းပြိုင်ပွဲတွင် ဆုရရှိခဲ့သည့်အသင်းများကိုလည်း ချီးမြှင့်သွားမည့်အပြင် ၂၀၁၁ခုနှစ်အတွင်း ပြိုင်ပွဲများ၌ ဆုတံဆိပ်များရရှိခဲ့သည့် မြန်မာယူ-၂၃အသင်း၊ မြန်မာလူငယ်အသင်းများ၊ အမျိုးသမီးလက်ရွေးစင်အသင်း၊ အမျိုးသမီးဖူဆယ်အသင်းများကိုလည်း ဂုဏ်ပြုဆုချီးမြှင့်သွားမည်ဟု သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲသည် လာမည့် ၂၀၁၂ ရာသီတွင် (ချင်းပြည်နယ်ကိုယ်စားပြု) ချင်းယူနိုက်တက်အသင်းနှင့် မေရဝတီအသင်း (ရှမ်းပြည်မြောက်ပိုင်းကိုယ်စားပြု)အသင်းတို့ပါဝင်လာမည်ဖြစ်သည့်အတွက် စုစုပေါင်းပြိုင်ပွဲဝင် ၁၄ သင်းရှိလာမည်ဖြစ်သည်။

# အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

**မျိုးမင်းဦး**

**မုံရွာ၊ ဒီဇင်ဘာ-၇**

မုံရွာမြို့၊အောင်ချမ်းသာမြို့သစ် ရပ်ကွက်၊အမှတ်(၆)လမ်းရှိရောင်ခြည်သစ် ပရဟိတ မျက်မမြင်ကျောင်းတွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဒီဇင်ဘာလ ၃ ရက်တွင်ကျင်းပခဲ့ကြောင်း သိရှိရသည်။

"မျက်မမြင်ကျောင်းသားများအတွေးအခေါ်တွေရင့်ကျက်ဖို့၊ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေဖို့နဲ့ ကိုယ်ကာယဖွံ့ဖြိုးတိုးတက်စေရေးအတွက်ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲတွေနဲ့ဉာဏ်စမ်းပြိုင်ပွဲတွေ ကျင်းပခဲ့တာဖြစ်ပါတယ်။မုံရွာခရိုင်အုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူတွေနဲ့ မုံရွာမြို့ပေါ်က အလှူရှင်တွေတက်ရောက်အားပေးခဲ့ပါတယ်"ဟု ရောင်ခြည်သစ် ပရဟိတမျက်မမြင်ကျောင်း၊ ကျောင်းအုပ်ဆရာကြီးဦးကြည်က ပြောသည်။

"မျက်မမြင်ဆိုတော့ ပြိုင်ပွဲရဲ့ပန်းတိုင်ကိုတော့မမြင်ရပေမယ့် ဦးတည်ချက်တွေရည်မှန်းချက်တွေ နဲ့ပန်းတိုင်ရှိရာကိုမှန်းဆပြီး အောင်ပွဲဝင်ဖို့ယှဉ်ပြိုင်ရတာပါ။ အခုလိုပြိုင်ပွဲတွေကျင်းပပေးတဲ့အတွက် မျက်မမြင်ကျောင်းသားတစ်ယောက် အနေနဲ့စိတ်ခွန်အားကြံ့ခိုင်မှုတွေ၊ ကိုယ်ကာယလေ့ကျင့်ခန်းတွေ လုပ်ခွင့်ပိုရသွားတယ်"ဟု အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သောရောင်ခြည်သစ်မျက်မမြင်ကျောင်းမှ ကျောင်းသားတစ်ဦးက ပြောသည်။

မုံရွာမြို့ရောင်ခြည်သစ် ပရဟိတမျက်မမြင်ကျောင်းတွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ်ပြိုင်ပွဲများအဖြစ် ပဋ္ဌာန်းရွတ်ဖတ်ပြိုင်ပွဲ၊ ပရိတ်ကြီးရွတ်ဖတ်ပြိုင်ပွဲ၊ စစ်တုရင်၊ သီချင်းဆို၊ ပုံပြောပြိုင်ပွဲ၊ သံလုံးပစ်၊ ပြေးခုန်ပစ်၊ လွန်ဆွဲ၊ ဘောလုံး၊ ချောတိုင်တက်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ သံပုံးရိုက်၊ပြဇာတ်ပြိုင်ပွဲများကျင်းပခဲ့ကြောင်းသိရှိရသည်။

## စာ(၅၀) - အောက်ခြေကပြင်ရမယ့် မြန်မာ့အားကစား မှ

နောက်ပိုင်း အခြားနိုင်ငံတွေက အခြေခံကစပြီး လိုက်စားတယ်။ လူကောင်တွေ ထွားလာတယ်။ မြန်မာထက်အများကြီးရှေ့ရောက်သွားပြီ။မြန်မာကတော့လူကောင်သေးသွားတယ်။ အခြေခံကြေညက်တာဘာမှမရှိတော့ဘူး"ဟု ၎င်းက ဆိုသည်။

"အခြေခံကျောင်းတွေမှာ ကလေးတွေကစားနိုင်အောင် စီစဉ်ပေးရမယ်။ ကလေးတွေ အားကစားကွင်းထဲကစားနိုင်မှ ကျန်းမာကြံ့ခိုင်မှု အဆင့်အတန်းမြင့်လာရင် ထွက်လာတဲ့ Talent ရှိတဲ့ကလေးတွေကို ရေရှည်ထိန်းသိမ်းပေးဖို့ အရည်အချင်းရှိတဲ့ နည်းပြဆရာတွေလိုအပ်တယ်။ အဲဒီလိုမှမရှိရင်မြန်မာမှာလူသစ်တွေမရနိုင်ဘူး"ဟု မြန်မာ့အားကစား လေ့လာစောင့်ကြည့်သူတစ်ဦးက ပြောသည်။

အားကစားနည်းအများစုတွင် Talent ရှိသော ၁၆နှစ်အရွယ်ကစားသမားတစ်ဦးကို ရရှိထားပြီးပါက နိုင်ငံတကာပြိုင်ပွဲရွှေတံဆိပ်ရရန် အနည်းဆုံး လေး၊ ငါး၊ ခြောက်နှစ်ခန့်အချိန်ပေးလေ့ကျင့်ရကြောင်း၊ မြန်မာအားကစားအဖွဲ့များ၏ ရည်မှန်းချက်သည် လာမည့် ဆီးဂိမ်း(နှစ်နှစ်အတွင်း) ရွှေရရန်ပင် ထားရှိကြောင်း၊လက်ရှိနိုင်ငံတစ်ဝန်းရှိ အားကစားရုံ၊ကွင်း၊အားကစားပစ္စည်းများသည်လည်း အလွန်ညံ့ဖျင်းကြောင်း၊ အခြေခံကျောင်းများတွင် အားကစားလှုပ်ရှားမှုများမှာလည်း အလွန်နည်းပါးကြောင်း ဝါရင့်မြန်မာ့အားကစား စောင့်ကြည့်အားပေးသူပရိသတ်တစ်ဦးက ၎င်းအမြင်ကိုပွင့်လင်းစွာသုံးသပ်ပြောကြားသည်။

ပြီးခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲတွင် ဂျူဒိုပွဲစဉ် ၇ခုအထိ ဗိုလ်လုပွဲရောက်ရှိခဲ့ပြီး ရွှေတံဆိပ်တစ်ခုသာ ဆွတ်ခူးနိုင်ခဲ့ကာ ကျန်ခြောက်ခုအား ပြိုင်ဘက်အသင်းများထံ လွှဲပေးခဲ့ရသည့် မြန်မာဂျူဒိုအားကစားအဖွဲ့အနေဖြင့် နိုင်ငံတကာအတွေ့အကြုံပိုင်း အားနည်းခဲ့ရခြင်းကြောင့်ဖြစ်ကြောင်း အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကလေးတွေ နိုင်ငံတကာအတွေ့အကြုံပိုင်းများများလုပ်ဖို့လိုမယ်။ လေ့ကျင့်တာကတော့ လေ့ကျင့်တာပေါ့ ပြိုင်ပွဲဆိုတာက များများကစားလေ ပရိယာယ်ကြွယ်ဝလေပဲလေ။ တကယ့်ပြိုင်ပွဲဖိုင်နယ်ကစားတဲ့အခါ လက်တကမ်းလေးအလိုကျတော့နည်းစနစ်ဘယ်လောက်ကောင်းကောင်း၊ ကြံ့ခိုင်မှုဘယ်လောက် ကောင်းကောင်း နိုင်အောင်ကစားတတ်တဲ့ နည်းပရိယာယ်လိုတယ်။ ပြိုင်ပွဲကျမှ လက်တလောဖြတ်ထိုးဉာဏ်နဲ့ ကစားရတာတွေလည်းရှိတယ်။ နည်းပရိယာယ်ကြွယ်ဝဖို့ဆိုတာက နည်းပြဆရာအပိုင်းက လေ့ကျင့်ပေးလို့ရသလို ပြိုင်ပွဲများများ ကစားမှုကြွယ်ဝလာနိုင်တယ်။ ဒါမှ ဖြစ်ပေါ်လာတဲ့ အခွင့်အရေးတွေကိုထိထိမိမိအသုံးချသွားနိုင်တယ်။ ပြိုင်ပွဲအတွေ့အကြုံများများရဖို့ အတွက်ကတော့ အားကစားနည်းတိုင်းလိုအပ်တာပါ"ဟု မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်နိုင်ဆွေက ပြောသည်။

မြန်မာ့အားကစားအဆင့်အတန်းပြန်လည်မြင့်တက်လာရန်အတွက် လုပ်ဆောင်ရာတွင်သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊တာဝန်ရှိသူများအဆင့်နှင့်ပင်မလုံလောက်ဘဲ နိုင်ငံတော်၏ အားပေးပံ့ပိုးမှုသည်လည်း အရေးကြီးကြောင်း အားကစားကျွမ်းကျင်လေ့လာသူများက သုံးသပ်ပြောကြားသည်။

"နိုင်ငံတစ်နိုင်ငံရဲ့ အားကစားတကယ်တိုးတက်ချင်တယ်ဆိုရင်တော့ နိုင်ငံတော်ရဲ့ ပံ့ပိုးကူညီမှုမပါဘဲ မဖြစ်နိုင်ပါဘူး။ လက်ရှိဒီက အားကစားအဖွဲ့တွေသွားနေတဲ့ ပုံစံက စီးပွားရေးလုပ်ငန်းရှင်တွေကို အားကစားအဖွဲ့ချုပ်အသီးသီးမှာ ဥက္ကဋ္ဌခန့်ပြီးတော့ သူတို့ရဲ့ ကျခံသုံးစွဲမှုတွေနဲ့ သွားနေကြတာပြောရမယ်ဆိုရင် နိုင်ငံတော်ရဲ့ ပံ့ပိုးမှုက အလွန်အရေးကြီးပါတယ်" ဟု ပြည်တွင်းအားကစားဂျာနယ်တစ်စောင်၏ အယ်ဒီတာချုပ်တစ်ဦးက ပြောသည်။

"အာရှနဲ့ အရှေ့တောင်အာရှမှာ တစ်ချိန်က မြန်မာဘောလုံး ထိပ်ဖြစ်ခဲ့လို့အခုပြန်လုပ်နေသလို ကျန်တဲ့ အားကစားနည်းတွေလည်း တစ်ချိန်တုန်းက ထိပ်ဖြစ်ခဲ့တာပဲ။ အားလုံးကြိုးစားရမှာပါ" ဟု ဦးခင်မောင်ထွေးက ပြောသည်။

ထို့ပြင် အခြေခံပညာကျောင်းများမှစတင်၍ လူငယ်များအား ကစားနှင့်ပတ်သက်ပြီး လေ့လာလိုက်စားနိုင်ရေးအတွက် လွှတ်တော်အစည်းအဝေးများ၌ ဥပဒေတစ်ရပ်ရေးဆွဲရန် လိုအပ်ကြောင်း ဦးမြင့်ဆွေကလည်း အကြံပြုပြောကြားသည်။

"လူမှန်နေရာမှန်ဖြစ်ဖို့လည်း အရေးကြီးပါတယ်။ တကယ်ကျွမ်းကျင်နားလည်တဲ့ ပညာရှင်တွေက နေရာယူဆောင်ရွက်မှသာ တကယ်တိုးတက်မှာပါ။ အားကစားဆိုတာ ရေတိုလုပ်လို့မရပါဘူး။ အခုကစပြီး မှန်ကန်တဲ့ပြောင်းလဲမှုစတင်မှသာ နောက်လာမယ့် ဆယ်စုနှစ်တစ်ခုမှာ ပြန်လည်ရှန်းထနိုင်မှာပါ"ဟု မြန်မာအားကစားပရိသတ်တစ်ဦးက ဆိုသည်။

"နိုင်ငံတော်၊ အိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာန၊ သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်တွေကရော အဟောင်းက မကောင်းတာတွေကို အသစ်နဲ့ပြုပြင်ပြောင်းလဲပေးကြပါ။ နိုင်ငံတော်တောင် ပြောင်းလဲသေးတာ၊ တို့အားကစားလောကလည်း ပြောင်းလဲဖို့သင့်ပါပြီ" ဟုဦးခင်မောင်ထွေးက ပြောကြားသည်။ မြန်မာ့အားကစား ကမ္ဘာကို လွှမ်းစေရမည်ဟု အားကစားလှုံ့ဆော်ရေးသီချင်း၏ စာသားများက လှုပသော်လည်းလက်တွေ့တွင်မြန်မာလွှမ်းမိုးနိုင်သော အားကစားနည်းတစ်ခုမှ မရှိသေးပေ။ အခြေအနေမှန်ကို မသုံးသပ်နိုင်ဘဲ ဆက်လက်သွားနေမည်ဆိုပါက ၂၀၁၃တွင် မျက်နှာငယ်ရမည်ဖြစ်သလို၊ မြန်မာ့အားကစားအနာဂတ်လည်း ကောင်းနိုင်မည်မဟုတ်ပါ။

# ရုရှားလက်ဝှေ့သမားတစ်ဦး အလဲထိုးခံရပြီးနောက် သေဆုံး

**လန်ဒန်၊ ဒီဇင်ဘာ-၉**

ရုရှားမှ လိုက်တ်ဟဲဗီးဝိတ် လက်ဝှေ့သမား ရိုမန်ဆီမာကော့ဗ်သည် WBC အာရှလက်ဝှေ့ကောင်စီ၏ လိုက်တ်ဟဲဗီးဝိတ်သရဖူလုပွဲတွင်ပြိုင်ဘက် ဆာဂျီကိုဗာလက်ဗ်၏ အလဲထိုးခံရပြီးနောက် ဆေးရုံတွင် သေဆုံးသွားကြောင်း သိရသည်။

အသက် ၂၇ နှစ်အရွယ်ရှိရိုမန်ဆီမာကော့ဗ်သည် ထိုပွဲတွင် အလဲထိုးခံရပြီးနောက်၎င်းကိုဆေးရုံသို့ဦးနှောက်ခွဲစိတ်ကုသရန် ပို့ခဲ့သော်လည်း သတိပြန်မလည်လာဘဲ သေဆုံးခဲ့ခြင်းဖြစ်သည်။

ရုရှားလက်ဝှေ့အဖွဲ့ချုပ်မှတာဝန်ရှိသူ အီဂေါ် မာရူဇော့ဗ်က "ကျွန်တော်ပြောနိုင်တာတစ်ခုကတော့ သူသေဆုံးမှုကို စုံစမ်းစစ်ဆေးမှုတွေလုပ်နေပြီဆိုတာပါပဲ"ဟုပြောသည်။ ဆီမာကော့ဗ်သည် ထိုပွဲတွင် ပြိုင်ဘက် ရုရှားလက်ဝှေ့သမား ဆာဂျီကိုဗာလက်ဗ်၏ ဆဋ္ဌမအချီတွင် အလဲထိုးခံရပြီးနောက် ပြန်ထနိုင်ခဲ့သော်လည်း သတ္တမအချီတွင်မူ ဦးခေါင်းကို အချက်များစွာထိုးနှက်ခံခဲ့ရကာ လဲကျခဲ့သည်။ ယခုအကြိမ်သည် ဆီမာကော့ဗ်အတွက် လက်ဝှေ့ သမားသက်တမ်းအတွင်း ပထမဆုံးအကြိမ် အလဲထိုးခံရခြင်းဖြစ်သည်။ ၎င်းသည် သက်တမ်းတစ်လျှောက် ၂၁ ပွဲကစား ၂ ပွဲရှုံး စံချိန်ရရှိထားသူဖြစ်သည်။

*—Ref: Eurosport*

# ၂၀၁၁ အရန်အသင်းပြိုင်ပွဲ ရတနာပုံဗိုလ်စွဲ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၇**

၂၀၁၁ မြန်မာနေရှင်နယ်လိဂ် အရန်အသင်းများပြိုင်ပွဲ၊ နောက်ဆုံးပွဲစဉ်များအပြီးတွင် ရတနာပုံအသင်းက လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းထက် ရမှတ်တစ်မှတ်အသာဖြင့် ဗိုလ်စွဲသွားခဲ့သည်။

ယခုနှစ် အရန်လိဂ်ပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်များမတိုင်မီ ဗိုလ်စွဲမည့်အသင်းမှာ အဖြေမထွက်သေးဘဲ အကြိတ်အနယ်ရှိခဲ့သည်။ ပွဲစဉ် ၂၁အထိ ရတနာပုံအသင်းက ရန်ကုန်ယူနိုက်တက်အသင်းထက် ရမှတ် တစ်မှတ်အသာရရှိနေပြီး နောက်ဆုံးပွဲစဉ် ၂၂တွင် ရန်ကုန်ယူနိုက်တက်က မကွေးအသင်းအား (၃-၁)ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း ရတနာပုံအသင်းက ဇေယျာရွှေမြေအသင်းအား(၁-၀)ဖြင့် အနိုင်ရရှိခဲ့သည်။

ထို့ကြောင့် နောက်ဆုံးပွဲစဉ်တွင် လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းသည် ရတနာပုံအသင်း၏ နိုင်ပွဲကြောင့် ချန်ပီယံဆုကာကွယ်ရန် အခွင့်အရေးအား လက်လွှတ်ခံရပြီး ရတနာပုံအသင်းထံ ဆုဖလားလွှဲပြောင်းပေးခဲ့ရသည်။ ရတနာပုံ အသင်းသည် ယခုနှစ် မြန်မာနေရှင်နယ်လိဂ်ချန်ပီယံဆုအား ရန်ကုန်ယူနိုက်တက်သို့ လွှဲပြောင်းပေးခဲ့ရသော်လည်း အရန်လိဂ်ပြိုင်ပွဲချန်ပီယံဆုကိုမူ ရန်ကုန်ယူနိုက်တက်အသင်းထံမှ ပြန်လည်လွှဲပြောင်းရယူနိုင်ခဲ့ခြင်း ဖြစ်သည်။ အရန်လိဂ်ပြိုင်ပွဲ၏ ချန်ပီယံဆုကိုမူ ရတနာပုံအသင်းက ယခုနှစ်တွင် ပထမဆုံးအကြိမ်ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

# ၂၀၁၃ ဆီးဂိမ်းလှုံ့ဆော်ရေးသီချင်း ရေးစပ်ယှဉ်ပြိုင်နိုင်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၈**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ဆီးဂိမ်းပြိုင်ပွဲ(ဖွင့်ပွဲ/ပိတ်ပွဲ)အခမ်းအနားများနှင့် ပြိုင်ပွဲမတိုင်မီ လှုံ့ဆော်ရေးသီချင်းများအဖြစ် အသုံးပြုရန်အတွက် တေးသီချင်းအမျိုးအစားသုံးမျိုးကို ရေးစပ်သီကုံး၍ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။

ပါဝင်ယှဉ်ပြိုင်ရမည့် သီချင်းအမျိုးအစားသုံးမျိုးမှာ Theme Song, Dance Music, Marching Song ဖြစ်ပြီး သတ်မှတ်ချက်များအား ဒီဇင်ဘာ ၅ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိသည်။

ရွေးချယ်ခံရသည့် သီချင်းအတွက် ဆုကြေးငွေကျပ်သိန်း ၂၀ ချီးမြှင့် ပေးအပ်မည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် လျှောက်လွှာများကို လူထု/ပညာဌာနခွဲ၊ ကျိုက္ကဆံအားကစားပြိုင်ကွင်း၊ ရန်ကုန်မြို့၌ ဆက်သွယ်ရယူနိုင်ကာ ယှဉ်ပြိုင်မည့် သီချင်းများအား ဒီဇင်ဘာ ၃၁ ရက်နောက်ဆုံးထား၍ ၎င်းဌာနခွဲသို့ ဆက်သွယ်ပေးပို့ရမည် ဖြစ်သည်။

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအထိမ်းအမှတ် လာဘ်ကောင်ရုပ်အဖြစ် ဇီးကွက်ရုပ်အား ရွေးချယ်သတ်မှတ်ထားကြောင်း သတင်းရရှိသည်။

7DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011

# မန်စီးတီး–အာဆင်နယ် အားစမ်းမယ့် ပရီးမီးယားလိဂ်ပွဲစဉ် (၁၆) ပွဲကြိုခန့်မှန်းချက်

ကိုအေးမြတ်

ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ် (၁၆)ကတော့ ဇယားထိပ်က မန်စီးတီးတို့ အာဆင်နယ်နဲ့ တနင်္ဂနွေပွဲကြီးအဖြစ် တွေ့ဆုံမှုပါဝင်နေပြီး ချယ်လ်ဆီး၊ မန်ယူ၊ လီဗာပူးတို့ အဝေးကွင်းပွဲတွေ ဖြတ်သန်းရမှာပါ။ လီဗာပူးနဲ့ အိမ်ကွင်းပွဲကစားရမယ့် အက်စတန်ဗီလာတို့က လည်း အနိမ့်ဆုံးသရေတစ်မှတ်တော့မျှော်မှန်းခွင့်ရှိနေတာကြောင့် ဗီလာ–လီဗာပူးပွဲ ကလည်း အကြိတ်အနယ်ဖြစ်လာမှာပါ။

**၁၇၊ ဒီဇင်ဘာ၊ စနေ**

**ဘလက်ဘန်း–ဝက်စ်ဘရွန်း**

**ည ၉း၃၀ နာရီ**

**ယမန်နှစ်ရလဒ် - ၂-၀**

ဘလက်ဘန်းဟာ ဒီနောက်ပိုင်းတွေ့ဆုံမှုလေးကြိမ်မှာ ဝက်စ်ဘရွန်းကို ရှုံးပွဲ မရှိခဲ့ပါဘူး။ ဇယားမှာ ရပ်တည်မှုအရ ဝက်စ်ဘရွန်း အသာစီးရနေပေမယ့် သွင်းဂိုးအများဆုံး တိုက်စစ်မှူးစာရင်းဝင် အိုင်ယက် ဘင်နီပါဝင်တဲ့ အိမ်ရှင် ဘလက်ဘန်းကိုပဲ ရွေးချင်တယ်။

**အဲဗာတန်–နောဝစ်ချ်**

**ည ၉း၃၀ နာရီ**

အဲဗာတန်အတွက် အခက်အခဲမရှိလောက်ပါဘူး။ နောဝစ်ချ်က အဝေးကွင်းညံ့တာမို့ အဲဗာတန်အတွက် နိုင်ခြေများပါတယ်။ ဂိုးနည်းမယ့် ပွဲပါ။

**ဖူလဟမ်–ဘော်လ်တန်**

**ည ၉း၃၀ နာရီ**

**ယမန်နှစ်ရလဒ် -၃-၀**

အိမ်ကွင်းသရေပွဲများနေတဲ့ ဖူလ်ဟမ်တို့ဇယားအောက်နားက ဘော်လ်တန်ကိုနိုင်ပွဲရနိုင်ပါတယ်။ ယမန်နှစ်က အိမ်ကွင်းမှာ ဖူလ်ဟမ်နိုင်ခဲ့သလိုပဲ နိုင်မှာပါ။ နှစ်ဂိုးလောက်ဖြစ်နိုင်တယ်။

**နယူးကာဆယ်–ဆွမ်းဆီး**

**ည ၉း၃၀ နာရီ**

**ယမန်နှစ်ရလဒ် -မရှိ**

ဒီနှစ်သင်းနောက်ဆုံးတွေ့ဖူးတာ ၂၀၁၀ ဖေဖော်ဝါရီ ချန်ပီယံရှစ်မှာ ဖြစ်တယ်။ ထိုစဉ်က နယူးကာဆယ်တစ်ပွဲနိုင်၊ တစ်ပွဲသရေရခဲ့တယ်။ ဒီပွဲမှာလည်း အိမ်ကွင်းရလဒ်ကောင်းတဲ့ နယူးကာဆယ်ကိုပဲ ရွေးရမှာပါ။

**ဝုလ်–စတုတ်စီးတီး**

**ည ၉း၃၀ နာရီ**

**ယမန်နှစ်ရလဒ် - ၂-၁**

ဝုလ်တို့ ဒီရာသီအိမ်ကွင်းရလဒ်ပိုင်း အသင့်အတင့်သာ ရှိပါတယ်။ စတုတ်ကလည်းအဝေးကွင်းရှုံးပွဲများထားတဲ့ အသင်းမို့ ခြေမကွာလောက်ပါဘူး။ ညှိသည် စတုတ်ဘက်က အရဲစွန့်နေကြည့်ချင်တယ်။ ဂိုးနည်းမှာပါ။

**၁၈၊ ဒီဇင်ဘာ၊ တနင်္ဂနွေ**

**ဝီဂန်–ချယ်လ်ဆီး**

**နံနက် ၀၀း-၀၀ နာရီ**

**ယမန်နှစ်ရလဒ် -၀-၆**

ဝီဂန်ဟာ ချယ်လ်ဆီးနဲ့ တွေ့တိုင်း ဒီနှစ်တွေထဲမှာ ဂိုးပြတ်ရှုံးတာများနေတယ်။ လက်ရှိမှာ ချယ်လ်ဆီးတို့စတာရစ်၊ မာတာတို့ရဲ့ခြေစွမ်းနဲ့ အသင်းလိုက် ကစားပုံပိုကောင်းလာတာမို့ ဝီဂန်နိုင်ဖို့ မလွယ်ပါဘူး။ ချယ်လ်ဆီးနှစ်ဂိုးလောက်ရမယ်။

**ကျူပီအာ–မန်ယူ**

**ညနေ ၆း၃၀ နာရီ**

**ယမန်နှစ်ရလဒ်-မရှိ**

မန်ယူတို့အဝေးကွင်းမှာ အခက်အခဲမရှိမယ့် ပွဲပါ။ ကျူပီအာက အိမ်ကွင်းနိုင်ပွဲနည်းလှပြီး သရေပွဲသာ များနေတဲ့ အသင်းဖြစ်တယ်။ မန်ယူဂိုးနည်းနည်းနဲ့ ကပ်နိုင်သွားပြီး သုံးမှတ် အသေအချာရယူပါမယ်။

**ဗီလာ–လီဗာပူး**

**ညနေ ၈း၃၅ နာရီ**

**ယမန်နှစ်ရလဒ် -၁-၀**

ဗီလာတို့ အိမ်ကွင်းမာကျောပေမယ့် ဒီနောက်ပိုင်း လီဗာပူးက အဝေးကွင်း အကောင်းဆုံးဖြစ်နေတယ်။ လိဂ်ဖလားနှစ်ပွဲ၊ လိဂ်နှစ်ပွဲ စုစုပေါင်းလေးပွဲ ဆက်နိုင်ထားတယ်။ ညှိသည် လီဗာပူးကို နှစ်ဂိုးလောက်နဲ့ ရွေးထားပါ။ အပြန်အလှန်သွင်းဂိုးတွေနဲ့ လီဗာပူးကပ်နိုင်သွားတာလည်း ဖြစ်နိုင်တယ်။

**စပါး–ဆန်းဒါးလန်း**

**ည ၉း၃၀ နာရီ**

**ယမန်နှစ်ရလဒ် -၁-၁**

စပါးတို့ ချန်ပီယံလိဂ်အပါအဝင် နောက်ဆုံးအိမ်ကွင်းငါးပွဲ ဆက်တိုက်နိုင်ထားတယ်။ ဇယားအောက်ခြေနားက ဆန်းဒါးလန်းတို့ နိုင်ခြေနည်းပါတယ်။ အိမ်ရှင် စပါးကို အပြည့်အဝယုံကြည်သင့်ပြီး ဂိုးများနိုင်တဲ့ပွဲလည်းဖြစ်တယ်။

**မန်စီးတီး–အာဆင်နယ်**


**ည ၁၀း၄၀ နာရီ**

**ယမန်နှစ်ရလဒ် -၀-၃**

မန်စီးတီးရဲ့ အိမ်ကွင်းမှတ်တမ်းက အကောင်းဆုံးအဆင့် ဖြစ်နေတယ်။ နိုင်ပွဲခုနှစ်ပွဲ၊ သရေပွဲနဲ့ ရှုံးပွဲလုံးဝမရှိပါဘူး။ အာဆင်နယ်ကလည်း နောက်ဆုံးအဝေးကွင်း သုံးပွဲမှာ ချယ်လ်ဆီး၊ နောဝစ်ချ်၊ ဝီဂန်တို့ကို ဆက်တိုက်နိုင်ခဲ့တယ်။ ဒီပွဲက ဇယားမှာ ရပ်တည်မှုအရ အရေးပါနေပြီး လိဂ်ရဲ့ ထိပ်တန်းဂိုးသွင်းရှင်တွေ ဖြစ်နေတဲ့ အာဆင်နယ်က ဗန်ပါစီနဲ့ မန်စီးတီးက အဂူရိုတို့ ယှဉ်ပြိုင်ရမယ့်ပွဲလည်းဖြစ်တယ်။ မန်စီးတီးဘက်က တစ်ဂိုးအသာလောက်နဲ့ နေကြည့်တာ မမှားနိုင်ဘူး။







# အီလီနွိုက်စ်ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်း ထောင်ဒဏ် ၁၄ နှစ် ချမှတ်ခံရ

**ချီကာဂို၊ ဒီဇင်ဘာ - ၈**

အမေရိကန်နိုင်ငံ၊ အီလီနွိုက်ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်းရော့ဒ် ဘလာဂိုဂျီဗစ်သည် လာဘ်စားမှုများအတွက် ထောင်ဒဏ် ၁၄နှစ် ချမှတ်ခံရကြောင်းသိရသည်။ ၎င်းသည် သမ္မတအိုဘားမား၏ အမေရိကန်အထက်လွှတ်တော်နေရာအား ရောင်းချရန်ကြိုးပမ်းခြင်း အပါအဝင် အကျင့်ပျက်ခြစားမှု ၁၇ ခုတွင် အပြစ်ရှိကြောင်း ဇွန် ၁၇ ရက်၌ တရားရုံးစစ်ဆေးမှုအရ တွေ့ရှိခဲ့သည်။

ချီကာဂိုတရားရုံးတွင် အမိန့်ချမှတ်ခံရပြီးနောက် ဘလာဂိုဂျီဗစ်က ၎င်းအနေဖြင့် မယုံနိုင်လောက်အောင်ဝမ်းနည်းကြောင်းနှင့် ဆိုးရွားသောအမှားများ ကျူးလွန်ခဲ့ကြောင်းပြောကြားခဲ့သည်။

အစိုးရရှေ့နေများက ခြစားမှုများအတွက် အပြင်းထန်ဆုံးပြစ်ဒဏ်ဖြစ်သည့် ထောင်ဒဏ်အနှစ် ၂၀ ချမှတ်ရန် တရားရုံးသို့တောင်းဆိုခဲ့သည်။ အသက် ၅၄ နှစ်အရွယ် ဘလာဂိုဂျီဗစ်သည် ဥပဒေချိုးဖောက်သည်ကို သိသိကြီးနှင့် ကျူးလွန်ခြင်းဖြစ်ကြောင်း အစိုးရရှေ့နေများကပြောသည်။

ဘလာဂိုဂျီဗစ်သည် အီလီနွိုက်ပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် နှစ်ကြိမ်ဆက်တိုက် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်း၏ ပြစ်ဒဏ်ချမှတ်မှုတွင်ဒဏ်ငွေဒေါ်လာ ၂၀,၀၀၀ ပေးဆောင်ရန်လည်း ပါဝင်ပြီး ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၆ရက်မှစ၍ ထောင်ဒဏ်ကျခံရမည်ဖြစ်သည်။

*—Ref: BBC*

# ပါကစတန်သမတဇာဒါရီ ဆေး ကုသမှုခံယူ

**အစ္စလာမာဘတ်၊ ဒီဇင်ဘာ - ၈**

ပါကစ္စတန်သမ္မတ အဆစ်အလီဇာဒါရီသည် နှလုံးရောဂါတစ်မျိုးကြောင့် ဒူဘိုင်းတွင် ဆေးကုသမှုခံယူနေရကြောင်း၎င်း၏ပြောခွင့်ရပုဂ္ဂိုလ်ကပြောကြားပြီး သမ္မတရာထူးမှ နုတ်ထွက်မည်ဆိုသည့် သတင်းများကို ငြင်းဆိုသွားခဲ့သည်။

မစ္စတာဇာဒါရီသည် မူလကစီစဉ်ထားသည့်အတိုင်း ဆေးစစ်မှုနှင့် ကျန်းမာရေးစစ်ဆေးမှုများ ခံယူမည်ဖြစ်ကြောင်း ၎င်း၏ပြောခွင့်ရပုဂ္ဂိုလ်ကပြောသည်။ သို့သော် မစ္စတာဇာဒါရီသည် ဒူဘိုင်းသို့ ထွက်ခွာသွားခဲ့၍ ၎င်းအနေဖြင့် နုတ်ထွက်ရန်ဖိအားပေးနေပြီဖြစ်ကြောင်း ခန့်မှန်းပြောဆိုမှုများ ကြီးထွားလာသည်။

မစ္စတာဇာဒါရီသည် ၂၀၀၈ ခုနှစ် ရွေးကောက်ပွဲများတွင် ပါကစ္စတန်ပြည်သူ့ပါတီ(PPP)အနိုင်ရရှိပြီးနောက် အာဏာရရှိလာသူ အငြင်းပွားဖွယ်ရာနိုင်ငံရေးသမားဖြစ်သည်။ PPP ပါတီအား ၎င်း၏ဇနီး၊ နိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်း ဘနေဇာဘူတိုက ဦးဆောင်ခဲ့ပြီး မစ္စဘူတိုမှာ ၂၀၀၇ ခုနှစ်တွင် လုပ်ကြံခံခဲ့ရသည်။

စစ်ဘက်က အာဏာသိမ်းနိုင်သောအခြေအနေကြောင့် အရာရှိများက ယခုနှစ်အစောပိုင်းတွင် အမေရိကန်၏ အကူအညီတောင်းခံခဲ့သည်ဟူသော မှတ်ချက်ပေါက်ကြားခဲ့ပြီးနောက် ပါကစ္စတန်နိုင်ငံ၏ အရပ်သားအစိုးရမှာမကြာသေးမီရက်ပိုင်းအတွင်း ဖိအားများနှင့်ရင်ဆိုင်နေရသည်။ ယင်းကိစ္စကြောင့် အမေရိကန်နိုင်ငံဆိုင်ရာပါကစ္စတန်သံအမတ်ကြီးနုတ်ထွက်ခဲ့ရသည်။

*—Ref: BBC*


Photo - AFP

# စတိဗ်ဂျော့ဘ်အတ္ထုပ္ပတ္တိ အမေဇုန်၏ ရောင်းအကောင်းဆုံးစာအုပ်ဖြစ်လာ

**ဆန်ဖရန်စစ္စကို၊ ဒီဇင်ဘာ - ၇**

ကွယ်လွန်သူ Apple ကုမ္ပဏီပူးတွဲတည်ထောင်သူ စတိဗ်ဂျော့ဘ်အကြောင်းရေးထားသည့် အတ္ထုပ္ပတ္တိစာအုပ်သည် အွန်လိုင်းစာအုပ်ရောင်းဝယ်ရေးဝက်ဘ်ဆိုက် အမေဇုန်၏ ၂၀၁၁ အတွက် ရောင်းအကောင်းဆုံးစာအုပ်ဖြစ်လာကြောင်းသိရသည်။

အဆိုပါအတ္ထုပ္ပတ္တိစာအုပ်ကို စတိဗ်ဂျော့ဘ်ကွယ်လွန်ပြီး တစ်လအတွင်း အောက်တိုဘာလကုန်ပိုင်း၌ဖြန့်ချိခဲ့ရာ ယခု ဒီဇင်ဘာလမကုန်မီပင် ၂၀၁၁ ၏ အရောင်းရဆုံးစာအုပ်များတွင် နံပါတ်တစ်နေရာရောက်နေခြင်းဖြစ်သည်။ သို့သော် ယင်းစာအုပ်ရောင်းရသည့်အရေအတွက်ကို အမေဇုန်က ထုတ်ဖော်ခြင်းမရှိသော်လည်း Nielsen Book Scan မှ သုတေသနအရ အမေရိကန်နိုင်ငံတွင် စာအုပ်ဖြန့်ချိပြီး ပထမပတ်အတွင်း အုပ်ရေ ၃၈၃,၀၀၀ ခန့် ရောင်းချထားခဲ့ရကြောင်းဆိုထားသည်။

စတိဗ်ဂျော့ဘ်၏ စာအုပ်သည် နိုင်ငံတကာစာအုပ်ဈေးကွက်များတွင်လည်း အရောင်းသွက်ခဲ့ကာ ဘရာဇီးနိုင်ငံတွင် အရောင်းရဆုံး အီလက်ထရွန်နစ်စာအုပ်စာရင်းဝင်ခဲ့သည်။ တရုတ်တိုင်ပေနိုင်ငံတွင်လည်း စာအုပ်မထွက်ခင် ကြိုတင်မှာယူထားမှုများမှာ အခြား အရောင်းရဆုံးစာအုပ်များထက် စံချိန်တင်မြင့်တက်ခဲ့သည်။

ယခုအခါ သတင်းများအရ တိုင်းမ်မဂ္ဂဇင်း အယ်ဒီတာဟောင်း ဝေါ်လ်တာအိုင်ဆက်ဆင်ရေးသည့် ယင်းစာအုပ်ကို အော်စကာဆုရဇာတ်ညွှန်းဆရာအာရွန်ဆော်ကင်က ဇာတ်ညွှန်းရေးသားရန်ရှိနေပြီး စတိဗ်ဂျော့ဘ်နေရာတွင် ယခင် ၁၉၉၉ က Pirates of Silicon Valley ရုပ်သံဇာတ်လမ်းမှ ဂျော့ဘ်အဖြစ် သရုပ်ဆောင်ခဲ့သော နိုအာဝိုင်းလ် (သို့မဟုတ်) ဂျော့ချ်ကလူနေးတို့က ပါဝင်သရုပ်ဆောင်ဖွယ်ရှိသည်ဟုသိရသည်။

ဘင်ဂျမင်ဖရန်ကလင်၊ အိုင်းစတိုင်းနှင့် ဟင်နရီကစ်ဆင်းဂျားတို့အကြောင်း အတ္ထုပ္ပတ္တိများရေးသားခဲ့သည့် ဝေါ်လ်တာအိုင်ဆက်ဆင်သည် စတိဗ်ဂျော့ဘ်၏ အတ္ထုပ္ပတ္တိကို ဂျော့ဘ်ကိုယ်တိုင်နှင့်လည်းကောင်း အခြားမိသားစုဝင်များ၊ သူငယ်ချင်းမိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များနှင့်လည်းကောင်း အကြိမ်ကြိမ် အင်တာဗျူးပြုလုပ်ကာ ရေးသားထားခြင်းဖြစ်သည်။

*—Ref: AP*



7 DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011

# ဆီးရီးယားနိုင်ငံတွင် အကြမ်းဖက်မှုကြောင့် လူ ၅၀ ကျော်သေဆုံး

**ဟမ်းစ်၊ ဒီဇင်ဘာ - ၇**
ဆီးရီးယားနိုင်ငံတွင် သမ္မတဘာရှား၊အယ်လ်အာဆတ်အားဖြုတ်ချရန်ကြိုးစားနေသူများ၏ အဓိကခြေကုပ်ယူထားရာ ဟမ်းစ်မြို့တွင် လူပေါင်း၅၀ခန့်သေဆုံးခဲ့ကြောင်းနှင့်သေဆုံးသူများ၌ ကွင်းပြင်တစ်ခုအတွင်းစုပုံထားသောအလောင်းများလည်းပါဝင်ကြောင်း လူ့အခွင့်အရေးအုပ်စုတစ်ခုကပြောကြားသည်။

သေဆုံးသူများမှာ ဆီးရီးယားတော်လှန်ရေးစတင်ပြီး လူအသေအပျောက်အများဆုံးနေ့တစ်နေ့တွင် သတ်ဖြတ်ခံရသူများဖြစ်ကြောင်း ဗြိတိန်နိုင်ငံတွင် ဌာနချုပ်ဖွင့်လှစ်ထားသည့် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ၎င်းတို့၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင်ရေးသားခဲ့သည်။

ဆီးရီးယားအစိုးရ သတင်းဌာန ဆာနာကမူ သေဆုံးသူများမှာ တူရကီနိုင်ငံမှ ခိုးဝင်လာသည့် လက်နက်ကိုင်အကြမ်းဖက်အုပ်စုတစ်စု၏ အဖွဲ့ဝင်များဖြစ်ကြောင်း ပြောကြားသည်။ လူ့အခွင့်အရေးအုပ်စုကမူ ၎င်းတို့မှာ ဟမ်းစ်မြို့တွင် ပြန်ပေးဆွဲ၍ သတ်ဖြတ်ခံရသူများဖြစ်ကြောင်းပြောသည်။

ဆီးရီးယားနိုင်ငံတွင် အစိုးရအား ဆန့်ကျင်သည့် လူထုအုံကြွဆန္ဒပြမှုများအတွင်း လူပေါင်း ၄,၀၀၀ ခန့်သေဆုံးခဲ့ပြီဖြစ်ကြောင်း ကုသလမဂ္ဂက ခန့်မှန်းထားသည်။ ဆီးရီးယားသမ္မတ အာဆတ်မှာ အာရပ်အဖွဲ့ချုပ်ကြီး၏ ဖိအားပေးခြင်းခံနေရသလို အနောက်နိုင်ငံများ၏ ဖိအားပေးမှုများလည်း ရင်ဆိုင်နေရသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ကလည်း ဆီးရီးယားအတိုက်အခံအဖွဲ့ဖြစ်သည့် ဆီးရီးယားအမျိုးသား ကောင်စီအဖွဲ့ဝင်များနှင့် ဒီဇင်ဘာ ၆ ရက်တွင် ဂျီနီဗာမြို့၌ တွေ့ဆုံခဲ့ကြောင်းနှင့် ယင်းမှာ အမေရိကန် အဆင့်မြင့်အရာရှိကြီးတစ်ဦးနှင့် ဆီးရီးယား အတိုက်အခံအဖွဲ့ ပထမဆုံးတွေ့ဆုံဆွေးနွေးမှုဖြစ်ကြောင်းသိရသည်။

—*Ref: UPI*


Photo - AFP

# အစိမ်းရောင်ရာသီဥတုရန်ပုံငွေပေါ်ထွက်ရေး အကောင်းဆုံးမျှော်လင့်ချက်ဖြစ်ဟုဆို

**ဒါဘန်၊ ဒီဇင်ဘာ - ၈**
တောင်အာဖရိကနိုင်ငံ ဒါဘန်မြို့တွင် ကျင်းပနေသည့် ကုလသမဂ္ဂရာသီဥတုဆွေးနွေးပွဲ၌ ရေရာသေချာမှုများ မရှိချိန်တွင် အစိမ်းရောင်ရာသီဥတုရန်ပုံငွေပေါ်ထွက်လာရေးမှာ အကောင်းဆုံးမျှော်လင့်နိုင်သောအရာဖြစ်ကြောင်း သိရသည်။

သို့သော် အမေရိကန်နိုင်ငံနှင့်ဥရောပတွင် ဘဏ္ဍာရေးအကျပ်အတည်းများ ကြုံတွေ့နေရချိန်တွင် အစိမ်းရောင်ရန်ပုံငွေမှာ ဘဏ္ဍာရေးပံ့ပိုးမှုမရရှိသည့် ရန်ပုံငွေအဖြစ်သာ ရပ်တည်နေမည်ကိုလည်း စိုးရိမ်မှုများရှိနေသည်။

ပြီးခဲ့သည့်နှစ်မက္ကဆီကိုနိုင်ငံ ကန်ကွန်မြို့တွင် ရရှိခဲ့သည့် သဘောတူညီချက်အရ အစိမ်းရောင်ရာသီဥတုရန်ပုံငွေသို့ နှစ်စဉ် ကန်ဒေါ်လာ ၁၀၀ ဘီလီယံ စီးဝင်နေရမည်ဖြစ်ပြီး ယင်းရန်ပုံငွေဖြင့် ဆင်းရဲသောနိုင်ငံများ၏ ရာသီဥတုပြောင်းလဲမှုကို တွန်းလှန်ရန် အကူအညီပေးမည်ဖြစ်သည်။

သို့သော် လက်ရှိဘဏ္ဍာရေးကျပ်တည်းမှုကြောင့်မရေရာသောအခြေအနေများရှိနေစဉ်မှာ ပင် အရေးပါသော ခေါင်းဆောင်တစ်ဦးက ယင်းရန်ပုံငွေအကြောင်း အပြုသဘောပြောဆိုခဲ့သည်။

နော်ဝေးဝန်ကြီးချုပ် ဂျန်းစ်စတိုလင်ဘာ့ဂ်က “စိန်ခေါ်မှုတွေ တော့ရှိပါတယ်။ ဒါပေမဲ့ ၂၀၂၀ အရောက်မှာ ကန်ဒေါ်လာ ၁၀၀ ဘီလီယံလှည့်ပတ်သုံးမယ်ဆိုတာ ဖြစ်နိုင်ခြေရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့မှာ လုပ်စရာအများအပြားရှိနေပြီး အမျိုးမျိုးသောရင်းမြစ်တွေကနေ ဘဏ္ဍာငွေထောက်ပံ့မှုရရှိဖို့ကြိုးစားရပါမယ်”ဟုပြောကြားသည်။

အစိမ်းရောင်ရာသီဥတုရန်ပုံငွေသို့ ပုဂ္ဂလိကဏ္ဍကလည်း ငွေကြေးပိုမိုထည့်ဝင်သွားကြရန် မစ္စတာစတိုလင်ဘာ့ဂ်က ဆက်လက်ပြောကြားသည်။ ထို့ပြင် ကာဗွန်အခွန်ကောက်ခြင်းမှာလည်း အရေးပါသော ရန်ပုံငွေအရင်း အမြစ်ဖြစ်နိုင်ကြောင်း နော်ဝေးဝန်ကြီးချုပ်ကပြောကြားသည်။

—*Ref: AFP*






# အာဖဂန်နစ္စတန်ပုံးခွဲမှုများကို စုံစမ်းစစ်ဆေးမည်

**ကဘူးလ်၊ ဒီဇင်ဘာ - ၈**

အာဖဂန် ရှီဟိုက်ဘာသာဝင်များအား ပစ်မှတ်ထား၍ ဗုံးခွဲတိုက်ခိုက်မှုများမှာ ပါကစ္စတန်အုပ်စုတစ်စု၏ လက်ချက်ဖြစ်ကြောင်း ပြောဆိုမှုများကို အာဖဂန်နစ္စတန်နိုင်ငံက စုံစမ်းစစ်ဆေးနေကြောင်း အရာရှိများကပြောကြားသည်။

လက်ရှိကာအီဂျန်ဗီအဖွဲ့၏ ပြောဆိုမှုများနှင့်ပတ်သက်၍ ပါကစ္စတန်နိုင်ငံနှင့်ဆွေးနွေးရန် အစိုးရကစီစဉ်ထားကြောင်း အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်း၏ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောသည်။

ဒီဇင်ဘာ ၆ရက်က ကဘူးလ်မြို့နှင့် မာဇာအီရှာရစ်ဖ်မြို့များ တွင်ဖြစ်ပေါ်ခဲ့သော ပေါက်ကွဲမှုများကြောင့် အနည်းဆုံး လူ ၆၀ သေဆုံးခဲ့ပြီး ၂၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

လက်ရှိကာအီဂျန်ဗီအယ်လ် အာမီအဖွဲ့အား ကိုယ်စားပြုသူဟုဆိုသူတစ်ဦးက ယင်းဗုံးခွဲမှုများမှာ ၎င်းတို့အဖွဲ့၏လက်ချက်ဖြစ်ကြောင်း ပါကစ္စတန်ရေဒီယိုဌာနတစ်ခုအား ပြောကြားခဲ့သည်။ ယင်းအဖွဲ့မှာ ပါကစ္စတန် တာလီဘန်၊ အယ်လ်ကိုင်ဒါအဖွဲ့များနှင့် ဆက်နွယ်နေသည့်အဖွဲ့တစ်ဖွဲ့ဖြစ်သည်။

ယခုတိုက်ခိုက်မှုများမှာ ၂၀၀၁ ခုနှစ်တွင် တာလီဘန်အစိုးရပြုတ်ကျခဲ့ပြီးနောက်ပိုင်း အာဖဂန် ရှီဟိုက်မွတ်ဆလင်ဘာသာဝင်များအား ပစ်မှတ်ထားသည့် ပထမဆုံးအကြိမ် တိုက်ခိုက်မှုဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

—*Ref: UPI*



Photo - AFP

# ယူရိုဇုန်တွင် အခွန်တစ်ပြေးညီကောက်ခံရန် ပြင်သစ်နှင့် ဂျာမနီတိုက်တွန်း

**ဘရပ်ဆဲလ်၊ ဒီဇင်ဘာ - ၈**

ဥရောပငွေကြေးယူရိုသုံးစွဲသောနိုင်ငံများတွင် ကော်ပိုရေးရှင်းများနှင့်ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များအပေါ် တစ်ပြေးညီအခွန်ကောက်ခံရန် ပြင်သစ်နှင့် ဂျာမနီခေါင်းဆောင်များက အတူတကွ တိုက်တွန်းလိုက်ကြောင်းသိရသည်။

ယင်းအခွန်ကောက်ခံရေးမူဝါဒမှာ အစပိုင်းတွင် ယူရိုဇုန် ၁၇ နိုင်ငံ၌စတင်ကျင့်သုံးရန်ရည်မှန်းထားသည်။ ယူရိုဇုန်နိုင်ငံဖြစ်သည့် အိုင်ယာလန်နိုင်ငံ၏ ကော်ပိုရေးရှင်းအခွန် ၁၂ ဒသမ ၅ ရာခိုင်နှုန်းအား ပြင်သစ်နိုင်ငံက ဝေဖန်နေသည်မှာကြာပြီဖြစ်သည်။

ယင်းသို့ တစ်ပြေးညီ အခွန်ကောက်ခံရေးအဆိုပြုချက်အား ဥရောပသမဂ္ဂ၏ထိပ်သီးဆွေးနွေးပွဲကျင်းပလုဆဲဆဲတွင် ဥရောပကောင်စီဥက္ကဋ္ဌဟာမန်းဗန်ရွန်ပေးထံသို့ ခေါင်းဆောင်နှစ်ဦးက တင်ပြခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ဥရောပနိုင်ငံများတွင် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ၌ စည်းကမ်းလိုက်နာစေရန်အတွက် လက်ရှိဥရောပသဘောတူညီချက်စာချုပ်များကိုပြင်ဆင်ရန် ဂျာမနီနှင့် ပြင်သစ်နိုင်ငံတို့က အလိုရှိနေကြသည်။

အဖွဲ့ဝင် ၂၇နိုင်ငံပါဥရောပသမဂ္ဂတွင် အခွန်များ တစ်ပြေးညီသတ်မှတ်ရေးမှာ အငြင်းပွားဖွယ်ရာကိစ္စဖြစ်ပြီး အထူးသဖြင့် ဗြိတိန်နိုင်ငံကယင်းအစီအစဉ်အားအစဉ်တစိုက် ဆန့်ကျင်ခဲ့သည်။

—*Ref: BBC*



7 DAY NEWS JOURNAL

# International

Vol.10, No.39 • DECEMBER 15, 2011

## မဲခေါင်မြစ် ပူးတွဲကင်းလှည့်ရေး အစီအစဉ် စတင်

**ဘေဂျင်း၊ ဒီဇင်ဘာ - ၁၁**

တရုတ်သင်္ဘောသား ၁၃ ဦး သေဆုံးခဲ့သော တိုက်ခိုက်မှုဖြစ်ပေါ်ခဲ့ပြီးနောက် မဲခေါင်မြစ်ကြောင်းတစ်လျှောက် မြန်မာ၊ ထိုင်း၊ လာအိုနိုင်ငံတို့မှ တပ်ဖွဲ့ဝင်များနှင့်အတူ ပူးတွဲကင်းလှည့်မည့် အစီအစဉ်အား တရုတ်အစိုးရက စတင်လိုက်သည်။

တပ်ဖွဲ့ဝင် ၃၀၀ ဖြင့် ဖွဲ့စည်းထားသည့် အထူးရဲတပ်ဖွဲ့သည် ကုန်သွယ်ရေးသင်္ဘော ၁၀ စီးအား စောင့်ကြပ်၍ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဂွမ်လိုင်းဆိပ်ကမ်းမှ ဒီဇင်ဘာ ၁၀ ရက်တွင် စတင်ထွက်ခွာပြီးနောက် နှစ်ရက်အကြာ၌ ထိုင်းနိုင်ငံ ချင်းဆီယန်မြို့သို့ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။

ရဲတပ်ဖွဲ့စောင့်ရှောက်မှု ပထမဆုံး ရေယာဉ်တန်းတွင် ပါဝင်သည့် သင်္ဘောပိုင်ရှင်တစ်ဦးဖြစ်သူ မစ္စတာယီချောင်ကလည်း အောက်တိုဘာလ တိုက်ခိုက်မှုမဖြစ်ပေါ်မီကပင် မဲခေါင်မြစ်တွင်းသွားလာရင်း လက်နက်ကိုင်ဂိုဏ်းများနှင့် ပြဿနာများစွာကြုံတွေ့ခဲ့ဖူးကြောင်းပြောကြားသည်။



တိုက်ခိုက်မှုဖြစ်ပေါ်ခဲ့ပြီးနောက်တရုတ်အစိုးရသည်မဲခေါင်မြစ်ပေါ်တွင် သင်္ဘောများသွားလာခြင်းကိုဆိုင်းငံ့ခဲ့ကာ မြန်မာ၊ ထိုင်း၊ လာအိုနိုင်ငံတို့နှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ဒေသတွင်း လုံခြုံရေး ပူးပေါင်းဆောင်ရွက်ရန်နှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများအား တိုက်ဖျက်ရန် သဘောတူညီမှုရရှိခဲ့သည်။

အထူးသဖြင့် ရွှေတြိဂံဒေသတွင်ပြန်ပေးဆွဲငွေညှစ်ခြင်း၊ ဓားပြတိုက်ခြင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားခြင်းနှင့် လူကုန်ကူးခြင်းပြဿနာများကြီးထွားနေကြောင်းသိရသည်။—*Ref:Xinhua*



Photo - AFP

## ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူညီချက် ရရှိ

**ဒါဘန်၊ ဒီဇင်ဘာ - ၁၂**

တောင်အာဖရိကနိုင်ငံ ဒါဘန်မြို့တွင်ပြုလုပ်နေသည့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂဆွေးနွေးပွဲ၌ ကာဗွန်ထုတ်လုပ်မှုလျှော့ချရေးသဘောတူညီချက်အတွက် ဆက်လက်လုပ်ဆောင်ရန် နိုင်ငံပေါင်း ၁၉၀ မှ ကိုယ်စားလှယ်များ သဘောတူညီခဲ့ကြောင်း အရာရှိများကပြောကြားသည်။

ဆွေးနွေးပွဲများကို ၇၂ နာရီကြာဆက်တိုက်ပြုလုပ်ခဲ့ပြီးနောက် ၁၉၉၇ ခုနှစ် ကျိုတိုသဘောတူညီချက်အား ဆက်လက်သက်တမ်းတိုးရန် သဘောတူညီမှုရရှိခဲ့သည်။ ကာဗွန်ထုတ်လွှတ်မှုထိန်းချုပ်ရေးအတွက် ပို၍ကျယ်ပြန့်သော သဘောတူညီချက်ရရှိရေးဆွေးနွေးရန် နောက်ထပ်ငါးနှစ် အချိန်ရဦးမည်ဖြစ်သည်။

**စာ(၄၅)သို့**

## ကြွေးမြီအကျပ်အတည်းဖြေရှင်းရန် သဘောတူညီချက်ရသော်လည်း ယူရိုငွေတန်ဖိုးကျဆင်း

**တိုကျို၊ ဒီဇင်ဘာ - ၁၂**

ယခင်ရက်သတ္တပတ် ဥရောပထိပ်သီးဆွေးနွေးပွဲတွင် ယူရိုဇုန်ကြွေးမြီအကျပ်အတည်းအား ကိုင်တွယ်ဖြေရှင်းရေးသဘောတူညီချက်တစ်ရပ်ရရှိခဲ့သော်လည်း ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အသေးစိတ်အစီအစဉ်များ ဆက်လက်စောင့်မျှော်နေချိန်မှာပင် ယူရိုငွေမှာ အခြားကမ္ဘာ့အဓိကငွေကြေးများနှင့် နှိုင်းယှဉ်လျှင် တန်ဖိုးကျဆင်းလာသည်။

ဒီဇင်ဘာ ၉ ရက် ဈေးကွက်ပိတ်သိမ်းချိန်တွင် ၁ ဒသမ ၃၃၈၄ ဒေါ်လာဈေးပေါက်ခဲ့သော ယူရိုမှာ ဒီဇင်ဘာ ၁၂ ရက်တွင် ၁ ဒသမ ၃၃၄၉ ဒေါ်လာသို့ ကျဆင်းလာခဲ့သည်။

**စာ(၄၅)သို့**

## ရွေးကောက်ပွဲလိမ်လည်မှု စွပ်စွဲချက်များ စုံစမ်းစစ်ဆေးရန် ရုရှားသမ္မတအမိန့်ပေး




Photo - AFP

**မော်စကို၊ ဒီဇင်ဘာ - ၁၁**

ရုရှားနိုင်ငံတွင် ဒီဇင်ဘာ ၄ ရက်က ပြုလုပ်ခဲ့သည့် အောက်လွှတ်တော်ရွေးကောက်ပွဲများ၌ မသမာမှုများရှိခဲ့သည်ဆိုသော စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးရန် အမိန့်ပေးထားကြောင်း ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်က ၎င်း၏ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်တွင် ရေးသားခဲ့ကြောင်းသိရသည်။

**စာ(၄၅)သို့**





နတ်တော်လပြည့်ညက လကြတ်နေပုံအဆင့်ဆင့်ကို ရန်ကုန်မြို့၌ တွေ့ရစဉ်

# ဆေးပေါင်းခသောည လကြတ် အုပ်ချုပ်ရေးကဏ္ဍတွင် ကောင်းမွန်သော ပြောင်းလဲမှုများ ဖြစ်ပေါ်နိုင်ဟုဆို

**ဥက္ကာကိုကို**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၂**

နတ်တော်လပြည့်ည(ဒီဇင်ဘာ၁၀ ရက်)တွင် ဖြစ်ပွားခဲ့သော လအပြည့်ကြတ်မှုနှင့်ဆေးပေါင်းခသည့် ဖြစ်စဉ်တို့ ပူးတွဲဖြစ်ပေါ်ခဲ့သည့် ဖြစ်ရပ်ကြောင့် မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာအတွင်း ကောင်းသောပြောင်းလဲမှုတစ်ရပ်ဖြစ်ပေါ်နိုင်ပြီးပြည်သူထောက်ခံမှုရှိကာ ထင်ရှားအောင်မြင်နေသည့် အရည်အချင်းရှိသူများသည် နိုင်ငံ၏ကြီးလေးသော တာဝန်များကို ထမ်းဆောင်ရနိုင်ကြောင်း မြန်မာနိုင်ငံ နက္ခတ်သိပ္ပံအဖွဲ့မှ ဟောကိန်းထုတ်လိုက်သည်။

“လအပြည့်ကြတ်မှုနဲ့ ဆေးပေါင်းခတဲ့ဖြစ်စဉ်တွဲမှုကို မြန်မာနိုင်ငံ လွပ်လပ်ရေးရယူခဲ့တဲ့ ဇာတာနဲ့ တွက်ချက် သုံးသပ်ရရင် မြန်မာနိုင်ငံရဲ့ အုပ်ချုပ်မှုပိုင်းအတွက် ကောင်းတဲ့ပြောင်းလဲတိုးတက်မှုတွေဖြစ်လာနိုင်ပါတယ်။ အတိုက်အခံတွေနဲ့ စေ့စပ်ညှိနှိုင်းတဲ့ကိစ္စတွေ ပြေလည်မယ်။ တိုင်းပြည်အတွက် တကယ်အကျိုးပြုမယ့် အရည်အချင်းရှိသူတွေဟာ ကြီးလေးတဲ့ တာဝန်တွေကို ထမ်းဆောင်ရနိုင်ပါတယ်။ ပြည်သူထောက်ခံပြီး ထင်ရှား အောင်မြင်နေတဲ့ ပုဂ္ဂိုလ်တွေရဲ့ ကံဇာတာမြင့်မားနေတာကို တွေ့ရပါတယ်”ဟု ဦးဇေယျာကိုကပြောသည်။

လအပြည့်ကြတ် သည့်ဖြစ်စဉ်ကိုမြန်မာစံတော်ချိန် ည၇နာရီ ၁၄မိနစ်မှ၁၀နာရီ၄၇မိနစ်အတွင်း ရန်ကုန်နှင့် မန္တလေးမြို့များမှ မြင်တွေ့ခဲ့ကြရပြီး ရန်ကုန် ကောင်းကင်ယံတွင် တိမ်ထူထပ် နေသောကြောင့် လအပြည့်ကြတ်ချိန်ဖြစ်သော ည ၇ နာရီ၄၄မိနစ်တွင်မှ စတင်မြင်တွေ့ကြရကာ မန္တလေးမြို့တွင် လအပြည့်ကြတ်မှုကို အစအဆုံး မြင်တွေ့ခဲ့ကြရကြောင်း သိရသည်။

လအပြည့်ကြတ်မှုမှာ ရုရှားနိုင်ငံ အရှေ့ဘက်မိုးကောင်းကင်မှ စတင်ခဲ့ပြီး ရုရှားနိုင်ငံတွင် ကြီးမားသော နိုင်ငံရေးပြောင်းလဲမှု တစ်ရပ်ဖြစ်ပေါ်လာမည်ဟု ဦးဇေယျာကိုကဆိုသည်။

တန်ဆောင်မုန်းလပြည့်နေ့ လကြတ်မှုဖြစ်စဉ်အပြီးတွင် ဆေးပေါင်းခမှုဖြစ်စဉ်စတင်ခဲ့ပြီး မြန်မာနိုင်ငံ၌ မန္တလေး၊ ပြင်ဦးလွင်မြို့များတွင်ဆေးပေါင်းခခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ ဆေးပေါင်းခမှုနှင့် လအပြည့်ကြတ်သည့်ဖြစ်စဉ်တို့ ပူးတွဲမှုသည် နှစ်ပေါင်း ၂၀၀ အတွင်း ကိုးကြိမ်ဖြစ်ပေါ်ခဲ့ပြီး လာမည့် ၂၀၄၀ ပြည့်နှစ် နိုဝင်ဘာ ၁၈ ရက်တွင် ယခုဖြစ်စဉ်မျိုးပြန်လည်ဖြစ်ပွားဦးမည်ဟု သိရသည်။

# ဂျပန်နှင့် အာဆီယံနိုင်ငံများမှ ဂျီအက်စ်အမ်ဖုန်းများ ပြည်တွင်း၌ အသုံးပြုနိုင်ပြီ

**ယုဇနကိုကို**

**ရန်ကုန်၊**
**ဒီဇင်ဘာ-၁၂**

အာဆီယံနိုင်ငံဆယ်နိုင်ငံအပါအဝင် ဂျပန်နိုင်ငံမှ ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများကိုမြန်မာနိုင်ငံသို့ သယ်ဆောင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်းဌာနမှသတင်းရရှိသည်။

အဆိုပါ နိုင်ငံ ၁၁နိုင်ငံမှ ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများကို မြန်မာနိုင်ငံသို့ သယ်ဆောင်လာပြီး အသုံးပြုနိုင်မည့်စနစ်ကို Mobile Inbound System ဟုခေါ်ဆိုပြီး ယင်းဖုန်းများကို သယ်ဆောင်အသုံးပြုမည့်သူများ အနေဖြင့်သက်ဆိုင်ရာနိုင်ငံအသီးသီးမှ သတ်မှတ်ထားသော (နိုင်ငံတကာသို့သယ်ဆောင်အသုံးပြုသည့်အတွက်ကျသင့်သည့် တယ်လီဖုန်းဘီလ်)ဖုန်းဘီလ်များကိုပေးဆောင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ အာဆီယံနှင့် ဂျပန်နိုင်ငံများသို့သယ်ဆောင်အသုံးပြုနိုင်မည့် Outbound System ကိုမူ ၂၀၁၂နှစ်ဆန်းပိုင်းတွင် သုံးစွဲနိုင်တော့မည်ဖြစ်ပြီး ယခုလက်ရှိအချိန်တွင်မူ ယင်းဝန်ဆောင်မှုအတွက် လုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း အထက်ပါလုပ်ငန်း၏ တာဝန်ရှိသူက 7 Day News သို့ပြောသည်။

အထက်ပါကဲ့သို့မြန်မာနိုင်ငံမှ အာဆီယံနိုင်ငံများနှင့် အခြားသောနိုင်ငံများသို့ ဂျီအက်စ်အမ်မိုဘိုင်းလ်ဖုန်းများကို သယ်ဆောင်သွားကာအသုံးပြုနိုင်မည့် Outbound System ကို အသုံးပြုနိုင်မည်ဆိုပါက ဖုန်းဘေလ်များ မှာ လက်ရှိပြည်တွင်းခေါ်ဆိုမှုများအတွက်သာ သက်မှတ်ထားသောနှုန်းထားများနှင့်မတူညီပဲ ပိုမိုများပြားသွားနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

လက်ရှိအချိန်တွင် စတင်အသုံးပြု နိုင်နေပြီဖြစ်သည့် အာဆီယံအပါအဝင် ဂျပန်နိုင်ငံမှ ဂျီအက်စ်အမ် မိုဘိုင်းဖုန်းများကို Inbound System သည် ယခုလပထမပတ်အတွင်းမှစတင်ကာ နေပြည်တော်ခရိုင်တွင် ပြုလုပ်ခဲ့သည့်အာဆီယံဆက်သွယ်ရေးဝန်ကြီးများအစည်းအဝေးမှ စတင်အသုံးပြုနိုင်ခဲ့ခြင်းဖြစ်သည်။

# ဇုန်မြေဝယ်ထားပြီး အလုပ်မလုပ်သူများ၏ မြေကွက်များ ပြန်သိမ်းရန်စီစဉ်နေ

**ပြည်သိမ်း**

**ရန်ကုန်၊**
**ဒီဇင်ဘာ-၈**

လုပ်ငန်းလုပ်ကိုင်ရန် မဟုတ်ဘဲ စက်မှုဇုန်များတွင် မြေဝယ်ထားမှုများကိုပြန်လည်သိမ်းယူရန်ရန်ကုန်တိုင်းဝန်ကြီးချုပ်ရုံးမှ စတင်စာရင်းကောက်ယူနေကြောင်း စက်မှုဇုန်ဥက္ကဋ္ဌအချို့ထံမှ သတင်းရရှိသည်။

ရန်ကုန်တိုင်းအတွင်းရှိစက်မှုဇုန်များတွင် မြေတစ်ဧက၏ တန်ဖိုးသည် လွန်စွာမြင့်မားနေသည့်အတွက် အမှန်တကယ်လုပ်ငန်းလုပ်လိုသူများအတွက် အခက်အခဲဖြစ်ခြင်း၊ လုပ်ငန်းမလုပ်ဘဲ မြေဝယ်ရင်းနှီးမြှုပ်နှံမှုများကြောင့် စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးတွင် အဟန့်အတားဖြစ်စေခြင်းစသော အခက်အခဲများရှိကြောင်း စက်မှုဇုန်ဥက္ကဋ္ဌတစ်ဦးကဆိုသည်။

“ဘာမှမလုပ်ဘဲ မြေဝယ်ထားသူတွေက အများကြီးပဲ။ မြေဖို့တာတို့၊ မီးသွယ်တာတို့၊ ခြံခတ်တာတို့တောင် မလုပ်ဘဲ လယ်ကွက်အတိုင်း ပစ်ထားတာတွေ တောင်ရှိတယ်”ဟု အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။

လုပ်ငန်းမလုပ်သဖြင့် မြေပြန်သိမ်းမည်ဆိုပါက အဆိုပါလုပ်ငန်းရှင်က အိုးအိမ်မှုမူလဝယ်ယူထားသည် တန်ဖိုးသာရနိုင်ပြီး လက်ရှိပေါက်ဈေးအတိုင်း မရနိုင်ဟု သိရသည်။ စက်မှုဇုန်မြေကွက်များသည် လက်ရှိအချိန်၌ ဇုန်ဟောင်း(ဖွံ့ဖြိုးပြီးဇုန်)များတွင် တစ်ဧကလျှင် ကျပ်သိန်း ၂,၀၀၀ ကျော်ရှိပြီး ဇုန်သစ်များတွင် ကျပ်သိန်း ၁,၀၀၀ ဝန်းကျင်ရှိသည်။

“ကျွန်တော်စက်ရုံဆောက်ဖို့ လွန်ခဲ့တဲ့ ၄ နှစ်ကျော်လောက်က လက်လွှဲဝယ်တာ သိန်း ၂၃၀ ပေးရတယ်။ နိုင်ငံတော်က ရောင်းတာက သိန်း ၁၈၀ ပဲ” ဟု ဒဂုံအရှေ့စက်မှုဇုန်မှ ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက သူ၏ အတွေ့အကြုံကိုပြောသည်။

ထိုလုပ်ငန်းရှင်ဝယ်ထားသော မြေနှစ်ကွက်မှာ ယခုအခါမြေတစ်ဧကေ တစ်ကွက်လျှင် ကျပ်သိန်း ၁,၇၀၀ ထိ ဈေးမြင့်တက်လာသည်။

စက်မှုဇုန်များတွင် လုပ်ငန်းမလုပ်ဘဲ ဝယ်ယူရင်းနှီးမြှုပ်နှံထားသူများသည် ငွေကြေးများစွာ ချမ်းသာသူများ၊ တာဝန်ရှိသူများနှင့် ပတ်သက်သူများ အများဆုံးဖြစ်၍ ရန်ကုန်တိုင်း အစိုးရအနေဖြင့် လုပ်ငန်းမလုပ်လျှင် မြေပြန်သိမ်းမည်ဆိုခြင်းမှာ စိတ်ဝင်စားစရာကောင်းပြီး မည်သို့ဆောင်ရွက်မည်ကို စောင့်ကြည့်သင့်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

ထို့အပြင် ရန်ကုန်မြို့၏ အိမ်ခြံမြေဈေးနှုန်းများမှာလည်း အဆမတန်မြင့်တက်နေသည့်အတွက် အခြားသော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် အခက်အခဲဖြစ်နေသည်။ တစ်နှစ်အတွင်း အိမ်ခြံမြေကို လက်လွှဲရောင်းချမှုများကြောင့် ဈေးနှုန်းများမှာ မြင့်တက်လာခဲ့သည်။ ထို့ကြောင့် စင်ကာပူနိုင်ငံကဲ့သို့ အိမ်ခြံမြေရောင်းဝယ်ရာတွင် ဝင်ရောက်ထိန်းသိမ်းပေးသင့်ကြောင်း၊ စင်ကာပူတွင် အိမ်ခြံမြေ၌ ရင်းနှီးမြှုပ်နှံရာတွင် ဝယ်ယူပြီး ၂ နှစ်ကျော်မှသာ ပြန်လည်ရောင်းချနိုင်ကြောင်း မြို့ပြနှင့်ဒေသဆိုင်ရာ စီမံကိန်းအကြံပေး (Urban & Regional Planning) ဦးဝင်းမြင့်က UMFCCI တွင် ကျင်းပသောဟောပြောပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့ကြောင့်စက်မှုဇုန်မြေကွက်များကို ဝယ်ယူထားသူများသည် ဒီဇင်ဘာ ၈ရက်မှစတင်၍ ခြောက်လအတွင်း စက်ရုံတည်ဆောက်ခြင်းမရှိပါကဝယ်ယူထားသည့်မြေကွက်ပယ်ဖျက်မည်ဖြစ်ကြောင်း၊ ပေးသွင်းထားသည့် စက်မှုဇုန်မြေကွက်တန်ဖိုးကိုလည်း ပြန်လည်ထုတ်ပေးမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၈ ရက်ထုတ်နိုင်ငံပိုင် သတင်းစာတွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံကိန်းဌာနခွဲမှ တရားဝင်ထုတ်ပြန်ကြေညာထားသည်။

အဆိုပါ ကြေညာချက်တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ စက်မှုဇုန်အမှတ်(၁)နှင့် (၂)တွင် ရင်းနှီးမြှုပ်နှံမှုအတွက် ဝယ်ယူထားသည့်မြေကွက်ပေါင်း ၁၂၅ ကွက်ရှိသည်။

# ပစ္စည်းလုသောဖြစ်ရပ်အချို့ကြောင့် အမျိုးသမီးဝန်ထမ်းများ ဆိုင်ကယ်ကယ်ရီမသုံးရန် သက်ဆိုင်ရာက သတိပေး

**ထူးသန့်**

**နေပြည်တော်၊ ဒီဇင်ဘာ-၈**

နေပြည်တော် ကောင်စီနယ်မြေအတွင်း အမျိုးသမီးအချို့ထံမှ ရွှေ၊ ငွေနှင့် လက်ဝတ်လက်စားများ လုယက်မှုအချို့ ဖြစ်ပွားခဲ့၍ ဌာနဆိုင်ရာများမှ အမျိုးသမီးဝန်ထမ်းများအား ဆိုင်ကယ်ကယ်ရီ အသုံးပြုခြင်းမပြုရန် သက်ဆိုင်ရာက သတိပေးလာကြောင်း သတင်းရရှိသည်။

“ရုံးကို နေပြည်တော်ကောင်စီကနေ သတိပေးချက်စာရောက်လာလို့ ကျွန်မတို့ လူကြီးကနေ ကျွန်မတို့ကို ပြန်ပြောပြတာ။ နေပြည်တော်မှာ အဲဒီလိုဖြစ်စဉ်တွေ ဆယ်ဂဏန်းလောက်ရှိနေပြီ။ အဲဒါကြောင့် ဖြစ်နိုင်ရင် ကယ်ရီမစီးဖို့ မဖြစ်မနေစီးရရင်လည်း သေချာမှတ်သားပြီး စီးနင်းဖို့မှာထားတယ်”ဟု အသက် ၄၁ ခန့်အရွယ်ရှိ အမျိုးသမီးဝန်ထမ်းတစ်ဦးကပြောသည်။


ထိုကဲ့သို့သောဖြစ်စဉ်များအနက်ပြီးခဲ့သည့်အောက်တိုဘာလအတွင်းက ဖြစ်ပွားခဲ့သော ဝန်ထမ်းအမျိုးသမီးထံမှ တန်ဖိုးကျပ်၁၀သိန်းခန့်ရှိသောလက်ဝတ်ရတနာများအကြမ်းဖက်လုယူသွားသည့် ဖြစ်စဉ်များ လူထုကြားပျံ့နှံ့သွားပြီး စိတ်ဝင်တစားစောင့်ကြည့်ကြကြောင်းလည်း ဒေသခံ ကယ်ရီသမားအချို့ကပြောသည်။ “အဲဒီအမှုက ဘာဖြစ်သွားလဲ၊ မိသွားလား ပစ္စည်းတွေပြန်ရပြီလားဆိုပြီးလူတွေကစိတ်ဝင်တစား မေးနေတုံးပဲ”ဟုကယ်ရီသမားတစ်ဦးကပြောသည်။

ဒေသ၏ ခရီးသည် သယ်ယူပို့ဆောင်ရေးအခြေအနေအရ လုံး ဝ ရှင်းလင်း၍ မရသေးသော ဆိုင်ကယ်ကယ်ရီများနှင့် ပတ်သက်၍ နှစ်ဖက်လုံခြုံမှုရရှိစေရန် စုစည်း သတ်မှတ်ပေးခြင်းကို နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီကဆောင်ရွက်ပေးခဲ့သော်လည်း မြေပြင်အခြေ အနေတွင်မူ အောင်မြင်သည်ဟု မဆိုနိုင်သေးကြောင်း ဒေသခံလုပ်ငန်းရှင်တစ်ဦးကမှတ်ချက်ပေးပြောဆိုသည်။

“သူတို့ကတော့ကယ်ရီကိုထင်သာမြင်သာအောင်သတ်မှတ်ပေးလိုက်တာပဲ။ ဒါပေမဲ့ အောက်ခြေမှာက တစ်မျိုးဖြစ်နေတယ်။ အကျီင်္ဂျားပြီးဆွဲတာရယ်၊ အကျီရော၊ ကတ်ပါရောင်းကြ၊ ဝယ်ကြတာရယ်၊ ဒီတိုင်းဆွဲတာလည်းရှိတာပဲ။ တရားဝင်ကတ်ကလိုချင်တဲ့သူတိုင်းမရသလို ရထားတဲ့သူတိုင်းကလည်း တကယ်လုပ်ကိုင်ချင်တာမဟုတ်တော့သောင်းဂဏန်းကြီးကြီးနဲ့ ပြန်ရောင်းမယ်လို့ပြောကြတာပဲ”ဟု ၎င်းက ရှင်းလင်းပြောကြားခဲ့သည်။

7 DAY NEWS JOURNAL
Vol.10, No.39 · DECEMBER 15, 2011

# ဂျီအက်စ်အမ်ဖုန်း အင်တာနက်စနစ် ပြန်လည်လျှောက်ထားခွင့်ပြု



**ယုဇနကိုကို**

**နေပြည်တော်၊ ဒီဇင်ဘာ-၇**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကလအတန်ကြာလျှောက်ထားခွင့်ရပ်ဆိုင်းထားခဲ့သည့် ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများပေါ်တွင် အသုံးပြုနိုင်သည့် EDGE (Enhanced Data rates for GSM Evolution) စနစ်ကို ပြန်လည်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း ယင်းလုပ်ငန်း၏ မိုဘိုင်းဌာနမှ တာဝန်ရှိသူတစ်ဦးက 7Day News သို့ပြောသည်။

ကျပ်တစ်ဆယ့်ငါးသိန်းတန်နှင့် ကျပ်ငါးသိန်းတန် မိုဘိုင်းဖုန်းများပေါ်တွင် အသုံးပြုနိုင်သည့် အဆိုပါEDGE အင်တာနက်စနစ်ကို ယခုလ ၅ရက်နေ့ကစတင်၍ ပြန်လည်လျှောက်ထားနိုင်ခဲ့ခြင်းဖြစ်သည်။

EDGE စနစ်ကို လျှောက်ထားရာတွင် ရန်ကုန်နှင့် နေပြည်တော်တို့ ပထမဦးဆုံး လျှောက်ထားနိုင်ဦးမည်ဖြစ်ပြီး မန္တလေးမြို့၏ ဂျီအက်စ်အမ်သုံးစွဲသူများအတွက် မကြာမီအချိန်အတွင်း လျှောက်ထားခွင့်ပေးသွားမည်ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

အဆိုပါ ဂျီအက်စ်အမ်ဖုန်းများအတွက် အင်တာနက် ဆက်သွယ်မှုစနစ် အသုံးပြုနိုင်ရန် လျှောက်ထားမှုတွင်နှုန်းထားများမှာယခင်ကကဲ့သို့မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ငွေကျပ်တစ်သောင်းသာထပ်မံပေးသွင်းရမည်ဖြစ်သည်။

အဆိုပါအင်တာနက်စနစ်ကို လျှောက်ထားရာတွင် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအပြင် Asia Mega Link နှင့် Elite Tech အစရှိသည့် ပုဂ္ဂလိကကုမ္ပဏီများ၌ မှတ်ပုံတင်ပြသရန်မလိုဘဲ ဖုန်းနံပါတ်ပြသရုံဖြင့် လျှောက်ထားနိုင်သည်။

ထိုစနစ်ကိုယခုနှစ်ဆန်းပိုင်းက လျှောက်ထားခွင့်ပြုခဲ့ပြီး မကြာမီတွင် ပြန်လည်ရပ်ဆိုင်းလိုက်ရခြင်းမှာ အဆိုပါအင်တာနက်စနစ်နှင့်ပတ်သက်သည့်နည်းစနစ်များကို အဆင့်မြှင့်တင်ခြင်းများပြုလုပ်နေခြင်းကြောင့်ဟု မိုဘိုင်းဌာနမှတာဝန်ရှိသူက ဆက်လက်ပြောသည်။

EDGE အင်တာနက်စနစ်သည် စတင်အသုံးပြုခွင့်ပေးခဲ့သည့်အချိန်မှနောက်ဆုံးလျှောက်ထားအသုံးပြုနိုင်ခဲ့သည့် အချိန်အထိ၎င်း၏ အင်တာနက်မြန်နှုန်းများသည် သုံးစွဲသူများအတွက် ဆက်သွယ်မှုအဆင်ပြေလောက်သည့် ပမာဏအထိ မရရှိသေးဘဲ CDMA 800 Mhz ဖုန်းများ၏ EVDO စနစ်ထက် မြန်နှုန်းအနည်းငယ်နှေးကွေးသည်။

# ဆရာမကြီး စောမုံညင်း ကွယ်လွန်

**ဥက္ကာကိုကို**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၂**

သက်ကြီးစာပေနှင့်ဂီတပညာရှင် စာရေးဆရာမကြီး စောမုံညင်းသည် ယနေ့ ဒီဇင်ဘာ ၁၂ ရက် နံနက် ၁ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သတင်းရရှိသည်။

ဆရာမကြီးစောမုံညင်း၏ အမည်ရင်းမှာ ဒေါ်ရင်ရင်ဖြစ်ပြီး မြန်မာ့ရိုးရာ ဓလေ့ထုံးစံများ၊ စာပေနှင့်ယဉ်ကျေးမှု၊ ဘာသာရေး၊ အနုပညာ၊ ဇာတိမာန်၊ စာပေနှင့် မဟာဂီတအကြောင်းအရာများကို ရေးသားခဲ့ကာ ကိုယ်တိုင်လည်း ထဲထဲဝင်ဝင်လေ့လာလိုက်စားခဲ့သူဖြစ်သည်။

ဆရာမကြီးကို အခွန်တော်အမတ် ဦးစံတင်(အေစီ)နှင့် ဒေါ်ဒေါ်မြို့တို့မှ ၁၉၂၁ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် မိုးမိတ်မြို့၌ မွေးဖွားခဲ့သည်။

ဆရာမကြီးသည်အထက်တန်းကျောင်းသူဘဝမှစ၍ စာပေများစတင်ရေးသားခဲ့ကာ ဂျပ်ဆင်ကောလိပ်မဂ္ဂဇင်းတွင် ဆောင်းပါး၊ ကဗျာများ ရေးသားရာမှ စောမုံညင်းဟူသော ကလောင်အမည်ကို ခံယူခဲ့သည်။

၁၉၆၃ ခုနှစ်တွင် ရှေ့ဆောင်လူငယ်သောက်ရှူးကြယ် စာအုပ်ဖြင့် ကလေးလူငယ်ဆိုင်ရာ စာပေတတိယဆု၊ ၁၉၆၅ ခုနှစ်တွင်မြန်မာမှုစုံပန်းရဂုံစာအုပ်ဖြင့် ဗုဒ္ဓကလျာဏယုဝအသင်းမှချီးမြှင့်သော ယဉ်ကျေးမှုစာပေ ဒုတိယဆု၊ ၁၉၈၅ ခုနှစ်တွင် မြန်မာအမျိုးသမီးဆင်ယင်ထုံးဖွဲ့မှုစာအုပ်ဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အမျိုးသားစာပေဆု၊ ၂၀၀၀ ပြည့်နှစ်တွင် အရှေ့တောင်အာရှစာပေရွှေတံဆိပ်ဆု၊ တစ်သက်တာစာပေဆု စသည်တို့ကိုရရှိခဲ့သည်။

ဆရာမကြီးသည် အမျိုးသမီးကင်းထောက်မင်းကြီး၊ အမျိုးသမီးအကျဉ်းထောင်ကြီးကြပ်ရေး အဖွဲ့ဝင်၊ ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့ဝင်၊ ရန်ကုန်တိုင်းရွေးချယ်ရေးကော်မရှင်အဖွဲ့ဝင်၊ စာပေနှင့်စာနယ်ဇင်း ဗဟိုအလုပ်အမှုဆောင်၊ ရုပ်ရှင်အကယ်ဒမီဘုတ်အဖွဲ့ဝင်၊ မဟာဂီတသီချင်းကြီး စိစစ်ရေးအဖွဲ့ဝင်၊ ယဉ်ကျေးမှုတက္ကသိုလ် ဇာတ်သဘင်အကြံပေးအဖွဲ့ဝင်၊ မြန်မာ့အသံယဉ်ကျေးမှု အနုပညာဆိုင်ရာ ပင်တိုင်အသံလွှင့်တာဝန်၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရွေးချယ်ရေးအဖွဲ့ဝင်၊ ဆိုကရေးတီးပြိုင်ပွဲကြီးများ၏ ဦးစီးအဖွဲ့ဝင်၊ အမျိုးသားညီလာခံကိုယ်စားလှယ်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာကော်မတီယဉ်ကျေးမှုအကြံပေး၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနာယက၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်အကြံပေး၊ မြန်မာနိုင်ငံ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်းနာယကနှင့် နှင်းဆီကုန်း ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ဝင်တို့အဖြစ် များစွာပါဝင်ဆောင်ရွက်ခဲ့သူဖြစ်သည်။

မြန်မာသီချင်းကြီး၊ သီချင်းခံများကို သင်ယူကာ မြန်မာ့အသံမှ မဟာဂီတသီချင်းများကို အသံလွှင့်ခဲ့ပြီး ယဉ်ကျေးမှု အနုပညာနှင့်ပတ်သက်၍ မြန်မာ့အသံတွင် နှစ်ရှည်လများ ဟောပြောခဲ့ကာ ထိုအသံလွှင့်ချက်များကို အတွဲသုံးတွဲ ပုံနှိပ်ထုတ်ဝေခဲ့သည်။

မြန်မာအမျိုးသမီး၊ စောမုံညင်း၏ စောမုံညင်းအတ္ထုပ္ပတ္တိ၊ မြတ်နိုးစရာမြန်မာ့ရိုးရာများ ၊ ကင်းထောက်အမျိုးသမီးလက်စွဲနှင့် မီးပုံပွဲသီချင်းများ၊ နော်ဇာကုံးနှင့် ပုလဲသွယ်ဆောင်းပါးပေါင်းချုပ်စသောစာပေလက်ရာများကိုလည်းရေးသားပြုစုခဲ့သည်။

ဆရာမကြီး စောမုံညင်းသည် ကွယ်လွန်ချိန်တွင် အသက်(၉၀)ရှိပြီဖြစ်ပြီး ဆရာမကြီး၏ ဈာပနကို ယခုလ ၁၄ ရက်(ဗုဒ္ဓဟူးနေ့)၊ နေ့လယ် ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ကြောင်း သိရသည်။

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ခမောက်တံဆိပ် လုံးဝသက်ဆိုင်ခြင်းမရှိတော့ကြောင်း ကြေညာချက်ထုတ်ပြန်

**မြတ်စုမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ- ၁၁**

ခမောက်တံဆိပ်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ကြောင်း ယနေ့ ထုတ်နိုင်ငံပိုင်သတင်းစာများ တွင်တရားဝင်ကြေညာချက်ထုတ်ပြန်လိုက်သည်။

ခမောက်ပုံအမှတ်တံဆိပ်ကို ပါတီအမှတ်တံဆိပ်အဖြစ်သုံးစွဲလျက်ရှိသည့် အခြားသော နိုင်ငံရေးပါတီများလည်းရှိနေသည့်အတွက်လာမည့်ကာလတွင်ခမောက်ပုံတံဆိပ်ကြောင့်မဲဆန္ဒရှင်ပြည်သူများအကြားထင်ယောင်ထင်မှားမဖြစ်စေလိုသဖြင့် ယခုကဲ့သို့ထုတ်ပြန်ကြေညာခြင်းဖြစ်ကြောင်း အစိုးရပိုင်သတင်းစာများတွင် ဖော်ပြပါရှိသည်။

ပြီးခဲ့သည့် ၂၀၁၀ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအင်အားစုပါတီ(NDF)က ခမောက်တံဆိပ်ကို ပါတီအမှတ်တံဆိပ်အဖြစ်အသုံးပြုခဲ့ခြင်းအပေါ် အင်န်အယ်ဒီပါတီက ကန့်ကွက်ခဲ့သော်လည်း ကော်မရှင်က တစ်စုံတစ်ရာအရေးယူဆောင်ရွက်ပေးခဲ့ခြင်းမရှိသဖြင့်ခမောက်သည် အင်န်အယ်ဒီနှင့်သက်ဆိုင်နေသေးသကဲ့သို့မဲဆန္ဒရှင်များအကြားယခုတိုင်ထင်ယောင်ထင်မှားဖြစ်နေကြကြောင်း ကြားသိနေရကြောင်း ယင်းကြေညာချက်တွင် ဖော်ပြထားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏အမှတ်တံဆိပ်အသစ်ကို အနီရောင်အောက်ခံတွင် အဖြူရောင်ကြယ်နှင့် ရွှေရောင်ခွပ်ဒေါင်းပုံ၊ အဖြူရောင် “အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်”စာတန်းကို အောက်ခြေတွင်ဖော်ပြထားသည်။ စံပြုအရွယ်အစားအားဖြင့် ထောင့်မှန်စတုဂံပုံ အလျား ၁ ဒသမ ၆၂ လက်မ၊ အနံ ၁ လက်မအဖြစ်ပြောင်းလဲသတ်မှတ်လိုက်ကြောင်းအဆိုပါထုတ်ပြန်ကြေညာချက်တွင်ဖော်ပြထားသည်။

၂၀၁၀ ရွေးကောက်ပွဲတွင် မှတ်ပုံမတင်၊ရွေးကောက်ပွဲမဝင်ခဲ့သည့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)သည်ပါတီအဖြစ်အသစ်ပြန်လည်တည်ထောင်ရန် ပြီးခဲ့သည့်နိုဝင်ဘာ ၁၈ ရက်တွင် ဆုံးဖြတ်ခဲ့သည်။

ထို့နောက် ၆ ရက်အကြာ နိုဝင်ဘာ ၂၄ ရက်တွင် နေပြည်တော်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီပြန်လည်တည်ထောင်ရန် NLD မှ တာဝန်ရှိသူများက သွားရောက်လျှောက်ထားပြီးဖြစ်သည်။ သို့သော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဒီဇင်ဘာ ၁၁ ရက်အထိ ပါတီမှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာချက်မထုတ်ပြန်သေးပေ။

## စာမျက်နှာ (၂၉) - အာဆီယံအဖွဲ့အတွင်း ပါရာဒိုင်းပြောင်းလဲမှုအသစ် မှ

ဗီယက်နမ်သည်လည်း အောင်မြင်ခဲ့သည်။ ဟန္တိုင်းသည် အမေရိကန်အား တောင်တရုတ်ပင်လယ်အတွင်း လုံခြုံမှု ရှိရှိ၊ လွတ်လပ်စွာရေကြောင်း သွားလာရေးအတွက် နှစ်နှင့်ချီ ကြာမြင့်သော ဆွေးနွေးစရာစာရင်း Agenda ကို ဖော်ဆောင်ခဲ့ပြီးတရုတ်ကိုဒေါသထွက်စေခဲ့ရာ ယင်းက အမေရိကန်နှင့် အာဆီယံအကြား ပင်လယ်ရေကြောင်း လုံခြုံရေး ပိုမိုပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ဦးဆောင်စေခဲ့သည်။

တိုက်ဆိုင်စွာပင် ထိုင်းသည်လည်း ဗီယက်နမ်ပြီးနောက် အာဆီယံ-တရုတ် ဆက်ဆံရေးအတွက် အလှည့်ကျ Coordinator နေရာကို ၂၀၁၂-၂၀၁၅ ကာလအဖြစ်လာမည့် ဇူလိုင်တွင် စတင်တာဝန်ယူရတော့မည်။ အမေရိကန်နှင့် အဓိက စစ်ရေးမဟာမိတ်ဖြစ်ကာ တရုတ်နှင့်လည်း ဘက်ပေါင်းစုံနီးစပ်သော ဆက်ဆံရေးများ ရှိထားသည့် ထိုင်းသည် ကိုယ်တိုင် အာဆီယံ Coordinator အဖြစ်မည်သို့ကစားမည်ကိုကြည့်ရပါမည်။ ဘန်ကောက်က အာဆီယံ၏အမည်နှင့်ဖြစ်စေ(သို့မဟုတ်) ၎င်းကိုယ်တိုင်အတွက်ဖြစ် စေ လုပ်ဆောင်သမျှသည် ဒေသဆိုင်ရာ လုံခြုံရေးရှုမျှော်ခင်းများနှင့် အာဆီယံအပေါ် အကျိုးသက်ရောက်မှုများ ရှိလာမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ဘာလီထိပ်သီးဆွေးနွေးပွဲတွင် ထိုင်းဒုတိယနိုင်ငံခြားရေးဝန်ကြီး ဂျူလာပေါင်နွန်ဆရီချိုင်းက ဖိလစ်ပိုင်မှ တင်ပြချက်တစ်ခုကိုငြင်းပယ်ခဲ့သည်။ ယင်းမှာ ပင်လယ်ရေကြောင်းလုံခြုံရေးပူးပေါင်းဆောင်ရွက်ရန် အထူးပြုထားသော စတုတ္ထအကြိမ်မြောက် အာဆီယံ - အမေရိကန်ပူးတွဲကြေညာချက်မူကြမ်းကို လက်ခံရန် ထိုင်းအားဖိအားပေးခဲ့ခြင်းကြောင့်ဖြစ်သည်။ သို့သော် ကံကောင်းသည်မှာ အဆိုပါ ငြင်းပယ်မှုလုပ်ရပ်မှာ ပုံမှန်ဆွေးနွေးပွဲပြင်ပကော်ရစ်ဒါတွင် သာဖြစ်ခဲ့ခြင်းဖြစ်သည်။ တရားဝင်မဟုတ်ပါ။ ထိပ်သီးဆွေးနွေးပွဲ မတိုင်မီအစောပိုင်းကမူ ဘန်ကောက်၌ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနကို တရုတ်သံရုံးက ချဉ်းကပ်၍အခြားအာဆီယံနိုင်ငံများအားလည်း ကြေညာချက်တွင် တရုတ်အတွက် ထိခိုက်နိုင်စရာ ပူးပေါင်းဆောင်ရွက်မှုများ မထည့်ဘဲ ပယ်ဖျက်ပေးရန် တောင်းဆိုနားချခဲ့ပါသည်။

အကယ်၍ ဒီမိုကရေစီဖြစ်လာသော မြန်မာသည် အာဆီယံအတွင်း အပြည့်အဝပေါင်းစပ်နိုင်ခဲ့ပါက ယင်းအဖွဲ့ကို ပို၍ ဒီမိုကရေစီကျအောင် တံခါးဖွင့်ပေးနိုင်ပါမည်။ ပြီးခဲ့သည့် သုံးလအတွင်း မြန်မာပြည်အတွင်း၌ မထင်မှတ်ဘဲ ဖြစ်ပေါ်ခဲ့သော အပြောင်းအလဲများက အချို့သော အာဆီယံအဖွဲ့ဝင်များကိုပင် ရှက်မိစေနိုင်ပါသည်။ ဥပမာအားဖြင့် နေပြည်တော်သည် မကြာမီကပင် အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို တည်ထောင်ခဲ့ပြီး ထိုင်း၊ အင်ဒို၊ မလေးရှားနှင့် ဖိလစ်ပိုင်တို့ကဲ့သို့ ဖြစ်ခဲ့သည်။ မြန်မာ၏ အလုပ်သမားဥပဒေသည် ယခုအခါ အခြားအာဆီယံနိုင်ငံများထက် ပို၍ လွတ်လပ်ကာ အလုပ်သမားများအား သပိတ်မှောက်ခွင့်ပေးအပ်ထားသည်။ မြန်မာပြည်တွင်း လက်ရှိပြောင်းလဲမှုများ မတိုင်မီကတော့ ကမ္ဘောဒီးယားကို အာဆီယံတွင် အဓိကပြောင်းလဲနိုင်စွမ်းရှိသူ Game Changer အဖြစ် သတ်မှတ်ခဲ့ကြသည်။ အကြောင်းမှာ ၎င်းသည် အာဆီယံသို့ အသစ်ဝင်ရောက်ခဲ့သည့် အဖွဲ့ဝင်အသစ်များတွင် အလွတ်လပ်ဆုံးနိုင်ငံဖြစ်သောကြောင့်ဖြစ်ပါသည်။ မြန်မာသည် အာဆီယံ လူ့အခွင့်အရေးဆိုင်ရာကိစ္စအတွက် သုံးသပ်ချက်ထုတ်ပြန်ချိန်တွင် အာဆီယံဥက္ကဋ္ဌနေရာ ထမ်းဆောင်နေမည်ဖြစ်သည်။

အာဆီယံ၌ ပါရာဒိုင်းပြောင်းလဲမှုအသစ်သည် မကြာခင်စတော့မည့်ကမ္ဘောဒီးယား၏ဥက္ကဋ္ဌနေရာတာဝန်ယူချိန်ကာလအတွင်း အစမ်းသပ်ခံပါလိမ့်မည်။ ကမ္ဘောဒီးယား၏ ဥက္ကဋ္ဌနေရာမှာပြီးခဲ့သော ဘာလီဆွေးနွေးပွဲအပြီးတွင် စတင်ခဲ့ပါသည်။ ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆင်သည်လည်း အထက်ပါ အင်အားကြီးနိုင်ငံများ၏ ပြိုင်ပွဲအလယ်ဗဟိုသို့ ရောက်ရှိရန် နီးစပ်နေပါပြီ။

*Ref: A new paradigm shift in Asean. by Kavi Chongkittavorn.*

7DAY NEWS JOURNAL
Vol.10, No.39 • DECEMBER 15, 2011



# ရှေးဟောင်းပစ္စည်းများ ဈေးကောင်းပေးဝယ်ခြင်းများကိုသတိပြုရန် ပညာရှင်တစ်ဦးတိုက်တွန်း

**မင်းဒင်**

**မန္တလေး၊ ဒီဇင်ဘာ- ၁၂**

ရှေးဟောင်းပန်းကန်ပြား၊ အလေး၊ အောက်လင်းဓာတ်မီးများအားဝယ်သည်ဆိုခြင်းကို သတိပြုရန်လိုကြောင်း ဗဟုသုတကြွယ်ဝသည့် ဓာတုအင်ဂျင်နီယာကြီးတစ်ဦးက အကြံပြုပြောကြားသည်။

ထိုပစ္စည်းများကိုစစ်မစစ်၊အသုံးတည့် မတည့်စမ်းသပ်မှုများသည် ဒြပ်သတ္တုပစ္စည်းများ၏ ရှိရင်းစွဲ ဂုဏ်သတ္တိများသာဖြစ်ရာ ထူးခြားချက် အချို့ပေါ်ယုံကြည်ချက်လွန်ကဲကာငွေကြေးအမြောက်အမြား ဆုံးရှုံးခြင်းမျိုးဖြစ်နိုင်၍ သတိထားသင့်ကြောင်း ၎င်းက သတိပေးသည်။

"လူထုအနေနဲ့ အသိပညာဗဟုသုတလေ့လာမှုပိုင်းအားနည်းနေသေးတယ်။ အနောက်နိုင်ငံလိုမျိုးမှာ ဒါမျိုးလာပြော၊ မောင်းတောင်ထုတ်လိမ့်အုံးမယ်။ မဖြစ်စလောက် ထူးခြားချက်တွေကို စမ်းသပ်ချက်အဖြစ် သုံးတယ်။ အဓိက စဉ်းစားဖို့က အကျိုးအမြတ်ကို ရှေ့တန်းတင် ပြောကြားလာရင် လိမ်ဖို့ဖြစ်နိုင်တာကြောင့် သတိထားသင့်တယ်။ ဒီပန်းကန်နဲ့စားလို့ ဘာပျောက်တယ်၊ ဒီပစ္စည်းဆောင်ရင် ဘာဖြစ်တယ်။ ဒါမျိုးတွေပေါ့။ ဘာလို့လဲဆိုရင် ဝယ်ယူဖို့ရောင်းချဖို့ ပစ္စည်းစမ်းသပ်တဲ့နည်းတွေက သိပ္ပံရှုထောင့်ကဆိုရင် အခြေခံသိပ္ပံ သဘောတရားဖြစ်စဉ်တွေသာဖြစ်နေတယ်။ ရှေးဟောင်းပစ္စည်းစုဆောင်းမှုဝါသနာအရ ဈေးကွက်အရတော့ မပြောတတ်ဘူး။ ဒီပစ္စည်းတွေရဲ့ ဒြပ်သတ္တုအရတော့ ထူးခြားတဲ့ အဖိုးတန်တဲ့ ပစ္စည်းတွေမဖြစ်နိုင်ပါဘူး။ ပိုတိကျတဲ့ အဖြေပေးနိုင်ဖို့ဆိုရင်တော့ဓာတ်ခွဲကြည့်ရမယ်" ဟု အထက်ပါပညာရှင်က ပြောသည်။ အဆိုပါ ပစ္စည်းစမ်းသပ်မှုများအောင်မြင်ပါက အရောင်းအဝယ်ပြုလုပ်ကြသည်ဆိုသော်လည်း အရောင်းအဝယ်ဖြစ်သည်များမရှိသေးကြောင်း အဆိုပါပစ္စည်းများအပေါ် ယုံကြည်ချက်ရှိပြီး အရောင်းအဝယ်ပြုလုပ်ရန် ပစ္စည်းရှာဖွေနေသူ အသက် ၂၆ နှစ်အရွယ် ဆိုင်ကယ် တက္ကစီသမားတစ်ဦးကပြောသည်။

"ဝယ်လက်တော့ရှိတယ်ပြောတာပဲ။ ဒါပေမဲ့ တွေ့တွေ့ဆိုင်ဆိုင် အရောင်းအဝယ်တည့်သံ မကြားသေးပါဘူး။ ပစ္စည်းတွေတော့ ဟိုနားရှိတယ်ဒီနားရှိတယ်ကြားတာပဲ"ဟု အသက် ၆၀ ကျော်အရွယ်မြေပွဲစားတစ်ဦးကသူသွားလာလုပ်ကိုင်ရာနေရာတိုင်းတွင် ကြားနေရသော အသံများအား ပြန်လည်ပြောကြားသည်။

ဟင်္သာအရုပ်ပါ အချိန်အတွယ်သုံး အလေးများအားစမ်းသပ်မှုတွင် ဟင်္သာအလေးကို ခြစ်လိုက်ပါက ပေါ်ပေါက်လာသည့်အစင်းခြစ်ရာကလေးသည် နာရီဝက်၊တစ်နာရီအတွင်းပျောက်ကွယ်သွားပါက ပစ္စည်းအောင်သည်ဟုမှတ်ယူကာ အရောင်းအဝယ်လုပ်သည်ဟု ဆိုသည်။

ဒြပ်သတ္တု ပစ္စည်းများ၏ သဘောသဘာဝအရ အဆိုပါ



*လိမ်လည်သူများက အသုံးချနေသောသရဖူတံဆိပ်ပါ အင်္ဂလန်နိုင်ငံလုပ် ပန်းကန်ပြားတစ်ချပ်*

ဟင်္သာအလေးမည်းနက်နေခြင်းမှာအောက်ဆီဂျင်ဓာတ်တိုးဖြစ်ကြောင်းမည်းနက်သည့်အလွှာပါးလေးဖြစ်ပေါ်နေခြင်းဖြစ်သည်။ ထိုသို့မည်းနက်နေသည့်ဟင်္သာအလေးအား ခြစ်လိုက်ခြင်းသည် သတ္တုအလေးတွင် ဖုံးလွှမ်းနေသော အလွှာပါးကလေးအား ခြစ်လိုက်ခြင်းဖြစ်သည်။ ထို့နောက် ထိုခြစ်ရာကလေး ပြန်မည်းသွားခြင်းမှာ လေထဲရှိ အောက်ဆီဂျင်နှင့်ပြန်လည်၍ ဓာတ်ပြုသွားခြင်းဖြစ်သည်။ သတ္တုပေါ်မူတည်၍ ထိုအစင်းရာပြန်လည်ပျောက်မှုသည် အချိန်ကာလ ကြာမြင့်မှု ကွာခြားနိုင်ကြောင်း အဆိုပါဓာတုဗေဒပညာရှင်က သုံးသပ်သည်။

ဟင်္သာအလေးနှင့်ပတ်သက်၍ နောက်ထပ် စမ်းသပ်ချက်သည် အဆိုပါဟင်္သာအလေးအား ပြဒါးထည့်ထားသည့်ခွက်အတွင်း ထည့်ပါက မြုပ်မသွားခြင်းသည် ပစ္စည်းအောင်သည်ဟု ယူဆကာ ရောင်းဝယ်ကြကြောင်းသိရသည်။

အရာဝတ္ထုတစ်ခု ရေထဲတွင် နစ်မြုပ်သွားခြင်းသည် သိပ်သည်းခြင်းရှုထောင့်မှကြည့်ပါက တစ်စင်တီမီတာ ပတ်လည်ထုထည်တွင် သိပ်သည်းခြင်းများ နှိုင်းယှဉ်ပါများသည့်ပစ္စည်းက နည်းသည့် အရေထဲတွင် နစ်မြုပ်ပါသည်။

ပြဒါးသည် အရည်ဖြစ်သော်လည်းသိပ်သည်းခြင်း ထုထည်စင်တီမီတာ ပတ်လည်တွင် ၁၃. ၅ $g/cm^3$ ဖြစ်သည်။ ကြေးသတ္တုသည် တစ်စင်တီမီတာထုထည်တွင် သိပ်သည်းဆ ၈. ၉ $g/cm^3$ ဖြစ်သည်။ သို့ဖြစ်၍ ပြဒါးသည် အရည်ဖြစ်သော်လည်း သိပ်သည်းဆကြီးကာ ကြေးပါဝင်သည့် အဆိုပါ ဟင်္သာလေး သတ္တုစပ်သည် ပြဒါးတွင် မနစ်မြုပ်ခြင်းသည်ပြဒါး၏ သိပ်သည်းဆမြင့်၍သာဖြစ်ကြောင်း ပညာရှင်က သုံးသပ်ရှင်းလင်းသည်။

အင်္ဂလန် သရဖူတံဆိပ် အမှတ်အသားပါ ကြွေရေသုတ် ပန်းကန်များအား ဝယ်ယူရန် စမ်းသပ်ရာတွင် ကြွေပန်းကန် အတွင်း အရက်ပျံထည့်ကာ အရက်ပျံဂုဏ်သတ္တိပျက်ပြယ်ပါက အရောင်းအဝယ်ပြုလုပ်သည်ဟု ဆိုသည်။

ပန်းကန်များအတွင်းထည့်ထားသောအရက်ပျံသည်အငွေ့ပျံသွားခြင်းနှင့် ပန်းကန်များတွင် ပါဝင်သော ကြွေသားက စုပ်ယူလိုက်ခြင်းကြောင့်သာဖြစ်ကြောင်း အရက်ပျံသည် အီသနော နှင့် ရေ အရောအနှောပါဝင်သည့် အရက်သာဖြစ်ရာ အီသနောဒြပ်အငွေ့ပျံသွားပါက ရေသာကျန်ရှိတော့ခြင်းဖြစ်ကြောင်း ထိုပန်းကန်များအတွင်းပါဝင်သည့်ဒြပ်ပစ္စည်းကို အတိအကျသိရှိလိုက ဓာတ်ခွဲစမ်းသပ်ရမည်ဖြစ်ကြောင်း အဆိုပါ ဓာတုဗေဒပညာရှင်က သုံးသပ်ပြောကြားသည်။

သို့ပါ၍ ပန်းကန်များအပေါ် ယုံကြည်မှုလွန်ကဲကာ ကျပ်သိန်းရာဂဏန်းပေးဝယ်ယူမှုသည် မဖြစ်သင့်ပါကြောင်း ၎င်းက ဆက်လက်သုံးသပ်သည်။

ယခုကဲ့သို့ သတင်းဖြစ်စဉ်မျိုးလွန်ခဲ့သောလကလည်း စံလင်း၊ မောင်ကောင်း၊ ငွေစက္ကူအဟောင်းဝယ်ယူမှုပုံစံဖြင့်ဖြစ်ပွားခဲ့သည်။ အလိမ်ခံလိုက်ရသူ၏ ရင်းနှီးခင်မင်သော မိတ်ဆွေက ပြန်လည်ရှင်းပြသည်။

"အလိမ်ခံလိုက်ရတဲ့သူသွားမေးတော့ မဟုတ်ပါဘူးဆိုပြီး ရှက်လို့ငြင်းတော့တာပေါ့။ ဒါပေမဲ့ အလိမ်ခံလိုက်ရတာတော့ တကယ်ပါ။ ငွေပမာဏမများသော်လည်း သိပ်အသံမထွက်တော့ပါဘူး" ဟု လိမ်လည်ခံလိုက်ရသူ၏ အရင်းနှီးဆုံး မိတ်ဆွေတစ်ဦးက ပြောသည်။

ထိုသို့ လိမ်လည်မှု မစတင်ခင်က ကားဟောင်းများ ကားသစ်တင်သွင်းရာတွင်ငွေကြေးဒေါ်လာနည်းတူ အဆိုပါစံလင်း၊ မောင်ကောင်း အမှတ်တံဆိပ်မှာ ငွေစက္ကူများသုံးစွဲခွင့်ရသည်နှင့်အဆိုပါစံလင်း၊ မောင်ကောင်း ပိုက်ဆံများဖြင့် ကမ္ဘာ့ဘဏ်တွင် အပ်နှံထားသည့် ကျန်ရှိရွှေတုံးများ ပြန်လည်ထုတ်ယူနိုင်မည်ဆိုသည့် သတင်းစကားများပျံ့နှံ့ခဲ့သည်။

ထိုသတင်းစကားများ ပျံ့နှံ့အပြီးတွင် လိမ်လည်သူတို့ ပစ်မှတ်ထားသည့် အိမ်သို့ဝင်ကာ စံလင်း၊ မောင်ကောင်းပိုက်ဆံရှိသည်ကြား၍လာဝယ်ခြင်းဖြစ်ကြောင်းပြောဆိုအပြီး တစ်ဆယ်ကျပ်တန် စံလင်း၊ မောင်ကောင်း အမှတ်တံဆိပ်ပါငွေစက္ကူအားနှစ်သောင်းကျပ်ပေးမည်၊ မိမိအသိမိတ်ဆွေများထံမှလည်း သိမ်းယူထားပေးပါဟု အမှာစကား ပါးသွားသည်။ ထိုသူလာပြီး မရှေးမနှောင်းတွင် မသိသူများနှင့် သိကျွမ်းသူများပါ လာရောက်၍ ငွေစက္ကူများ ရောင်းချကြသည်။ ယုံကြည်ပြီးဝယ်သူများ ငွေကြေးဆုံးရှုံးခဲ့ကြသည်။ အဆိုပါပြန်ဝယ်မည်စုထားပါ၊ ရသလောက်ဝယ်မည်ဆိုသူကား ပေါ်မလာတော့ကြောင်းလိမ်လည်ခံရသူ၏အရင်းနှီးဆုံးမိတ်ဆွေက ရှင်းပြသည်။

## ရှေးဟောင်းပန်းကန်ပြားရောင်းသူများ ဆက်တိုက်အလိမ်ခံနေရ

**အားမာန်**

**ရန်ကုန်၊ဒီဇင်ဘာ –၁၂**

အင်္ဂလန်နိုင်ငံထုတ် သရဖူတံဆိပ် ရှေးဟောင်းကြွေပန်းကန်ပြား ဈေးကောင်းရမည်ဆို၍ ရောင်းချရန်စီစဉ်သူများ ဆက်တိုက်အလိမ်ခံနေရကြောင်း မြန်မာနိုင်ငံအလယ်ပိုင်းမှ ကိုယ်တိုင်အလိမ်ခံရသူများက ပြောသည်။

အင်္ဂလန်နိုင်ငံထုတ် ပန်းကန်ပြားဝယ်သည်ဆိုသူများက ထိုပန်းကန်ပြားများထဲသို့ အရက်ပျံထည့်ပြီး အငွေ့မပျံရန် ပလတ်စတစ်အိတ်ဖြင့် လုံအောင်တစ်နာရီအုပ်ထားကာ အိတ်ပြန်ဖွင့်ကြည့်လျှင် အရက်ပျံ အာနိသင်ပျက်ပြယ်ပါက ဈေးကောင်းပေးသည်ဟု ပြောဆိုကမ်းလှမ်းကြသည်။ ထိုပန်းကန်ပြားရှိသူများကလက်တွေ့စမ်းသပ်ကြည့်ပြီးရောင်းချရာတွင် အလိမ်ခံကြရခြင်းဖြစ်သည်။ "ကျွန်တော်မှာပန်းကန်ပြားရှိတော့သူတို့ပြောတဲ့အတိုင်းစမ်းသပ်ကြည့်တယ်။ အလွယ်ဝယ်လို့ရတဲ့ ၂၀၀ တန်အရက်ပျံနဲ့ စမ်းကြည့်တာ၊ တစ်နာရီလောက်နေတော့ အရက်ပျံက ရေဖြစ်သွားတယ်။ အဲဒီရေကို ဂွမ်းစနဲ့တို့ပြီး မီးရှို့တော့လည်း မလောင်တော့ဘူး။ ဒီပန်းကန်ကို သူတို့က သိန်း ၅၀၀၀ ပေးမယ်၊ ဒါပေမဲ့ အာမခံကြေး ၁၀ သိန်းတင်မှ လာကြည့်မယ် ပြောလို့ ပိုက်ဆံလွှဲပေးလိုက်တာ။ သူတို့လာစစ်ကြည့်တော့ပန်းကန်က အတုဆိုပြီး အာမခံထားတဲ့ ပိုက်ဆံတွေယူသွားတယ်။ ဒီနည်းနဲ့ အလိမ်ခံလိုက်ရတာ" ဟု ရမည်းသင်းမြို့မှ ကိုယ်တိုင်အလိမ်ခံရသူတစ်ဦးက ပြောသည်။

ထိုပန်းကန်ပြားဝယ်သည်ဆိုသူများက ပန်းကန်စစ်၊ မစစ် စမ်းသပ်ရာတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနထုတ် အရက်ပျံဖြင့် စမ်းသပ်ခြင်းဖြစ်သည်။ ထိုအရက်ပျံဖြင့် စမ်းသပ်သောအခါ အထက်ပါနည်းအတိုင်းတစ်နာရီကြာ အရက်ပျံကို ပန်းကန်ပြားထဲ ထည့်ထားသော်လည်း အရက်ပျံအာနိသင်မပြယ်သည့်အတွက် ပန်းကန်ပြားမစစ်ဟုဆိုကာ အာမခံထားသောငွေများကို ပြန်မပေးတော့ဘဲ ယူသွားကြခြင်းဖြစ်သည်။

ထိုနည်းဖြင့် လိမ်သူများမှာ မန္တလေးမြို့မှဖြစ်ပြီး၊ အမရပူရ၊ စစ်ကိုင်း၊ မန္တလေး စသောမြို့များမှ ပန်းကန်ပြားရှိသူအချို့လည်းအထက်ပါနည်းဖြင့် အလိမ်ခံကြရကြောင်း သတင်းရရှိသည်။

အထက်ပါ လိမ်လည်သူများကပင် အောက်လင်းဓာတ်မီး၊ အလေး၊ ဖားပြုတ်အခြောက်တို့ကိုလည်း ဈေးကောင်းပေးဝယ်နေသည်ဟု ဆိုနေ၍ ထိုပစ္စည်းရှိသူများ သတိထားရန်လိုကြောင်း ကိုယ်တိုင်အလိမ်ခံရသူများက အကြံပြုသည်။ "ကျွန်တော့်ဆီ ပန်းကန်ပြားလာဝယ်တုန်းကပဲ သူတို့ကအောက်လင်းဓာတ်မီးကို သိန်းငါးသောင်းအထိပေးမယ်ဆိုပြီး ဖုန်းပြောနေသံကြားရတယ်။ ဒီလောက်အများကြီးပြောကတည်းက လိမ်ဖို့ဖြစ်မယ်။ ကျွန်တော့်တုန်းကလည်း ပန်းကန်ပြားကို သိန်းငါးသောင်းပေးမယ်ဆိုလို့လောဘတက်ပြီး အလိမ်ခံလိုက်ရတာ" ဟု ကိုယ်တိုင်အလိမ်ခံရသူတစ်ဦးကလည်းသူ၏အတွေ့အကြုံကို ပြောသည်။

## ဝန်ကြီးများရုံးနှင့် တရားရုံးချုပ်ကို ပြတိုက်အဖြစ်ဆောင်ရွက်ရန် တင်ဒါခေါ်

**ရန်ကုန်၊ ဒီဇင်ဘာ –၁၂**

ရန်ကုန်မြို့ရှိ ရှေးဟောင်းအဆောက်အအုံများဖြစ်သော ဝန်ကြီးများရုံးအဆောက်အအုံများနှင့် တရားရုံးချုပ် အဆောက်အအုံများကိုရှေးမူမပျက်ဘဲ ပြတိုက်တည်ဆောက်ရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပထမဆုံးအကြိမ်အဖြစ် စီးပွားရေးလုပ်ငန်းရှင်များအား တင်ဒါဖိတ်ခေါ်ထားသည်။ တင်ဒါအဆိုပြုလွှာများကိုနေပြည်တော်ရှိရုံးအမှတ် ၃၂၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ၂၀၁၂ ဇန်နဝါရီ ၃၁ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ ရန်ကုန်မြို့တွင် ရှေးဟောင်း အဆောက်အအုံများစွာရှိပြီး ယခုအဆောက်အအုံနှစ်ခုအပြင် အခြားအဆောက်အအုံများကိုလည်းနောင်တွင်ပြတိုက်အသွင်ဆောင်ရွက်နိုင်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပြောသည်။

## အင်န်အယ်လ်ဒီပါတီ ဗဟိုအလုပ်အမှုဆောင် ဦးလွင် လူကြီးရောဂါဖြင့် ကွယ်လွန်

**အိဖြူလွင်**

**ရန်ကုန်၊ ဒီဇင်ဘာ–၈**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ဗဟိုအလုပ်အမှုဆောင်တစ်ဦးဖြစ်သော ဦးလွင်သည် ယခုလ ၆ ရက် ည ၈ နာရီ ၄၀ မိနစ်ခန့်တွင် နေအိမ်၌ ကွယ်လွန်သွားခဲ့ကြောင်း သိရသည်။

ကွယ်လွန်ချိန်တွင် အသက် ၈၈ နှစ်ရှိပြီဖြစ်သော ဦးလွင်သည် မကွယ်လွန်မီလပိုင်းက သျှင်ပါဂူဆေးရုံတွင် တစ်ကြိမ် ကုသမှုခံယူခဲ့ရပြီး လူကြီးရောဂါဖြင့်ပင် ကွယ်လွန်သွားခဲ့ခြင်းဖြစ်ကြောင်း မိသားစုထံမှ သိရသည်။ ဦးလွင်သည် လွတ်လပ်ရေးမရမီအချိန်က လွတ်လပ်ရေးတိုက်ပွဲများတွင် ပါဝင်ဆင်နွှဲခဲ့ပြီး မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်တွင် နိုင်ငံတော်ကောင်စီဝင်အဖြစ် တာဝန်ယူခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်ဖွဲ့စည်းချိန်မှ ယခုချိန်ထိဗဟိုအလုပ်အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ သိရသည်။

## *စာ(၃) တန်ဖိုးနည်း ဂျီအက်စ်အမ်ဖုန်း ဖေဖော်ဝါရီလကုန်တွင် ချပေးမည်ဟုဆို မှ*

အစိုးရနှင့် ပုဂ္ဂလိကတို့ အကျိုးတူပူးပေါင်းဆောင်ရွက်မည့် အဆိုပါတန်ဖိုးနည်းဂျီအက်စ်အမ်ဖုန်းစီမံကိန်းအား ၂၀၁၂ ဖေဖော်ဝါရီလကုန်ပိုင်းတွင် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ခရိုင်အပါအဝင် အများပြည်သူသို့ရောင်းချပေးရန် အသင့်ဖြစ်နေသည့် ကုမ္ပဏီများတည်ရှိရာ နေရာဒေသများတွင်စတင်ရောင်းချအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်ကုန်ပိုင်းတွင် စတင်ရောင်းချနိုင်ရန် အစိုးရနှင့် ပုဂ္ဂလိကဘက်မှ တာဝန်ရှိသူများက စီစဉ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ၂၀၁၂နှစ်ဆန်းပိုင်းကာလသို့ ပြောင်းရွှေ့သွားရခြင်းဖြစ်ကြောင်း ယင်းစီမံကိန်းတွင်ပါဝင်သည့်ပုဂ္ဂလိကကုမ္ပဏီအချို့ထံမှ သိရသည်။

လပိုင်းအနည်းငယ်အတွင်း အများပြည်သူများ စတင်သုံးစွဲနိုင်တော့မည်ဟု အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက အတည်ပြုပြောဆိုထားသည့် ကျပ်သုံးသိန်းဝန်းကျင် တန်ဖိုးနည်းဖုန်းများကို ရောင်းချရာတွင် ပြင်ပမိုဘိုင်းနှင့် ဆက်စပ်အရောင်းဆိုင်များတွင်ပါ ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး နေ့ချင်းပြီးဝန်ဆောင်မှုဖြင့် ဝယ်ယူနိုင်မည်ဟုဆိုသည်။ ယခုနှစ်ဘဏ္ဍာရေးအတွက် အဆိုပါဖုန်းများကို အလုံးရေလေးသန်းဖြင့် နိုင်ငံနှင့်အဝန်းလုံးအနှံ့ စတင်ချထားပေးသွားမည်ဖြစ်သည်။

အထူးအချပ်ပို

7DAY NEWS JOURNAL
Vol.10, No.39 • DECEMBER 15, 2011

# ဘင်္ဂလားဒေ့ရှ်နိုင်ငံက မြန်မာ့သဘာဝဓာတ်ငွေ့ ဝယ်ယူသုံးစွဲလို

ရန်ကုန်၊ ဒီဇင်ဘာ – ၁၀

အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံက မြန်မာနိုင်ငံမှ သဘာဝဓာတ်ငွေ့ ဝယ်ယူသုံးစွဲရန် စိတ်ဝင်စားကြောင်း ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်က နေပြည်တော်၌ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ဒီဇင်ဘာ ၆ ရက်တွင်နေပြည်တော်သမ္မတအိမ်တော် သံတမန်ဆောင်ညှော့ခန်းမ၌ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ် ရှိတ်ဟာဆီနာတို့တွေ့ဆုံဆွေးနွေးစဉ် ထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်က မြန်မာနိုင်ငံမှ သဘာဝဓာတ်ငွေ့ ဝယ်ယူသုံးစွဲရန် စိတ်ပါဝင်စားကြောင်း၊ နှစ်နိုင်ငံကြား ကား၊ရထားလမ်းများ ဆက်သွယ်ဆောင်ရွက်လိုကြောင်း စသည်တို့ကို ဆွေးနွေးခဲ့သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်ကလည်း ကားလမ်းဆက်သွယ်ရေးနှင့်ပတ်သက်၍ အဆိုပြုမှုကိုစဉ်းစားသွားမည်ဖြစ်ပြီး ယခင်ရပ်ဆိုင်းထားခဲ့သည့် နှစ်နိုင်ငံကြား လေကြောင်းပျံသန်းမှုကို ပြန်လည်စတင်ရန် ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် နှစ်နိုင်ငံ ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၁၃၇ သန်းသာရှိ၍ နှစ်နိုင်ငံကြား ကုန်သွယ်မှုရည်မှန်းချက် ဒေါ်လာသန်း ၅၀၀ ပြည့်မီအောင် ကြိုးစားရန်လိုကြောင်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ၏ ပထမဆုံးမြန်မာနိုင်ငံခရီးစဉ်တွင် နေပြည်တော်သံတမန်ဇုန်၌မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံရုံးတည်ဆောက်ရန် မြေနေရာ၌ အုတ်မြစ်ကျောက်တိုင်စိုက်ထူခဲ့သည်။




မြန်မာနိုင်ငံမှ တရားဝင်တင်ပို့ခွင့်ပြုသော်လည်း တရုတ်နိုင်ငံမှ ကန့်သတ်ထားသည့် ကုန်စည်ဖြစ်နေ၍ တရုတ်နိုင်ငံ ရွှေလီမြို့အနီး ကားချင်းလဲ၍ ကုန်စည်များကို မှောင်ခိုတင်သွင်းနေစဉ်
ဓာတ်ပုံ – အောင်သူရ

## စားအုန်းဆီအနံ့ထွက်ခြင်းမှာ မ ိုးမသား ပြုလုပ်သူများကြောင့်ဟု တာဝန်ရှိသူပြောကြား

ပြည်သိမ်း

ရန်ကုန်၊ ဒီဇင်ဘာ – ၁၁

ပြည်တွင်းသို့ တင်သွင်းသည့် စားအုန်းဆီများ အပုပ်နံ့ထွက်ခြင်းမှာ ဆီသင်္ဘောများမှ ဝန်ထမ်းများမရိုးမသားပြုလုပ်ခြင်းကြောင့် ဖြစ်ကြောင်း စီးပွားကူးသန်းပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြောကြားခဲ့သည်။

ဆီတင်သင်္ဘောများ မြစ်တွင်းသို့ဝင်ရောက်စဉ် ပင်လယ်ဝ၌စားအုန်းဆီများကိုထုတ်ပြီး ပင်လယ်ရေများ ရောထည့်ခြင်းကြောင့်ဖြစ်သည်ဟုဆိုသည်။ ထိုသို့ ခိုးယူရာတွင် သင်္ဘောတစ်စီးလျှင် ပီပါအလုံး ၅၀ ထိရှိသည်။ ထို့ကြောင့် ကျောက်တန်းမြို့နယ်တွင် စားအုန်းဆီဈေးသည် တစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဝန်းကျင်သာရှိသည်ဟုဆိုသည်။ ပြည်တွင်းဈေးကွက်တွင် စားအုန်းဆီဈေးသည် လက္ကားဈေးကွက်၌တွင်တစ်ပိဿာကျပ်၁၆၀၀ ကျော်ရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်ကဆိုသည်။

## ကျောက်မျက်ရတနာလုပ်ငန်းရှင်များကိုပါ ကားသွင်းခွင့်ပြုရန်စီစဉ်

ရန်ကုန်၊ ဒီဇင်ဘာ – ၁၁

ကျောက်မျက်ရတနာလုပ်ငန်းရှင်များကိုပါ ကားတင်သွင်းခွင့်ပြုရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

ကျောက်မျက် ရတနာပြပွဲများတွင် ဒေါ်လာတစ်သိန်းနှင့်အထက်ရောင်းချခဲ့ပြီး ငွေလက်ခံရရှိပြီးသော ကျောက်မျက်ရတနာလုပ်ငန်းရှင်များကိုပါ ကားတင်သွင်းခွင့်ပြုရန် ဒီဇင်ဘာ ၉ ရက်တွင် ကျင်းပသော မော်တော်ယာဉ်တင်သွင်းခွင့် ဆိုင်ရာ ကြီးကြပ်ရေးကော်မတီ၏အစည်းဝေးတွင်တာဝန်ရှိသူများက ဆွေးနွေးခဲ့သည်။

လက်ရှိတွင် ပို့ကုန်ဒေါ်လာတစ်သိန်းအထက် တင်ပို့ခဲ့သောကုမ္ပဏီ ၈၆၆ ခုနှင့် ဒေါ်လာငါးသိန်းအထက် တင်သွင်းခဲ့သော သွင်းကုန်ကုမ္ပဏီ ၅၉၆ တို့ကကားတစ်စီးစီ တင်သွင်းခွင့်ရရှိခဲ့ပြီဖြစ်သည်။ ထို့အပြင် ပြည်တွင်းတွင် တာဝန်ထမ်းဆောင်နေသောသံရုံးဝန်ထမ်းများ၊ တရားဝင်အလုပ်လုပ်ကိုင်နေသော အလုပ်သမားများ၊ သင်္ဘောသားများကို ၎င်းတို့၏ ဘဏ်စာစုဆောင်းငွေပေါ် မူတည်၍ ကားတစ်စီးစီ တင်သွင်းခွင့်ပြုပေးနိုင်ရန် ဆွေးနွေးခဲ့သည်။ ထို့အပြင် ဘဏ်စာရင်းတွင် ပို့ကုန်ရငွေ ဒေါ်လာ တစ်သိန်းနှင့်အထက်ရှိသည့် မည်သည့်ကုမ္ပဏီကိုမဆို ကားသွင်းခွင့်ပြုရန်လည်း ဆွေးနွေးခဲ့သည်။

ယာဉ်အိုယာဉ်ဟောင်းဖျက်သိမ်းရေးအစီအစဉ်အရ ဒီဇင်ဘာလ ၁၀ ရက်အထိ ကားအဟောင်း ၂၀၆၂၄ စီးမှာ အစားထိုးယာဉ်တင်သွင်းရန် ကားအဟောင်းများ အပ်နှံပြီး စလစ်ထုတ်ယူထားသည်။ ထိုအထဲမှ အစီး ၁၃၀၀၀ ကျော်မှာ ကားတင်သွင်းခွင့်ပါမစ် လျှောက်ထားပြီးဖြစ်သည်။ ထို့အပြင် ကားအရောင်းစင်တာဖွင့်ခွင့်ရသည့် ကုမ္ပဏီမှာလည်း ၉ ခုရှိသွားပြီဖြစ်သည်။

## ဂျပန်ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး မြန်မာနိုင်ငံလာမည်

ပြည်သိမ်း

ရန်ကုန်၊ ဒီဇင်ဘာ – ၁၂

မြန်မာနိုင်ငံတွင်စီးပွားရေးနှင့်ကုန်သွယ်ရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် ကမ္ဘာ့တတိယအင်အားအကြီးဆုံးစီးပွားရေးနိုင်ငံဖြစ်သည့် ဂျပန်မှ ကုန်သွယ်ရေးနှင့်စီးပွားရေးဝန်ကြီးဌာနဝန်ကြီးသည် မကြာမီ မြန်မာနိုင်ငံသို့ရောက်ရှိလာမည်ဖြစ်ကြောင်း စီးပွား/ကူးသန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က UMFCCI ၌ ကျင်းပသောလုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲတွင် ပြောကြားသည်။

ဂျပန်နိုင်ငံသည် အမေရိကန်နှင့် စီးပွားရေးအရ အပြန်အလှန် မှီခိုလုပ်ကိုင်နေရသည့် နိုင်ငံဖြစ်သည်။ ယခင် အမေရိကန်က မြန်မာနိုင်ငံကို စီးပွားရေး ပိတ်ဆို့မှုများ ချမှတ်ထားသဖြင့် ဂျပန်က မြန်မာနိုင်ငံကိုစီးပွားရေးအရ ဆက်ဆံမှုအားနည်းခဲ့ခြင်းဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးက သူ၏အမြင်ကိုပြောသည်။ ထို့အပြင် ဥရောပမှ အဆင့်မြင့်အရာရှိများလည်း မြန်မာနိုင်ငံလာရောက်ရန်ရှိသည်။

“ဂျပန်က အရင် ဆန်ရှင် (စီးပွားရေးအရ ပိတ်ဆို့အရေးယူမှု)ကို ကြောက်နေတာ။ အခုကျတော့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကလင်တန်လာပြီးတော့ အခြေအနေကောင်းလာမှာကိုသိလို့ အခုလိုလာတာပါ”ဟု ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြောကြားသည်။

ယင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန် ပြင်ဆင်မှုများလည်း ပြည်တွင်း၌ များစွာလိုအပ်နေကြောင်း၊ ဂျပန်နိုင်ငံသည် အရည်အသွေးကို အဓိကဦးစားပေးသည့်ဈေးကွက်ဖြစ်သဖြင့် အရည်အချင်းရှိ ကျွမ်းကျင်လုပ်သားများ ပြည်တွင်း၌ ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း UMFCCI မှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ထို့အပြင် ကုန်သည်/စက်မှု အသင်းချုပ်နှင့် ဂျပန်ကုန်သည်အသင်းတို့ပူးပေါင်း၍ (၈)ကြိမ်မြောက် မြန်မာ-ဂျပန်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ အစည်းအဝေးပွဲကိုလည်း ဒီဇင်ဘာ ၁၃ ရက်တွင် ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ဂျပန်နိုင်ငံကုန်သည်/စက်မှုအသင်းဥက္ကဋ္ဌနှင့်ကိုယ်စားလှယ်အဖွဲ့ဝင် ၅၀ နီးပါး တက်ရောက်ပြီး စီးပွားရေးအခွင့်အလမ်းများဆိုင်ရာ စာတမ်းများကို နှစ်ဖက်စာတမ်းရှင်များက တင်ပြဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။

## မျက်နှာဖုံး – ကချင်ပြည်နယ်မှ ထိုးစစ်များရပ်တန့်ရန် ကာကွယ်ရေးဦးစီးချုပ်ထံ သမ္မတစာပို့ မှ

သမ္မတက ညွှန်ကြားပေးပို့ထားသော စာတွင် ‘မိမိကိုယ်ကို ခုခံခြင်းမှလွဲ၍ ပစ်ခတ်ခြင်း၊ စစ်ကြောင်းချီတက်ခြင်းများ မပြုလုပ်ရန် ပါရှိပြီး ကာကွယ်ရေးဝန်ကြီးဌာန(ကြည်း) အနေနှင့်လည်း လက်အောက်ခံနယ်မြေတပ်ရင်းများကို ဆက်လက်ညွှန်ကြားထားကြောင်း နိုင်ငံတော်သမ္မတရုံးမှ သိရသည်။ မကြာမီတွင်လည်း ငြိမ်းချမ်းရေးအတွက် ကေအိုင်အေနှင့် တိုက်ပွဲများအဆုံးသတ်ရေး ညှိနှိုင်းသွားရန်ရှိကြောင်းလည်းသိရသည်။

ကာလအတန်ကြာ ကချင်ပြည်နယ်နေရာအတော်များများတွင် တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ KIA, KIO တို့နှင့်ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် ဒေသခံများမှာ ဘေးလွတ်ရာသို့ ရှောင်ပြေးပြီး မြစ်ကြီးနား၊ ဝိုင်းမော်စသည့်မြို့များတွင် ဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများ၌ သွားရောက်နေထိုင်နေရကြောင်း စစ်ဘေးဒုက္ခသည်များကို အကူအညီပေးလျက်ရှိသည့် လူမှုရေးအဖွဲ့အစည်းများထံမှသိသည်။

သမ္မတပေးပို့သော စာနှင့်ပတ်သက်၍ -

“တကယ်ဆိုရင်တော့ ဝမ်းသာတာပေ့ါ။ ထိုးစစ်တွေရပ်ပြီး မိမိတို့နေတဲ့နေရာတွေကို ပြန်သွားမယ်ဆိုရင် ဒါဟာ ငြိမ်းချမ်းရေးရဲ့ လမ်းစပဲလေ။ ကျွန်တော်ထင်ပါတယ်။ KIA, KIO တို့ကလည်း တပ်မတော်ကသာ အပစ်အခတ်တွေ တကယ်ရပ်မယ်ဆိုရင် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးသွားမယ်လို့ ကျွန်တော်ထင်တယ်။ မျှော်လည်း မျှော်လင့်ပါတယ်”ဟု ဘေးဒုက္ခသည်များကို ကူညီပေးနေသော ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်(KBC)မှ အထွေထွေအတွင်းရေးမှူး ဒေါက်တာဆမ်ဇွန်ကပြောကြားသည်။

အစိုးရအဖွဲ့တွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ထိပ်တန်းအရာရှိကြီးတစ်ဦးကလည်း “ဦးသန်းမြင့်ဦးရဲ့ (The River of Lost Footsteps: A Personal History of Burma) စာအုပ်မှာ ကမ္ဘာ့အရှည်ကြာဆုံးပြည်တွင်းစစ်လို့ရည်ညွှန်းထားတယ်။ ဒါကို ရပ်တန့်ဖို့အချိန်တန်ပါပြီ၊ခေတ်တွေစနစ်တွေပြောင်းနေပါပြီ။ ကချင်ပြည်နယ်မှာလည်း ပြီးခဲ့တဲ့ အတိတ်ကဟာတွေကို အတိတ်မှာထားခဲ့ပြီး ပြည်သူ့အကျိုးကိုကြည့်ပြီး ငြိမ်းချမ်းရေးလမ်းကြောင်းကို သွားကြဖို့အချိန်တန်ပြီလို့ ပြောချင်ပါတယ်”ဟု မှတ်ချက်ပေးပြောကြားခဲ့သည်။

ယခုအခါ စစ်ပွဲများကြောင့် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်လာရသော လူဦးရေ တဖြည်းဖြည်းများပြားလာပြီး မြစ်ကြီးနားမြို့ပေါ်တွင် ဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိလာသူဦးရေမှာ ခုနစ်ထောင်ကျော် သွားပြီဖြစ်ကြောင်းလူမှုရေးအသင်းအဖွဲ့များထံမှသိရသည်။

“စစ်ဘေးဒုက္ခသည်ဦးရေ စုစုပေါင်းက အခုဆိုရင်လေးသောင်းကျော်ရှိသွားပြီ”ဟု ဒေါက်တာဆမ်ဇွန်က ကချင်ပြည်နယ်အတွင်းမှ လက်ရှိအခြေအနေကို ပြောပြသည်။

တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားနေသော တရုတ်နိုင်ငံနယ်စပ်နှင့် နီးကပ်သည့် လိုင်ဇာအနီးသို့ လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်နေသည်မှာ ကာလ အတန်ကြာပြီဖြစ်ပြီး ယနေ့ (ဒီဇင်ဘာ ၁၂) တွင် UN အဖွဲ့အစည်းများဖြစ် UNHCR, UNICEF တို့သည် ထိုနယ်မြေများမှ ဘေးဒုက္ခသည်များကို အစားအသောက်နှင့် ရိက္ခာများ ကူညီပေးနိုင်ရန် နှစ်ဖက်စလုံးနှင့် ညှိနှိုင်းကာ ကားအစီးရေ ရှစ်စီးဖြင့် သွားရောက် ပို့ဆောင်နေကြောင်း ဒေါက်တာဆမ်ဇွန်ကပြောသည်။